www.burmeseclassic.com

ရွှေနှလုံးသား စာအုပ်အမှတ် (၁၀)

# နတ်ရှပ်

ဝးစ

သိဂီတတစ်ဝက်
ရွှေတစ်ဝက်



(ဒုတိယအကြိမ်)

www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက်(၄)ရပ်

နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး။
ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော
နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက်(၄)ရပ်

စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း
ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး
တိုးတက်အောင် တည်ဆောက်ရေး။
နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည်
နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက်(၄)ရပ်

တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊
အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

ရွှေနှလုံးသားစာအုပ်အမှတ် ( ၁၀ )

# နတ်နွယ်

## သင်္ဂီတစ်ဝက် ရွှေတစ်ဝက်

ဖြန့်ချိရေး

GOLDEN HEART
BOOK HOUSE

အမှတ် ၁၂ (၄-အေ) ရတနာပုံလမ်း၊ ကြည့်မြင်တိုင်၊ ရန်ကုန်မြို့။

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် ၁၅၉၉/၂၀၀၃(၁၁)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၃၂၀/၂၀၀၄(၃)

●

**မျက်နှာဖုံး**

ပန်းချီမောင်မောင်သိုက်

●

**ကွန်ပျူတာစာစီ**

ရွှေယောဇဉ်(ကိုရွှေဝင်းမောင်)

●

**အုပ်ရေ**

၅၀၀

●

**ပုံနှိပ်ခြင်း**

၁၉၇၄(ပထမအကြိမ်)
၂၀၀၄ (ဒုတိယအကြိမ်)

●

**ထုတ်ဝေခြင်း**

ဒီဇင်ဘာ၊ ၂၀၀၄

●

**ထုတ်ဝေသူ**

ဦးမြတ်ကျော်၊ ပင်မရေစီးစာပေ၊ ၁၉၄၊ ၃၃လမ်း၊
ကျောက်တံတားမြို့နယ်

●

**အတွင်းပုံနှိပ်သူ**

ဦးမြတ်ကျော် (၀၅၅၅)၊ စာလုပ်ငန်းပုံနှိပ်တိုက်၊
၁၉၄(မြေညီထပ်)၊ ၃၃ လမ်း၊ ကျောက်တံတားမြို့နယ်။

●

**မျက်နှာဖုံးပုံနှိပ်သူ**

ဒေါ်မြင့်မြင့်ဦး (၀၆၅၆၁)၊ သင်္ဂဟပုံနှိပ်တိုက်
၂၅၈၊ လမ်း ၄၀(အထက်)၊ ကျောက်တံတားမြို့နယ်။

●

**တန်ဖိုး**- ၈၁၀ ကျပ်

BURMESE CLASSIC .com

## အခန်း တစ်

ဖော်ကားဖရင့်ရှစ် လေယာဉ်ပျံပေါ်မှ ပထမဆုံးဆင်းသက်လာသော ခရီးသည်သည် လက်ယာဘက်လက်ကို ရင်ဘတ်တွင် ဖိလျက် လူအုပ်ကြီးရှေ့မှ ယိမ်းယိမ်းသုတ်သုတ်လျှောက်လာလျက် ရှိသည်။ သူ့မျက်နှာမှာ ဖြူရော်သွေးဆုတ်နေသည်။ သူ့မျက်လုံးများ လှုပ်ရှားလျက်ရှိသည်။ ရုတ်ခြည်းဆိုသလို လက်ဆောင်မွန်ဆိုင်အတွင်းသို့ သူဝင်ရောက်သွားသည်။

အရောင်အသွေးစုံသော ပို့စကတ်များကို နံရံကပ်ဗီရိုတွင် အစီအရီ ခင်းကျင်းထားသည့်... နေရာချထားလျက်ရှိသော အမျိုးသမီးငယ်သည် ဆိုင်တွင်းသို့မုန်တိုင်းနှင့် လွင့်ပါလာသည့်နှယ် ရောက်ရှိလာသူကို ရုတ်တရက် သတိမပြုမိဘဲ ရှိသည်။ ဆိုင်အဝင်ဝ စားပွဲပေါ်တွင် ကလေးကစားစရာ အရုပ်များ ခင်းကျင်းထားသည်။

သို့သော် အမျိုးသမီးငယ်သည် ဆိုင်တွင်းသို့ လူတစ်ယောက်ရောက်နေမှန်း သတိပြုမိသည်နှင့် တစ်ပြိုင်နက် ဖျတ်ခနဲ လှမ်းကြည့်လိုက်သည်။ အရုပ်စားပွဲအနီးတွင် ရပ်နေသူကို မြင်လိုက်သည်နှင့် တစ်ပြိုင်နက်[illegible]မှာပင် ထိုသူသည် ဘေးအန္တရာယ်တစ်ခု ကျရောက်နေကြောင်း၊ ဝေဒနာ တစ်ခုကို ခံစားနေရကြောင်း၊ သူမ ရုတ်ခြည်းသိရှိလိုက်ပါသည်။ [illegible]

www.burmeseclassic.com



ကွေးကောက်ထားသော ညာလက်သည် အောက်သို့ လျှောကျနေကြောင်းကို ဂရုပြုမိပါသည်။ သို့သော် စားပွဲစွန်းတွင် ရှိသော ဝက်ဝံရုပ်စုဘူးပေါက်ကလေးအတွင်းသို့ ထိုသူ၏ လက်တစ်ဖက်က တစ်စုံတစ်ခု ထည့်နေကြောင်းကိုကား အမျိုးသမီးအနေနှင့် လုံးဝသိမြင်လိုက်ခြင်း မရှိပါချေ။ ထိုသူသည် သေးငယ်သော စက္ကူခေါက်ကလေးတစ်ခုကို ဝက်ဝံရုပ်၏ ခေါင်းတွင်ရှိသော တစ်လက်မခန့် ရှည်လျားသော အပေါက်အဟကလေးအတွင်းသို့ လျှန်မြန်စွာ ထိုးသွင်းလိုက်သည်။ ထို့နောက် စက္ကူခေါက်အတွင်းသို့ ကျသွားသော အကြွေတစ်စေ့ဖြင့် အပေါ်မှ ဖိချလိုက်သည်။

ထိုအချိန်တွင် သူ၏ မျက်လုံးများသည် အမျိုးသမီးထံသို့ ရောက်ရှိလျက် ရှိသည်။ လှုပ်ရှားနေသော သူ့လက်များကို အလျှဉ်းငုံ့ကြည့်ခြင်း မရှိချေ။

အမျိုးသမီးငယ်သည် အရုပ်စားပွဲဆီသို့ လျှောက်လာပြီး

"ဘာအလိုရှိပါသလဲရှင်"

ကြည်လင်ချိုသာသော အသံဖြင့် မေးလိုက်သည်။ သူမ၏ မျက်လုံးများသည် ထိုသူ၏မျက်နှာကို စူးစိုက်စွာ အကဲခတ်လျက် ရှိသည်။

"တယ်လီဖုန်းဆက်ချင်လို့ပါ။ တယ်လီဖုန်း ဘယ်မှာရှိသလဲ"

"ဩော်...တယ်လီဖုန်းရုံတွေ ဟိုဘက်မှာ ရှိပါတယ်ရှင်၊ အစ်ကိုကြီး အဲဒီဘက်က လာတာပဲ မဟုတ်လား၊ အစ်ကိုကြီး မမြင်ခဲ့ဘူးလား၊ တယ်လီဖုန်းတွေ မအားလို့လား"

သူမ၏စကားကို ဆုံးအောင် နားမထောင်တော့ဘဲ ထိုသူ ချာခနဲ လှည့်ထွက်သွားသည်။ သို့သော် ပေ့ါပါးသွက်လက်စွာကား မဟုတ်၊ အတော်ကြီး အားစိုက်ပြီးမှ သူ့ကိုယ်လုံးကြီးကို လှည့်လိုက်ရဟန် ရှိသည်။ မြင်ရသည်ကိုက လေးလံပင်ပန်းလှသည်။

ယင်းအခိုက်မှာပင် ဆိုင်တွင်းသို့ အမျိုးသမီးတစ်ယောက် ဝင်လာသည်။ မျက်နှာသွယ်သွယ် အရပ်ရှည်ရှည်ဖြစ်သည်။ လက်တစ်ဖက်တွင် ကလေးတစ်ယောက်၏လက်ကို ဆွဲထားသည်။ သူ့ကို မြင်သောအခါ



အမျိုးသမီးသည် အပေါက်ဝတွင် ရပ်နေလိုက်သည်။ သူမ၏ မျက်နှာကို ကြည့်ရသည်မှာ ထိုသူကို တစ်စုံတစ်ခု ပြောချင်ဟန်ရှိသည်။

"လမ်းလွှတ်အောင် ရှောင်ပေးပါလားအစ်မငယ်"

ထိုသူက ယင်းသို့ပြောပြီး ခြေလှမ်းကျဲကြီးဖြင့် လျှောက်ထွက်သွားသည်။ သူစကားပြောပုံက နာကျင်နေကြောင်းလည်း ပြသည်။ စိတ်မရှည်ဟန်ကိုလည်း ပြသည်။ အပေါက်ဝတွင် ရပ်နေသော အရပ်မြင့်မြင့် အမျိုးသမီးသည် သူမ၏ဘေးမှ ကလေးငယ်ကို တစ်ချက်ကြည့်လိုက်သည်။ ယင်းအခိုက်တွင် ဆိုင်တွင်းမှလူသည် သူတို့နှစ်ယောက်ကို ဖြတ်ကျော်ပြီး ဆိုင်ပြင်သို့ ထွက်သွားသည်။ လက်ဝဲလက်ယာ ယိမ်းယိုင်သည်။ ခေါင်းငိုက်စိုက်ကျနေသည်။ ညာဘက်လက် တွဲလောင်းခိုနေသည်။ နီရဲသော သွေးစက်များ သမံတလင်းပေါ်သို့ ကျလာသည်။

ဆိုင်ရှင်အမျိုးသမီးကလေး မျက်လုံးပြူးသွားသည်။ သူမ၏ အမည်မှာ လဲ့လဲ့ချိုဖြစ်သည်။ သူမတွင် စာနာသော နှလုံးသားရှိသည်။ ဘေးအန္တရာယ် ကျရောက်နေသော လူတစ်ယောက်ကို သည်အတိုင်း ကြည့်မနေသင့်ဟု ခံယူသည်။ ယင်းကြောင့်..

"ဘာဖြစ်လို့လဲ မသိဘူး၊ သူ့မှာ ဒဏ်ရာရလာတယ်"

ဆိုင်ဝတွင် ရပ်နေသော အမျိုးသမီးကို လှမ်းပြောလိုက်သည်။ ထိုအခါ ထိုအမျိုးသမီး၏ မျက်နှာတွင် ထိတ်လန့်တုန်လှုပ်သွားသည့် အမူအရာ ဖြစ်ပေါ်သည်။ သို့သော် ထိုအမျိုးသမီးသည် ချက်ချင်းပင် ဣန္ဒြေဆည်လိုက်ပြီး သူ့ဘေးမှ ကလေးအား လေသံတိုးတိုးဖြင့် ပြောလိုက်သည်။

"မောင်ပုညရေ ဟိုမှာကြည့်စမ်း၊ မျက်နှာဖုံးကလေးတွ လှလိုက်တာ"

တစ်ဖက်တွင် ရှိသော အရုပ်စင်ကို လက်ညှိုးထိုးပြသည်။ ပြီးတော့မှ လဲ့လဲ့ချိုဘက်သို့ လှစ်ခနဲ ကြည့်ရင်း...

"ဟုတ်တယ်၊ သူ့ကို ကြည့်ရတာ တစ်မျိုးပဲ ညီမလေး သူ့အတွက် တစ်ခုခုလုပ်ပေးရလိမ့်မယ် ထင်တယ်"

www.burmeseclassic.com

www.burmeseclassic.com



လဲ့လဲ့ချိုသည် ထိုခဏမှာပင် ကောင်တာများ၏အနောက်ဘက် ထွက်လာသည်။ အပေါက်ဝမှ အမျိုးသမီးကို ဖြတ်ကျော်ပြီး တယ်လီဖုန်းရုံများ ရှိရာသို့ ခပ်သွက်သွက်ကလေး လျှောက်သွားသည်။ နီရဲသော သွေးစက်ကလေးများကို ခြေရာခံပြီး လိုက်သည်။ သူမအနေနှင့် လူမှုရေးတာဝန်ရှိသည်။ ဒုက္ခရောက်နေသူအတွက် တစ်ခုခုတော့ လုပ်ဆောင်ပေးရမည်။ ဒဏ်ရာအနာတရ ရရှိနေသူတစ်ဦးကို တစ်နည်းနည်းနှင့် အကူအညီပေးရပေမည်။ လေဆိပ်ဆေးပေးခန်းသို့ အကြောင်းကြားရန် လဲ့လဲ့ချို ဆုံးဖြတ်လိုက်သည်။

သို့သော် ပထမဆုံး ထိုသူ မည်သည့်နေရာတွင် မည်သည့်အခြေအနေမျိုးတွင် ရှိနေသည်ကို သိသင့်သည်ဟု သူမ တွက်ဆလိုက်သည်။ တယ်လီဖုန်းများ ရှိရာသို့ ရောက်အောင် လိုက်သွားရန် ဆုံးဖြတ်လိုက်သည်။ ရှေ့တွင် ကလေးတစ်သိုက် ပိတ်ဆို့နေသဖြင့် အနည်းငယ် ကြန့်ကြာသွားသည်။ ကလေးတွေမှာ ၇-နှစ်၊ ၈နှစ်အရွယ် အရွယ်တူကလေးတွေ ဖြစ်သည်။ ယောကျ်ားလေးတွေလည်း ပါသည်။ မိန်းကလေးတွေလည်း ပါသည်။ ညီအစ်ကိုမောင်နှမအရင်းတွေလည်း ပါမည်။ ဝမ်းကွဲတွေလည်း ပါနိုင်သည်။ သူငယ်ချင်းတွေလည်း ဖြစ်နိုင်သည်။ ကလေးတစ်ယောက် နောက်ပြန်ဆုတ်လိုက်ရာ သူမကို ဝင်တိုးမိသည်။ ထိုအခါ အသားဖြူဖြူ ဆံပင်ကောင်းကောင်း အမျိုးသမီး တစ်ယောက်က တောင်းပန်စကား ဆိုသည်။ လဲ့လဲ့ချိုကား ကိစ္စမရှိကြောင်း ပြောပြီး ထိုနေရာမှ ခပ်သုတ်သုတ် ထွက်ခဲ့သည်။

သွေးစက်နီနီကလေးများသည် တယ်လီဖုန်းရုံတစ်ခုရှေ့တွင် ရပ်သွားသည်။ အထဲတွင် သူ့ကို တွေ့သည်။ မှန်သားကလေးကို ဖြတ်ပြီး နာကျင်နေသော သူ့မျက်နှာကို မြင်ရသည်။ သူသည် တယ်လီဖုန်းကို ကိုင်ပြီး စောင့်နေသည်။ တစ်ဖက်မှ သူနှင့်ပြောမည့်လူကို အဆင်သင့် မတွေ့သည့် ပုံစံမျိုး ဖြစ်သည်။ ယင်းသို့မဟုတ်ပါက သူသည် တယ်လီဖုန်းကို ကိုင်ပြီး သတိလစ်နေခြင်းလည်း ဖြစ်နိုင်သည်။ သူ့ကိုယ်လုံးကြီးသည် တယ်လီဖုန်းရုံ ထောင့်ချွန်အနီးတွင် လေးလံစွာ မှီထားသည်။ သူမ



ဘာလုပ်ရမည်နည်း။ တယ်လီဖုန်းရုံထဲသို့ ပြေးဝင်သွားပြီး သူ့ကို ဆွဲခေါ်ရမည်လား။ သို့သော် ထိုအကြံကို လဲ့လဲ့ချို ချက်ချင်းပင် စွန့်လွှတ်လိုက်သည်။ တစ်နေရာသို့ အပြေးအလွှားကလေးသွားသည်။ ခပ်လှမ်းလှမ်းတွင် ရဲသားတစ်ယောက်ကို မြင်လိုက်၍ ဖြစ်သည်။

လဲ့လဲ့ချိုသည် ရဲသားရှိရာသို့ လျှောက်သွားစဉ်မှာပင် ထိုသူနှင့် ကပ်လျက် တယ်လီဖုန်းရုံထဲတွင် ကချင်လုံချည်ကွက်ကြီးနှင့် လူဝဝကြီး တစ်ယောက် ရှိနေသည်ကို သတိပြုလိုက်မိသည်။ ထိုလူကြီးသည် တယ်လီဖုန်းပြောလျက် ရှိသော်လည်း သူ့မျက်လုံးများသည် တဖက်ခန်းမှ သွေးစက်တွေနှင့် လူထံသို့ ရောက်နေသည်။ လဲ့လဲ့ချိုက သူမ၏ ခြေလှမ်းများကို ပို၍ မြန်စေ သွက်စေတော့သည်။

■

BURMESE CLASSIC .com

ကျော်မျိုးနွယ်သည် ပန်းဆိုးတန်း အလုပ်တိုက်အပေါ်ထပ် ဧည့်ခန်း၌ ကြိမ်ကုလားထိုင်တွင် ပြတင်းပေါက်ကို မျက်နှာပြုလျက် ခပ်မှိုမှို လျော့ကလေး ထိုင်နေသည်။ သူ့လက်တစ်ဖက်ကို ကုလားထိုင် လက်တန်းပေါ်တွင် တင်ထားသည်။ ထဘီနုနုစိမ်း၊ အင်္ကျီနုနုစိမ်းနှင့် အမျိုးသမီးသည် သူနှင့် မျက်နှာချင်းဆိုင် ကုလားထိုင်တွင် ပြတင်းပေါက်ကို ကျောပေးလျက် ထိုင်နေသည်။ ခြေထောက်နှစ်ချောင်းကို ချိတ်ဆင့်ထားသဖြင့် ကြီးမားသော ပေါင်လုံးများ ထင်းထင်းလင်းလင်း ရှိနေသည်။

သူတို့နှစ်ယောက်အကြားရှိ စားပွဲပေါ်တွင် လိမ္မော်ရည်ဖန်ခွက်များ ရှိသည်။ ကျော်မျိုးနွယ်၏ ဖန်ခွက်မှာ ကုန်သလောက် ရှိနေပြီး အမျိုးသမီး၏ ဖန်ခွက်မှာ တစ်ဝက်ကျော်ကျော်ကြီး ကျန်ရှိနေပေသေးသည်။

"သောက်ပါဦး၊ လိမ္မော်ရည်ထဲမှာ အရက်ထည့်မထားပါဘူး"

သူက နှုတ်ခမ်းစေ့စေ့ပြုံးရင်း ပြောလိုက်သည်။

"အို...အို အဲဒီလိုကြောင့် မဟုတ်ပါဘူး၊ သူ့ကို မယုံလို့ မဟုတ်ပါဘူး"

အမျိုးသမီးက မျက်ခုံးနှစ်ဖက်ကို ပင့်တင်လိုက်ပြီး ပြောသည်။ လိမ္မော်ရည်ခွက်ကို ယူပြီး ပါးလွှာသော နှုတ်ခမ်းစုံတွင် တေ့လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



စိုရွှန်းသော မျက်လုံးများဖြင့် သူ့ကို ကြည့်ရင်း တစ်ကျိုက်သောက်သည်။

အမျိုးသမီးက သူ့ကို ကြောက်လန့်ဟန် မရှိပါချေ။ အသွင်အပြင် တည်ငြိမ်သည်။ သူ့ကိုယ်သူ ထိန်းသိမ်းနိုင်သည်ဟု ယုံကြည်စိတ်ချထားဟန် ရှိသည်။ အမျိုးသမီး၏ အသက်ကို ၂၀ကျော် ၂၅ဟု သူခန့်မှန်းသည်။

"သူ့အိမ်သားတွေလည်း မမြင်ပါဘူး"

အမျိုးသမီးက ထိတ်လန့်ကြောက်ရွံ့ဟန် မရှိသော်လည်း အနည်းငယ် ဂရုပြုသည့်အနေဖြင့် အခန်း၏အနေအထားကို ကြည့်ကာ စူးစမ်းလိုက်သည်။

"အိမ်သားတွေမှ မရှိပဲ"

"တစ်ယောက်တည်း နေတာလား"

"ကောင်လေးတစ်ယောက် အဖော်ရှိတယ် အောက် ထပ်မှာ အလုပ်တိုက်ရှိတယ်"

"သြော် သြော်..."

အမျိုးသမီးက ခေါင်းညိတ်သည်။

"အဖေက ဘောက်ထော်ခြံမှာနေတယ်။ အစ်ကိုတစ်ယောက်က တရားသူကြီး၊ ပြည်ထောင်စုရိပ်သာမှာ နေတယ်၊ အစ်ကိုလေးက ဆရာဝန်၊ မြောက်ဥက္ကလာပဆေးရုံမှာ လုပ်တယ်၊ အဲဒီမှာပဲ နေတယ်။ အစ်ကို နှစ်ယောက်လုံး အိမ်ထောင်ရှိတယ်။ ကျွန်တော်က ထမင်းချိုင့် မှာစားတယ်။ ဒါပဲ...ကျွန်တော့်အကြောင်း နောက်ထပ် ဘာသိချင်သေးသလဲ"

"ကျေးဇူးတင်ပါတယ် ..သူ့အကြောင်း ဘယ်သူက မေးလို့လဲ"

"အိမ်သားတွေလည်း မမြင်ဘူးဆိုလို့ ပြောရတာပါ"

"မမြင်လို့မမြင်တာ မပြောရတော့ဘူးလား"

အမျိုးသမီးက နွဲ့နွဲ့ကလေး ဆိုသည်။

"ကျွန်တော်ကလည်း သူများအကြောင်းမေးဖို့ ဝါသနာမရှိပါဘူး။ ဒါပေမယ့် အမိမှာ နာမည်တစ်ခု ရှိနိုင်မရှိနိုင် ကျွန်တော် စဉ်းစားနေမိတယ်"

အမျိုးသမီးက ခပ်အုပ်အုပ်ကလေး ရယ်လိုက်ပြီး...



"ကျွန်မမှာ နာမည်ရှိပါတယ်...မာလာရီတဲ့ပါ"

မာလာရီ...မာလာရီ၊ သူက စိတ်ထဲတွင် ရွတ်ဆိုကြည့်လိုက်သည်။ သူက ဤအမျိုးသမီးအကြောင်းကို ဘာမျှ မသိရှိချေ။ ဤအမျိုးသမီးကို သခင်ကလည်း မြင်ဖူးခဲ့ခြင်း မရှိချေ။ စောစောကမှ မိမိကားနှင့် တိုက်မိမည် ရှိသဖြင့် အကြောင်းဆုံရခြင်း ဖြစ်သည်။

မိမိကားကို ပလက်ဖောင်းဘေးတွင် အရပ်လိုက်မှာပင် ဤအမျိုးသမီးသည် လမ်းကို အလျင်စလို ဖြတ်ကူးသည်နှင့် သွားရောက် ကြုံကြိုက်သည်။ အမျိုးသမီးက ကားကို တိမ်းရှောင်လိုက်ရင်း လဲကျသွားသည်။ သူ ကမန်းကတန်း ကားပေါ်မှ ဆင်းကြည့်သည်။ မည်သည့်နေရာတွင်မှ တိုက်မိခြင်းမရှိသော်လည်း အမျိုးသမီးသည် အခန့်မသင့်သဖြင့် လဲအကျ တွင် ဒူးအနည်းငယ် နာသွားဟန်ရှိသည်။ အင်္ကျီနှင့် လုံချည်တွင် ဖုန်များ ပေကျံသွားသည်။ ခေါင်းကို ထုံးဖွဲ့ထားသော ဆံပင်အနည်းငယ် ပုံပျက်သွားသည်။

ထုံးစံအတိုင်း လူ သုံးလေးယောက် ဝိုင်းလာသည်။ သို့ဖြင့် သူက အမျိုးသမီးကို သူ့အခန်းသို့ ခေါ်ခဲ့ခြင်း ဖြစ်သည်။ အမျိုးသမီးသည် ရေချိုးခန်းမှန်ရှေ့မှာပင် ဖုန်များကို ခါသည်။ လုံချည်ကို ပြင်ဝတ်သည်။ ဆံပင်ကို အနည်းငယ် ပြုပြင်သည်။ မျက်နှာကို မိတ်ကပ်ဖို့သည်။ သူက ရေခဲသေတ္တာထဲမှ လိမ္မော်ရည်ထုတ်ပြီး ဧည့်ဝတ်ပြုသည်။ ဒါပဲ..

"ဒူး ဘယ့်နှယ်နေသေးသလဲ၊ နာသေးသလား"

"မနာတော့ပါဘူး"

အမျိုးသမီးက လက်တစ်ဖက်ဖြင့် ဒူးကိုပွတ်သပ်ပြီး ဖြေသည်။

"ဖြုန်းခနဲဆိုတော့ ကျွန်တော် မျက်လုံးပြာသွားတယ်၊ တိုက်များ တိုက်မိသွားပလားလို့"

"မတိုက်မိပါဘူး၊ လန့်ပြီးလဲသွားတော့ ရှက်တာပေါ့"

"ဒါကြောင့် ကျွန်တော် မာလာကို ကျွန်တော့်အခန်းကို ခေါ်လာတာပေါ့"

"ကျေးဇူးတင်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်က တောင်းပန်ရမှာပါ"

"ဒါနဲ့ သူ့နာမည်က 'ကျွန်တော်'တဲ့လားရှင့်"

"အို…ဟုတ်သားပဲ၊ ဘူမျှားနာမည်တော့ မေးပြီး ကျွန်တော့်နာမည်တော့ မပြောမိဘူး၊ ကျွန်တော့်နာမည် ကျော်မျိုးနွယ်ပါ"

"သြော် သြော်"

"မာလာဘယ်မှာနေသလဲ"

"လိုက်ပို့ပေးမလို့လား"

"ပို့ပါတယ်"

"နေပါစေရှင်…မာလာတို့နေတာက ဝေးပါတယ်"

"ဘယ်မှာမို့လဲ"

"သမိုင်း၊ ကြို့ကုန်း"

"ရုံးမှာ လုပ်သလား"

အမျိုးသမီး ပြုံးနေသည်။ သို့သော် မည်သည့်အဖြေမျှမပေးချေ။ ကျော်မျိုးနွယ်က တစ်စုံတစ်ခု ပြောမည်ပြုစဉ် တယ်လီဖုန်းသံ ပေါ်ထွက်လာသည်။ တယ်လီဖုန်းက သူ၏ အိပ်ခန်းထဲတွင် ဖြစ်သည်။ သူထိုင်ရာမှ ခပ်ဆိုင်းဆိုင်းထပြီး အတွင်းဘက်သို့ ဝင်သွားသည်။

"ကျော်မျိုးနွယ်လား၊ ငါပါ…သက်နိုင်ပါ"

တယ်လီဖုန်းကို ကောက်ယူနားထောင်လိုက်သည်နှင့် တစ်ပြိုင်နက် သက်နိုင်၏ စူးရှအက်ကွဲသော အသံကို ဆူညံရှုပ်ထွေးစွာ ကြားလိုက်ရသည်။ ပထမတွင် ဘာမှန်းပင် မသိပါ။ နောက်မှ သက်နိုင်၏ အသံကို မှတ်မိရသည်။ စကားလုံးများကို အဓိပ္ပာယ် ပေါက်မိသည်။

"ဟေ့ကောင်…ဖြည်းဖြည်းနဲ့ တိုးတိုးပြောပါကွ၊ မင်းနောက်မှာ ကျားလိုက်လာလို့လား…မင်းတယ်လီဖုန်းမှာ အသံချဲ့စက် တပ်ထားသလား"

"ငါ တိုးတိုးပြောနေတာပါကွ၊ ဖုန်းခွက်ကို ကပ်ပြီး အသံကို အုပ်ပြီး ပြောလို့ မင်းနားထဲမှာ ဆူနေတာပါ"

သက်နိုင်၏ အသံမှာ စူးရှနေဆဲပင် ဖြစ်သည်။ စကားပြောလည်း မြန်လှသည်။ စကားပြောရင်း မောနေသည်။



"ဟေ့ကောင် သက်နိုင် မင်းဘာဖြစ်နေတာလဲ"

"ငါပြောတာ နားထောင်ပါ။ ဘာမှ မမေးပါနဲ့၊ ငါအခု မင်းအဖေကိစ္စ တစ်ခုနဲ့ နယ်က ပြောနေတယ်"

"ငါ့အဖေကိစ္စဆိုရင် ငါ့အဖေကို ပြောပေါ့။ ဘာလို့ ငါ့ကို ပြောနေသလဲ"

"နားထောင်စမ်းပါ၊ မင်းအဖေဆီကို ဖုန်းဆက်လို့ မဖြစ်ဘူး၊ ဘောက်ထော်က မင်းတို့အိမ်မှာ အတွင်းသူလျှိုတစ်ယောက်ရှိနေတယ်"

"သူလျှိုဟုတ်လား"

"ဟုတ်တယ်…သူလျှို၊ ငါ အခု မြစ်ကြီးနားက ပြန်လာတယ်၊ ငါ့ကို သူတို့က ခပ်ကြမ်းကြမ်းကလေး ဧည့်ဝတ်ပြုလိုက်တယ်"

"သူတို့ဆိုတာ ဘယ်သူလဲ"

"လူဆိုးတွေပေါ့ကွာ၊ အခုလည်း လူဆိုးတစ်ယောက် ငါစကားပြောတာကို ဟိုဘက်ရုံကနေပြီး ချောင်းပြီးနားထောင်နေတယ်"

"မင်း အခု ဘယ်က ပြောနေတာလဲ"

"မင်္ဂလာဒုံက၊ လေဆိပ်က၊ ငါ့ကိုယ်က သွေးတွေ ကျနေတာ၊ ငါပြောတာကို သဘောပေါက်အောင် နားထောင်ပါ"

"မင်းမှာ ဒဏ်ရာရရင် ဆရာဝန်ဆီ…"

"ဟုတ်တယ်၊ ငါ ဒေါက်တာထင်ကျော်ဆီ သွားမယ်၊ အဲဒီကနေ ဖုန်းဆက်မယ်၊ မင်း ထင်ကျော်ကို မှတ်မိသလား၊ သူ့တယ်လီဖုန်းကို မင်းမှတ်မိသလား"

"သက်နိုင်…မင်း အဲဒီက စောင့်နေ၊ ငါအခု လာခဲ့မယ်"

"ငါပေးတဲ့ သတင်းကို မင်းအဖေကို မင်းကိုယ်တိုင် ပေးပါ။ ဘယ်သူ့ကိုမှ မယုံပါနဲ့၊ ငါ အခု…"

အသံပြတ်သွားသည်။ သို့သော် လူတစ်ယောက် လဲကျသံကြီး ကြားလိုက်ရသည်။ တယ်လီဖုန်းစကားပြောခွက်နှင့် တစ်စုံတစ်ခုနှင့် ဆိခိုက်မိသံ ကြားလိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



"သက်နိုင်၊ သက်နိုင်"

ကျော်မျိုးနွယ် စိုးရိမ်စွာခေါ်သည်။ တစ်ဖက်မှ ရုတ်တရက် အသံ စိမ်းတစ်ခု ထွက်ပေါ်လာသည်။

"ဟယ်လို၊ ဟယ်လို၊ ဘယ်သူလဲ၊ ဘယ်ကလဲ"

ကျော်မျိုးနွယ်က ဘာမျှ ပြန်မဖြေဘဲ တယ်လီဖုန်းကို ချလိုက်သည်။ ထို့နောက် အခန်းထဲမှ လျင်မြန်စွာ ထွက်ခဲ့သည်။ အခန်းဝတွင် ရပ်ပြီး နံရံတွင် ချိတ်ထားသော ဓာတ်ပုံများကို ကြည့်နေသည့် မာလာရီနှင့် တိုက်မိမည် ရှိသည်။ အမျိုးသမီးက လှုပ်ရှားနေသော သူ့မျက်နှာကို အကဲခတ်ရင်း...

"ကိုကျော်မျိုးနွယ် ..ဘာဖြစ်လို့လဲ"

"ကျွန်တော့်သူငယ်ချင်း တစ်ယောက်ပဲ၊ ဘာဖြစ်မှန်း မသိဘူး"

"ဟင်..."

"ကျွန်တော် အခု မင်္ဂလာဒုံကို သွားရမယ်၊ မာလာလိုက်မလား၊ အသွားမှာတော့ မပို့နိုင်ဘူး၊ အပြန်ကျရင် ကြို့ကုန်းကို လိုက်ပို့ပေးမယ်... ဒါမှမဟုတ်..."

"မာလာလိုက်ခဲ့မယ်လေ၊ မာလာကူညီနိုင်တာရှိရင်လည်း ကူညီရတာပေါ့"

သူတို့နှစ်ယောက် လှေကားမှ ပြေးဆင်းခဲ့ကြသည်။ အပြင်ဘက်တွင် နေရောက်ကွယ်ပျောက်စပြုနေပြီ။

"သတိထားမောင်းပါ...ကိုကျော်မျိုးနွယ်"

ကားကို သူမြန်မြန် ကြမ်းကြမ်းကြီးမောင်းနေသဖြင့် အမျိုးသမီးက သတိပေးသည်။

"မင်္ဂလာဒုံကို မြန်မြန်ရောက်မှဖြစ်မယ်"

"ကိုကျော်မျိုးနွယ် စိတ်တွေ သိပ်ပြီး လှုပ်ရှားနေရင် မာလာမောင်းရမလား"

"ကိစ္စမရှိပါဘူး"

သို့သော် သူ့စိတ်များသည် သူ့ကိုယ်တွင် မရှိပါ။ သက်နိုင်ထံသို့



ရောက်နေသည်။ သက်နိုင်နှင့် သူ့ဖခင် ဘာတွေ လုပ်နေကြသနည်း။ ဘောက်ထော်ခြံတွင် ဘယ်က သူလျှိုတွေ ရောက်နေသနည်း။ သက်နိုင် ဘာဖြစ်သနည်း။ လူဆိုးတွေဆိုသည်မှာ မည်သူတွေနည်း။

သူ့ဘေးတွင် အမျိုးသမီးတစ်ယောက် ဘာမဆိုင်ညာမဆိုင်နှင့် ပါလာသည်ကိုလည်း သူမေ့လျော့လျက်ရှိသည်။

မာလာရီသည် ငြိမ်သက်တိတ်ဆိတ်လျက်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း နှစ်

ချက်ချင်းဆိုသလိုပင် ထိုနေရာသို့ လူတွေ ဝိုင်းအုံလာကြသည်။ အချို့က ခပ်လှမ်းလှမ်းမှ ကြည့်သည်။ အချို့က အနီးသို့ ကပ်ကြသည်။ တစ်ယောက်နှင့်တစ်ယောက် မေးကြသည်။ ပြောကြသည်။ ထင်မြင်ချက် ပေးကြသည်။

လဲ့လဲ့ချိုက လူအုပ်ကြီး၏ နောက်စည်းမှာပင် ရပ်လိုက်သည်။ သူမ၏ အကြောင်းကြားချက်အရ ထိုနေရာသို့ ရောက်ရှိလာသော ရဲသားမှာမူ လူအုပ်ကြီးကို တိုးဝှေ့ပြီး ဝင်သွားသည်။

တယ်လီဖုန်းရုံတံခါး ပွင့်နေပြီး လဲကျနေသော ကိုယ်ခန္ဓာကြီးသည် အပြင်ဘက်ကြမ်းပြင်ပေါ်သို့ ထွက်အန်ကျနေသည်။ သူ့မျက်နှာတွင် ခံစားလှုပ်ရှားခြင်းလုံးဝမရှိချေ။ ပကတိ သတိလစ်နေသည်။ ဘေးချင်းကပ် တယ်လီဖုန်းရုံအတွင်းမှ ထွက်လာသော ကချင်လုံချည်နှင့် လူဝကြီးသည် လဲကျနေသူ၏ အနီးတွင် ကုန်းကွကွလုပ်ပြီး လဲကျနေသူ၏ အင်္ကျီအိတ်များကို မွှေနှောက်စမ်းလျက် ရှိသည်။

"လမ်းနည်းနည်းဖယ်ကြပါ၊ နောက်ကို ဆုတ်ကြပါ၊ ဟိုမိတ်ဆွေကြီး သူ့ကို မထိပါနဲ့၊ မကိုင်ပါနဲ့၊ သူနာတင်ကား လာနေပါပြီ"

ရဲသားက လူအုပ်ကြီးကို ပြောဆိုရင်း လူဝကြီးကို ပြောလိုက်သည်။ လူဝကြီးသည် ခါးကိုဆန့်လိုက်ပြီး



"ဘယ်သူဘယ်ဝါဆိုတာ သိရအောင် မှတ်ပုံတင် ရှာကြည့်တာပါ။ ဒါမှအိမ်ကို အကြောင်းကြားနိုင်မှာ မဟုတ်လား"

"ဟုတ်ပါတယ် နောင်ကြီး၊ ဒီကိစ္စကို ကျွန်တော်တို့ ရဲအဖွဲ့က ဆောင်ရွက်ပါမယ်။ ကဲ အားလုံးပဲ ကျေးဇူးပြုပြီး နောက်ကို ဆုတ်ကြပါ၊ ကိုယ့်ကိစ္စကိုယ် ဆောင်ရွက်ကြပါ"

ရဲသားက ခပ်ကျယ်ကျယ် ထပ်ပြီး ပြောလိုက်သည်။ စက်ဝန်းသဏ္ဍာန် ဝိုင်းနေသော လူအုပ်ကြီး နောက်သို့ အနည်းငယ် ဆုတ်သွားသည်။ အချို့လည်း ထိုနေရာမှ ထွက်ခွာသွားကြသည်။ အခုမှ အပြေးအလွှား ရောက်လာပြီး စပ်စုနေသူများလည်း ရှိသည်။ ယင်းအခိုက်မှာပင် ထိုနေရာသို့ ရဲအရာရှိတစ်ဦး ထပ်မံ ရောက်ရှိလာသည်။

လဲ့လဲ့ချိုလည်း လူအုပ်ကြီးနှင့်အတူ နောက်ဘက်သို့ ရွေ့သွားသည်။ သူမအနေနှင့် လူမှုရေးတာဝန်တစ်ရပ်ကို မိမိတတ်နိုင်သမျှ ဆောင်ရွက်ပြီးချေပြီ၊ ယခုအခါ တာဝန်အရပ်ရပ်ကို ရဲဘက်မှ လွှဲပြောင်းယူလိုက်ပြီဖြစ်သဖြင့် သူမတွင် ဘာတစ်ခုမျှ လုပ်ဆောင်ရန် မရှိတော့ချေ။ ကိုယ့်နေရာကိုယ် ပြန်ပြီး ကိုယ့်အလုပ်ကိုယ်လုပ်ရန်သာ ရှိတော့သည်။

လဲ့လဲ့ချို ထိုနေရာမှ ထွက်ခွာရန် ခြေလှမ်းပြင်လိုက်စဉ်တွင် ရဲအရာရှိ၏အသံ ထွက်ပေါ်လာသည်။

"အခုကိစ္စမှာ သိလိုက်မြင်လိုက်တဲ့ လူတွေ ကျွန်တော် နည်းနည်းပါးပါး မေးချင်ပါတယ်။ ကိုယ်သိသမျှကို မှန်မှန်ကန်ကန် တိတိကျကျ ပြောပြခြင်းဖြင့် ကူညီကြပါခင်ဗျာ"

ရဲအရာရှိသည် လဲကျနေသူကို ခေတ္တမျှ စစ်ဆေးကြည့်ရှုပြီးနောက် ရဲသားကလေးကို အနည်းငယ် မေးစမ်းတိုင်ပင်ပြီးနောက် လူအုပ်ကြီးကို ပြောလိုက်ခြင်း ဖြစ်သည်။ သူ့မျက်လုံးများသည် လဲ့လဲ့ချိုထံသို့ ရောက်ရှိနေသည်။ ရဲအရာရှိ မေးမြန်းလိုသူမှာလည်း သူမလည်း ပါဝင်ကြောင်း သင်ရှားနေသည်။

သို့ဖြင့် လဲ့လဲ့ချိုသည် နေရာမှာပင် ရပ်နေလိုက်သည်။ ယင်းသို့ ရှိစဉ် နောက်ဘက်မှ ခေါ်သံတစ်ခု ကြားရသည်။

www.burmeseclassic.com

www.burmeseclassic.com



"ညီမလေး ညီမလေး"

ပထမတွင် သူမကို ခေါ်သည်ဟု လဲ့လဲ့ချို မထင်မိ၊ နောက်မှ ထိုသို့သော အသံမျိုးကို ကြားဖူးသည်ထင်ပြီး လှည့်ကြည့်လိုက်သည် စောစောက လက်ဆောင်မွန်ဆိုင်ဝတွင် ရပ်လှာသော အရပ်ရှည်ရှည် မျက်နှာသွယ်သွယ် အမျိုးသမီးကို တွေ့ရသည်။

"သူ...ဘယ်လိုဖြစ်သွားသလဲ ညီမလေး"

ထိုအမျိုးသမီးက သိချင်ဇောဖြင့် မေးသည်။

"ကျွန်မလည်း သေသေချာချာတော့ မသိဘူး၊ သတိလစ်သွား တယ်လို့ ထင်တာပဲ၊ သူ...ဟို...ဟို သေတော့မသေဘူးလို့ ထင်တာပဲ"

"ညီမလေး တာဝန်ကျေပါတယ်"

လဲ့လဲ့ချို တုံ့ပြန်ရန် စကားရှာမတွေ့သဖြင့် သည်အတိုင်း ရပ်နေ သည်။ စောစောက ဤအမျိုးသမီးနှင့် ပါလာသော သူငယ်ကို သူမနှင့် တိုးခဲ့သော ကလေးအုပ်ထဲတွင် ထိုင်နေသည်ကို မြင်ရသည်။ အသားဖြူဖြူ ဆံပင်ကောင်းကောင်းနှင့် အမျိုးသမီးဘေးတွင် ကပ်ပြီး ထိုင်နေသည်။

မိမိအနီးသို့ လူတစ်ယောက် ကပ်လာမှန်းသိသဖြင့် လဲ့လဲ့ချို မော့ ကြည့်လိုက်သည်။ ကချင်လုံချည်ကွက်ကြီးနှင့် လူဝဝကြီးဖြစ်နေသည် လုံးဝကြီးဟု ဆိုရသော်လည်း ပုပုဖိုင့်ဖိုင့်ဘုတ်ထိုင်းကြီးမျိုး မဟုတ်ပါ လူလုံးလူထည် ကြီးသလောက် အရပ်အမောင်းလည်း ကောင်းသည်။

"ဒီမယ်...ညီမလေး၊ ကျွန်တော့်မိတ်ဆွေ ဘယ်လိုများ ဖြစ်သွားရ တာလဲ၊ သူညီမလေးတို့ဆိုင်ထဲမှာ ညီမလေးကို စကားပြောသေးတယ် မဟုတ်လား"

"စကားပြောတယ်တော့ မဟုတ်ပါဘူး၊ တယ်လီဖုန်းဘယ်မှာ ရှိသလဲလို့ မေးတာပါ၊ သူ့ကို ကြည့်ရတာ အကဲမလှလို့ ကျွန်မက သက် ဆိုင်ရာကို..."

လဲ့လဲ့ချို ထိုနေရာမှာတင် စကားစ ဖြတ်ထားလိုက်သည်။ ကချင် လုံချည်ကွက်နှင့် လူကြီးက မျက်နှာသွယ်သွယ်အမျိုးသမီးဘက်သို့ လှည့် ပြီး...



"အဲဒီအချိန်တုန်းက ညီမလည်း ဆိုင်ထဲမှာ ရှိနေတယ်မဟုတ်လား၊ ညီမကိုကော သူဘာပြောသေးသလဲ"

သူက တရားရုံးတွင် အမှုစစ်ဆေးနေသကဲ့သို့ မေးမြန်းသည်။ မျက် နှာသွယ်သွယ်နှင့် အမျိုးသမီး ရှုသိုးသိုးဖြစ်သွားသည်။ ထို့နောက် တိုတို တောင်း ပြောလိုက်သည်။

"ဘာမှမပြောဘူး"

သူတို့အနီးသို့ ရဲအရာရှိရောက်လာသည်။ ဝဝတုတ်တုတ် လူကြီးကို

"နောင်ကြီးကို ဘစ်ခွန်းနှစ်ခွန်းလောက် မေးပါရစေ" လဲ့လဲ့ချိုဘက် လှည့်လျက် "ပြီးတော့ ညီမလေးကိုရောပေါ့"

"ဟုတ်ကဲ့၊ ကျွန်မအခု ဆိုင်ခဏပြန်လို့ ရမလား၊ ကျွန်မ လက်ဆောင် မွန်ဆိုင်ကပါ"

"ကျွန်တော်သိပါတယ်၊ ပြန်ပါ။ ပြီးတော့ ကျွန်တော် လာခဲ့မယ်"

ရဲအရာရှိသည် လူဝဝတုတ်တုတ်ကြီးကို လူရှင်းရာဘက်သို့ ခေါ် သွားသည်။

"အဲဒီလူကြီးက လူလိမ်ကြီး၊ သူ့မိတ်ဆွေဆိုတာ မဟုတ်ဘူး၊ အလ ကား လူလိမ်ကြီး"

မျက်နှာသွယ်သွယ်နှင့် အမျိုးသမီးက လဲ့လဲ့ချို၏ နားနားသို့ ကပ် ပြီး ခါးသီးစွာ ပြောလိုက်သည်။ လဲ့လဲ့ချိုက ခေါင်းညိတ်ပြီး

"ဟုတ်တယ်၊ လူတွေက တစ်မျိုးတစ်မျိုးပဲ"

လဲ့လဲ့ချို ထိုနေရာမှ ထွက်ခွာခဲ့သည်။ ရုန်းရုန်းစုစု နိုင်သော ကလေး အုပ်ကို ဖြတ်ရပြန်သည်။ ယခုတစ်ကြိမ်တွင် ကလေးတွေ ပို၍ ဆူညံ လှုပ်ရှားနေသည်။ လဲ့လဲ့ချိုက သတိထား၍ ကြည့်လိုက်သောအခါ ကလေးတွေသည် လူတစ်ယောက်ကို ဝိုင်းဝန်းဖက်တွယ်နေကြသည်။ ထိုသူ၏ အသွင်အပြင်ကလည်း ထင်ရှားပေါ်လွင်လှသည်။ ဆံပင်အရှည်၊ ဒပို့ရှပ်နီရဲရဲ ခေါင်းလောင်းဘောင်းဘီအနက်၊ ဂစ်တာတစ်လက် သည်ပင်းတွင် သိုင်းထားသည်။ သူ့မျက်လုံးများ ရီဝေမှိုင်းပျသည်

"ဖေဖေကြီးရေ၊ ဖေဖေကြီးရေ၊ ဒေါ်လေးမျိုးတို့ကို တွေ့ပ

www.burmeseclassic.com

www.burmeseclassic.com



မောင်ပုညကို တွေ့ပလား"

ကလေးတွေ အလုအယက်ပြောနေကြသည်။ အော်နေကြသည်။

လဲ့လဲ့ချို က သူတို့ကို ကျော့ရှောင်ခဲ့သည်။ ရဲအရာရှိနှင့် ကချင်လုံချည်နှင့် လူကြီးတို့ ထောင့်ချွန်းတစ်နေရာတွင် ရပ်ပြီး စကားပြောနေကြသည်ကို မြင်ရသည်။

"ကျုပ် သူ့ကို တစ်ခါမှ မမြင်ဖူးပါဘူး၊ လေယာဉ်ပျံပေါ်မှာတုန်းကလည်း လုံးလုံးသတိမထားခဲ့မိဘူး"

ကချင်လုံချည်နှင့် လူကြီးက ရဲအရာရှိကို ပြောနေခြင်း ဖြစ်သည်။

လဲ့လဲ့ချို ထိုနေရာကို လျင်မြန်စွာ ဖြတ်ကျော်သည်။ သူမအနေနှင့် ဘာတစ်ခုကိုမျှ နားမလည်နိုင်တော့ပြီ။ ထိုလူကြီးသည် မိမိကိုတစ်မျိုး ပြောခဲ့သည်။ သူ့မိတ်ဆွေပါဟု ဆိုခဲ့သည်။ ယခုရဲအရာရှိကို တစ်မျိုးပြောနေသည်။ လုံးလုံးမသိပါတဲ့။ ယင်းကြောင့်လည်း မျက်နှာသွယ်သွယ်နှင့် အမျိုးသမီးက ထိုလူကြီးကို လူလိမ်ကြီးဟု ဆိုခဲ့ခြင်း ဖြစ်သည်။

လဲ့လဲ့ချို နေရင်းထိုင်ရင်း စိတ်မောရပါသည်။

■

ကျော်မျိုးနွယ်သည်ကား မင်္ဂလာဒုံလေဆိပ်အဆောက်အဦ အဝင်ဝတွင် ဆိုက်ရပ်ထားသော သူနာတင်ကားအနီးတွင် ထိုးရပ်လိုက်ပြီး–

"ကားကို ဟိုဘက်မှာ ထိုးထားပေးစမ်းပါ"

မာလာရီကို ယင်းသို့ပြောပြီး ကားတံခါးကို ကမန်းကတန်း ဖွင့်ပြီး ဆင်းသွားသည်။ မာလာရီ ကြောင်အမ်းပြီး ကျန်ရစ်သည်။

ကျော်မျိုးနွယ်သည် သူနာတင်ကားကို တစ်ချက်ကြည့်ပြီးနောက် လေဆိပ်အဆောက်အဦအတွင်းသို့ အပြေးအလွှားဝင်ရောက်သွားသည်။ ခဏချင်းမှာပင် လူစုစုရှိရာသို့ ရောက်ရှိသွားသည်။ လူအုပ်ကို တိုးဝှေ့ပြီး ဝင်သွားသည်။ လဲကျနေသူ၏ အနီးတွင် သူနာတင်ကားမှ လူများရှိနေသည်။

"သူနာမည် သက်နိုင်ပါ။ သူဘာဖြစ်တာလဲ"



ကျော်မျိုးနွယ်က မေးလိုက်သည်။

"ဓားထိုးခံရတဲ့ ဒဏ်ရာမျိုးပဲ၊ လတ်တလော ဖြစ်တာတော့ မဟုတ်ဘူး"

သူနာတင်အမှုထမ်းတစ်ဦးက ပြန်ပြောသည်။

"တစ်ဆိတ်ခင်ဗျာ၊ မိတ်ဆွေက ဘယ်သူပါလဲ"

ရဲအရာရှိက မေးသည်။

"ကျော်မျိုးနွယ်ပါ၊ သူ့သူငယ်ချင်းပါ"

"သူ့ကို လာကြိုတာလား"

"သူက ဖုန်းဆက်လိုက်လို့ပါ"

"သူက ဘာဖြစ်တယ်လို့ ပြောသလဲ"

"သူပြောတော့ ပြောပါတယ်။ သိပ်မသဲကွဲဘူး။ မြစ်ကြီးနားမှာ တစ်ခုခုဖြစ်လာတယ်ဆိုတဲ့ သဘောမျိုးပဲ၊ ကျွန်တော်လည်း သူ့အခြေအနေမကောင်းဘူးဆိုတာ နားလည်လို့ ချက်ချင်းလာခဲ့မယ်ဆိုပြီး လာခဲ့တာပဲ၊ သူ့အခြေအနေ ဘယ်လိုနေသလဲ"

"သူ့ကို ဆေးရုံပို့ရမယ်"

"ဘယ်ဆေးရုံပို့မလဲ၊ ဖြစ်နိုင်ရင် သူ့ကို မြောက်ဥက္ကလာပဆေးရုံကြီးကို ပို့ပေးပါလား၊ အဲဒီမှာ ကျွန်တော့်အစ်ကို ဒေါက်တာချစ်ထွန်းနွယ် ရှိပါတယ်"

ရဲအရာရှိက သူနာတင်ကားမှ အမှုထမ်းကို တစ်စုံတစ်ခုတီးတိုး မေးမြန်းပြောဆိုနေသည်။

ကျော်မျိုးနွယ်က လဲကျနေသော သက်နိုင်၏ဘေးတွင် ဆောင့်ကြောင့် ထိုင်လိုက်သည်။ သက်နိုင်၏မျက်နှာသွေးဆုတ်နေသည်။ အသက်ရှူနေသော ရင်အုံသည် လှုပ်ရုံကလေး လှုပ်နေသည်။ အင်္ကျီအိတ်အတွင်းမှ စာအိတ်တစ်အိတ် ထိုးထိုးထောင်ထောင် ထွက်နေသည်။ ကျော်မျိုးနွယ်၏ လက်က ထိုစာအိတ်ဆီသို့ ရောက်အသွားတွင်...

"မကိုင်ပါနဲ့"

ရဲအရာရှိ၏ အမိန့်ပေးသံ ထွက်ပေါ်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျော်မျိုးနွယ် မတ်တတ်ရပ်လိုက်သည်။

"ကိုကျော်မျိုးနွယ်ကို ကျွန်တော် ပြီးတော့ မေးစရာနည်းနည်း ရှိပါတယ်"

သူနာတင်ထမ်းစင် ရောက်ရှိလာသည်။ သတိမေ့မျောနေသော သက်နိုင်ကို သူနာတင်ကားပေါ်သို့ သယ်ဆောင်သွားရန် ပြင်ဆင်နေကြသည်။

ကျော်မျိုးနွယ် နောက်ဘက်သို့ ဆုတ်ပြီး လူအုပ်ကို အကဲခတ်သည်။ ဤအထဲတွင် လူဆိုးတစ်ဦး ရှိနေသည်ဟု သက်နိုင်က တယ်လီဖုန်းမှ ပြောခဲ့သည်။ ဘယ်သူနည်း၊ ဘယ်မှာနည်း၊ သူပေးသည့်သတင်း တစ်ခုကို မိမိဖခင်ထံ မြန်မြန်ပို့ပေးရမည်ဟု ဆိုသည်။ မည်သည့်သတင်းနည်း။ ထိုသတင်းကတော့ အဘယ်မှာနည်း။

ကျော်မျိုးနွယ် မျက်စိကစားသည်။ တယ်လီဖုန်းရုံကလေးများ၊ လေယာဉ်မယ်တစ်ဦး၊ လက်ဆောင်မွန်စတိုး၊ မှန်ပြတင်း၏ အတွင်းဘက်တွင် လိုချင်တပ်မက်ဖွယ်ရာ ပစ္စည်းများ၊ သူနာတင်ကားဆီသို့ သက်နိုင်ကို သယ်ယူသွားကြပြီဖြစ်သည်။ ရဲအရာရှိသည် လက်ဆောင်မွန်စတိုးဆီသို့ တန်းတန်းမတ်မတ် လျှောက်သွားသည်။ ကျော်မျိုးနွယ် ခေတ္တမျှ စဉ်းစားပြီးနောက် ရဲအရှိ နောက်သို့ မယောင်မလည် လိုက်သွားသည်။

ဆိုင်ထဲတွင် ဈေးဝယ်သူတို့ဖြင့် ပြည့်နေသည်။ အထူးသဖြင့် ကလေးတွေ ဖြစ်သည်။ ဈေးရောင်းသူနှစ်ဦး ရှိသည်။ တစ်ဦးက လဲ့လဲ့ချို၊ နောက်တစ်ဦးက လက်ဆောင်မွန်စတိုးပိုင်ရှင် ဒေါ်မြမြ။

ဒေါ်မြမြအနီးတွင် ကလေးတွေ ဝိုင်းနေစဉ်တွင် ရဲအရာရှိက လဲ့လဲ့ချိုကို မေးခွန်းများ ထုတ်နေသည်။ ကျော်မျိုးနွယ်က သူတို့ပြောသော စကားများကို ကြားသာသော တစ်နေရာတွင် ရပ်ပြီး နားထောင်နေသည်။

"ဆက်ပြောပါ"

ရဲအရာရှိက ဆိုသည်။

လဲ့လဲ့ချိုက ဆိုင်တွင်းသို့ ဝင်လာသော ကျော်မျိုးနွယ်ကို သတိပြု



မိဟန် ရှိသည်။ တစ်ချက်ပြန်ကြည့်သည်။ ထို့နောက် ရဲအရာရှိကို

"ဟုတ်ကဲ့၊ ကျွန်မလည်း သူတစ်ခုခုဖြစ်တော့ ဖြစ်နေပြီဆိုတော့ ချက်ချင်းပဲ သိလိုက်ပါတယ်။ သူပြောတာကတော့ သူမေးတာကတော့ တယ်လီဖုန်း ဘယ်မှာရှိသလဲဆိုတာ ပြောလိုက်ပါတယ်။ ဒါပေမယ့် တစ်ခု ထူးဆန်းတာက လေယာဉ်ပျံပေါ်က ဆင်းလာတဲ့လူတစ်ယောက်ဟာ တယ်လီဖုန်းရုံကို မြင်မလာဘဲနဲ့ ဒီဆိုင်ကို မရောက်နိုင်ပါဘူး"

ရဲအရာရှိ ခေါင်းတဆတ်ဆတ် ညိတ်သည်။

"ဒါနဲ့ ကျွန်မသူ့နောက်ကို လိုက်သွားပြီး ကြည့်ပါတယ်။ ရဲသားတစ်ယောက်ကို တွေ့လို့ အကျိုးအကြောင်းပြောပြပါတယ်"

"အခုလို တာဝန်သိစွာနဲ့ ရဲအဖွဲ့ကြီးကို ကူညီတာ ကျေးဇူးတင်ပါတယ်"

"သူဘာဖြစ်တာလဲ"

"အခုတော့ ကျွန်တော်တို့လည်း အဲဒါပဲ စုံစမ်း မေးမြန်းနေတာပဲ၊ ဒါပေမယ့် ဒီပြဿနာက ဒီမှာဖြစ်တာ ဟုတ်ပုံမရဘူး၊ မြစ်ကြီးနားမှာ ဖြစ်ခဲ့တာပဲ"

ရဲအရာရှိသည် ဆိုင်ထဲမှ ထွက်သွားတော့မည့်ဟန်ဖြင့် တစ်ဖက်သို့ အလှည့်လိုက်တွင် ကျော်မျိုးနွယ်ကို တွေ့မြင်သွားသည်။

"မိတ်ဆွေရဲ့ နာမည်နဲ့လိပ်စာ တစ်ဆိတ်သိပါရစေ"

ရဲအရာရှိက အိတ်ထဲမှ မှတ်စုစာအုပ်ကလေးနှင့် ဘောပင်ကို ထုတ်ပြီးမေးသည်။ ကျော်မျိုးနွယ်က နာမည်နှင့်လိပ်စာ ပြောပြသည်။ လဲ့လဲ့ချို နားထောင်နေသည်။

"ဟုတ်ပါပြီ၊ အကြောင်းရှိရင် ကိုကျော်မျိုးနွယ်ဆီကို ကျွန်တော်တို့ အကြောင်းကြားပါ့မယ်"

ရဲအရာရှိ ဆိုင်ထဲမှ ထွက်သွားသည်။ ကျော်မျိုးနွယ်က ဆိုင်ထဲမှ ထွက်မသွားသေးဘဲ လဲ့လဲ့ချိုကို လှမ်းကြည့်သည်။ လဲ့လဲ့ချိုကလည်း ကြည့်နေခိုက်နှင့် ကြုံသွားသည်။ လဲ့လဲ့ချို ချက်ချင်းပင် မျက်နှာလွှဲပြီး တစ်ဖက်သို့ လျှောက်သွားမည် ပြုသည်။ သို့သော် နောက်ကျချေပြီ။

www.burmeseclassic.com

www.burmeseclassic.com



ကျော်မျိုးနွယ်က သူမထံသို့ ခြေလှမ်းကြဲကြီးများဖြင့် ရောက်ရှိလာသည်။

"ဒီမယ်…ခင်ဗျာ"

"ဟုတ်ကဲ့…ဘာအလိုရှိပါသလဲ"

လွဲလွဲချို၏အသံ အနည်းငယ်တုန်နေသည်။

"ကျွန်တော့်မိတ်ဆွေကို ကူညီခဲ့တဲ့အတွက် ကျေးဇူးအထူးပဲ တင်ပါတယ်"

"အို…ကျေးဇူးတင်စရာမလိုပါဘူး၊ ကျွန်မ…ကျွန်မ…"

လွဲလွဲချို စကားထစ်နေသည်။ သူမ၏မျက်နှာ နီမြန်းနေသည်။ သူမ၏ ခေါင်းထဲတွင်လည်း အတွေးတစ်ခု ဝင်နေသည်။ သူ့မိတ်ဆွေတဲ့…။ လာပြန်ပြီတစ်ယောက်။ ဘယ်လိုလုပ်ပြီး ဟုတ်မဟုတ် သိနိုင်ပါ့မလဲ။

"ကျွန်တော်ပြောတာ တစ်မျိုးမထင်ပါနဲ့။ တကယ်ကျေးဇူးတင်လို့ ကျေးဇူးတင်တယ်ပြောတာပါ"

"အို…ကိစ္စမရှိပါဘူး"

"ဒီစားပွဲပေါ်က အရုပ်တွေ ကျွန်တော့်ကို ရောင်းပါ"

"ရှင်…"

"ဪ…ဒီအရုပ်တွေကို ကျွန်တော်ဝယ်ချင်တယ်လို့ ပြောတာပါ"

"အကုန်လုံးလား"

အမျိုးသမီးက မယုံနိုင်သည့်ဟန်ဖြင့် မေးသည်။

"ဟုတ်ကဲ့၊ အကုန်လုံးပါ"

အမျိုးသမီးက သူ့ကို ထူးဆန်းစွာ ကြည့်နေသည်။

"ဪ…ကျွန်တော့် တူလေးတွေ တူမလေးကို လက်ဆောင်ပေးဖို့ပါ"

"ဪ…ဟုတ်ကဲ့…ဟုတ်ကဲ့"

"ဘယ်လောက်ကျမလဲ"

လွဲလွဲချိုက အရုပ်ကလေးတွေကို လက်ဖြင့် ဖွဖွလေးထိရင်း…

"ဒီခွေးရုပ်ကလေးတွေက တရုတ် ၅ကျပ်၊ အရောင် ၄မျိုး၊ ၄ကောင်ဆိုတော့ ၂၀ိ၊ ဒီဝက်ဝံရုပ်ကလေးတွေက တရုတ် ၁၀ိ၊ သူလည်း အရောင် ၄မျိုး ရှိတော့ ၄၀ိ၊ နောက်ပြီး ဟောဒီ…"



သူတို့အနီးသို့ ဆိုင်ရှင် ဒေါ်မြမြရောက်လာသည်။ လွဲလွဲချိုကို ကူပြီး တွက်ပေးသည်။ အားလုံး ၂၀၀ိ ကျသည်။ ကျော်မျိုးနွယ်က ချက်ချင်း ငွေရှင်းသည်။

"ကားနံပါတ်ပြောလိုက်လေ၊ ဒေါ်ဒေါ်တို့ သေသေချာချာထုပ်ပြီး ကားပေါ် တင်ပေးလိုက်မယ်"

ဒေါ်မြမြက ဈေးဝယ်သူ စိတ်တိုင်းကျ ဖြစ်စေရန် အတတ်နိုင်ဆုံး လိုက်လျောသည့်အနေဖြင့် ပြောသည်။ ကျော်မျိုးနွယ်က ကားနံပါတ်ပြောလိုက်သည်။ ထို့နောက် ဒေါ်မြမြနှင့် လွဲလွဲချိုတို့ကို ကြည့်၍နှုတ်ဆက်ပြီး ဆိုင်ထဲမှ ထွက်သွားသည်။

"သူ…ရူးများနေသလား မသိဘူး"

လွဲလွဲချိုက ခပ်တိုးတိုးလေး ရွတ်ဆိုသည်။

"ဘာကိုလဲ…"

ဒေါ်မြမြက ကျော်မျိုးနွယ်၏ ကျောပြင်ကျယ်ကြီးကို လှမ်းကြည့်ရင်း မေးသည်။

"ဒေါ်ဒေါ် မတွေ့ဘူးလား၊ ရှိသမျှ အရုပ်တွေ အကုန်သိမ်းကျုံးပြီး ဝယ်သွားတာ၊ သူ့တူတွေ တူမတွေကို လက်ဆောင်ပေးဖို့တဲ့"

"လူချောလူခန့်တစ်ယောက်ပဲ"

"ရှင်…"

"မြင်မြင်ချင်း ချစ်မိတဲ့ဝေဒနာရပ်ဆိုတာ ဒါမျိုးပေါ့ကွယ်"

"အို…ဒေါ်ဒေါ်ကလည်း ဘာတွေပြောနေတာလဲ"

"သူ…လွဲလွဲကို တကယ်ချစ်နေတာပဲ ဖြစ်ပါလိမ့်မယ်"

"ဘုရား…ဘုရား"

လွဲလွဲချိုက သူမ၏ ရင်ဘတ်ကို လက်နှစ်ဖက်ဖြင့် ဖိပြီး ထိတ်လန့်စွာ ရေရွတ်လိုက်သည်။

■

www.burmeseclassic.com

www.burmeseclassic.com



လက်ဆောင်မွှန် ဆိုင်အတွင်းမှ ထွက်လာပြီး လေးငါးလှမ်းမျှ လျှောက်မိသည်ဆိုလျှင်ပင် ကျော်မျိုးနွယ်သည် မိမိအား လိုက်လံရှာဖွေနေသော မာလာရီကို ခပ်လှမ်းလှမ်းတွင် မြင်ရသည်။ သူက မာလာရီကို မေ့လျော့၍ပင် နေမိသည်။ အမျိုးသမီးသည် ဟိုကြည့်ဒီကြည့်နှင့် ဟိုသွားရမလို ဒီသွားရမလို ရှိနေသည်။ သို့သော် ထိုခဏမှာပင် သူ့ကို တွေ့မြင်သွားပြီး လက်မြှောက်ပြသည်။

"သူ...ဘယ်သွားနေတာလဲ၊ မာလာရှာလိုက်ရတာ"

အမျိုးသမီးက ကားသော့ကို သူ့အားလှမ်းပေးရင်း ပြောသည်။

"ဟုတ်လား...အားနာစရာကြီးပဲ၊ ကိစ္စဝိစ္စလေးတွေ နည်းနည်းရှုပ်သွားလို့"

"ဘာတွေဖြစ်တာလဲဟင်"

စောစောက သူ့ကျွန်တော့်ဆီကို ဖုန်းဆက်တယ်လေ။ ဒီရောက်တော့ သူသတိမေ့နေပြီ၊ အခုသူ့ကို ဆေးရုံခေါ်သွားကြပြီ"

"မာလာ တွေ့လိုက်တယ်၊ သူက ဘယ်သူလဲ၊ ဘာဖြစ်တာလဲ"

"ဘာဖြစ်တယ်ဆိုတာ ဘယ်သူမှမသိဘူး၊ ခဏနေဦး မာလာ၊ ကျွန်တော့်အစ်ကို့ဆီကို ဆေးရုံကို ဖုန်းဆက်လိုက်ဦးမယ်"

"ဆက်လေ..."

အမျိုးသမီးက မျက်မှောင်ကလေး မသိမသာကုတ်လျက် ပြန်ပြောသည်။

တယ်လီဖုန်းဆီသို့ ကျော်မျိုးနွယ် လျှောက်သွားသည်။ ယခုကိစ္စတွင် မိမိအနေနှင့် လုပ်သင့်တာတွေ ရှိသည်ဟု သူသဘောပိုက်သည်။ အရေးအကြီးဆုံးက အခြေအနေအရပ်ရပ်ကို မှန်ကန်စွာ မသိရှိမီတွင် ခြေလှမ်းမမှားရန်ပင်ဖြစ်သည်။ ရှေ့လောမကြီးရန်ပင် ဖြစ်သည်။

မာလာရီ စောင့်နေသည်။ စောစောက ရှန်းစုနေသော လူအုပ်ကြီး ကွဲသွားပြီဖြစ်သည်။ ထိုင်ခုံတစ်ခုတွင် လူတစ်ယောက်ထိုင်ပြီး သတင်းစာဖတ်နေသည်။ သူ့ခေါင်းတွင် သက္ကလပ်ဦးထုပ် ဆောင်းထားသည်။ မာလာရီက ထိုသူနှင့် စကားမိတ်ဖွဲ့သည်။



"စောစောကလူ ဘာဖြစ်တာလဲ...ဟင်"

"ကျွန်တော်လည်း မပြောတတ်ဘူး၊ ဖုန်းဆက်နေရင်း လဲကျသွားတာပဲ"

"အို...ဖြစ်မှဖြစ်ရလေ"

"သူ့ကို သူတို့ မြောက်ဥက္ကလာပ ဆေးရုံကြီးကို ပို့လိုက်ကြပြီ"

"ဪ...ဪ"

ယင်းအခိုက်တွင် ကချင်လုံချည်နှင့်လူသည် သူတို့အနီးတွင် မယောင်မလည် ရှိနေသည်။ လက်ကိုင်ပဝါအဖြူနှင့် သူ့မျက်နှာကို သုတ်နေသည်။

ကျော်မျိုးနွယ်နှင့် ရဲအရာရှိ သူတို့ထံသို့ စကားတပြောပြောဖြင့် ရောက်လာကြသည်။

"ကျွန်တော်တစ်ခုတော့ သိချင်ပါသေးတယ် ကိုကျော်မျိုးနွယ်၊ ကိုသက်နိုင်ဟာ သတင်းထောက်တစ်ယောက် ဆိုတာတော့ ဟုတ်ပါပြီ။ သူအခု မြစ်ကြီးနားကို သွားတာ ကိုကျော်မျိုးနွယ်အတွက် တစ်ခုခုသွားပြီး စုံစမ်းထောက်လှမ်းပေးတာလား"

ရဲအရာရှိကမေးသည်

"အို...အို မဟုတ်ပါဘူး၊ သူနဲ့ ကျွန်တော်နဲ့ သူငယ်ချင်းချင်း ခင်ကြတာပါပဲ။ အလုပ်ကိစ္စသဘော ဘာမှမရှိပါဘူး"

"သူသတင်းတစ်ခုခုကို လိုက်နေတာတော့ ဖြစ်ရမယ်၊ ကျွန်တော်အခုပဲ သူ့အခန်းကို ဖုန်းဆက်ကြည့်တယ်၊ သူနဲ့တစ်ခန်းတည်း အတူနေတဲ့ သတင်းထောက်က ပြောတယ်။ လွန်ခဲ့တဲ့ ၅ရက်လောက်က သူတို့အခန်းကို လူဝင်သွားတယ်တဲ့၊ ကိုသက်နိုင်ရဲ့ ပစ္စည်းတွေကို မွှေနှောက်သွားတယ်တဲ့"

"အို...ဟုတ်လား၊ ကျွန်တော်မသိဘူး"

ကျော်မျိုးနွယ်က အံ့အားသင့်ဟန်ဖြင့် ပြောသည်။

"ဟုတ်ပြီလေ...သူသတိရလာရင် ဘာဆိုတာ ကျွန်တော်တို့သိကြရမှာပဲ"

www.burmeseclassic.com

www.burmeseclassic.com



ရဲ့အရာရှိက ယုံကြည်စိတ်ချသော လေသံဖြင့် ပြောလိုက်သည်။

ကျော်မျိုးနွယ်က မာလာရီ၏ လက်မောင်းကလေးကို မထိတထိ ကိုင်ကာ အပြင်ဘက်တံခါးပေါက်ဆီသို့ ခေါ်သွားသည်။

လဲ့လဲ့ချိုသည် ဆိုင်တွင်းမှနေ၍ ကျော်မျိုးနွယ်နှင့် မာလာရီတို့ လျှောက်သွားကြသည်ကို မြင်ရသည်။ အို...ဒီအမျိုးသမီးက ဘယ်သူလဲ၊ သူနဲ့ ဘာတော်လဲ၊ အို...ကိုယ်နဲ့ဘာဆိုင်တာမှတ်လို့။

"မာလာလည်း ဘုန်းကြီးအမှုရှာပတ်ပြီး အားနာစရာဖြစ်နေပြီ။ စောင့်ရတာ ပျင်းသွားပလား၊ ဒါမှမဟုတ် ခေါင်းတော်တော်ရှုပ်သွားပလား"

ကျော်မျိုးနွယ်က သူမနားသို့ ကပ်ပြီး ပြောလိုက်သည်။

"အို...ကိစ္စမရှိပါဘူး"

အမျိုးသမီးက ခေါင်းကလေး ငုံ့စောင်းပြီး ဖြေသည်။ သူမနှုတ်ခမ်းစုံသည် လျှော့ရဲရဲကလေး ပြုံးနေပြီးလျှင်...

"ကိုကျော်မျိုးနွယ်ရဲ့ သူငယ်ချင်း ဘာဖြစ်တာလဲ မသိဘူးနော်၊ သနားစရာပဲ၊ သူဘာမှတော့ ဖြစ်မယ်မထင်ပါဘူးနော်"

"မဖြစ်ပါဘူး။ သတိရလာမှာပါ"

"ကိုကျော်မျိုးနွယ် အခု ဆေးရုံကို လိုက်သွားမှာလား"

"မာလာကို လိုက်ပို့မယ်လေ"

"အို...မာလာက ကိစ္စမရှိပါဘူး၊ ကိုကျော်မျိုးနွယ် သွားစရာရှိတာ သွားပါ။ မာလာလိုက်ခဲ့ဆိုလည်း လိုက်ခဲ့ပါ့မယ်လေ"

ကျော်မျိုးနွယ်က အမျိုးသမီးကို တစ်ချက်ကြည့်လိုက်ပြီး

"ဆေးရုံမသွားပါဘူး၊ သူ့အမျိုးသမီးဆီကို အရင်သွားပြီး အကြောင်းကြားဦးမှပေါ့"

"သူ့မိန်းမလား"

"သူ့အမျိုးသမီးပါ"

"ဪ..."

"သူတို့နှစ်ယောက် ဖြစ်နေကြတာ ကျွန်တော်တစ်ယောက်တည်း



သိတယ်။ လူကြီးတွေ မသိသေးဘူး"

"ဟုတ်ပြီ၊ သူ့ဒါကြောင့် ကိုကျော်မျိုးနွယ်ကို ဖုန်းဆက်တာဖြစ်မယ်"

"ဟုတ်တယ်၊ သူ့အမျိုးသမီးဆီကို အဆက်အသွယ် လုပ်နိုင်တာ ကျွန်တော်တစ်ယောက်တည်း ရှိတယ်"

ကားဆီသို့ ရောက်သောအခါ ကားအနီးတွင် ဒေါ်မြမြရပ်နေသည်ကို တွေ့ရသည်။ ကားပေါ်တွင် အထုပ်တစ်ထုပ် ရှိနေသည်။ အရုပ်ထုပ်ပင် ဖြစ်သည်။

ဒေါ်မြမြက တစ်စုံတစ်ခု ပြောမည်ရှိစဉ် ကျော်မျိုးနွယ်က

"စိတ်ချပါဒေါ်ဒေါ်၊ ကျွန်တော်ကိုယ်တိုင် သွားပေးလိုက်ပါ့မယ်"

ထို့နောက် ကျော်မျိုးနွယ်သည် ဒေါ်မြမြကို မကြည့်တော့ဘဲ ကားစက်နှိုးကာ ထိုနေရာမှ မောင်းထွက်ခဲ့သည်။ ဒေါ်မြမြ ဇဝေဇဝါဖြစ်ပြီး ကျန်ရစ်သည်။

"လူကြုံပါးလိုက်တာလား"

မာလာရီက အထုပ်ကြီးကို လက်ဖြင့် စမ်းကြည့်ရင်း မေးသည်။

"ဟုတ်တယ်...လူတွေက ဒီလိုပဲ"

"ဘာတွေလဲ..."

"မသိဘူး"

ကျော်မျိုးနွယ်က တိုတိုပြတ်ပြတ် ပြန်ပြောလိုက်သည်။

*

အမျိုးသမီး၏ တောင်းဆိုချက်အရ ကျော်မျိုးနွယ်သည် မာလာရီကို အိမ်ရှေ့အရောက် လိုက်မပို့တော့ဘဲ ကြို့ကုန်း နှင်းဆီလမ်းထိပ်တွင် ချထားခဲ့သည်။

မာလာရီသည် လမ်းထဲသို့ ဆယ့်လေးငါးလှမ်းခန့် ဝင်သွားပြီးနောက် လမ်းမကြီးသို့ ပြန်ထွက်လာသည်။ ကျော်မျိုးနွယ်၏ ကားထွက်သွားရာသို့ ကြည့်သည်။ အရိပ်အယောင်မျှ မတွေ့ရတော့။ ထိုအခါ အငှားကားလေးဘီးယာဉ်တစ်စင်းကို လက်ပြပြီး တားလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သွားမလဲ...ခင်ဗျာ"

ကားမောင်းသူက မေးသည်။ မာလာရီက ကားပေါ်သို့ တက်ရင်း

"မြောက်ဥက္ကလာပဆေးရုံကြီး"

## အခန်း ၃

ဘောက်ထော်ခြံကို မြင်ရသည့်အချိန်တိုင်းမှာပင် ကျော်မျိုးနွယ်သည် သူ၏ မိခင်ကို အောက်မေ့သတိရခြင်း ဖြစ်ရသည်။ သူဘယ်အချိန်တွင် ပြန်လာသည်ဖြစ်စေ သူ၏ မိခင်သည် သူ့ကို စောင့်ကြိုနေမြဲ ဖြစ်သည်။ ယခုမူ သူ၏ မိခင်သည် ငြိမ်းချမ်းခြင်းတွင် ငြိမ်သက်စွာ လဲလျောင်း လျက်ရှိချေပြီ။ သူ့ကို စောင့်ကြိုခြင်း မပြုနိုင်ပေတော့ပြီ။

သူ့အသက် ၁၆ နှစ်တွင် သူ့မိခင် ကွယ်လွန်ခဲ့သည်။ သူယခု ၂၆ နှစ် ရှိပြီဖြစ်၍ ၁၀နှစ် ၁၀မိုးမျှ ကြာညောင်းခဲ့ပြီဖြစ်သော်လည်း သူ့စိတ်ထဲတွင် မိခင်ကွယ်လွန်သည်မှာ မနေ့တစ်နေ့ကဟု ထင်နေမိဆဲဖြစ်သည်။

မိခင်မရှိသောအခါ ဘောက်ထော်အိမ်ကြီးတွင် သူမနေတတ်သလို ဖြစ်ရသည်။ ရင်ထဲတွင် ဟာတာတာကြီး ဖြစ်နေသည်။ ယင်းကြောင့် ၁၀ တန်းအောင်မြင်သောအခါ ရန်ကုန်တွင် ကျောင်းမတက်ဘဲ မန္တလေး ဘက္ကသိုလ်သို့ သွားခဲ့သည်။ ဘွဲ့ရရှိပြီး ရန်ကုန်သို့ ပြန်လည်ရောက်ရှိသော အခါတွင်လည်း ဘောက်ထော်တွင် မနေတော့ဘဲ ပန်းဆိုးတန်းအလုပ်တိုက်တွင် နေခဲ့သည်။ အကြောင်းကိစ္စရှိမှသာလျှင် ဖခင်ထံသို့ လူကိုယ်တိုင် ရောက်ရှိသည်။ သို့မဟုတ်ပါက တယ်လီဖုန်းဖြင့် ဆက်သွယ်သည်။

ဖခင်ဖြစ်သူမှာလည်း ဇနီးမရှိသည့်နောက်ပိုင်းတွင် တစ်နှစ်ခန့် စိတ်

www.burmeseclassic.com

www.burmeseclassic.com



လေပြီး မြန်မာပြည်အရပ်ရပ်သို့ လှည့်လည်သွားလာနေခဲ့သည်။ သည့်နောက်ပိုင်းတွင်ကား သားအကြီးနှစ်ယောက်ကိုလည်း လက်လွှတ်ရပြီဖြစ်သဖြင့် သူ၏ လုပ်ငန်းအဝဝကို သားအငယ်ဆုံးနှင့် လွှဲထားပြီး ဘောက်ထော်အိမ်မှာ ဗုဒ္ဓကျမ်းဂန် တရားစာအုပ်များကို ဖတ်ကာ အေးဆေးစွာနေထိုင်လျက် ရှိတော့သည်။

ယင်းသို့ဖြင့် ကျော်မျိုးနွယ်သည် ဘော်ထော်ခြံသို့ တစ်လလျှင် တစ်ခေါက်နှစ်ခေါက်ထက် ပိုရောက်လေ့မရှိ ဖြစ်ရသည်။ ယခုတစ်ကြိမ်တွင် သူဘောက်ထော်ခြံသို့ သူ မရောက်သည်မှာ တစ်လကျော်ပြီဟုပင် ထင်ရသည်။

သူ့ကို အိအိက တံခါးဖွင့်ပေးသည်။ အိမ်ရှင်တစ်ဦးက ဧည့်သည်ကို ကြိုသည့်ဟန်ဖြင့် အိအိပြုံးသည်။ ထိုအပြုံးကို ကျော်မျိုးနွယ် မကြိုက်ပါ။

တကယ်တော့ သည်အိမ်သို့ အိအိရောက်သည်မှာ ၁၀နှစ်မျှသာ ရှိသေးသည်။ ကျော်မျိုးနွယ်၏မိခင် ကွယ်လွန်စဉ်က အနယ်နယ်အရပ်ရပ်မှ ဆွေမျိုးများ လာကြသည်။ ထိုအထဲတွင် အိအိတစ်ယောက်လည်း ပါသည်။ မိခင်ဘက်က တော်စပ်ခြင်းဖြစ်သည်။ ကျော်မျိုးနွယ်တို့နှင့် ဝမ်းကွဲမောင်နှမ တော်စပ်သည်ဟုဆိုသည်။ သို့သော် ဘယ်နှဝမ်းကွဲမှန်းလည်း မသိပါ။ မည်သို့ တော်စပ်မှန်းလည်း သေသေချာချာ မသိပါ။ ထို့ထက်ပို၍ ပြောရလျှင် သူမ၏ အတိတ်နောက်ကြောင်းကို သူတို့ဘက်မှ ရေရေရာရာ မသိပါ။

သို့သော် အိအိသည် ဘောက်ထော်ခြံကြီးတွင် ၁၀နှစ်ပတ်လုံး သောင်တင်လျက် ရှိသည်။ အသုဘကိစ္စများကို သူပါဝင်စီမံဆောင်ရွက်သည်။ ထို့နောက် သူတို့အိမ်၏ အိမ်မှုလုပ်ငန်းအဝဝကို စီမံဆောင်ရွက်၏။ 'အဘိုးကြီး'ကိုလည်း သူမကပဲ ကြည့်ရှုစောင့်ရှောက်လျက် ရှိတော့သည်။

အိအိသည် အသက် ၄၀ ထဲသို့ ဝင်နေပြီဖြစ်သည့် အပျိုကြီး တစ်ယောက် ဖြစ်သည်။ မိန်းမချော မိန်းမလှကြီးမဟုတ်သော်လည်း အရုပ်ဆိုးအကျည်းတန်လည်း မဟုတ်ချေ။ ရွက်ကြမ်းရေချိုထဲက ဖြစ်သည်။



"ဟော...မောင်ကျော်ပါလား၊ အခုမှပဲ လာတော့တယ်။ လာ...လာ...မောင်တင်မောင်လည်း ရောက်နေတယ်၊ မောင်ချစ်ထွန်းဆီကလည်း ဖုန်းလာတယ်။ မောင်ကျော်က လေယာဉ်ပျံကွင်းမှာ ရောက်နေတယ်ဆို"

အိအိစကားပြောပုံက ရေပက်၍ပင် မဝင်နိုင်။ ကျော်မျိုးနွယ်က ဘာမျှပြန်မပြောဘဲ ဖခင်ရှိရာ အပေါ်ထပ်သို့ အိမ်ရှေ့လှေကားမှ တက်ခဲ့သည်။ သူ့စိတ်ထဲတွင် အတွင်းသူလျှို ရှိသည်ဟူသော သက်နိုင်၏ သတိပေးကားကို ကြားယောင်မြင်ယောင်နေမိသည်။ အတွင်းသူလျှိုဟူသည်မှာ မည်သူဖြစ်နိုင်သနည်း။ ထမင်းချက်လင်မယား ရှိသည်။ ကားမောင်းသူ လင်မယား ရှိသည်။ အိအိရှိသည်။ သည့်နောက်တွက်ကား ဝင်ချည်ထွက်ချည်ဖြစ်သော မိမိတို့ ညီအစ်ကိုသုံးယောက်ရှိသည်။

အထက်ထပ်လှေကားထိပ်တွင် အမှတ်မထင် သူစိမ်း အမျိုးသမီးတစ်ယောက်နှင့် ကျော်မျိုးနွယ် ပင်ပင်းတိုးရသည်။ အရွယ်မငယ်ပါ။ အသက် ၃၀ခန့်တွင် ဖြစ်သည်။ မြန်မာမဟုတ်ပါ။ ရှမ်းနှင့်လည်း တူသည်။ ကရင်နှင့်လည်း တူသည်။ တရုတ်စပ်ဟုလည်း ထင်ရသည်။ မျက်နှာထားတည်ကြည်ပြီး ကျက်သရေ ရှိသည်။

"ဩော်...မေနှင်းရေ၊ သူက မောင်ကျော်ကွယ့်၊ ဦးလေးရဲ့သားအငယ်ဆုံး မောင်ကျော်မျိုးနွယ်"

ကျော်မျိုးနွယ်၏ နောက်မှ လိုက်လာသော အိအိက ပြောလိုက်သည်။ မေနှင်းက သိမ်မွေ့စွာ ပြုံးပြီး ခေါင်းညိတ်သည်။ ကျော်မျိုးနွယ်က ပြန်လည်တုံ့ပြန်ပြီး ခေါင်းညိတ်လိုက်သည်။ အိအိက မေနှင်းမည်သူဆိုသည်ကိုတော့ မိတ်ဆက်မပေးပါ။ မေနှင်းက သူတို့ကို လမ်းပေးသည့်အနေဖြင့် ဘေးသို့ တိမ်းရှောင်ပေးသဖြင့် ကျော်မျိုးနွယ်နှင့် အိအိတို့သည် ခေါင်းရင်းခန်းဆီသို့ လျှောက်သွားကြသည်။

ကျော်မျိုးနွယ်၏ ဖခင် ဦးတင်နွယ်သည် လွန်ခဲ့သည့်လကပင် အသက် ၆၆နှစ်ပြည့်ခဲ့ပြီ ဖြစ်သည်။ အဘိုးကြီးသည် ကျန်းမာရေး ချို့ယွင်းသူတစ်ဦးဖြစ်သဖြင့် ဝဝဖြိုးဖြိုး သန်သန်မာမာကြီး ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကြောက်စရာကောင်းလှသော နှလုံးရောဂါရှိနေကြောင်း မြားမကြာမီကမှ ဆရာဝန်များ၏ ပြောကြား သတိပေးခံခဲ့ရသည်။

အခန်းတွင်းသို့ ကျော်မျိုးနွယ် ဝင်သွားသည့်အချိန်တွင် ဦးတင်နွယ်သည် သလွန်နှင့်တူသော ရှေးဟောင်းခုတင်ကြီးပေါ်တွင် ထိုင်လျက်ရှိသည်။

"လာဟေ့ မောင်ကျော်၊ မင်းသူငယ်ချင်း မောင်သက်နိုင် ဘယ်လိုဖြစ်တာလဲ၊ မောင်ချစ်ထွန်းက ပြောတော့ ခါးထိုးခံရတာတဲ့"

"အစ်ကိုလေး ပြောတာ ဟုတ်မှာပေါ့၊ သူက ဆရာဝန်ပဲ"

ကျော်မျိုးနွယ်က ဖခင်ကို သိုးသိုးသွက်သွက် ပြန်ပြောလိုက်ပြီး "အစ်ကိုကြီး ရောက်နေတာ အတော်ကြာပလား" ပြတင်းခေါင်းရင်းရှိ နောက်မှီ ကုလားထိုင်ကြီးတွင် ခပ်ခန့်ခန့် ထိုင်နေသော တင်မောင်နွယ်ဘက်သို့ လှည့်ကာနှုတ်ဆက်သည်။

"မောင်ကျော်ကို ကြည့်ရတာ တစ်ခုခုကို သိထားတဲ့အတိုင်းပဲ"

တင်မောင်နွယ်က တရားသူကြီး တစ်ယောက်ဖြစ်သည်နှင့်အညီ ညီအငယ်၏ မျက်နှာကို အကဲခပ်ကာ တည်ကြည်သော မျက်နှာဖြင့် ပြန်ပြောသည်။ သူက ရာထူးအားဖြင့် တရားသူကြီးဖြစ်သည်သာမက အသက်အရွယ်အားဖြင့်လည်း ၃၆နှစ်တွင်းသို့ ရောက်နေပြီဖြစ်သဖြင့် လူကြီးတစ်ယောက်၏ တည်ငြိမ်လေးနက်မှုကို ရရှိနေပြီဖြစ်သည်။

"မောင်သက်နိုင်က ဘာဖြစ်လို့ ငါ့ဆီကို ဖုန်းမဆက်ဘဲ မောင်ကျော့်ဆီကို ဆက်ရတာလဲ၊ အလုပ်ကိစ္စရှိတာက သူနဲ့ငါနဲ့ပဲ"

ဦးတင်နွယ်က ကျော်မျိုးနွယ်ကို မေးသည်။ ကျော်မျိုးနွယ်က ကုလားထိုင်တစ်လုံးတွင် ထိုင်လိုက်ရင်း မျက်မှောင်မသိမသာ ကုတ်လျက်။

"ဖေဖေတို့ကိစ္စကို ပြောစမ်းပါဦး"

"ဖေဖေ့ကိစ္စနဲ့ သူခါးထိုးခံရတာနဲ့ ဆိုင်မလား"

တင်မောင်နွယ်က မေးသည်။

"ဘယ်လိုကိစ္စမျိုးဆိုတာ ကျွန်တော့်ကို အရင်ပြောပြပါဦး"



"ဟုတ်ပြီလေ၊ အခုမှတော့ ပြောပြရတော့မှာပေါ့၊ မေနှင်းရေလာပါဦး၊ ဒီမှာထိုင်ပါဦး၊ ဒီကိစ္စမှာ မောင်ကျော်ဘယ်လိုလုပ်ပြီး ပါလာတယ် ဆိုတာ ငါစဉ်းစားလို့ မရသေးဘူး၊ မောင်သက်နိုင်ကို ဘယ်သူ့မှ မပြောပါနဲ့လို့ ငါပိတ်ထားတယ်။ မောင်တင်မောင်ကိုတောင် ခုနကမှ ငါဖွင့်ပြောတယ်။ မောင်ချစ်ထွန်းလည်း စောစောကမှ သိတယ်။ ဒီကိစ္စကို ငါဘယ်လိုလုပ်ပြီး ဘေးဥပဒ်အန္တရာယ်တွေ ပါလာတယ်ဆိုတာ ဖေဖေ လုံးလုံးစဉ်းစားလို့မရဘူး။ ဒီကိစ္စဟာ ဖေဖေရဲ့ ကိုယ်ရေးကိုယ်တာ ဖြစ်နေလို့ ဟိုလူဒီလူတွေ မသိစေချင်ပေမယ့် ဒီကိစ္စမှာ ဘာမှ ပြဿနာဖြစ်စရာမရှိဘူး။ ရှုပ်ရှုပ်ယှက်ယှက် ရတ်ရတ်ရက်ရက် ဖြစ်စရာမရှိဘူး"

ကျော်မျိုးနွယ် ငြိမ်သက်စွာ နားထောင်နေသည်။ ဘာမျှ ဝင်မပြောချေ။ ဖခင်ဆက်ပြောမည်ကို စောင့်စားနေသည်။

"ဖေဖေ့မှာ သားသုံးယောက် ရှိတယ်။ အားလုံးအရွယ်ရောက်ကုန်ပြီ။ ဖေဖေ့အနေနဲ့ လက်လွှတ်နိုင်ပြီ။ လောလောဆယ် ဖေဖေ့ခေါင်းထဲမှာ ရှိနေတာ သမီးကိစ္စပဲ။ သမီးက ငယ်သေးတယ်။ သူ့မိခက ဖေဖေ့မျက်ကွယ်ရာမှာ ဖြစ်နေတယ်၊ သမီးကို ဖေဖေလိုချင်တယ်"

မထင်မှတ်သော စကားကို ကြားလိုက်ရသဖြင့် ကျော်မျိုးနွယ် တုန်လှုပ်သွားသည်။

"ဖေဖေပြောနေတာက ကိုယ်တို့မှာ နှမကလေးတစ်ယောက် ရှိတယ်ဆိုတဲ့သဘောပဲ"

တင်မောင်နွယ် ဝင်ပြောသည်။ အသံအနည်းငယ် တုန်ခါသည်။

"အဖေတူ မအေကွဲပေါ့"

အိအိက ဝင်ရောက်ရှင်းလင်းသည်။

"ကျွန်တော်တို့ ဒီအကြောင်းကို အရင်က ဘာမှ မသိခဲ့ပါလား"

"ဟုတ်တယ်၊ ဟိုတုန်းက မပြောခဲ့ဘူး၊ အခုမှပဲ ပြောရမယ်"

ဦးတင်နွယ်က စကားကိုရပ်ထားပြီး အနေအထား ပြင်ထိုင်သည်။ ကျော်မျိုးနွယ်က အစ်ကိုကြီးကို တစ်ချက်ကြည့်ပြီး ကုလားထိုင်နောက်မှီ ကျောကပ်လိုက်သည်။ အိအိက ခုတင်စွန်းတွင် ထိုင်နေသည်။ မေနှင်း

www.burmeseclassic.com

www.burmeseclassic.com



ဆိုသော အမျိုးသမီးက တံခါးပေါက်နားက ကြိမ်ကုလားထိုင်ကလေးတွင် တင်ပါးတစ်ခြမ်းတင်ပြီး ထိုင်နေသည်။

ဦးတင်နွယ်က ချောင်းတစ်ချက် ဟန့်လိုက်ပြီး

"လွန်ခဲ့တဲ့ ရှစ်နှစ်လောက်ကပေါ့။ ဖေဖေ ကချင်ပြည်နယ်ဘက် သွားနေခဲ့တာ မင်းတို့အသိပဲ၊ မင်းတို့ မေမေဆုံးကတည်းက ဖေဖေ လျှောက်သွားနေခဲ့တာ မဟုတ်လား၊ ပထမ တနင်္သာရီဘက် သွားတယ်။ နောက် ရခိုင်ပြည်နယ်၊ နောက် ချင်းပြည်နယ်၊ နောက် ရှမ်းပြည်နယ်၊ အဲ...ကချင်ပြည်နယ်ကို ရောက်သွားတယ်။ မြစ်ကြီးနား၊ ဗန်းမော်၊ ပူတာအို၊ မချမ်းဘော၊ ကျောက်စိမ်းတွင်း၊ အင်းတော်ကြီး နံ့နေတာပဲ။ တိုတိုပဲ ပြောပါ့မယ်၊ အဲ အဲ ဗန်းမော်မှာ ဖေဖေအမျိုးသမီးတစ်ယောက်နဲ့ ရတယ်"

"တရားဝင် လက်ထပ်ပြီး ယူတာလား"

သားတရားသူကြီးက မေးသည်။

"တရားဝင်ပေါ့၊ လူကြီးတွေရှေ့မှာ လက်ထပ်ကြတာပဲ၊ ဖေဖေတို့ ဗန်းမော်မှာ အိမ်တစ်လုံးငှားပြီး နေကြတယ်။ အဲဒီမှာ တစ်နှစ်လောက် နေပြီးရင် ရန်ကုန်ကို ပြန်လာကြဖို့ အစီအစဉ်ရှိတယ်။ သားတို့ကိုလည်း ဖေဖေတို့ ရန်ကုန်လာခါနီး အသိပေးဖို့ စိတ်ကူးထားတယ်၊ ဒါပေမယ့်"

ဦးတင်နွယ်က စကားကို ဆက်မပြောဘဲ မေနှင်းကို လှမ်းကြည့်လိုက်သည်။ အမျိုးသမီးက...

"အဲဒီအချိန်မှာပဲ တစ်နေ့မှာပဲ မမမွန် အိမ်က ထွက်သွားတယ်..."

"ဟုတ်တယ်။ အဲဒါပဲ သူထွက်သွားတယ်။ အဲဒီအချိန်တုန်းကမေနှင်းက ဖေဖေတို့နဲ့ အတူရှိနေတယ်။ မေနှင်းက မွန်နဲ့ ဆွေနီးမျိုးစပ်တော်တယ်။ မွန်ကပဲ မေနှင်းကို အိမ်မှာအဖော်ခေါ်ထားတယ်။ ဒါပေမယ့် တစ်နေ့ကျတော့ မွန်အိမ်က ထွက်သွားတယ်။ ဘယ်ကို သွားမှန်းလည်း မသိဘူး။ ဘာ့ကြောင့်သွားမှန်းလည်း မသိဘူး။ ဘယ်မှာမှလည်း ရှာလို့ မတွေ့ဘူး။ ဒါနဲ့ နောက်ဆုံးမှာတော့ ဖေဖေလည်း တပ် ခေါက်ပြီး ရန်ကုန်ကို ပြန်ခဲ့တယ်။ သားတို့ကိုလည်း ဘာမှမပြောတော့ဘူး။ ဖေဖေကိုယ်



တိုင်လည်း ဗန်းမော်မှာ ဖြစ်ခဲ့တဲ့ အကြောင်းတွေကို ကြိုးစားပြီး မေ့ပစ်လိုက်တယ်။ ပြည်ဖုံးကား ချပစ်လိုက်တယ်"

"အတိတ်ဆိုတာ မေ့ပစ်ဖို့လည်း မလွယ်ပါဘူး၊ ပြည်ဖုံးကားချဖို့လည်း မလွယ်ပါဘူး"

ကျော်မျိုးနွယ်က ပြောသည်။

"ဟုတ်တယ်။ မောင်ကျော်ပြောတာ မှန်တယ်။ အတိတ်ဆိုတာ ပြည်ဖုံးကားချလို့ မရနိုင်ဘူး။ မေ့ပစ်လို့လည်း မရဘူး။ လွန်ခဲ့တဲ့ တစ်လလောက်က ဖြုန်းခနဲဆို မေနှင်းရောက်လာတယ်၊ မေနှင်းဟာ ဗန်းမော်မှာ အခြေအနေမကောင်းလို့ ရန်ကုန်မှာ အလုပ်အကိုင် ရှာဖွေရအောင် လာတာပဲ။ ရန်ကုန်ကို လာတယ်ဆိုရင်ပဲ။ ဖေဖေ့ဆီကို သွားဖို့ သူစိတ်ကူးရတာပဲ။ ဖေဖေ့သတင်းကို စုံစမ်းပြီး နောက်ဆုံးတော့ ဖေဖေ့ဆီကို ရောက်လာတာပဲ၊ မေနှင်းရောက်လာတာဟာ ဖေဖေရဲ့ အတိတ်ဘဝ ပြန်ရောက်လာတာပဲ။ ဖေဖေ့မှာ ကလေးတစ်ယောက် သမီးလေး တစ်ယောက် ရှိနေတယ်ဆိုတာကို မေနှင်းက ပြောတယ်။

ကျော်မျိုးနွယ်က မေနှင်းကို အကဲခတ်သည့်အနေဖြင့် တစ်ချက်ကြည့်လိုက်သည်။ အမျိုးသမီး၏ မျက်နှာပြင် ကြည်လင်သည်။ ဖုံးကွယ်ခြင်းများ လျှို့ဝှက်ခြင်းများ မရှိတန်ရာ၊ သို့သော် မည်သူ့အမှန်ပြောနိုင်မည်နည်း။

"အဲဒီ ကလေးမကလေးက အခုဘယ်မလဲ"

တင်မောင်နွယ်က မေးသည်။

"အင်း...အဲဒါ ပြဿနာပဲ၊ နောက်ပိုင်းမှာ မေနှင်းသတိရသလောက် ဆိုရင် မွန်ဟာ အဲ...မွန်ရဲ့ နာမည်အပြည့်အစုံက မသင်းမွန်တဲ့၊ မွန်ထွက်ပြေးသွားတဲ့အချိန်မှာ သူ့မှာ ကိုယ်ဝန်ပါသွားတယ်။ သူက အဲဒီ ကိုယ်ဝန်ကို မလိုချင်ဘူး၊ ဒါပေမယ့် မီးဖွားတယ်။ ပြီးတော့ မိဘမဲ့ ဂေဟာ တစ်ခုကို ပေးပစ်လိုက်တယ်..."

ထိုနေရာတွင် အဘိုးကြီး၏ အသံက ဆို့နင့်သွားသည်။ သူ၏ သမီးငယ်အပေါ်တွင် သံယောဇဉ်ရှိနေကြောင်း သိသာလှသည်။ ခဏအကြာ

www.burmeseclassic.com

www.burmeseclassic.com



တွင် အဘိုးကြီး ဆက်ပြောသည်။

"အဲဒီ မိဘမဲ့ဂေဟာကလည်း ငွေကြေးမလုံလောက်လို့ ပျက်သွားတယ်။ မနှစ်ကပဲ ပျက်သွားတယ်။ ကလေးတွေ ဟိုရောက်ဒီရောက် ပြန့်ကုန်တယ်။ ပျောက်ကုန်တယ်။ ဖေဖေရဲ့ သမီးကလေးလည်း လေထဲမှာ မီးခိုးပျောက်သလိုပဲ ပျောက်သွားတယ်"

"တလောက ဖေဖေ ကျွန်တော့်ဆီ ဖုန်းဆက်ပြီး သက်နိုင်လိပ်စာမေးတာ ဒါကြောင့်လား"

ကျော်မျိုးနွယ်က မေးသည်။

"ဟုတ်တယ်၊ သမီးလေးကို ရှာဖို့ကိစ္စမှာ ဖေဖေစဉ်းစားကြည့်တော့ မောင်သက်နိုင်ကိုပဲ မြင်တယ်။ သူက သတင်းထောက်မဟုတ်လား။ သတင်းအနံ့ခံတတ်တယ်။ အဆက်အသွယ်ကောင်းတယ်။ သားတို့ကိုလည်း ဒုက္ခမပေးချင်ဘူးလေ"

"ကလေးမကလေးကို သက်နိုင်သွားရှာတာ တွေ့သတဲ့လား"

ကျော်မျိုးနွယ်က မေးပြန်သည်။

"ဖေဖေကလည်း အဲဒါကို သိချင်နေတာပဲ၊ သူတွေ့လိမ့်မယ်လို့တော့ ဖေဖေထင်တာပဲ"

"ဖေဖေက ဘယ်လိုလုပ်ပြီး ထင်နိုင်တာလဲ"

မောင်ကျော်ကကော သူတွေ့လိမ့်မယ်လို့ မထင်ဘူးလား၊ မောင်ကျော်ကို သူမပြောဘူးလား"

"ဖေဖေ ပြောစရာရှိတာတွေ အကုန်ပြောပါဦး"

မောင်သက်နိုင်ဟာ နောက်ဆုံးမှာ မွန်ကို ခြေရာခံလို့ တွေ့တယ်။ သူရေးလိုက်တဲ့စာထဲမှာ ပါတယ်။ မွန်က အဲ…အဲ…နောက်အိမ်ထောင်ပြုထားတယ်။ သူတို့ မိုးကောင်းမှာ နေကြတယ်။ မွန်က သမီးအကြောင်းလည်း ဘာမှမပြောဘူး။ ဖေဖေ့အကြောင်းလည်း ဘာမှမပြောဘူး။ ဘာမှလည်း ဝန်မခံဘူး"

"သက်နိုင်က အဲဒီ ဒေါ်သင်းမွန်နဲ့ သူကိုယ်တိုင် တွေ့သတဲ့လား"

"တွေ့တယ်၊ မေးတယ်၊ အမျိုးသမီးက ဘာမှ ရေရေရာရာ မပြောဘူး။ သူ့ယောကျ်ားက မောင်သက်နိုင်ကို အိမ်က မောင်းထုတ်ပစ်လိုက်တယ်"



"ဒေါ်သင်းမွန်က ဖေဖေနဲ့ကော သမီးနဲ့ကော မပတ်သက်ချင်တော့လို့ နေမှာပေ့ါ"

"ကလေးကို သူက မပတ်သက်ချင်တော့ပေမယ့် ဖေဖေကတော့ ပတ်သက်ချင်တယ်။ ဘာပဲဖြစ်ဖြစ် ဖေဖေ့တလေးကို ဖေဖေ့လိုချင်တယ်"

"ဆက်ပြောပါဦး၊ သက်နိုင် ဘာဆက်လုပ်သလဲ"

"ဖေဖေ ဘယ့်နှယ့်လုပ်ပြီး သိမလဲ"

သူ့ကို ဓားနဲ့ထိုးတာ ဒေါ်သင်းမွန်ရဲ့ ယောကျ်ားပဲလား"

"ဘယ်သူပြောနိုင်မလဲ"

ကျော်မျိုးနွယ်က မေနှင်းကို တစ်ကြိမ် အကဲခတ်ပြန်သည်။ ဤကလေးမကလေးအကြောင်း ပြောနိုင်သူမှာ ဤအမျိုးသမီးတစ်ယောက်သာ ရှိသည်။ လွန်ခဲ့သော ရှစ်နှစ်က အကြောင်းများကို သူမက ပြောပြရာတွင် မည်သူက မဟုတ်ဘူးဟု ငြင်းနိုင်ချေမည်နည်း။ မိမိ၏ ဖခင်တွင် ငွေကြေးဥစ္စာထိုက်သလောက် ကုံလုံကြွယ်ဝသည်ကို ဤအမျိုးသမီးသိသည်။ သူမ၏စိတ်ထဲတွင် မည်သည့်အကြံအစည်များ ရှိသည်ကို မည်သည့်စိတ်ပညာရှင်က ခွဲခြမ်းစိတ်ဖြာပြီး သိနိုင်ပါမည်နည်း။

"ကဲ…ဖေဖေပြောစရာရှိတာတွေတော့ ပြောပြီးပြီ။ မောင်ကျော်သိထားတာတွေကို ပြောပါဦး၊ မောင်သက်နိုင်က ဘာပြုလို့ သားဆီကို ဖုန်းဆက်ရတာတုံး။ သူက သားကို ဘာတွေပြောသတုံး"

ဦးတင်နွယ်က သားအငယ်ကို မျှော်လင့်သော အကြည့်ဖြင့် မေးသည်။

"ကျွန်တော့်ဆီ ဖုန်းဆက်တော့ သူ့အခြေအနေ သိပ်ဆိုးနေပြီ"

"သား မင်္ဂလာဒုံကို လိုက်မသွားခင် ဖေဖေ့ဆီဖြစ်ဖြစ်၊ ရဲကိုဖြစ်ဖြစ်၊ ဆေးရုံကိုဖြစ်ဖြစ် ဘာပြုလို့ အကြောင်းမကြားတာလဲ"

ကျော်မျိုးနွယ် ငြိမ်နေသည်။ ထို့နောက်…

"ကျွန်တော် အစ်ကိုလေးဆီ ဖုန်းဆက်ကြည့်ဦးမယ်၊ ကျွန်တော်တို့

www.burmeseclassic.com

www.burmeseclassic.com



ဒီကနေပြီး ခန့်မှန်းနေတာထက် သူ့ကို မေးကြည့်တာက ပိုကောင်းမယ်။ အခုလောက်ဆိုရင် သူသက်နိုင်နဲ့ စကားပြောရရောပေါ့"

တယ်လီဖုန်းရှိရာ ဖခင်၏ ခုတင်ခေါင်းရင်းဘက်သို့ ကျော်မျိုးနွယ် လျှောက်သွားသည်။ တယ်လီဖုန်း စကားပြောခွက်ကို ကောက်ယူပြီး မြောက်ဥက္ကလာပ ဆေးရုံကြီးနံပါတ်ကို လှည့်လိုက်သည်။ အတန်ကြာသောအခါ သူ့အစ်ကို၏အသံကို ကြားရသည်။

"အစ်ကိုလေးလား၊ ကျွန်တော်ပါ။ သက်နိုင်အခြေအနေ ဘယ့်နှယ်နေသလဲ။ သူဘာပြောသလဲ ဖေဖေက သူ့ဆီက သတင်းကို သိပ်ပြီး သိချင်နေတယ်"

"သူဘာမှ မပြောဘူး။ မပြောနိုင်တော့ဘူး၊ ဆေးရုံလည်း ရောက်ရော အသက်လည်း ပျောက်တာပဲ၊ ဖေဖေ့ကို ပြောပါ။ အစ်ကိုလေး အခုလာခဲ့မယ်လို့"

ကျော်မျိုးနွယ်က တယ်လီဖုန်းကို လေးလံစွာ ပြန်ချထားလိုက်သည်။

■

မြောက်ဥက္ကလာပ ဆေးရုံကြီး၏ ခွဲစိတ်ခန်းအပြင်ဘက် စင်္ကြံတွင် ဂျူတီကုတ်အဖြူကို အချိတ်ထဘီပေါ်တွင် ဆင့်ဝတ်ထားသော ဆရာဝန်မကလေးတစ်ဦးက သူမနှင့် မျက်နှာချင်းဆိုင်မှာ တွေဝေငေးငိုင်စွာ ရပ်နေသော အမျိုးသမီးအား ကြင်နာထောက်ထားသော အမူအရာဖြင့် ပြောသည်။

"ကျွန်မတို့လည်း သူ့အသက်ကို ကယ်နိုင်ဖို့ အစွမ်းကုန် ကြိုးစားကြတာပဲ။ သူ့ဆေးရုံကို ရောက်လာတာ နည်းနည်းကလေး နောက်ကျသွားတယ်။ အခုထက် နည်းနည်းကလေး စောပြီး ရောက်လာရင် သူ့အသက်ကို ကျွန်မတို့ ကယ်နိုင်ပါတယ်"

အမျိုးသမီးငယ် ခေါင်းငိုက်စိုက် ကျသွားသည်။ သူမ၏ခေါင်းမှ ဆံစကလေးများ ဝဲကျနေသည်။



"ကျွန်မလည်း သူ့ကို မင်္ဂလာဒုံမှာ သွားကြိုတယ်၊ နည်းနည်းကလေး နောက်ကျသွားတယ်။ သူ့ကို ဆေးရုံခေါ်သွားပြီဆိုလို့ ချက်ချင်းလိုက်လာတာပဲ၊ ကျွန်မဒါထက် နည်းနည်းကလေးစောရင် သူ့အသက်ကို မှီနိုင်ပါ့မလား"

ဆရာဝန်မ ခေါင်းခါသည်။

"သူဆေးရုံရောက်ရောက်ချင်း ဆုံးတာပဲ"

"သူဘာများ ပြောသွားသေးသလဲ"

သူဘာတစ်ခွန်းမှ ပြောမသွားနိုင်ပါဘူး"

"ကျွန်မ သူ့ကို ဝင်ကြည့်လို့ ရမလား"

"နောက်မှ ကြည့်ပါလား ညီမရယ်"

"ကျွန်မ သူ့ပစ္စည်းတွေ ယူသွားရတော့မလား"

"နောက်မှ ယူတာပေါ့ကွယ်၊ အခုတော့ ရဲအဖွဲ့က စစ်ဆေးနေတယ်"

အမျိုးသမီးငယ် ခေတ္တတွေနေပြီးနောက်-

"ကျေးဇူးတင်ပါတယ်ရှင်၊ ကျွန်မပြန်လာပါဦးမယ်"

"ညီမရဲ့ နာမည်နဲ့ လိပ်စာပြောခဲ့လေ၊ လိုအပ်ရင် အကြောင်းကြားရအောင်"

"ကျွန်မနာမည် မာလာရီပါ။ သူ့ညီမပါ"

ထိုနေရာမှ မာလာရီ လေးကန်သော ခြေလှမ်းများဖြင့် တရွေ့ရွေ့ ထွက်ခွာသွားသည်။ အမျိုးသမီး ဆရာဝန်ကလေးက ကရုဏာသက်သော အကြည့်ဖြင့် မျက်စိတစ်ဆုံး ငေးကြည့်နေသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း လေး

ဒေါက်တာချစ်ထွန်းနွယ်သည် ပိန်ပိန်ပါးပါးဖြစ်သည်။ အခန်းတွင်းသို့ လျှင်မြန်စွာ ဝင်လာသည်။ အိအိပေးသော ကော်ဖီနှင့်ပေါင်မုန့်ကို ဆာလောင်မွတ်သိပ်စွာ စားသောက်သည်။ စားရင်းသောက်ရင်းနှင့်ပင် သူတို့သိချင်နေသော အကြောင်းကိုပြောသည်။

"သူ တိုက်ရင်း ခိုက်ရင်း ရလာတဲ့ ဒဏ်ရာပဲ။ ရဲအဖွဲ့ကိုလည်း ကျွန်တော် ဒီအတိုင်းပြောလိုက်တယ်။ သူ့ကို ဘယ်သန်တစ်ယောက်က အားရပါးရ မိမိရရ ထိုးထည့်လိုက်တာပဲ"

"သူမြစ်ကြီးနားမှာတုန်းက ဆေးရုံတက်လိုက်ရင် ဒီလိုဖြစ်မယ် မထင်ဘူး"

တရားသူကြီးက ပြောသည်။

"မြစ်ကြီးမှာနေဖို့ထက် ရန်ကုန်ကို အရောက်ပြန်ဖို့က အရေးကြီးလို့ နေမှာပေါ့"

"မောင်သက်နိုင် အခုလိုဖြစ်ရတာ ဖေဖေစိတ်မကောင်းပါဘူး။ သူ့ အသုဘကိစ္စနဲ့ အခြားကိစ္စတွေကို မောင်တင်မောင်က ကြည့်ပြီး စီစဉ်ပေးပါ။ နောက်ပြီး သမီးလေးကို ရဖို့ကိစ္စလည်းသားတို့ စဉ်းစားကြပါဦး"

"ရဲအဖွဲ့ကတော့ သက်နိုင်ကို သတ်တဲ့တရားခံကို ရအောင်ရှာမှာပဲ၊ အဲဒီတရားခံကိုမိရင်လည်း ကလေးမကလေးကို ခြေရာခံမိမှာပဲ"



ဆရာဝန်က ပြောသည်။

"ရဲအဖွဲ့ရဲ့ အလုပ်ကတော့ ဥပဒေဖောက်ဖျက်ကျူးလွန်သူကို မမိမိအောင် လိုက်မှာပဲ၊ ရှာမှာပဲ ဖမ်းမှာပဲ။ ဒါပေမယ့် ကလေးရှာတဲ့အလုပ်ကတော့ သူတို့နဲ့မဆိုင်ဘူးထင်တယ်၊ အခုဟာက လူပျောက်မှုလည်း ဟုတ်ဘူး။ ကလေးကို ဘယ်သူကမှလည်း ခိုးသွားတာ ဖြိမ်းခြောက်ပြီး အမွေခေါ်သွားတာ မဟုတ်ဘူး။ ကလေးက သူ့ဟာသူ ခုနစ်နှစ်လုံး ရှိနေတာကို တို့က အခုမှ လိုချင်ကြတာ"

တင်မောင်နွယ်က ဥပဒေထောင့်မှ ပြောသည်။

"ဒါဖြင့် နောက်ထပ် လူတစ်ယောက်ယောက်ရှာပြီး အစုံစမ်းလွှတ်ရင်ကော"

ဆရာဝန် ချစ်ထွန်းနွယ်က မေးသည်။

"မောင်ကျော် ဘာမှမပြောပါကလား"

အဘိုးကြီးက သားအငယ်ကို မေးသည်။

"ကျွန်တော်ဘာပြောရမလဲ"

"မောင်သက်နိုင်က ဘာပြောသွားသလဲ"

"သူသိပ်မပြောနိုင်ပါဘူး"

ဤတွင် အစ်ကိုအကြီးဆုံးက

"ဒီမယ်ညီလေး၊ မင်းဟာက ဘယ်လိုလဲ၊ သိရင်လည်း သိတယ်၊ မသိရင်လည်း မသိဘူးပေါ့။ အခုဟာက မင်းကို ကြည့်ရတာ စိုးစိုးစိန့်"

ကျော်မျိုးနွယ် အနည်းငယ် စဉ်းစားဟန်ပြုပြီး ဖြည်းလေးစွာ ပြောသည်။

"ကျွန်တော်သိသလောက် ပြောရရင်တော့ ကလေးမကလေး ဘယ်မှာ ရှိတယ်ဆိုတာ ကိုသက်နိုင်သိတယ်"

"မောင်သက်နိုင်သိတယ် ဟုတ်လား"

ဖခင်ဖြစ်သူက တက်ကြွစွာ မေးသည်။ ကျော်မျိုးနွယ်က ခေါင်းညိတ်သည်။

"မောင်ကျော်ကော သိသလား"

www.burmeseclassic.com

www.burmeseclassic.com



ကျော်မျိုးနွယ် ခေါင်းခါသည်။ ပြီးမှ

"ဒါပေမယ့် ကျွန်တော် ကြိုးစားကြည့်ပါဦးမယ်"

"မင်းပြောတာ မဟုတ်သေးပါဘူး"

အစ်ကိုလတ်က ဆိုသည်။

"မောင်သက်နိုင်နဲ့ အဆက်အသွယ်ပြတ်သွားတာ သုံးရက်တိတိပဲ။ ဒီအရင်ကတော့ သူစာရေးတယ်၊ ဖုန်းဆက်တယ်၊ သံကြိုးရိုက်တယ်၊ ဒီသုံးရက်အတွင်းမှာ သူနဲ့အတူနေတဲ့ သူ့သူငယ်ချင်းနဲ့ကော အဆက်အသွယ် ရှိသတဲ့လား"

ဦးတင်နွယ်က မေးသည်။ ကျော်မျိုးနွယ်မဖြေ၊ ခပ်မဆိတ်နေသည်။ သို့သော် သူ့အမူအရာက တစ်စုံတစ်ခုကို သိနေကြောင်း ပြနေသည်။ ဦးတင်မောင်နွယ်က။

"မောင်ကျော်သိတာကို ပြောစမ်းပါ"

"ခေါင်းအေးအေးထားပြီး စဉ်းစားကြတာပေါ့၊ ဘာဖြစ်လို့ ဒါလောက် လောနေကြတာလဲ၊ လူတစ်ယောက်လည်း သေပြီးပြီ"

"မောင်သက်နိုင်သေရတာ သမီးကလေးကိစ္စနဲ့ ဆက်နေတယ်ပေါ့ ဟုတ်လား"

"ဒါပဲပေါ့"

"မောင်ကျော် ဘယ်လိုလုပ်ပြီး အတတ်ပြောနိုင်သလဲ၊ တခြားကိစ္စ တစ်ခုနဲ့ ပတ်သက်ပြီး သူခံခဲ့ရတာကော မဖြစ်နိုင်ဘူးလား"

ကျော်မျိုးနွယ် ခေါင်းခါသည်။

"ဘာဖြစ်လို့လဲ"

"သူ ကျွန်တော့်ကို ပြောတယ်"

"တခြားကော ဘာတွေပြောသေးသလဲ"

"တခြားတော့ ဘာမှသိပ်မပြောပါဘူး"

"မောင်လေးက နားထောင်နေတဲ့လူတွေကို ညှဉ်းနေတာပဲ"

မေနှင်းက လွှတ်ခနဲ ပြောလိုက်သည်။ အားလုံးကပင် သူမကို လှည့်ကြည့်ကြသည်။ ကျော်မျိုးနွယ်က မေနှင်းအနီးသို့ လျှောက်သွားပြီး...



"ညှဉ်းနေတာ မဟုတ်ပါဘူး၊ မပြောချင်လို့ မပြောတာပါ"

"အို ..."

အာမေဍိတ်သံ ပြုလိုက်သူမှာ အိအိဖြစ်သည်။ ဖခင်နှင့် အစ်ကိုနှစ်ယောက်ကလည်း သူ့ကို အံ့အားသင့်သော မျက်လုံးများဖြင့် ကြည့်နေကြသည်။

"မနက်ဖြန်မနက်ကျမှ ကျွန်တော်လာခဲ့မယ်၊ အခုဟိုအကြောင်း ဒီအကြောင်းကလေးတွေ နည်းနည်း ရှိနေသေးလို့"

ယင်းသို့ပြောပြီး ကျော်မျိုးနွယ်ဖခင်၏ အိန်ခန်းတွင်းမှ လျင်မြန်စွာထွက်ခဲ့သည်။ လှေကားမှ ပြေးဆင်းခဲ့သည်။ အိမ်အပြင်သို့ တောက်လျှောက်ထွက်သည်။ ကားပေါ်သို့ ခုန်တက်သည်။ ထို့နောက် ကားကို အလကြမ်း မောင်းထွက်ခဲ့သည်။

လက်ဆောင်မွန်မှ ပယ်ခဲ့သော အရုပ်ထုပ်ကြီးကို သူငုံ့စောင်းပြီး ကြည့်သည်။ "ဝက်ဝံရုပ်၊ ဝက်ဝံရုပ်" သူ့နှုတ်မှ တိုးတိုးရွတ် ဆိုလိုက်သည်။ ဝက်ဝံရုပ်ကလေးတစ်ရုပ်ထဲတွင် သူလိုချင်သော သတင်းရှိနိုင်သည်။

သူ့ကားသည် ပန်းဆိုးတန်း အလုပ်တိုက်သို့ ဦးတည်လျက် ရှိသည်။

*

ကျော်မျိုးနွယ် ထွက်သွားပြီး များမကြာမီမှာပင် အစ်ကိုနှစ်ယောက်လည်း ပြန်ကြသည်။ ဒေါက်တာချစ်ထွန်းနွယ်သည် ဖခင်၏ အမူအရာကို အဝင်မကျရှိနေသည်။ ဖခင်၏ မျက်နှာမှုန်နေသည်။ ဖခင်သည် သက်နိုင်သေဆုံးရသည့်အတွက် စိတ်ထိခိုက်နေဟန်လည်း ရှိသည်။ သူ၏ သမီးငယ်အတွက် ရတက်မအေးဟန်လည်း ရှိသည်။ တရားသူကြီး တင်မောင်နွယ်က သူ့ဖခင်ထက် ညီအငယ်ဆုံး၏ အကဲကို သဘောမကျ ဖြစ်နေသည်။ ကျော်မျိုးနွယ်သည် တစ်ခါတစ်ခါတွင် ကလေး ဆန်တတ်သည်။ သူရဲကောင်းဆန်တတ်သည်။ တကယ်တော့ သူ့ညီသည် အသက်အရွယ်လည်း မငယ်လှတော့၊ တက္ကသိုလ်မှ ဘွဲ့တစ်ခုလည်း ရရှိပြီးဖြစ်သည်။ ဖခင်၏ လုပ်ငန်းကို ဦးစီးလုပ်ကိုင်နေရပြီလည်း ဖြစ်သည်။ ထို့ထက် တည်ငြိမ်မှုရှိသင့်သည်ဟု ထင်သည်။

www.burmeseclassic.com

www.burmeseclassic.com



အိအိက သူတို့ကို အောက်ထပ်တံခါးဝအထိ လိုက်ပို့သည်။ သူတို့ဖခင်အတွက် စိတ်မပူရန် ပြောသည်။ သူမက မျက်ခြည်မပြတ် ဂရုပြုနေသည့်အကြောင်း ကတိပေးသည်။

ညီအစ်ကိုနှစ်ယောက် ဝင်းထဲမှ ထွက်သွားကြသည်နှင့် တစ်ပြိုင်နက် အိအိသည် အောက်ထပ် ဧည့်ခန်းဆောင်တွင် ရှိသော တယ်လီဖုန်းဆီသို့ ခပ်သွက်သွက်ကလေး လျှောက်သွားသည်။ တယ်လီဖုန်း ဒိုင်ခွက်ကို ခပ်မြန်မြန်ကလေး လှည့်သည်။

"ပြောပါ..."

တစ်ဖက်မှပြောသံ။

"ဟို...ဟို...သတင်းထောက် သေသွားပြီ"

အိအိပြောသည်။

"သိတယ်..."

တစ်ဖက်မှ အသံသည် တည်ငြိမ်လှသည်။

"ကျွန်မ မထင်ဘူး၊ ကျွန်မ မကြိုက်ဘူး၊ ကျွန်မစိတ်ထဲမှာ..."

"သူသေရတာ ကျုပ်တို့နဲ့ မဆိုင်ဘူး၊ ကျုပ်တို့လည်း စိတ်မကောင်းပါဘူး၊ အရေးကြီးတာက သူနဲ့ ဟိုမိန်းမနဲ့ ဘာတွေ ဘယ်လိုလုပ်ကြသလဲဆိုတာပဲ၊ ကျုပ်တို့သိပ်သိချင်နေတယ်၊ ဘာသဲလွန်စရသလဲ"

"ရတယ်မောင်ကျော်၊ မောင်ကျော်ဆိုတာက ကျော်မျိုးနွယ်၊ အငယ်ဆုံးသား"

"သိတယ်...ဆိုပါဦး..."

"သူတစ်ခုခုသိတယ်"

"ဟုတ်ပြီ..."

"ဒါပေမယ့် သူဘာမှ မပြောဘူး"

"ဟုတ်ပြီ၊ သူ့ကို ကျုပ်တို့ သတိထားကြည့်မယ်"

"ဟို...ဟို...ဘာမှတော့ မဖြစ်ပါစေနဲ့"

"မပူပါနဲ့..."

တစ်ဖက်မှ တယ်လီဖုန်း ချလိုက်သည်။



အိအိ အပေါ်ထပ်သို့ တက်ခဲ့သည်။ အဘိုးကြီး အခန်းသို့ သွားကြည့်သည်။ အဘိုးကြီးကို ကြည့်ရသည်မှာ အတော်ကြီးပင် ပင်ပန်းနွမ်းနယ်နေပုံရသည်။

"ဦးလေးနွယ် ကိုယ့်ကိုယ်ကို နေကောင်းအောင် ဂရုစိုက်ပါ။ ဘာတွေညာတွေ သိပ်မတွေးပါနဲ့၊ အိအိ ဘာလုပ်ပေးရမလဲ၊ အိအိလည်း ဦးလေးနွယ်ရဲ့ သမီးတစ်ယောက်ပဲမဟုတ်လား"

"အိအိတာဝန်ကျေပါတယ်၊ ဘာမှတာဝန်ပျက်ကွက်တာ မရှိပါဘူး။ အိအိဟာ ဦးလေးရဲ့သမီးတစ်ယောက်ပါပဲ။ ဒါပေမယ့် ဦးလေးမမြင်ရမတွေ့ရတဲ့ သမီးကလေးကို..."

အိအိက အခန်းထဲရှိ ပစ္စည်းများကို နေသားတကျဖြစ်အောင် ပြန်လည် ခင်းကျင်းလျက်ရှိသည်။

"သမီးလေးရဲ့ အမေဟာ ပြောလို့ပြောတာ မဟုတ်ဘူး။ တကယ့်မိန်းမချောတစ်ယောက်ပဲ။ သမီးလေးဟာလည်း သူ့အမေလိုပဲ ချောမှာပဲ၊ သမီးလေးဟာ ခုဆိုရင် ခုနစ်နှစ်လောက် ရှိပြီ"

အိအိသက်ပြင်းချသည်။ ထို့နောက် အခန်းထဲမှ ငြိမ်သက်စွာ ထွက်သွားသည်။ လှေကားထိပ်ဝရန်တာတွင် မေနှင်း ရပ်နေသည်။ အိအိကို မြင်သောအခါ မေနှင်း ရုတ်တရက် တစ်ဖက်သို့ ထွက်သွားသည်။

■

အင်းစိန်မြို့ အစွန်တစ်နေရာတွင် ခြံဝင်းကျယ်ကြီးနှင့် နှစ်ထပ်ပျဉ်ထောင်အိမ်ကြီးတစ်လုံး ရှိပါသည်။ စစ်မဖြစ်မီကတည်းက ဆောက်လုပ်ခဲ့သော အိမ်ကြီးဖြစ်ပါသည်။ ရေနံအထပ်ထပ် သုတ်ထားသဖြင့် အိမ်မဲကြီးဖြစ်နေသည်။ အခြားအိမ်များနှင့် အနည်းငယ် အလှမ်းဝေးသဖြင့် အထီးတည်းလည်း ဖြစ်နေလေသည်။

ထွန်းမြင့်ကြည်နှင့် ကလေးခြောက်ယောက်အပြင်သို့ တစ်ယောက်ရိုးတည်း ထွက်သွားသောအခါ အိမ်ထဲတွင် ကြွယ်ကြွယ်နှင့် မေမြင့်မျိုးတို့

www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်တည်းသာ ကျန်ရစ်သည်။ ကြွယ်ကြွယ်က ပြတင်းပေါက်အနီးတွင် ထိုင်ကာ လရောင်ဆမ်းသော သစ်ပင်များကို ကြည့်နေသည်။ လက်ထဲမှ စီးကရက်ကို တစ်ဖွာပြီးတစ်ဖွာ အားရပါးရ ရှိုက်ဖွာလျက် ရှိသည်။

"မမကြွယ်၊ ဆေးလိပ်သိပ်သောက်တာပဲနော်"

မခင်မျိုးက တအံ့တဩ ပြောသည်။ ကြွယ်ကြွယ်က မြည့်မြည့်ကလေး ပြုံးလျက်...

"ဒီလိုပဲပေါ့ မျိုးရယ်"

"မမကြွယ်တို့ အလုပ်အကိုင်တွေ ဘယ့်နှယ်နေသလဲ"

"သိပ်မဆိုးပါဘူးကွယ်၊ ရန်ကုန်မှာ နေလောက်စားလောက်ရှိပေါ့"

"အသံသွင်းဌာနဖွင့်ထားတာ ကြာပလား"

"တစ်နှစ်လောက်ပဲ ရှိသေးတယ်"

"အစ်ကိုကြီး ဟိုရိုးရိုးသီချင်းတွေ မဆိုတော့ဘူးလား"

"အခြေအနေအရပေါ့ ညီမရယ်၊ စားဝတ်နေရေးက ရှိသေးတယ်မဟုတ်လား"

"မျိုးဖြင့် အစ်ကိုကြီးကို လေဆိပ်မှာ တွေ့လိုက်ရတော့ အံ့ဩသွားတာပဲ၊ ဟိုတုန်းက ပိုးတိုက်ပုံအင်္ကျီ၊ အင်းလေးလုံချည်၊ ပိန်းတန်းဖိနပ်နဲ့ နေတဲ့လူက ခုစပို့ရှပ်အင်္ကျီ ခေါင်းလောင်းဘောင်းဘီ၊ ဖိနပ်ဦးချွန် ဆံပင်က အရှည်ကြီးနဲ့"

"သူတို့အလုပ်က ဒီလိုမှလည်း အဆင်ပြေတာကိုး ညီမရယ်"

ယင်းအခိုက်တွင် အပြင်ဘက်မှ ထွန်းမြင့်ကြည့်၏ သီချင်းသံနှင့် ဂီတသံ လွင့်ပျံ့လာသည်။ ယနေ့ ထင်ရှားကျော်ကြားနေသော စတီရီယိုတေးတစ်ပုဒ်ပင်ဖြစ်သည်။ အမျိုးသမီးနှစ်ယောက် ကိုယ့်အတွေးနှင့်ကိုယ်ငြိမ်သက်ပြီး သီချင်းသံတွင် မေ့မျောနေကြသည်။ သီချင်းဆုံးသောအခါ ကလေးများ၏ လက်ခုပ်သံ၊ လက်ခေါက်မှုတ်သံ၊ စကားသံများ ဆူညံစွာ ပေါ်ထွက်လာသည်။

"ကလေးတွေ ဆူလို့ မျိုးနေတတ်ပါ့မလား"

"မျိုးက ကလေးတွေနဲ့ အမြဲတမ်းနေရတဲ့ ကျောင်းဆရာမပါ"



"မျိုးတို့ကျောင်းက ပျက်သွားတာဟုတ်လား"

"ဟုတ်တယ်၊ ပရဟိတကျောင်းဆိုတော့ ရန်ပုံငွေက စကားပြောတာပေါ့"

"မောင်ပုညကကော မျိုးတို့ကျောင်းက ကလေးတစ်ယောက်ပဲလား"

"ဟုတ်တယ်"

မခင်မျိုးက ခပ်ရိုးရိုး ဖြေသည်။

"ဒါနဲ့နေပါဦး၊ မောင်ပုညကို ယောက်ျားလေးတစ်ယောက်လို ဆံပင်ညှပ်ပြီး ဝတ်စားဆင်ယင်ထားပေမင့် သူ့ကြည့်ရတာ ယောက်ျားလျာတစ်ယောက်နဲ့ မတူပါဘူး၊ တကယ့်မိန်းကလေးတစ်ယောက်ပါ၊ ဘာဖြစ်လို့ သူ့ကို ဒီလိုလုပ်ထားတာလဲ၊ အကြောင်းရှိလို့လား"

"သူ့အကြောင်း မျိုး အခုဘာမှ မပြောပါရစေနဲ့ဦး၊ မမကြွယ်ရယ်၊ သူ့အတွက် အန္တရာယ်မကင်းလို့ပါ။ သူ့ကို ဒုက္ခပေးမယ့်လူတွေ ရှိနေလို့ပါ။ သူ့ကို ကူညီမယ့်လူတစ်ယောက်ရှိတယ်။ ဒါပေမယ့် အဲဒီလူက လာလောဆယ်မှာ မရှိဘူး။ မျိုးတို့ဒီမှာ ရောက်နေတယ်ဆိုတာ ဘယ်သူမှ မသိကြဘူး"

မခင်မျိုး၏ အသံအနည်းငယ် တုန်နေသည်။ ကြွယ်ကြွယ်က ဆေးလိပ်တိုကို ပြာခွက်ထဲတွင် ထိုးချေရင်း မခင်မျိုးကို အတန်ကြာ စူးစိုက်ပြီး ကြည့်နေသည်။

"မျိုးနဲ့ မမကြွယ် မတွေ့တာ ဆယ်နှစ်လောက် ရှိသွားပြီနော်"

"ဟုတ်ကဲ့"

"မျိုးတို့မိသားစု မြစ်ကြီးနားကို ပြောင်းသွားကြကတည်းက ကွဲသွားကြတာပဲ။ ပထမ ဒေါ်ဒေါ်ဆုံးတယ်လို့ ကြားရတယ်၊ နောက် ဦးလေးဆုံးတယ်၊ မျိုး ပြန်မလာဘူး"

"မျိုး အလုပ်ရနေတယ်လေ"

"မျိုးနဲ့ မမကြွယ်နဲ့ဟာ ညီအစ်မနှစ်ဝမ်းကွဲဆိုပေမယ့် အရင်းလိုပဲနော်"

www.burmeseclassic.com

www.burmeseclassic.com



"မမကြွယ် ဘာပြောချင်လို့လဲ"

"မျိုး အိမ်ထောင် မကျသေးပါဘူးနော်၊ ဒါမှမဟုတ်..."

"အို...မျိုး အိမ်ထောင်မကျသေးပါဘူး၊ ပြီးတော့ မျိုး ဘာမှလည်း မဖြစ်ပါဘူး။ ဒီကလေးဟာ မျိုးကလေးမဟုတ်ပါဘူး၊ မျိုးကိုယုံပါ၊ သူ့ ပတ်သက်ပြီး မျိုးဘာမှ မပြောပါဘူးလို့ တာဝန်ရှိနေလို့ပါ၊ မျိုးလုပ်နေတာ သူတစ်ပါးရဲ့ ကောင်းကျိုးပါ၊ ကလေးမကလေးရဲ့ ကောင်းကျိုးပါ"

"ဟုတ်ပြီလေ၊ ဒါတွေက မျိုးကိစ္စပါ၊ မမကြွယ်ရဲ့ကိစ္စကတော့ မျိုး မမကြွယ်တို့ဆီမှာနေတဲ့အခိုက် ကိုယ့်ဘက်က ဘာတစ်ခုမှ မချွတ်ယွင်း ဖို့ပါပဲ"

"မမကြွယ်တို့ဆီမှာ မျိုးခဏတော့ နေရလိမ့်ဦးမယ်၊ ဘာတွေဖြစ် မလဲဆိုတာ စောင့်ကြည့်ရဦးမယ်"

"အို ..မျိုးရယ်၊ ခဏမဟုတ်ဘူး၊ တစ်သက်လုံးနေပါ"

"မမကြွယ်တို့ကို မျိုးအားနာတယ်။ မမကြွယ်တို့မှာလည်း ကလေး တွေ အများကြီး၊ ဒီကြားထဲမှာ မျိုးက ရောက်လာတယ်၊ မျိုး တစ်ယောက် တည်း မဟုတ်ဘူး၊ ကလေးတစ်ယောက် ခေါ်လာသေးတယ်"

"ကလေးအတွက် ဘာမှ စိတ်အနှောင့်အယှက် မဖြစ်ပါနဲ့ညီမလေး ရယ်၊ မမကြွယ်ရော၊ မျိုးရဲ့ အစ်ကိုကြီးရော ကလေးသိပ်ချစ်တတ် တယ်။ ကလေးချစ်တတ်လို့လည်း မျိုးတို့ဆီမှာ ကလေးသုံးယောက် လျက်သားနဲ့ နောက်ထပ် ကလေးနှစ်ယောက်ကို ထပ်ပြီး မွေးစားခဲ့ကြ တာပေါ့"

"သူတို့က အစ်ကိုကြီးဘက်က တော်ကြတယ်နော်"

"ဟုတ်တယ်၊ သူ့အစ်မတစ်ဝမ်းကွဲရဲ့ ကလေးတွေပဲ"

အပြင်ညတွင် စတီရီယိုအဆိုတော်၊ သူ၏အသံ၊ သူ၏ဂီတ၊ သူ၏ ကလေးများ၊ အိမ်အတွင်းတွင် အမျိုးသမီးနှစ်ယောက် ငြိမ်သက် တိတ် ဆိတ်လျက်...။

## အခန်း ၄း

လှဲ့လှဲ့ချို၏ အလုပ်ချိန်သည် နံနက် ၆ နာရီမှ ည ၆ နာရီဖြစ်သည်။ သို့သော် နံနက်ဘက်တွင် နည်းနည်းနောက်ကျ၍ ရောက်ပြီး ညနေဘက် တွင်လည်း နည်းနည်းနောက်ကျပြီးမှ ပြန်ရတတ်သည်။

သည်နေ့နံနက်တွင် ကားအဆင်မသင့်သဖြင့် နံနက် ၇နာရီထိုးမှ ဆိုင် ဖွင့်ရသည်။ ကားအဆင်မသင့် ဖြစ်ရသည်မှာလည်း လှဲ့လှဲ့ချိုကြောင့်ဟု ဒေါ်မြမြက အပြစ်တင်ကာ တစ်မနက်လုံး မြည်တွန်တောက်တီးလျက် ရှိသည်။

နံနက် ၅နာရီခွဲသည်ဆိုလျှင် သူတို့အိမ်ရှေ့သို့ ဦးကျော်မောင်၏ကား ရောက်ရှိလာသည်။ ဦးကျော်မောင်သည် လေကြောင်းသယ်ယူပို့ဆောင် ရေးဌာနမှ အရာရှိတစ်ဦးပင်ဖြစ်သည်။ အသက် ၄၀ကျော်၊ ၅၀တွင်း မုဆိုး ဖိုတစ်ယောက်ဖြစ်သည်။ ပထမတွင် ဦးကျော်မောင် သူတို့အိမ်သို့ ဝင် ထွက်နေသည်မှာ သူမ၏အဒေါ်ကို ချိတ်နေခြင်းဟု လှဲ့လှဲ့ချို ထင်ခဲ့သည်။ နောက်မှ မိမိကိုလို၍ ရစ်ဝဲနေမှန်းသိသောအခါ လှဲ့လှဲ့ချို အံ့သြတုန်လှုပ် ရသည်။ သည်ကတည်းက သူ၍လူကြီးနှင့် ခပ်ခွာခွာနေသည်။ ခပ်တင်း တင်း ဆက်ဆံသည်။

သည်နံနက်လည်း သည်လူကြီး ရောက်လာသည်ကို သိသဖြင့် အိပ် ရာမှ တမင်နောက်ကျပြီး ထသည်။ အချိန်ဆွဲပြီး ရေချိုးသည်။ ဖြီးလိမ်း

www.burmeseclassic.com

www.burmeseclassic.com



ပြင်ဆင်သည်။ ဦးကျော်မောင်သည် တာဝန်အရ လေယာဉ်ကွင်းသို့ ဖိနှာဖိ အရောက် သွားရမည်ဖြစ်သဖြင့် သူတို့ကို မစောင့်နိုင်တော့ဘဲ သွားနှင့်ရ သည်။

သို့ဖြင့် သူတို့ ရရာကားနှင့် လာကြရသည်။ ဆိုင်ဖွင့်နောက်ကျရ သည်။

ဆိုင်ဖွင့်ပြီးပြီးချင်း ပထမဆုံး ရောက်ရှိလာသူကို မြင်တွေ့လိုက်ရ သောအခါ လဲ့လဲ့ချို အံ့သြသွားသည်။ ယမန်နေ့ညနေက ခင်းကျင်းထား သော စားပွဲပေါ်မှ အရုပ်များအားလုံး သိမ်းကြုံး၍ ဝယ်သွားသူဖြစ်နေ သည်။

ကျော်မျိုးနွယ်သည် လဲ့လဲ့ချိုထံသို့ တန်းတန်းမတ်မတ် လျှောက် သွားသည်။ လဲ့လဲ့ချိုက ဆိုင်ရှင်၏ အပြုံးဖြင့် ကြိုဆိုသည်။ သူက မျက် နှာထားတည်တည်ဖြင့်–

"ကျွန်တော် ခင်ဗျားနဲ့ ပြောစရာကိစ္စနည်းနည်း ရှိလို့"

"ပြောလေ"

"ခဏတစ်ဖြုတ်အားမလား၊ ကော်ဖီလေးဘာလေး သောက်ရင်း ပြောကြရအောင်"

လဲ့လဲ့ချို ခေတ္တမျှ စဉ်းစားပြီး ဒေါ်မြမြထံသို့ လှမ်းကြည့်သည်။ အဘွားကြီး မျက်နှာလွှဲသွားသည်။ သို့ဖြင့် အမျိုးသမီးသည် တစ်စုံတစ်ခု ကို ဆုံးဖြတ်လိုက်ပြီး...

"သွားလေ"

သူတို့နှစ်ယောက် လက်ဆောင်မွန်ဆိုင်ထဲမှ ထွက်ခဲ့ကြသည်။ လမ်းတွင် စကားမပြောကြပါ။ ကျော်မျိုးနွယ်က ရှေ့မှ ခပ်သုတ်သုတ် လျှောက်သွားနေသည်။ လဲ့လဲ့ချို နောက်မှ မနည်းမီအောင် လိုက်ရသည်။

ထောင့်စားပွဲတစ်လုံးတွင် ထိုင်ကြသည်။ ကော်ဖီနှစ်ခွက် မှာယူ သည်။

"ဘာပြောစရာ ရှိလို့လဲ"

လဲ့လဲ့ချို ဆတ်ဆတ်ကလေး မေးသည်။



"ကျွန်တော်ပြောတဲ့အတိုင်း ဘာပြုလို့ မလုပ်တာလဲ"

"ဘာကိုလဲ"

"မနေ့ညက စားပွဲပေါ်က အရုပ်တွေအားလုံးကို ကျွန်တော် ဝယ် တယ်မဟုတ်လား"

"အစ်ကို ဝယ်တာတွေအားလုံး ကျွန်မကိုယ်တိုင် သေသေချာချာ ပေးလိုက်တာပဲ"

"ကျွန်တော် အထုပ်ကို ကြည့်ပြီးပါပြီ၊ ကျွန်တော်ဝယ်တာတွေ အားလုံးပါမလာဘူး"

"ပါပါတယ်၊ သူ့အမျိုးအစားနဲ့ သူ အရေအတွက်မှန်အောင် ကျွန်မ ကိုယ်တိုင် စစ်ပြီး ထည့်ပေးလိုက်တာပဲ"

"ကျွန်တော်လိုချင်တာ ပါမလာဘူး"

"အစ်ကိုလိုချင်တာက ဘာလဲ"

"ဝက်ဝံရုပ်"

"အို...ဝက်ဝံရုပ် လေးရုပ် ပါသားပဲ။ ဝက်ဝံနီ၊ ဝက်ဝံစိမ်း၊ ဝက်ဝံပြာ၊ ဝက်ဝံဖြူ"

"ကျွန်တော်လိုချင်တဲ့ ဝက်ဝံရုပ်တစ်ရုပ် ပါမလာတာတော့ သေချာ တယ်"

"တော်တော်ခက်ပါကလားအစ်ကို၊ ကျွန်မကို ကော်ဖီတစ်ခွက် တိုက်တာ ဘာရည်ရွယ်ချက်လဲ၊ ကျွန်မကို အကြောင်းမရှိအကြောင်းရှာ ပြီး ရန်ဖြစ်ဖို့လား၊ တကယ်ဆိုရင် ဝက်ဝံရုပ်တစ်ရုပ်လိုချင်ရင် တစ်ရုပ်ပဲ ဝယ်ပါလား၊ ဘာပြုလို့ တစ်စားပွဲလုံးဝယ်ရတာလဲ၊ ကျွန်မသွားမယ်၊ ကော်ဖီတိုက်တဲ့အတွက် ကျေးဇူးတင်ပါတယ်"

လဲ့လဲ့ချို ထိုင်ရာမှ ထမည်ပြုသည်။

"နေပါဦး၊ ခဏထိုင်ပါဦး" ကျွန်တော် ရန်ဖြစ်ရအောင် လာတာ မဟုတ်ပါဘူး။ ခင်ဗျားဆီက အကူအညီတစ်ခုလိုချင်လို့ လာတာပါ"

"ကျွန်မက ဘာကူညီနိုင်မှာလဲ"

"ကျော်မျိုးနွယ်က အနည်းငယ် စဉ်းစားဟန်ပြုပြီး–

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပြီလေ၊ ကျွန်တော်လိုရင်းကို ပြောမယ်၊ တစ်ခုတော့ ရှိတယ်၊ ညီမနှုတ်လုံလိမ့်မယ်လို့ ကျွန်တော်ထင်ပါတယ်"

"ရှင်..."

"ဝက်ဝံရုပ်ကလေး တစ်ရုပ်ထဲမှာ ကျွန်တော်လိုချင်တဲ့ သတင်း တစ်ခု ရှိနိုင်တယ်၊ အဲဒီဝက်ဝံရုပ်ကို ကျွန်တော်လိုချင်တယ်"

လှဲ့လှဲ့ချို၏ မျက်နှာပြောင်းလဲသွားသည်။ သူမ၏ အတွေးများ ပြေးလွှားနေသည်။ ဝက်ဝံရုပ်အတွင်းသို့ သတင်းတစ်ခု မည်သူထည့်ထားသည်ကို သူမသိသည်။

"ဒီအကြောင်းကို မနွေ့ညကတည်း ကျွန်မကို ပြောပါတော့လား..."

"မနွေ့ညကတော့ ပြောဖို့လိုလိမ့်မယ်လို့ မထင်ဘူးလေ၊ အခြားလူတစ်ယောက် ကြားသွားမှာ သိသွားမှာလည်း စိုးရိမ်တယ်၊ ဒီဝက်ဝံအကြောင်း သိတာက ကျွန်တော်တစ်ယောက်ပဲ ရှိတယ်။ အခုသာ လှဲ့လှဲ့ချို သိတယ်ပေါ့၊ ဒါပဲ အခြား ဘယ်သူမှ မသိဘူး"

အမျိုးသမီး ပါးစပ်အဟောင်းသား ရှိနေသည်။

"ညီမသိတဲ့အတိုင်းပဲ၊ သူသေပြီ၊ အသတ်ခံရတာ"

"ကျွန်မ အခုဘာလုပ်ရမလဲ"

အမျိုးသမီးက အနည်းငယ် တုန်ယင်သော လေသံဖြင့် မေးသည်။

"စားပွဲပေါ်က ဝက်ဝံရုပ်တွေကို ရောင်းလိုက်တယ်မဟုတ်လား၊ ကျွန်တော့်ဆီကို ထည့်ပေးလိုက်တာတွေက တစ်နေရာက ယူပြီး အစားထည့်ပေးလိုက်တာ မဟုတ်လား"

အမျိုးသမီး ခေါင်းညိတ်သည်။

"ဘယ်နှရုပ် ရောင်းလိုက်သလဲ၊ ဘယ်သူတွေကို ရောင်းလိုက်သလဲ"

"ကျွန်မ စဉ်းစားကြည့်ဦးမယ်၊ ကျွန်မမှတ်မိနိုင်ပါတယ်"

အမျိုးသမီး မျက်စိမှိတ်ပြီး စဉ်းစားနေသည်။

ကျော်မျိုးနွယ်က သူ့ရှေ့မှအမျိုးသမီးကို ကြည့်နေသည်။ လှသည်၊ ယဉ်သည်၊ ရိုးသားပွင့်လင်းဟန်ရှိသည်။ သူတစ်ပါးကို ဒုက္ခပေးမည့်ဟန်မရှိ၊ ကူညီမည့်ဟန်သာရှိသည်။



ယမန်နေ့ညက ပန်းဆိုးတန်းအနီးသို့ ပြန်ရောက်သောအခါ ဝက်ဝံရုပ်တစ်ရုပ်ကို မျှော်လင့်ချက်ကြီးစွာနှင့် ခွဲကြည့်ခဲ့သည်။ ဘာမှုမတွေ့သောအခါ သူစိတ်ပျက်သလိုလည်း ဖြစ်မိသည်။ ဒေါသထွက်သလိုလည်း ဖြစ်မိသည်။ နောက်မှ သူသေသေချာချာ စဉ်းစားသောအခါ စားပွဲပေါ်မှ ဝက်ဝံရုပ်များကို ဝယ်သူလာသဖြင့် ရောင်းပစ်လိုက်သည်။ ပြီးမှ အစားပြန်ထည့်ပေးလိုက်ခြင်း ဖြစ်မည်။ ထို့ကြောင့် သည်နေ့မနက်အစောကြီး သူလေယာဉ်ဆိပ်သို့ ရောက်ရှိလာရခြင်းဖြစ်သည်။ ယခုသူတွက်သည့်အတိုင်း မှန်နေပေပြီ။ စားပွဲပေါ်မှ ဝက်ဝံရုပ်များကို ယမန်နေ့ညနေက ရောင်းပစ်လိုက်ပြီ။

သည်နေ့မနက် သူလေယာဉ်ကွင်းသို့ မလာခင် ရဲစခန်းသို့ ဝင်ခဲ့သေးသည်။ ရဲစခန်းကလည်း သူတို့လုပ်ရန် ရှိသည်များကို အားလုံးလုပ်ပြီးဖြစ်သည်။ မြစ်ကြီးနားသို့ အကြောင်းကြားသည်။ စုံစမ်းသည်။ မြစ်ကြီးနားလေဆိပ်အနီးတွင် လုံးထွေးသတ်ပုတ်မှု တစ်ခုဖြစ်ကြောင်း သတင်းရှိသည်။ မြစ်ကြီးနားရဲအဖွဲ့က အပူတပြင်း ဆက်လက်စုံစမ်းလျက် ရှိသည်။ သက်နိုင်၏ အိတ်ထဲတွင် ဟိုတယ်ပြေစာဖြတ်ပိုင်းများ၊ ခရီးသွားလက်မှတ်များ တွေ့ရှိရသည်။ ယင်းတို့ကို အခြေပြုပြီး ရဲအဖွဲ့က သက်နိုင်၏ လမ်းကြောင်းကို နောက်ယောင်ခံလိုက်လျက် ရှိကြသည်။ သက်နိုင်စီးလာသော လေယာဉ်တွင်ပါသည့် လူများကိုလည်း ရဲအဖွဲ့က လိုက်လံ စုံစမ်းမေးမြန်းလျက်ရှိသည်။ လေယာဉ်မယ်အမျိုးသမီးက သက်နိုင်ကို လမ်းခရီးတွင် သတိပြုမိခဲ့သည်။ သက်နိုင်ကို ကြည့်ရသည်မှာ လူမမာတစ်ဦးနှင့် တူသဖြင့် အကူအညီ လို မလို မေးမြန်းခဲ့သည်။ သက်နိုင်က ကိစ္စမရှိကြောင်း ပြောပါသည်။ သက်နိုင်သည် လမ်းခရီးတစ်လျှောက်လုံး မည်သူနှင့်မျှ စကားပြောသည်ကို မတွေ့ရဟု လေယာဉ်မယ်က ဆိုသည်။

ရဲအဖွဲ့က သက်သေမကင်း ဖြစ်ရသည့် အချက်တစ်ခု ရှိသည်။ သက်နိုင်၏ ကိုယ်တွင် လေယာဉ်ပျံလက်မှတ်ကို ရှာဖွေတွေ့ရှိသော်လည်း ပွဲစည်းတန်ဆာလက်မှတ်ကိုကား မတွေ့ရချေ။ သက်နိုင်၏ ပစ္စည်းများသည် မြစ်ကြီးနားလေဆိပ်တွင်လည်းကောင်း သို့မဟုတ် ရန်ကုန်ရောက်မှ

www.burmeseclassic.com

www.burmeseclassic.com



သော်လည်းကောင်း တစ်တစ်ယောက်လက်သို့ ပါသွားလိမ့်မည်ဟု ရဲအဖွဲ့က တွက်ဆလျက် ရှိသည်။

သက်နိုင်၏ အိတ်ထဲတွင် မှတ်စုစာအုပ်တစ်အုပ် တွေ့ရသည်။ သို့သော် သူတစ်ယောက်တည်းသာ သိနိုင်သော လျှို့ဝှက်နည်းဖြင့် ရေးထားသဖြင့် ရဲအဖွဲ့က ဖတ်မရ ရှိနေသည်။ သက်နိုင်လည်း မဖတ်တတ်ချေ။ သက်နိုင်၏ အခြားမိတ်ဆွေများလည်း မဖတ်တတ်ချေ။ သို့ဖြင့် သဲလွန်စ ပျောက်နေသည်။

အရေးကြီးသော သဲလွန်စသည် ဝက်ဝံရုပ် တစ်ရုပ်ရုပ်ထဲတွင်သာ ရှိနိုင်သည်။ သို့သော် အရေးကြီးသော ဝက်ဝံရုပ်များ ဘယ်သို့ ရောက်ကုန်ကြချေပြီနည်း။

လဲ့လဲ့ချို မျက်လုံးများ မှိတ်ထားရာမှ ပြန်ဖွင့်သည်။

"မနေ့ညနေကတော့ ကလေးတွေ တော်တော်များတဲ့နေ့ပဲ၊ ကလေးတွေဟာ သူတို့လက်ထဲက အရုပ်ကိုပဲ လိုချင်တယ်။ အစားပေးတာကို မလိုချင်ဘူး"

"အင်း…ကျွန်တော်လည်း ကလေးပဲဆိုပါတော့၊ အစားပေးတာကို မလိုချင်ဘူး"

ကျော်မျိုးနွယ်က အနည်းငယ် ရယ်မော၍ ပြောသည်။

"အို…အစ်ကို့ကို ပြောတာ မဟုတ်ပါဘူး၊ ကလေးတွေကို တကယ်ပြောတာပါ၊ ကလေးတွေရဲ့ သဘာဝကို ပြောတာပါ။ ကျွန်မတစ်ခု ပြောမယ်၊ ကျွန်မစကားပြောနေတုန်း ဖြတ်ပြီး မပြောပါနဲ့၊ မနေ့ညနေက ဝက်ဝံရုပ်သုံးရုပ် ရောင်းရတယ်၊ ကျွန်မမှတ်မိတယ်၊ ဘာအရောင်တွေ၊ ဘာအရောင်တွေ ရောင်းလိုက်တယ်ဆိုတာကို ကျွန်မသေသေချာချာ မှတ်ထားတယ်၊ ဒါမှအစ်ကို့အတွက် ထုပ်ပေးတဲ့အခါမှာ လိုတဲ့အရောင်တွေကို အစားပြန်ထည့်ပေးနိုင်မှာကိုး"

ထိုအခါ သူ့မျက်တောင်များ ခတ်လာသည်။

"ပထမဆုံး ရောင်းလိုက်တာက ဝက်ဝံနီကလေး၊ ကလေးမကလေးတစ်ယောက်ဟာ အဲဒီဝက်ဝံနီကလေးကို မရလို့ ဆိုပြီး တဂျီဂျီ လုပ်နေ



တယ်။ ခြေဆောင့်ပြီး ငိုမလိုရယ်လို ဖြစ်နေတယ်။ သူ့မိဘတွေက တောင်ကြီးမှာ ဒါ့ထက်ကောင်းတဲ့ အရုပ်တွေ ရှိတယ်လို့ ပြောတာမရဘူး၊ နောက်ဆုံးတော့ ဝယ်ပေးလိုက်ရတယ်"

ကျော်မျိုးနွယ် အိတ်ထဲမှ ဘောပင်ကို ထုတ်ပြီး စက္ကူလက်သုတ်ပဝါပေါ်တွင် ရေးလိုက်သည်။ "ဝက်ဝံနီ၊ မိန်းကလေး၊ တောင်ကြီး"

"သူတို့ဟာ တောင်ကြီးကတော့ ဟုတ်ပုံမပေါ်ဘူး။ တောင်ကြီးကို သွားလည်ကြတာနဲ့ တူတယ်။ လူကြီးတွေဟာ လေယာဉ်နောက်ကျတဲ့အတွက် စိတ်ရှုပ်နေကြပုံရတယ်။ ဟိုတယ်မှာ နေရာ ရပ့်မလားလို့ သူတို့ချင်း ပြောနေကြတယ်"

"ဒါလောက် သိရရင် မဆိုးပါဘူး၊ ခြေရာခံလို့ရတာပေါ့"

"နောက် ဝယ်သူတစ်ယောက်ကလည်း မိန်းကလေးပဲ၊ သူကလည်း အနီကလေးပဲ လိုချင်တာပဲ။ ဒါပေမယ့် ဆိုင်မှာ ဝက်ဝံအနီတစ်ရုပ်တည်း ရှိတော့တာမို့ အစ်ကို့ကို ပေးရမှာမို့ ကျွန်မလည်း အစိမ်းကလေး ကောင်းတဲ့အကြောင်း ပြောရတာပေ့ါ"

"ဘယ်ဆိုးလို့လဲ"

"အဲဒီကောင်မကလေး နာမည်က နန်းသူဇာတဲ့၊ မြောက်ပိုင်း ရှမ်းပြည်နယ်က…"

"ရှမ်းတွေပဲပေ့ါ၊ ဘယ်မြို့ကလို့ မသိဘူးလား"

"ရှမ်းတွေပဲ၊ စကားပြောတာ ချစ်စရာလေးပဲ၊ နေဦး သူတို့ပြောတဲ့ နာမည်တစ်ခု ရှိတယ်။ မဏ္ဍလတဲ့၊ မြို့နာမည်လား၊ ရွာနာမည်လားပဲ"

"မဏ္ဍလဆိုတာ အိမ်နာမည်ပဲ ဖြစ်နိုင်တာပဲ၊ မြို့နာမည် ရွာနာမည်လည်း ဖြစ်နိုင်တာပဲ၊ နောက်မှ မြေပုံထဲမှာ ပြန်ကြည့်ရမယ်"

ကျော်မျိုးနွယ်က ယင်းသို့ ပြောလိုက်ပြီး စက္ကူလက်သုတ်ပဝါတွင် မှတ်ပြန်သည်။

"ဝက်ဝံစိမ်း၊ မိန်းကလေး၊ နန်းသူဇာ၊ ရှမ်း မဏ္ဍလ"

လဲ့လဲ့ချိုက ကျော်မျိုးနွယ် ရေးမှတ်နေသည်ကို ငုံ့စောင်း၍ ကြည့်နေပြီးနောက်…

www.burmeseclassic.com

www.burmeseclassic.com



"တတိယမြောက် ရောင်းလိုက်တာကတော့ ဝက်ဝံပြာကလေးပဲ၊ ဝယ်တဲ့လူကတော့ ကောင်ကလေးတစ်ယောက်နဲ့ သူ့အဖေပဲ၊ သူတို့က လေကြောင်းခရီးသည်တွေမဟုတ်ဘူး။ အဖေက သူ့သားကို လေယာဉ်ပျံကွင်းကို လာပြတာ။ သူတို့က မော်လမြိုင်ဘက်ကပဲ၊ သူတို့စကားပြောတာ နားထောင်ရင် သိသာတယ်။ သူတို့က မြို့ထဲဝင်ပြီး ကောင်ကလေးအတွက် ချုပ်ထားတဲ့ အဝတ်တွေကို ယူမယ်၊ ပြီးတော့ ရထားဆင်းမယ်၊ တကယ်လို့ အပ်ထားတဲ့ အဝတ်တွေမပြီးရင် စာတိုက်ကနေ ပါဆယ်လုပ်ပြီး ပို့ခိုင်းမယ်လို့ ပြောတယ်"

"ဘယ်ဆိုင်ဆိုတာကော မသိဘူးလား"

အမျိုးသမီးက ခေါင်းခါသည်။ သူက ရေးမှတ်ပြန်သည်။

"ဝက်ဝံပြာ၊ ကောင်ကလေးအဖေ၊ မော်လမြိုင်ရထား၊ အပ်ချုပ်ဆိုင်"

"ဒါနဲ့ နေပါဦး၊ အစ်ကိုမိတ်ဆွေက ဘာပြုလို့အရေးကြီးတဲ့ သတင်းကို ဝက်ဝံရုပ်ထဲမှာ ထည့်ရတာလဲ"

"သူထည့်တာကို ညီမ မမြင်ဘူးလား"

"ဟင့်အင်း"

"အင်းပေါ့။ ညီမ မမြင်အောင် သူထည့်ရမှာပေါ့"

"အစ်ကို ဘယ့်နှယ်လုပ်သိသလဲ"

ကျော်မျိုးနွယ် ပြုံးနေသည်။ ပြီးလျှင်

"ကျွန်တော့်နာမည်က ကျော်မျိုးနွယ်"

"အင်း"

"ညီမနာမည်က..."

"လဲ့လဲ့ချို"

"အခုလို ကူညီတဲ့အတွက် လဲ့လဲ့ကို အစ်ကို ကျေးဇူးအများကြီးတင်ပါတယ်"

သူက ရင်းနှီးစွာ သုံးနှုန်းပြောဆိုလိုက်သဖြင့် အမျိုးသမီးမျက်နှာ ရဲသွားသည်။ တစ်ဖက်သို့ မျက်နှာလွှဲသွားသည်။ သို့သော် ချက်ချင်းဆိုသလိုပင် သူ့ဘက်သို့ ပြန်လှည့်လာပြီး...



"မနေ့က အစ်ကို့သူငယ်ချင်းနဲ့ လေယာဉ်တစ်စင်းတည်း စီးလာတဲ့ ခရီးသည်တစ်ယောက် အပြင်မှာ ရပ်နေတယ်။ သူ့ကို ကြည့်ရတာ တစ်မျိုးပဲ။ မနေ့ကလည်း သူဟာ အစ်ကို့သူငယ်ချင်း လဲနေတဲ့အားမှာ ဆောင့်ကြောင့် ထိုင်ချလိုက်ပြီး အိတ်ထဲကို နှိုက်မလို့ လုပ်သေးတယ်"

"သူ့ပုံသဏ္ဌာန်ပြောစမ်းပါ၊ သူအခုဘယ်မှာလဲ"

"လုံချည်အညိုကွက် ဝတ်ထားတယ်၊ အပြင်ဘက်မှာ မတ်တတ်ရပ် နေတယ်။ အစ်ကို့နောက်ကျောကို ကြည့်နေတယ်"

ကျော်မျိုးနွယ်က နောက်သို့ လှည့်မကြည့်ဘဲ

"ဟုတ်ပြီ၊ အဲဒီလိုဆိုရင် ညီမနည်းနည်းကလေးမှ ဣန္ဒြေမပျက်ဘဲနဲ့ အပြုံးမပျက်ဘဲနဲ့ ဒီလူအကြောင်း ပြောပြစမ်းပါ၊ သူမနေ့က ဘာတွေလုပ်တယ်ဆိုတာ ပြောပြစမ်းပါ"

လဲ့လဲ့ချို ချစ်စဖွယ်ပြုံးလျက်–

"မနေ့ကတုန်းက သူလုပ်တာတွေ ပြောတာတွေကတော့ တစ်ခုမှ အမြီးအမောက်မတည့်ဘူး၊ ပထမတော့ သူက ရဲကို ပြောတယ်။ လဲသေတဲ့သူ ဘယ်သူဘယ်ဝါဆိုတာ သိရအောင် အမျိုးသားမှတ်ပုံတင်ကတ်ပြား ရှာမလို့တဲ့၊ နောက် ကျွန်မကိုတွေ့တော့ သူ့သူငယ်ချင်းက ကျွန်မကို ဘာများ ပြောသွားသေးသလဲတဲ့။ အဲဒီတော့ အဲဒီလေယာဉ်ပျံနဲ့ ပါလာတဲ့ အမျိုးသမီးတစ်ယောက်က ပြောတယ်။ အဲဒီလူကြီးဟာ လူလိမ်လူညာကြီးတဲ့"

"လူလိမ်လူညာကြီးဟုတ်လား"

"ဟုတ်တယ်၊ သူက သူ့သူငယ်ချင်းလို့ ပြောပေမယ့် အလကားတဲ့၊ သူငယ်ချင်း မဟုတ်ဘူးတဲ့"

"အင်း... စဉ်းစားစရာပဲ။ သူက မှတ်ပုံတင်ကတ်ပြားကို ဘယ်မှာ ရှာတာလဲ၊ သက်နိုင်ရဲ့ အိတ်ထဲမှာ ရှာတာလား။

"ဟုတ်တယ်၊ နောက်ပြီး ရဲကိုလည်း သူက ပြောသေးတယ်။ ဒီလူကို လုံးလုံးမသိပါဘူးတဲ့၊ နောက်ပြီး သူအဲဒီကို ရောက်နေတာကလည်း ကျွန်မအထင်တော့..."

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်ကို ရောက်နေတာလဲ"

"အစ်ကို့ သူငယ်ချင်းပြောနေတဲ့ တယ်လီဖုန်းရုံနဲ့ ကပ်လျက် တယ်လီဖုန်းရုံထဲမှာ"

ကျော်မျိုးနွယ် သက်ပြင်းတစ်ချက် မှုတ်လိုက်ပြီးနောက်–

"ညီမ ဒီဆိုင်မှာ လုပ်တာ ကြာပလား၊

"နှစ်နှစ်လောက် ရှိပြီ"

"အရင်ကကော"

"ညီမက နယ်ကပါ၊ ညီမမိဘတွေဆုံးတော့ အဒေါ်ဆီလာနေတာ"

"ဆိုင်ရှင် မိန်းမကြီးက အဒေါ်လား"

အမျိုးသမီးက ခေါင်းညိတ်သည်။

"အရင်းလား"

အမျိုးသမီးက ခေါင်းခါသည်။

"ဘယ်နှဝမ်းကွဲသလဲ"

အမျိုးသမီးမဖြေ၊ ထိုအခါ ဆွေမျိုးနီးစပ်သာဖြစ်ကြောင်း ကျော်မျိုးနွယ် တွက်ဆမိသည်။

"မနေ့ကကိစ္စမှာ အစ်ကို့သူငယ်ချင်းဟာ မသမာသူတွေရဲ့ လုပ်ကြံခံရတယ်ဆိုရင် ညီမယုံလား"

"သူ့ကို ကြည့်ရတာ လူကောင်းတစ်ယောက်ပဲ၊ ဒုက္ခရောက်နေတဲ့ လူတစ်ယောက်ပဲ"

"အစ်ကိုဟာ သူ့သူငယ်ချင်းတစ်ယောက်ဆိုတာ ယုံသလား"

"အစ်ကိုပြောတာပဲ"

"အစ်ကိုဟာ လူကောင်းတစ်ယောက်ဆိုတာကော ယုံသလား"

"အခုထိတော့ ညီမ အကဲခတ်နေတုန်းပဲ"

ကျော်မျိုးနွယ်က ရယ်လိုက်သည်။ ပြီးလျှင်–

"ဘာပဲဖြစ်ဖြစ် အစ်ကို့ကို ညီမကူညီနေတာတော့ အမှန်ပဲ မဟုတ်လား"

"ဘယ်သူ့ကိုပဲဖြစ်ဖြစ် ညီမကူညီဖို့ အဆင်သင့်ပါပဲ"



"အစ်ကို့ကိုကော ဆက်ပြီးကူညီဦးမလား"

"ညီမ ဘာကူညီရမှာလဲ"

"အခုအလုပ်က ထွက်ပြီး အစ်ကိုတို့ အလုပ်တိုက်မှာ လုပ်ပါလား"

"ရှင် .."

အမျိုးသမီး၏ မျက်လုံးများ ပြည့်ဝိုင်းသွားသည်။

"အစ်ကို အလေးအနက် ပြောနေတာပါ၊ ညီမရဲ့ ခံစားခွင့်နဲ့ ညီမရဲ့ လုံခြုံမှုကို အစ်ကို တာဝန်ယူပါတယ်"

"အစ်ကိုတို့အလုပ်တိုက်က ဘာလုပ်တာလဲ"

"ပုံနှိပ်တိုက်ပါ"

"ညီမက ဘာလုပ်ရမှာလဲ"

"ညီမ လုပ်နိုင်တာ လုပ်တာပေါ့၊ စာရင်းကိုင်၊ ငွေထိန်း၊ အပေးအယူ၊ လခကို အခုရနေတာထက် နှစ်ဆပိုပေးမယ်"

"ညီမကို ရှင်းရှင်းပြောစမ်းပါ၊ ညီမကို ဘာကိစ္စ အလုပ်ခန့်ချင်တာလဲ"

"ညီမဆီက အကူအညီလိုချင်လို့ပေါ့"

"ဘာအကူအညီလဲ"

"အစ်ကို့အတွက် ဝက်ဝံရုပ်တစ်ရုပ်ဟာ သိပ်ပြီး အရေးကြီးနေတယ်။ အစ်ကို့မိသားစုအတွက် အစ်ကို့အဖေအတွက် သေသွားတဲ့ သက်နိုင်အတွက် အားလုံးဟာ ဝက်ဝံရုပ်ထဲက သတင်းပေါ်မှာ တည်နေတယ်"

"ညီမက ဝက်ဝံရုပ်ကို လိုက်ရှာပေးရမှာလား"

"ညီမက ကူညီရုံပါ၊ ညီမက ဝက်ဝံရုပ် ဝယ်သွားတဲ့လူတွေကို သိနိုင်တယ်မဟုတ်လား"

"သူတို့နောက်ကို လိုက်ကြည့်ရမှာလား"

ကျော်မျိုးနွယ် ခေါင်းညိတ်သည်။

"ညီမတစ်ယောက်တည်းလား"

"အစ်ကိုနဲ့ အတူပေါ့"

အမျိုးသမီး စဉ်းစား ချိန်ဆနေသည်။

www.burmeseclassic.com

www.burmeseclassic.com



“အစ်ကို့ကို ယုံကြည်စိတ်ချပါ”

“အစ်ကို့ကို ညီမယုံပါတယ်၊ အစ်ကိုတို့မှာ အခက်အခဲတစ်ခု ရှိနေတယ်ဆိုတာလည်း ညီမယုံပါတယ်။ ညီမတတ်နိုင်သမျှ ကူညီချင်ပါတယ်။ ဒါပေမယ့်...”

“ပြောပါ၊ ညီမမှာ ဘာအခက်အခဲ ရှိသလဲ၊ ညီမ ဘာဖြစ်စေချင်သလဲ”

အမျိုးသမီးက သက်ပြင်းချလိုက်သည်။

“ညီမမှာ ဒီလောကကြီးမှာ ဆွေနီးမျိုးစပ် ဆိုလို့ ဒီအဒေါ် တစ်ယောက်ပဲ ရှိပါတယ်။ သူ့အနေနဲ့ ညီမအပေါ်မှာ ကောင်းတာတွေ အများကြီး ရှိပါတယ်။ ဒါပေမဲ့...”

အမျိုးသမီးက ဆက်မပြောဘဲ စကားစကို ဖြတ်ထားသည်။

“ဒါပေမဲ့ သူဟာ ညီမသဘောမကျတာ တစ်ခုတော့ လုပ်ဖို့ ကြိုးစားနေတယ်မဟုတ်လား”

အမျိုးသမီးက သူ့ကို ကြည့်သည်။

“ညီမ မကြိုက်တဲ့ လူတစ်ယောက်နဲ့ ပေးစားဖို့ လုပ်နေတယ်မဟုတ်လား”

“ရှင်...အစ်ကို ဘယ်လိုလုပ်ပြီး သိသလဲ”

“ကိုယ် ယုံယုံကြည်ကြည် အကူအညီတောင်းရမယ့်သူတစ်ယောက် အကြောင်း ဒါလောက်တော့ စုံစမ်းရတာပေါ့”

“ဘယ်တုန်းက စုံစမ်းတာလဲ၊ ဘယ်တုန်းက စုံစမ်းတာလဲ”

“မင်္ဂလာဒုံလေဆိပ်မှာ လေကြောင်းသယ်ယူပို့ဆောင်ရေးဌာနမှာ အစ်ကို့မိတ်ဆွေတွေ အများကြီး ရှိပါတယ်။ မနေ့ညဘက်ထဲက ကိုယ်သူတို့ ဆီ ဖုန်းဆက်ကြည့်တယ်”

အမျိုးသမီး ဘာမျှမပြောဘဲ ငြိမ်နေသည်။ သူက...

“ညီမအနေနဲ့ နေဖို့ထိုင်ဖို့ ပြဿနာရှိရင်လည်း အစ်ကိုတို့အိမ်မှာ နေ နိုင်တယ်။ အစ်ကိုတို့အိမ်ဆိုတာက အစ်ကို့အဖေအိမ်ကို ပြောတာပါ။ ဘောက်ထော်မှာနေတယ်။ အမျိုးသမီးအဖော်တွေ ရှိတယ်။ အစ်ကိုက



တော့ အလုပ်တိုက်မှာ နေတယ်”

“ညီမသူငယ်ချင်းတစ်ယောက်အိမ်မှာလည်း နေလို့ဖြစ်ပါတယ်”

“ဒါဖြင့် အစ်ကို့ကို ကူညီမယ်ပေါ့”

ကျော်မျိုးနွယ်က စိတ်အားထက်သန်စွာဖြင့် မေးလိုက်သည်။

“ဟုတ်ပြီလေ၊ ညီမရဲ့ ကိုယ်ရေးကိုယ်တာကိစ္စကိုလည်း ဖြေရှင်းစရာ ရှိနေတယ်။ အစ်ကိုလိုချင်တဲ့ ဝက်ဝံရုပ်ကလေးတွေကိုလည်း ညီမက ရောင်း ပစ်လိုက်မိတော့...”

“ဒါဖြင့် ညီမ အဒေါ်ကို ပြောပေတော့”

“ဘာပြောရမလဲ”

“အစ်ကိုတို့ အလုပ်တိုက်မှာ လုပ်မယ်လို့ပေါ့”

“အဲဒီလို ပြောလို့ ဖြစ်မလား”

“ဒါဖြင့် ဘယ်လိုပြောရမလဲ”

“စိတ်ညစ်စရာကြီးပါလား အစ်ကိုရယ်”

“ဟင်...”

“ဒေါ်ဒေါ်ကို ဘာမှမပြောဘဲ ထွက်သွားတာပဲ ကောင်းပါတယ်”

“အဲဒီလိုဆို သူက တစ်မျိုးထင်နေမှာပေါ့”

“ဘယ်လိုတစ်မျိုးလဲ”

“အစ်ကိုက ညီမကို ခိုးယူသွားတယ်လို့ ထင်နေမှာပေါ့”

“အစ်ကိုက နာသလား”

“မနာပါဘူး”

“အို...အစ်ကိုကလဲ”

အမျိုးသမီးက မျက်ထားညိုလိုက်သည်။

“ဟုတ်တယ်၊ ညီမပြောတာ မှန်တယ်၊ ညီမဒေါ်ဒေါ်ကတော့ အစ်ကိုတို့ကို ဒီလိုပဲ ထင်မှာပဲ”

အမျိုးသမီး ခေါင်းငုံ့ထားသည်။

“ဟုတ်တယ်၊ အစ်ကိုတို့ ခရီးသွားဦးမှာဆိုတော့ သူက ပိုပြီး ထင်မှာပဲ”

www.burmeseclassic.com

www.burmeseclassic.com



"တော်ပါပြီအစ်ကိုရယ်"

"သူက ကပျက်ယပျက်များ လုပ်နေဦးမလား"

အမျိုးသမီးက သူ့ကို မော့ကြည့်သည်။

"ဟုတ်ပြီ၊ အစ်ကို အကြံရပြီ၊ အစ်ကိုတို့ ရုံးမှာလက်ထပ်ပြီးပြီဆိုရင် သူဘာမှ မပြောနိုင်တော့ဘူး"

"စိတ်ညစ်စရာကြီးပါလား အစ်ကိုရယ်"

အမျိုးသမီးက ပင့်သက်ချရင်း နှုတ်မှ တိုးတိုးရွတ်ဆိုသည်။

"ကဲပါ ညီမရယ်၊ အခြေအနေအရ ဖြစ်ရတာပဲ၊ ကဲသွားကြစို့"

"ဘယ်ကိုလဲ..."

"အစ်ကိုနဲ့ တစ်ခါတည်း လိုက်ခဲ့တော့လေ၊ ဆိုင်ကို သွားမနေနဲ့တော့၊ နောက်မှ ဖုန်းဆက်တာပေါ့။ ဒါမှမဟုတ် နယ်က ပြန်လာမှ"

အမျိုးသမီးက ခေါင်းခါသည်။

"အနုတစ်ခါတည်း ညီမဒေါ်ဒေါ်ကို သွားပြောမလား"

အမျိုးသမီးက ခေါင်းခါမြဲ ခါနေသည်။ ကျော်မျိုးနွယ် အနည်းငယ် စိတ်ရှုပ်ထွေးဟန်ဖြင့်။

"ဘယ်လိုလဲညီမရယ်၊ ခေါင်းပဲ ခါနေတာပဲ၊ အစ်ကို့မှာက သေရေးရှင်ရေးပါ အချိန်ကိုလုပြီး လုပ်နေရတာပါ"

သည်တော့မှ အမျိုးသမီးက...

"ညီမမေးတာကို အစ်ကို မဖြေသေးဘူး"

"ဘာကိုလဲ"

"ဝက်ဝံရုပ်ထဲမှာ သူတစ်ခုခု ထည့်ထားတယ်ဆိုတာ အစ်ကို ဘယ်လို လုပ်ပြီးသိတာလဲ"

"သူပြောတာပေါ့၊ သူဖုန်းဆက်တာ အစ်ကို့ဆီကို ဆက်တာပဲ"

"သူဖုန်းဆက်မှတော့ ဘာပြုလို့ သူပြောစရာ ရှိတာကို တစ်ခါတည်း မပြောဘဲ ဝက်ဝံရုပ်က ပါလာရတာလဲ"

"အစ်ကို့ကို ညီမ မယုံလို့လား"

"ညီမ စဉ်းစားသင့်သလောက်တော့ စဉ်းစားရမယ် မဟုတ်လား..."



ကျော်မျိုးနွယ်က ခေါင်းတဆတ်ဆတ် ညိတ်ပြီး

"ဟုတ်တယ် ညီမဟာ အစ်ကို့ကို အကူအညီပေးရမယ့် လူ တစ်ယောက်ဆိုတော့ စိတ်ထဲမှာ သံသယရှင်းဖို့ လိုတယ်၊ ဒီလိုညီမ သူအစ်ကို့ကို ပြောတာက တိုက်ရိုက်ကြီး ပြောတာမဟုတ်ဘူး၊ အစ်ကိုသိရုံသာ အရိပ်အမြွက်ပြောတာ၊ နောက်ပြီး သူက ညီမတို့ဆိုင်ကို အရင်ဝင်ပြီး ဝက်ဝံရုပ်ထဲကို သူတစ်ခုခုထည့်ပြီးမှ အစ်ကို့ဆီကို ဖုန်းဆက်တာ မဟုတ်လား၊ ဒီလို ညီမ သူနဲ့အစ်ကိုနဲ့က ကျောင်းနေဖက်သူငယ်ချင်း၊ အစ်ကိုတို့ ကျောင်းနေတုန်းက အစ်ကိုတို့မှာ ဆရာဝန်သူငယ်ချင်း တစ်ယောက် ရှိတယ်။ အစ်ကိုတို့က သူ့အခန်းမှာ စတည်းချကြတယ်။ သူ့တယ်လီဖုန်းကို သုံးကြတယ်။ သူက စည်းကမ်းသမားဆိုတော့ တယ်လီဖုန်းနားမှာ ပိုက်ဆံ ထည့်ဖို့ ဝက်ဝံရုပ်စုဘူး ထားတယ်။ သက်နိုင်က အဲဒီဆရာဝန်ရဲ့ နာမည်ကို ပြောတယ်၊ ပထမတော့ ကိုယ် သူပြောတဲ့ အဓိပ္ပာယ်ကို နားမလည်သေးဘူး။ နောက်မှ သူညီမတို့ဆိုင်ကို အရင် ဝင်မှန်း သိရတယ်။ ညီမတို့ဆိုင်မှာ ဝက်ဝံရုပ်တွေ တွေ့ရတော့ သူဆိုလိုတဲ့ အဓိပ္ပာယ်ကို နားလည်သွားတယ်။ ဒါနဲ့ စားပွဲပေါ်က အရုပ်တွေကို အကုန်လုံး ဝယ်လိုက်တာပဲ"

"အဲဒီတုန်းက အစ်ကိုဟာ ဝက်ဝံရုပ်ကလေး တစ်ရုပ်ထဲကိုသာ ဝယ်ပြီး တစ်ခါတည်း ယူသွားရင် အခုလို သံသယရှုပ်မှာ မဟုတ်ဘူး"

"အင်း...အခုကိစ္စမှာ လူတစ်ယောက်လည်း ဒဏ်ရာရနေပြီ၊ လူဆိုးတွေ ရှိနေတယ်ဆိုတာလည်း သိနေရတယ်၊ ဒီတော့ သူများတွေ ရိပ်မိမှာ စိုးတာနဲ့ အရုပ်တွေအကုန်လုံး ဝယ်လိုက်မိတာပဲ။ ဝက်ဝံရုပ်တစ်ရုပ်ကို အစ်ကို့လက်ထဲမှာ ကိုင်သွားရင် တစ်မျိုးထင်စရာ ဖြစ်နေမယ် မဟုတ်လား"

အမျိုးသမီး သဘောပေါက်ဟန်ဖြင့် ခေါင်းညိတ်သည်။

"ကဲ...ညီမ စိတ်ထဲမှာ ရှင်းသွားပလား"

လှဲ့လှဲ့ချိုက ရုတ်ခြည်းပြန်မပြော၊ ခဏနေမှ

"မရှင်းသေးဘူးအစ်ကို"

www.burmeseclassic.com

www.burmeseclassic.com



"ညီမ ဘာသိချင်သေးသလဲ"

"ညီမအကြောင်းကို အစ်ကိုနံ့စမ်းပြီးပြီ၊ ဒါပေမယ့် အစ်ကို့အကြောင်း အစ်ကို့မိသားစုအကြောင်း ညီမဘာမှမသိရသေးဘူး၊ နောက်ပြီးတော့ အစ်ကို့သူငယ်ချင်း ဘာလုပ်တယ်ဆိုတာ၊ ဘာကြောင့် သေရတယ်ဆိုတာ ဝက်ဝံရုပ်ထဲမှာ ဘယ်လိုသတင်းမျိုး ရှိတယ်ဆိုတာတွေ ညီမ မသိသင့်ဘူးလား"

ကျော်မျိုးနွယ် အတန်ကြာစဉ်းစား ချင့်ချိန်ပြီးနောက် သူ့အကြောင်း သူ့အစ်ကို နှစ်ယောက်အကြောင်း၊ သူ့အဖေအကြောင်း၊ သူ့နှမလေးအကြောင်း သက်နိုင်မြစ်ကြီးနား သွားသည့်အကြောင်းများကို အကျဉ်းချုံးပြီး ပြောပြလိုက်ရတော့သည်။

## အခန်း ခြောက်

သူတို့နှစ်ယောက် လက်ဆောင်မွန်သို့ မသွားကြတော့ဘဲ လေဆိပ်အဆောက်အဦ အပြင်ဘက်သို့ ထွက်ခဲ့ကြသည်။

ကားတစ်စင်းကို ကွယ်ပြီး ရပ်နေသော လုံချည်အညိုကွက်နှင့် လူကို မြင်တွေ့လိုက်ရသောအခါ လဲ့လဲ့ချို ခြေလှမ်းများ တုန့်သွားသည်။ လုံချည်အညိုကွက်နှင့် လူသည် ယမန်နေ့က ကချင်လုံချည်ကွက်နှင့်လူပင်ဖြစ်သည်။ ကျော်မျိုးနွယ်က ထိုသူရှိရာသို့ တန်းတန်းမတ်မတ် လျှောက်သွားသည်။

"အတော်ပဲ ခင်ဗျားကို ကျုပ်တွေ့ချင်လို့ လိုက်ရှာနေတာ"

ကျော်မျိုးနွယ်က ထိုသို့ ပြောလိုက်သောအခါ ထိုသူ ကြောင်အမ်းအမ်း ဖြစ်သွားသည်။ လဲ့လဲ့ချိုပင် ကျော်မျိုးနွယ်၏ အပြုအမူကို နားမလည်နိုင် အောင် ဖြစ်သွားသည်။

"ခင်ဗျား ကျွန်တော့်ကို တွေ့ချင်နေတယ် ဟုတ်လား"

ပုဆိုးအညိုကွက်နှင့်လူက ထိတ်လန့်စွာ မေးသည်။

"ဟုတ်တယ်..."

ကျော်မျိုးနွယ်၏ အသံမာသည်။ ပြတ်သည်။

"မိတ်ဆွေကို ကျွန်တော်မသိပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်လည်း ခင်ဗျားကို မသိပါဘူး။ ဒါပေမယ့် ခင်ဗျား အကြောင်း ဟောဒီအမျိုးသမီးက ပြောတယ်။ မနေ့က သက်နိုင်လဲ ကျ သွားတော့ သူ့အနားကို အရင်ဆုံး ရောက်သွားတဲ့လူဟာ ခင်ဗျားပဲတဲ့ သူ့အိတ်ထဲက လက်ဆွဲတန်ဆာလက်မှတ်ကို ခင်ဗျားယူသွားတာ မဟုတ် လား၊ သက်နိုင်ရဲ့ လက်ဆွဲအိတ်ကို ခင်ဗျား ထုတ်ယူသွားတာပဲ မဟုတ် လား"

"မိတ်ဆွေ လူမှားနေပြီထင်တယ်"

ထိုသူက သူတို့နှစ်ယောက်ကို တစ်လှည့်စီ ကြည့်နေသည်။

"ခင်ဗျားနာမည် ဘယ်သူလဲ"

ကျော်မျိုးနွယ်က မေးလိုက်သည်။

"ဖူးစိန်၊ ကျွန်တော့်နာမည် ဖူးစိန်ပါ။ ဘာကိစ္စရှိလို့လဲ"

"မနေ့က မြစ်ကြီးနားက လေယာဉ်ပျံနဲ့ ခင်ဗျား ပါလာတယ်မဟုတ် လား၊ ခင်ဗျားပါလာတယ်လို့ သူက ပြောတယ်"

ကျော်မျိုးနွယ်က လဲ့လဲ့ချိုကို ညွှန်ပြရင်း ပြောသည်။ ဦးဖူးစိန်က လဲ့လဲ့ချိုကို နားမလည်သော မျက်နှာဖြင့် ကြည့်ပြီး

"ပါလာတယ်ထားပါဦး၊ အဲဒါဘာဖြစ်လို့လဲ"

"အခု ခင်ဗျား ဒီမှာ ဘာလာလုပ်နေတာလဲ၊ ကျုပ်ကို ပြောစမ်းပါ"

ကျော်မျိုးနွယ်က ဦးဖူးစိန်၏ ပခုံးနှစ်ဖက်ကို ခပ်ကြမ်းကြမ်းကလေး ကိုင်လှုပ်ရင်း မေးလိုက်သည်။

"ဖယ်ပါ၊ ကျုပ်ကို ဖယ်ပါ"

ဦးဖူးစိန်က ကျော်မျိုးနွယ်၏ လက်မှ ဆောင့်ရုန်းလိုက်သည်။ လဲ့လဲ့ ချိုက သူတို့နှစ်ယောက် ရန်ဖြစ်ပြီဟု တွက်လိုက်သည်။ ဦးဖူးစိန်က ဘာမှ မလုပ်ဘဲ တစ်ဖက်သို့ ထွက်သွားသည်။ ကျော်မျိုးနွယ်ကလည်း ဘာမှ မလုပ်ချေ။ ထိုသူ၏ ကျောပြင်ကြီးကို အတန်ကြာ ငေးစိုက်ပြီး ကြည့်သည်။

ထိုနောက်မှ သူ့ကားရှိရာသို့ ဆက်ပြီး လျှောက်သွားသည်။ လဲ့လဲ့ချို နောက်မှ လိုက်ပါသွားသည်။ ကျော်မျိုးနွယ်က ကားရှေ့တံခါးကို ဖွင့်ပေး ပြီး အမျိုးသမီးကို တက်စေသည်။



ကျော်မျိုးနွယ်၏ ကား မင်္ဂလာဒုံလေဆိပ်မှ ထွက်ခွာသည်။

"ညီမသူငယ်ချင်းအိမ်က ဘယ်မှာလဲ"

"စမ်းချောင်း"

"ညီမ အဲဒီအိမ်မှာ နေလို့ ဖြစ်မလား"

"ဖြစ်ပါတယ်"

"ဖြစ်ရင် အဲဒီအိမ်မှာပဲ နေပါ။ ဘောက်ထော်အိမ်မှာ နေဖို့ မကောင်း ဘူး"

"ဘောက်ထော်အိမ်ဆိုတာ ဘာလဲ"

"အစ်ကိုတို့အိမ်၊ အစ်ကို့အဖေအိမ်"

"စောစောကတော့ အစ်ကို့အဖေအိမ်မှာနေဆို"

"ဟုတ်တယ်၊ ဒါပေမယ့် အခုပြန်ဆန်းစစ်တော့ ညီမနေဖို့ မကောင်း ဘူး"

"ဘာဖြစ်လို့လဲ"

"အဲဒီအိမ်မှာ အတွင်းသူလျှိုတစ်ယောက် ရှိတယ်တဲ့"

"ရှင်"

"သက်နိုင်က သူမသေခင်မှာ သတိပေးသွားတယ်"

"အို..."

"အဲဒီသူလျှို ဘယ်သူဘယ်ဝါဆိုတာ အစ်ကိုမသိဘူး။ တော်ကြာနေ ညီမမှာ အန္တရာယ်ရှိနေရင် မကောင်းဘူး"

"ညီမမှာ အန္တရာယ် ရှိနိုင်လို့လား"

"ရှိနိုင်တယ်၊ ညီမကို တစ်ခုပြောရဦးမယ်၊ အစ်ကိုတို့ကိစ္စကို ကူညီ ရင်း အခုသက်နိုင်သေသွားပြီ၊ အစ်ကိုတို့ရဲ့ညီမလေးဆိုတာလည်း ဘယ် ရောက်နေမှန်း မသိဘူး။ သက်နိုင် သတင်းပို့ထားတဲ့ ဝက်ဝံရုပ်တွေလည်း ဘယ်ရောက်နေမှန်း မသိဘူး။ အခု အစ်ကိုတို့သိတာကတော့ ဘောက် ထော်အိမ်မှာ အတွင်းသူလျှိုတစ်ယောက် ရှိတာရယ်၊ ဦးဖူးစိန်ဟာ ရိုး ကောင်း တစ်ယောက်မဟုတ်ဘူး။ အစ်ကိုတို့နောက်ကို လိုက်နေတယ် ဆိုတာပဲ။ သူက ညီမကိုလည်း သိသွားပြီ၊ ညီမက အစ်ကို့ကို ကူညီခဲ့

www.burmeseclassic.com

www.burmeseclassic.com



တယ်ဆိုတာ သူတို့ သိသွားတာနဲ့တစ်ပြိုင်နက် ညီမမှာ အန္တရာယ် ရှိနိုင်တယ်။ ဒီတော့ ညီမစဉ်းစားပါ၊ ညီမနောက်ကြောင်းပြန် ဆုတ်ချင်ရင် ဆုတ်နိုင်ပါတယ်။ ညီမ အန္တရာယ်ဖြစ်မယ့် ကိစ္စကို အစ်ကို အတင်းမခေါ်ချင်ဘူး"

"ညီမ မကြောက်တတ်ပါဘူး"

"ဒါဖြင့် ညီမအစ်ကိုနဲ့အတူ တောင်ကြီးကို လိုက်မယ်ပေါ့"

"ဘယ်တော့ သွားမှာလဲ"

"အခု လက်မှတ်သွားယူမယ်၊ မနက်ဖြန်သွားကြမယ်၊ ကနေ့ လက်မှတ်ရရင်လည်း ကနေ့သွားမယ်"

"ညီမ ခရီးသွားတာ ဝါသနာပါတယ်၊ ဒါပေမယ့်..."

"ဟုတ်တယ်၊ ညီမဟာ အခုမှသိတဲ့ သူစိမ်းယောကျ်ားကလေး တစ်ယောက်နဲ့အတူ ညဥ့်အိပ်ညဥ့်နေ ခရီးသွားရမှာ ဝန်လေးမယ်ဆိုတာ အစ်ကို သိပါတယ်"

အမျိုးသမီးက ဘာမျှပြန်မပြော။

"ညီမတောင်ကြီးမှာ အသိမရှိဘူးလား"

"သူငယ်ချင်း ကျောင်းဆရာမတစ်ယောက်ရှိတယ်"

"အဲဒီမှာ တည်းလို့ မရဘူးလား"

"နှစ်ယောက်လုံး တည်းမှာလား"

"ညီမတစ်ယောက်တည်း တည်းဖို့ပါ။ အစ်ကိုက တစ်နေရာမှာ တည်းမှာပေါ့။ ဟိုတယ်မှာဖြစ်ဖြစ် တည်းမှာပေါ့"

"ဒါဆိုရင် ဖြစ်ပါတယ်"

"ဒါဖြင့် ပြီးရောပေါ့၊ အခုညီမတို့ အိမ်ကိုဝင်ပါ၊ ညီမပစ္စည်းတွေ ယူမယ်၊ ပြီးတော့ ညီမသူငယ်ချင်းအိမ် လိုက်ပို့မယ်ဟုတ်လား"

အမျိုးသမီး ခေါင်းညိတ်သည်။

"ညီမက အိမ်မှာစာရေးခဲ့၊ ဒေါ်ဒေါ် ကျွန်မကို ရှာမနေနဲ့တော့၊ ချစ်သူနောက်ကို လိုက်သွားပြီလို့"

"အို အစ်ကိုကလည်း..."



အမျိုးသမီးက ရှက်စနိုး ရေရွတ်လိုက်သည်။ ကျော်မျိုးနွယ်က သူ့ကားသူ သဘောကျသည့်အလား ဟက်ဟက်ပက်ပက်ကြီး ရယ်မောလျက် ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ခုနစ်

အနောက်ဘက်တွင် နေလုံးညိုချေပြီ။ သစ်ပင်များပေါ်တွင် နေခြည် ရက်ဖောက်လျက် ရှိသည်။ အိမ်ဘေးကွက်လပ်ထဲတွင် လူကြီး နှစ်ယောက်နှင့် ကလေးခြောက်ယောက် ဘော်လီဘော ကစားနေကြသည်။ လူကြီး နှစ်ယောက်မှာ ထွန်းမြင့်ကြည်နှင့် ကြွယ်ကြွယ် ဖြစ်သည်။ ကလေး ခြောက်ယောက်မှာ သူတို့သားနှစ်ယောက်ဖြစ်သော ကိုကိုနှင့်ညီညီ၊ သမီးဖြစ်သော သက်သက်၊ ထို့နောက် ထွန်းမြင့်ကြည်၏ တူ၊ လေးလေး နှင့် တူမ ခက်ခက်၊ နောက်ဆုံးတစ်ယောက်မှာကား ယောကျ်ားလေး တစ်ယောက်လို ဆံပင်ဖြတ်ထားသော ပုညု။

ပုည အားကစားတော်သည်။ ခုန်လည်း ခုန်နိုင်သည်။ ရိုက်လည်း ရိုက်နိုင်သည်။ တစ်ဖက်၏ ရိုက်ခုတ်ချက်များကိုလည်း ဆယ်မနိုင်သည်။

မခင်မျိုးသည် အိမ်ခေါင်းရင်း သစ်ပင်ရိပ်တွင် ပက်လက်ကုလားထိုင်ဖြင့် ထိုင်ရင်း ဘော်လီဘောကစားနေကြသူများကို ကြည့်နေသည်။ ထိုသို့ ထိုင်နေရင်းမှာပင် သူမ၏ ခြေဖျားလက်ဖျားများ အေးလာသည်။ ခေါင်းတွေ မူးလာသည်။ မျက်လုံးတွေ ဝေလာသည်။ သူမတွင် အဖျား ဝင်ချေပြီ။ မနေ့ကတည်းက ဖျားချင်ချင်ဖြစ်သည်။ အပူကျဆေးနှင့် ကော်ဖီပူပူသောက် လိုက်သဖြင့် ချွေးစို့လာပြီး သက်သာသလိုဖြစ်ခဲ့သည်။



မနက်က ထမင်းစားပြီးကတည်းက ချမ်းစိမ့်စိမ့်ရှိသည်။ ဆေးတစ်လုံး ထပ်သောက်ခဲ့သည်။ ချွေးစို့သည်။ ယခုတော့ ရေရေလည်လည် ဖျားချေပြီ။

လက်ခုပ်သံများ ကြားရသည်။ ပုညကို အားပေးကြခြင်း ဖြစ်သည်။ ခက်ခက်က ဘောလုံးကို ထောင်ပေးလိုက်သည်။ ပုညက ပိုက်တန်းနားမှ ကပ်၍ခုန်ပြီး တအားခုတ်ချလိုက်သည်။ ကိုကိုက ဆယ်မရန် ကြိုးစားသည်။ မရချေ။

ကလေးတွေရော လူကြီးတွေရော ပျော်နေကြသည်။ ပုညလည်း ပျော်နေသည်။

ပုညသည် အားကစားတွင်သာ တော်သည်မဟုတ်၊ စာလည်း တော်သည်။ လိမ္မာရေးခြားလည်း ရှိသည်။ ပရဟိတကျောင်းပျက်သောအခါ သူမ ၏ တိုက်တွန်းချက်အရ ပုညကို ဒေါ်ဇာမုံက မွေးစားခဲ့သည်။

တစ်နေ့တွင် သူတို့ထံသို့ ရန်ကုန်မှ ကိုသက်နိုင်ဆိုသူ ရောက်ရှိလာသည်။ သူက ပုညသည် ရန်ကုန်မြို့မှ ပုဂ္ဂိုလ်ကြီးတစ်ဦး၏ သမီးဖြစ်ကြောင်း ပြောသည်။ ထိုအခါ သူတို့သည် ပုည၏ ရှေ့ရေးကို တွေးပြီး သူ့ဖခင်ထံ ပြန်လည်ပေးအပ်ရန် ဆုံးဖြတ်ကြသည်။ ကိုသက်နိုင်နှင့် ဒေါ်ဇာမုံတို့၏ တိုက်တွန်းချက်အရ သူမကို ရန်ကုန်အရောက် လိုက်ပို့ရန် သဘောတူလိုက်ရသည်။

ကိုသက်နိုင်က ကလေးတွင် ဘေးအန္တရာယ်များ ရှိနိုင်သဖြင့် ယောကျ်ားလေးအသွင် ဆံပင်ဖြတ်စေရန် အဆိုပြုသည်။ သူတို့ လေယာဉ်ပျံ တစ်စင်းတည်း အတူသွားကြမည်ဖြစ်သော်လည်း လမ်းတွင် အခေါ်အပြော မလုပ်ရန်လည်း နားလည်မှု ယူထားကြသည်။

သူမတွင် အစ်မတစ်ယောက်ရှိသည်ဆိုသဖြင့် ထိုအစ်မထံ စာရေးစေသည်။ ထိုအစ်မအိမ်မှာပင် နေစေသည်။ သူက ရန်ကုန်တွင် လိုအပ်သော အစီအစဉ်များ ပြုလုပ်ပြီးစီးသောအခါတွင်မှ သူမတို့နှစ်ယောက်ကို လာခေါ်မည်ဖြစ်သည်။

ယခုသူမနှင့် ပုညသည် အင်းစိန်ရှိ အိမ်ကြီးတစ်အိမ်တွင် ဘေးမသီ

www.burmeseclassic.com

www.burmeseclassic.com



ရန်မခ ရောက်ရှိနေကြပြီဖြစ်သည်။ သို့သော် ကိုသက်နိုင်မှုကား လေဆိပ်တွင် အခြေအနေဆိုးနှင့် ကြုံတွေ့ရပြီး မြောက်ဥက္ကလာပဆေးရုံကြီးသို့ ရောက်ရှိသွားရပြီ ဖြစ်သည်။

ကိုသက်နိုင်က မသမာသူများ၏ ဘေးရန်ကြောင့် ကလေးမလေး အကြောင်း မည်သူ့အားမျှ မပြောကြားရန် မှာကြားထားသဖြင့် မခင်မျိုးသည် ကြွယ်ကြွယ်တို့ကိုပင် ပြောပြခြင်း မပြုပေ။

လက်ခုပ်သံများ ကြားရသည်။ သူတို့ပွဲ ပြီးသွားပြီဖြစ်သည်။ ကလေးတွေက ထွန်းမြင့်ကြည်ကို ဝိုင်းအုံပြီး တစ်ခုခုကျွေးရန် အရေးဆိုနေကြသည်။ ကြွယ်ကြွယ်က မခင်မျိုးရှိရာသို့ လျှောက်လာသည်။

"မောလိုက်တာကွာ၊ တို့လည်း ကလေးအမေဖြစ်လာတော့ ငယ်ငယ်ကလို စိတ်ထင်တိုင်း ကြံလို့ မရတော့ဘူး"

ကြွယ်ကြွယ်က တဘက်ကလေးဖြင့် ချွေးသုတ်ရင်း ပြောသည်။ မခင်မျိုးက မသိမသာ ခေါင်းညိတ်သည်။

"မျိုးလည်း ကစားလိုက်ဖို့ ကောင်းတယ်၊ ဒါမှ ချွေးထွက်ပြီး ဖျားချင်သလို ဖြစ်နေတာ ပျောက်သွားမှာ"

မခင်မျိုးက မဲ့မဲ့ကလေး ပြုံးလျက်…

"မရတော့ဘူး၊ သေသေချာချာ ဖျားသွားပြီ"

ကြွယ်ကြွယ်က မခင်မျိုး၏ နဖူးကို စမ်းကြည့်သည်။ ထို့နောက် လက် ကောက်ဝတ်ကို စမ်းကြည့်သည်။

"ဟုတ်တာပေါ့၊ ဖျားပြီပဲ၊ မြစ်ခြစ်တောက်နေတာပဲ၊ အဖျား တော်တော် ကြီးတယ်၊ ဆရာဝန်ခေါ်မှပဲ"

"ဆေးရုံတက်ရရင် မကောင်းဘူးလား"

မခင်မျိုးက မေးသည်။

"ဆရာဝန်နဲ့ အရင်ပြကြည့်ပါလား"

"မျိုးတော့ တိုက်ဖွိုက်လို့ ထင်တယ်။ ဒါမှမဟုတ် နမိုးနီးယားဖြစ်မယ်ထင်တယ်။ ဆေးရုံတက်လိုက်ရင် ပိုပြီး စိတ်ချရတာပေါ့"

"ဆရာဝန် နားလည်ပါတယ်ကွယ်၊ သူက ဆေးရုံတက်ဖို့ လိုရင်



လည်း ညွှန်ကြားမှာပေါ့"

"မဟုတ်ဘူး မမကြွယ်၊ ပုညဒီမှာရှိနေတုန်း ဒီကိုလူစိမ်းတွေ သိပ်ပြီး အဝင်အထွက် မရှိစေချင်ဘူး၊ ဒါကြောင့် ဆေးရုံသွားမယ်ပြောတာ"

ကြွယ်ကြွယ် အနည်းငယ် စဉ်းစားဟန်ပြုပြီး…

"သဘောပဲ၊ ဆေးရုံတက်ချင်ရင်လည်း ရပါတယ်။ အင်းစိန်ဆေးရုံမှာလည်း မမကြွယ်တို့ အသိရှိတယ်၊ ရန်ကုန်ဆေးရုံကြီးမှာလည်း အသိရှိပါတယ်"

"မြောက်ဥက္ကလာပ ဆေးရုံမှာကော"

ကြွယ်ကြွယ် ခေတ္တမျှ စဉ်းစားပြီး…

"ဖြစ်ပါတယ်၊ မျိုးအစ်ကိုကြီးရဲ့ အသိတွေ ရှိပါတယ်။ သွားရင် အခုပဲ သွားကြမယ်လေ"

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ရှစ်

သူတို့ ကံကောင်းသည်ဟု ဆိုရမည်။ သူတို့စီးရမည့် ဒါကိုတာ လေယာဉ်ကြီးသည် ကွင်းမှာပင် ပျက်နေသည်။ ပထမတော့ ခရီးစဉ် ဖျက်သလိုလို လေသံထွက်လာသည်။ နောက်တော့ ဖော်ကာလေယာဉ် ဖြင့် အစားထိုးသည်။ ကျော်မျိုးနွယ်က အလယ်အုကြောင်းဘက်တွင် ထိုင်ပြီး လှဲလှဲ ချိုက ပြတင်းပေါက်ဘက်တွင် ထိုင်သည်။ သူတို့ဘေးတွင် တိမ်တွေ ပြေးနေသည်။ သူတို့အောက်ဘက်တွင် လယ်ကွင်းမြင်များ၊ ကွေ့ကောက်သော ချောင်းကလေး၊ ကွေ့ကောက်သော လမ်းကလေး။

လှဲလှဲချိုသည် မည်သည့်စကားမျှ မဆိုဘဲ ပြတင်းပေါက်အဝိုင်းကလေးမှနေ၍ အပြင်သို့ ငေးနေသည်။ ခါးပတ် ပတ်ဖို့ပင် မေ့လျော့နေသဖြင့် သူက သတိပေးရသည်။

ထို့နောက်တွင်ကား ကျော်မျိုးနွယ်သည် လေယာဉ်မယ် တည်ခင်းသော သကြားလုံးကို မြုံ့စားရင်း သတင်းစာကလေးကို ဖျင်းရိစွာ ဖတ်နေသည်။

သူ၏ စိတ်အာရုံသည် သတင်းစာတွင် မရှိဘဲ တိမ်တိုက်နှင့်အတူ ပြေးလွှားလျက်ရှိသည်။ ဤခရီးအဆုံးတွင် သူသည် မည်သည့် အကျိုးသက်ရောက်မှုကို ရရှိချေမည်နည်း။ ဝက်ဝံရုပ်ကလေးများကို သူတွေ့ရှိရမည်လော။ တွေ့ရှိသည့်တိုင် သူလိုချင်သည့် သတင်းအမှန် တကယ်ပါ



ရှိပါမည်လော၊ သူ့အတွက်မပြောနိုင်ပါ။

ယင်းကြောင့်ပင် သူသည် ခရီးထွက်သည့်အကြောင်းကို ဖခင်အား တိတိကျကျ ပြောပြခြင်း မပြုပေ။ ဘယ်ကိုသွားမည်၊ ဘာကိစ္စသွားမည် မပြောဘဲ နှစ်ရက်သုံးရက်လောက် ခရီးထွက်ဦးမည်ဟုသာ ဖခင်ထံ တယ်လီဖုန်းဆက်ပြီး မရေမရာပြောကြားခဲ့သည်။ သည့်ထက်လည်း ပိုပြောရန် မသင့်ချေ။ ဖခင်၏ အနီးတွင် ပဥ္စမံ ရှိနေသည်။

ယခုအခါ ဝက်ဝံရုပ်ကလေးများအကြောင်း သိရှိသူ သုံးဦး ရှိနေသည်။ သူတို့နှစ်ယောက်အပြင် တတိယသိရှိသူမှာ လုံခြုံရေးမှူး ကိုဘုန်းဇော်ဖြစ်သည်။ ကိုဘုန်းဇော်သည် သက်နိုင်၏ အမှုကို လိုက်ရသူ ဖြစ်သည်။ ကျော်မျိုးနွယ်က ကိုဘုန်းဇော်ကို ဝက်ဝံရုပ်ကလေးများအကြောင်း ပြောပြလိုက်သည်။ ထိုသို့ပြောပြသည့်အချိန်တွင် သူတို့နံဘေး၌ လှဲလှဲချို လည်း ရှိနေသည်။ လှဲလှဲချိုက ကိုဘုန်းဇော်ကို နှစ်သက်အားရကြောင်း ပြောသည်။ ပြည်သူတွေ အားကိုးအားထားပြုထိုက်သော ရဲအရာရှိတစ်ဦးဟုဆိုသည်။

ကိုဘုန်းဇော်က မော်လမြိုင်ဘက်မှ မွန်သားအဖ ဝယ်သွားသော ဝက်ဝံပြာနောက်သို့ ခြေရာကောက်ပေးသည်ဟုဆိုသည်။

ရန်ကုန်မြို့တွင်းရှိ အပ်ချုပ်ဆိုင်များကို လိုက်လံစုံစမ်းသော်လည်း ထိုနေ့ညနေပိုင်းက သားအဖနှစ်ယောက် ရထားအမီကလေး ဝတ်စုံလာယူ မယူ၊ ပေးလိုက်မလိုက်၊ မပေးလိုက်နိုင်က ပို့ပေးရန် လိပ်စာပေးခဲ့ မပေးခဲ့ မေးမြန်းသည်။ တစ်ဆိုင်မဟုတ် တစ်ဆိုင်တွင် သဲလွန်စ ရရှိပေမည်။ သို့သော် ရန်ကုန်မြို့တွင် အပ်ချုပ်ဆိုင်တွေ များပြားလွန်းလှသဖြင့် လွယ်ကူလှသည်တော့ မဟုတ်ချေ။ အဆင်သင့်လျှင် အလွယ်တကူ ခြေရာခံမိပြီး အဆင်မသင့်လျှင် လက်တော်တော်ဝင်မည်၊ ပထမတော့ ဗိုလ်ချုပ်အောင်ဆန်းဈေးနှင့် မြို့လယ်ကောင်မှ နာမည်ကြီးဆိုင်များကို အစုံစုံစမ်းရသည်။ မတွေ့မှ နယ်မြေအလိုက်၊ လမ်းအလိုက်ပိုင်းပြီး ထောက်လှမ်းရပေတော့မည်။

သို့သော် သူတို့သည် ဤစုံစမ်းထောက်လှမ်းရေးကာလအတွင်း

www.burmeseclassic.com

www.burmeseclassic.com



ဝက်ဝံ ဆိုသောစကားလုံးကို ယောင်လို့မှ မဟာမိကြရန် တင်းကျပ်စွာ သတိထားကြရမည် ဖြစ်သည်။

ဝက်ဝံရုပ်များ နောက်သို့ သူတို့ လိုက်နေကြောင်း မည်သူမျှ မသိဖို့ လိုသည်။ ကျော်မျိုးနွယ်သည် သူ့အခန်းမှ အရုပ်များအားလုံးကို ကလေးဆေးရုံသို့ သွားရောက် လှူဒါန်းလိုက်သည်။ ခြေရာလက်ရာ ဖျောက်ဖျက်ခြင်း ဖြစ်သည်။

သူတို့နှစ်ယောက်သည် မင်္ဂလာဒုံလေဆိပ်သို့ အချိန်ကပ်ပြီးမှ သွားရောက်ခဲ့ကြသည်။ လေဆိပ်အဆောက်အဦအတွင်းသို့ မဝင်ဘဲ တံခါးများ အလုံပိတ်ထားသော ဗင်ကားတစ်စင်းအတွင်း၌ ပုန်းအောင်းခဲ့ကြသည်။ လေယာဉ်ထွက်ခါနီးမှပင် လေဆိပ်အဆောက်အဦအတွင်းသို့ သူတို့ဝင်ခဲ့ကြသည်။

"အစ်ကို ဘယ်သွားမလို့လဲ"

ကျော်မျိုးနွယ်သည် သူ့နောက်ဘက်မှ အမျိုးသမီးတစ်ယောက်၏ အသံကြားသဖြင့် လှည့်ကြည့်လိုက်ရာ စင်္ကြံလမ်းကြောင်းတွင် ရပ်နေသော မာလာရီကို တွေ့ရသည်။

"ဟင်...မာလာပါလား"

"ဟုတ်ပါတယ်အစ်ကို၊ မာလာပါ၊ စောစောကတည်းက အစ်ကို့ကို နောက်ဘက်ကနေကြည့်ပြီး တူပါတယ်လို့အောက်မေ့နေခဲ့တယ်။ နောက်ဆုံးတော့ စိတ်ထဲမှာ မတင်မကျဖြစ်နေတာနဲ့ ထလာပြီး ကြည့်တော့ အစ်ကိုမှအစ်ကို ဖြစ်နေတာပဲ"

လဲ့လဲ့ချိုက လမ်းကြောင်းတွင် ရပ်နေသော မာလာရီကို ငုံ့စောင်းပြီး ကြည့်သည်။ မည်သူနည်းဟု စိတ်ထဲတွင် မေးခွန်းထုတ်နေသည်။ မာလာရီ ကလည်း ကျော်မျိုးနွယ်၏ ဘေးတွင် ထိုင်နေသော လဲ့လဲ့ချိုကို အကဲခတ်နေသည်။

ယင်းအချက်ကို သတိထားမိသဖြင့် ကျော်မျိုးနွယ်က သူတို့နှစ်ယောက်ကို မိတ်ဆက်ပေးလိုက်သည်။ လဲ့လဲ့ချို ပြုံးသည်။ မာလာရီပြုံးသည်။



"အစ်ကိုတို့ ဘယ်သွားကြမလို့လဲ"

မာလာရီက ထပ်မေးသည်။

"မိုးအဆုံး မြေအဆုံးပေါ့ မာလာကော"

ကျော်မျိုးနွယ်က နောက်သလိုလို ပြန်ဖြေသည်။

"မာလာလည်း အစ်ကိုတို့လိုပဲပေါ့"

"ဘယ်သူပါသေးသလဲ"

ကျော်မျိုးနွယ်က မေးသည်။

"အဖော်တစ်ယောက်ပါတယ်။ အံ့ဩစရာပဲနော် အတူတူသွားကြရအောင်ဆိုရင် သွားဖြစ်ချင်မှ သွားဖြစ်ကြမှာ"

အမျိုးသမီးက မပွင့်တပွင့်လေးရယ်ပြီး ပြောသည်။

လဲ့လဲ့ချို ထိုင်ရာမှ ထပြီး အိမ်သာသို့ သွားသည်။ မာလာရီက လဲ့လဲ့ချို၏ ခုံတွင် ဝင်ထိုင်သည်။

"မာလာခဏထိုင်မယ်နော်"

မာလာရီက ထိုင်ခုံတွင် ထိုင်ပြီးမှ ကျော်မျိုးနွယ်ထံတွင် ခွင့်တောင်းလိုက်သည်။

"အစ်ကို့ ထိုင်ခုံမှ မဟုတ်ဘဲ အစ်ကို့ဆီ ခွင့်တောင်းစရာ မလိုပါဘူး"

"အစ်ကို့အမျိုးသမီးက သူ့ခုံမှာ ဝင်ထိုင်လို့ စိတ်မဆိုးတန်ကောင်းပါဘူးနော်"

"သူမရှိတုန်းထိုင်တာပဲ"

"ဟုတ်ပါတယ်၊ သူမရှိတုန်းထိုင်တာပဲ၊ သူလာတော့ ဖယ်ပေးမှာပေါ့"

အမျိုးသမီးက ငေါ့သလို သဲ့သဲ့ကလေး ပြောလိုက်သည်။

"မာလာ ကနေ့ ခရီးသွားမယ့်အကြောင်း မနေ့က မပြောပါဘူး"

"စကားမှ မစပ်မိကြဘဲ၊ အစ်ကိုသွားမယ့်အကြောင်းကော ပြောလို့လား"

"စကားစပ်မိကြလို့လား"

သူတို့နှစ်ယောက် ရယ်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒါနဲ့ အစ်ကိုသူငယ်ချင်းကော"

"ဘယ်သူလဲ"

"မနေ့က လေဆိပ်ကနေ ဆေးရုံပို့လိုက်ရတဲ့လူလေ"

"ဆုံးပြီ"

"အို...ဖြစ်မှဖြစ်ရလေ"

■

လဲ့လဲ့ချို လေယာဉ်နောက်ပိုင်း အိမ်သာတွင်းမှ ထွက်လာသောအခါ သူမထိုင်ခုံတွင် တစ်ပါးအမျိုးသမီးထိုင်နေကြောင်း တွေ့ရသည်။ ကျော်မျိုးနွယ်နှင့် ရယ်ရယ်မောမော စကားပြောနေကြောင်း မြင်ရသည်။ စိတ်ထဲတွင် တစ်မျိုး ဖြစ်သွားသည်။ ပထမတွင် မိမိနေရာသို့အရောက် လျှောက်သွားမည်ဟု စိတ်ကူးသည်။ ထို့နောက် လေယာဉ်အနောက်ပိုင်းတွင် ထိုင်ခုံလွတ်တစ်ခုကို တွေ့မြင်သဖြင့် စိတ်ပြောင်းလိုက်သည်။ ထိုအမျိုးသမီး၏ ထိုင်ခုံပင် ဖြစ်ပေလိမ့်မည်။ ပြတင်းပေါက်ဘက်တွင် ဖြစ်သည်။

လမ်းဘက်ထိုင်ခုံတွင် အမျိုးသားတစ်ယောက် ထိုင်နေသည်။ လူလုံး လူထည် ငေးသေးငယ်ငယ်ပင်ဖြစ်သည်။ မဂ္ဂဇင်းတစ်စောင် ဖတ်နေသည်။ သူကစာဖတ်မပျက်ဘဲ သူမကို လမ်းဖယ်ပေးသည်။ သူ့ခေါင်းတွင် ဆံပင် ပါးပါးကျဲကျဲသာ ရှိသည်။ လဲ့လဲ့ချိုက ထိုသူအား နောက်ထပ် အမှုမထားတော့။

လဲ့လဲ့ချိုသည် မာလာရီ၏ ခုံတွင်ထိုင်ပြီး အတန်ကြာမျှ ငိုင်နေသည်။ စိတ်ထဲတွင် စနိုးစနောင့် ဖြစ်နေသည်။ တစ်စုံတစ်ခုကို မကျေနပ်သလို ရှိနေသည်။

ခဏကြာသောအခါ လဲ့လဲ့ချိုသည် ပင့်သက်ဖြာလိုက်ပြီးနောက် ပခုံးသိုင်း သားရေအိတ်အတွင်းမှ ခရီးဆောင်မြေပုံစာရွက်ကို ထုတ်ယူလိုက်သည်။ မြောက်ပိုင်း ရှမ်းပြည်နယ်၏ အံသေးစိတ်မြေပုံကို ကြည့်သည်။ မြေပုံပေါ်မှ နာမည်များကို လက်ဖြင့် ထောက်ပြီး တစ်လုံးချင်း လိုက်ကြည့်နေသည်။ မ နှင့် စသော နာမည်တွေ အများကြီး တွေ့သည်။



သို့သော် မဏ္ဍလနှင့် ဆက်သော အမည်ကား တစ်ခုမျှ မတွေ့ရချေ။

နောက်တစ်ကြိမ် ပင့်သက်ဖြာပြီး မြေပုံစာအုပ်ကို အိတ်ထဲသို့ ပြန်ထည့်လိုက်သည်။ ရှေ့ဘက်သို့ လှမ်းကြည့်သည်။ ကျော်မျိုးနွယ်နှင့် မာလာရီ ခေါင်းများ လှုပ်ရမ်းနေသည်ကို မြင်ရသည်။ သူတို့ စကားပြောနေကြသည်။ သူတို့ ရယ်နေကြသည်။

လဲ့လဲ့ချို ထိုင်ရာမှ ထလိုက်သည်။ ဘေးထိုင်ခုံမှ အမျိုးသားအနည်းငယ် လှုပ်ရှားသွားသည်။ သူမ အပြင်ထွက်သာအောင် လမ်းဖယ်ပေးသည်။ လဲ့လဲ့ချိုရှေ့ဘက်သို့ လျှောက်သွားသည်။ ကျော်မျိုးနွယ်၏ ဘေးတွင် စုံရပ်လိုက်သည်။ စကားပြောနေသူနှစ်ဦး သူမကို မော့ကြည့်ကြသည်။

"ဪ... ပြန်လာပြီလား"

မာလာရီ နေရာမှထပြီး အပြင်ဘက်သို့ ထွက်ပေးသည်။ လဲ့လဲ့ချို အတွင်းဘက်သို့ ဝင်ထိုင်သည်။

"မမာလာရဲ့ ခုံမှာ လဲ့လဲ့ ခဏဝင်ထိုင်ခဲ့တယ်။ ခွင့်လွှတ်ပါနော်"

လဲ့လဲ့ချိုက ယင်းသို့ ပြောလိုက်သောအခါ မာလာရီ သူတို့အပါးမှ ပ်သုတ်သုတ် ထွက်ခွာသွားသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ကိုး

သူတို့နှစ်ယောက် ကိန္နရီဟိုတယ် စားသောက်ခန်းထဲတွင် ကိုယ် ...တွေးနှင့်ကိုယ် ငြိမ်သက်တိတ်ဆိတ်စွာ ထိုင်နေကြသည်။ လုံလုံချိုက ထင်းရှူးပင်များကို ငေးနေသည်။ ကျော်မျိုးနွယ်ကမူ မျက်နှာစာ ဝင်းခြ ...သို့ မျက်နှာမူထားသည်။

သူတို့သည် တောင်ကြီးသို့ ရောက်ရောက်ချင်းပင် လုံလုံချို၏ အသိ ...မိမ်သို့ သွားကြသည်။ လွန်ခဲ့သည့် တစ်လကပင် မန္တလေးသို့ ပြောင်းသွား ပြီဟု သိရသဖြင့် လုံလုံချို ငိုင်သွားသည်။ ကျော်မျိုးနွယ်က အခြားမရှိတော့ သဖြင့် ကိန္နရီဟိုတယ်သို့ သူမကိုခေါ်လာရသည်။ တောင်ကုန်းမြင့် ကလေးပေါ်တွင် သန့်သန့်ပြန့်ပြန့် သပ်သပ်ရပ်ရပ် တည်ဆောက်ထား သော ကိန္နရီ ဟိုတယ်ကို မြင်တွေ့ရသောအခါ လုံလုံချို၏ မျက်နှာ အနည်းငယ် လန်းသွားသည်။ မျက်နှာတွင် စိတ်သက်သာရာ ရရှိဟန် သိသိသာသာ ထင်ပေါ်လာသည်။

သူမအတွက် တစ်ယောက်ခန်းတစ်ခု သီးသန့်ငှားပေးလိုက်သော အခါတွင်မူ အမျိုးသမီး၏ မျက်နှာတွင် အပြုံးရိပ်ဝင်လာသည်။ ကျော် မျိုးနွယ် အခန်းက နှစ်ခန်းကျော်တွင် ဖြစ်သည်။

ကိန္နရီသည် အမျိုးသမီးများ ဣန္ဒြေရရ တည်းခိုနိုင်သော ဟိုတယ်



...င်ခုပင်ဖြစ်သည်။ အေးဆေး ငြိမ်သက်သည်။ လုံခြုံစိတ်ချရသည်။

အခန်းထဲတွင် ပစ္စည်းများ ထားခဲ့ကြပြီးနောက် စားသောက်ခန်းသို့ ...င်းခဲ့ကြသည်။ ကော်ဖီပူပူနှစ်ခွက် မှာယူကြသည်။

ကျော်မျိုးနွယ်သည် လုံလုံချိုကို အနှောင့်အယှက် မပေးလိုသဖြင့် ...ားပြောဆိုခြင်း မပြုဘဲ အတွေးကမ္ဘာတွင် လည်ပတ်နေမိသည်။

ဟဲဟိုးလေဆိပ်တွင် လေယာဉ်ပျံဆိုက်သောအခါ သူတို့နှစ်ယောက် ...ရင်ဆင်းသည်။ အနည်းငယ် ရှေ့လောကြီးသွားသည်ဟု ကျော်မျိုးနွယ် ...က်မိသည်။ မိမိတို့လေယာဉ်ပေါ်မှ မဆင်းမီတွင် မာလာရီ၏ အရိပ် ...ခြည်ကို ကြည့်ဖို့ကောင်းသည်။ မာလာရီ ဆင်းမဆင်း အရင်သတိပြုဖို့ ...ာင်းသည်။ ယခုတော့ မိမိတို့နေရာမှ ထလာပြီးမှ မာလာရီကို တွေ့မြင် ...တိပြုမိသဖြင့်

"ဒီမှာဆင်းကြမယ်"

သူက နှုတ်ဆက်သလို ပြောလိုက်မိသည်။ ထိုအခါ အမျိုးသမီးက–

"မာလာလည်း ဒီမှာဆင်းမှာပဲ"

"မာလာက ဘယ်သွားမှာလဲ"

"မာလာသွားတဲ့ဆီကို အစ်ကိုလိုက်မလို့ မေးတာလား"

"အို... မဟုတ်ပါဘူး"

သည့်နောက်တွင်ကား သူတို့က အငှားဂျစ်ကားတစ်စီးဖြင့် တောင် ...ီးသို့ တက်ခဲ့ကြသည်။ မာလာရီ လေဆိပ်တွင်ကျန်ရစ်သည်။ ကလော ...သွားသည့်ကား ရှိမရှိ မေးနေသံ ကြားခဲ့ရသည်။

မာလာရီအကြောင်း စဉ်းစားနေမိသဖြင့် ကျော်မျိုးနွယ်က သူ့ကိုယ် ... အပြစ်တင်လိုက်မိသည်။ မာလာရီက သူ့အတွက် ဘာမျှ အရေး ...ီးသည် မဟုတ်ပေ။ သူစဉ်းစားရမည်က ဝက်ဝံရုပ်ကလေးများသာ ...ဖြစ်သည်။ သူ ယခုခရီးတွက်ခဲ့သည်က ဝက်ဝံရုပ်ကလေးများ ရှာဖွေ ... ဖြစ်သည်။ သူရှာဖွေသော ဝက်ဝံရုပ်ကို တွေ့ပါမည်လား။

ဝက်ဝံနီကလေးကို တောင်ကြီးသို့ သွားသည့် မိသားစုတစ်စုက ...ယ်သွားခဲ့သည်။ သူတို့သည် ဟိုတယ်တွင် တည်းကြလိမ့်မည်ဟု ထင်

www.burmeseclassic.com

www.burmeseclassic.com



ရသည်။ သို့သော် မည်သည့်ဟိုတယ်တွင် တည်းမည်ဟု တတ်အပ် မသိ ရပေ။ ထားတော့၊ သူတို့ကို ရှာဖွေ၍ တွေ့သည့်တိုင် သူလိုချင်သော ဝက်ဝံဖြစ်ဖို့က လိုသေးသည်။ ဝက်ဝံနီထဲတွင် သူလိုချင်သော သတင်း မရှိခဲ့လျှင် ဘာ လုပ်ရမည်နည်း။ ဝက်ဝံစိမ်းနောက်သို့ ဆက်၍လိုက်ရ မည်လား၊ ဝက်ဝံရုပ်ထဲတွင် ထားခဲ့သော သက်နိုင်၏ သတင်းကကော အဘယ်မျှ အသုံးဝင် အရေးကြီးချေမည်နည်း။

ဟိုတယ်တွင်းသို့ လူတစ်ယောက် ဝင်လာသည်။ လူလုံးသေးသေး ငယ်ငယ် ဖြစ်သည်။ သက္ကလပ်ဦးထုပ် ဆောင်းထားသည်။ ဧည့်ခန်း ကုလားထိုင်တွင် ဝင်ထိုင်သည်။ ကျော်မျိုးနွယ်က သူ့ကို စိတ်မဝင်စားပါ ဂရုမပြုတော့ပါ။

သို့သော် ဟိုတယ်တွင်းသို့ နောက်ထပ် ဝင်ရောက်လာသော သူကို ဂရုမပြုဘဲ မနေနိုင်ပါ။ ထိုသူကား အခြားမဟုတ်၊ မာလာရီပင်တည်း

အမျိုးသမီးက ခပ်ကြော့ကြော့ကလေး လျှောက်ဝင်လာသည်။ ရင် လည်း လှုပ်အိသည်။ တင်လည်း လှုပ်အိသည်။ ကျော်မျိုးနွယ်၏ ရင် လည်း လှုပ်အိရတော့သည်။

ကျော်မျိုးနွယ်က အနီးတွင် ထိုင်နေသော လဲ့လဲ့ချို၏ လက်မောင်း ကို ညာလက်ဖြင့် လှမ်းဆုပ်လိုက်သည်။ အမျိုးသမီးက ထိတ်လန့်စွာ လှည့် ကြည့်သည်။ သူက မာလာရီထံသို့ မေးငေါ့ပြလိုက်သည်။ ထိုအခါ လဲ့လဲ့ချို ပါးစပ်အဟောင်းသား ဖြစ်သွားသည်။

"ဒါနဲ့...အစ်ကို ပြောတော့ သူကလောကို သွားမှာဆို"

"ထင်တာပဲလေ"

"နေပါဦး၊ သူက ဘယ်သူလဲ"

"မသိဘူး"

"ဘာပြောတယ်"

"အစ်ကိုလည်း သူ့ကို မနေ့ကမှ 'သိတာပဲ"

ကျော်မျိုးနွယ်က ယမန်နေ့ကအကြောင်း အတိုချုံး၍ ပြောလိုက် သည်။



"သူလဲ့လဲ့တို့ နောက်ကို လိုက်နေတာနဲ့ တူတယ်"

"ဖြစ်နိုင်တယ်၊ မနေ့က အစ်ကို့ကားနဲ့ တိုက်မိမလိုဖြစ်တာ တမင် လုပ်တာ ဖြစ်နိုင်တယ်။ သူလေဆိပ်ကို လိုက်လာတယ်။ အခုတောင်ကြီး အထိ ပါလာပြီ"

"သူလိုက်နေတာကို အစ်ကိုကတော့ သဘောကျမှာပါ"

"ဘာပြုလို့လဲ"

"မာလာက လှတယ်မဟုတ်ဘူးလား"

"အို...အရေးထဲမှာ"

ယင်းအခိုက် ဟိုတယ်တွင်းသို့ မိသားစုတစ်စုဝင်လာသည်။ လဲ့လဲ့ ချိုသည် ရုတ်တရက် ထိုင်ရာမှထလိုက်သည်။ ပြီးမှ ပြန်ထိုင်သည်။

"တွေ့ပြီ...တွေ့ပြီ"

"ဘာလဲ"

"ဟိုအင်္ကျီအနီနဲ့ ကောင်မလေး၊ အနီ အနီ"

"အစ်ကိုသိပြီ၊ လဲ့လဲ့ ဣန္ဒြေမပျက်ပါနဲ့၊ ငြိမ်ငြိမ်ထိုင်နေပါ၊ သူတို့ကို မကြည့်ပါနဲ့"

"အင်းပါ"

ခဏအကြာတွင် မာလာရီရော အင်္ကျီနီ မိသားစုရော မြင်ကွင်းမှာ ပျောက်ကွယ်သွားသည်။ ကျော်မျိုးနွယ်က လဲ့လဲ့ချိုကို စားပွဲတွင် ထားခဲ့ ပြီး လက်ခံကောင်တာဆီသို့ လျှောက်သွားသည်။

ထိုအခါတွင်မှ လဲ့လဲ့ချိုသည် ဧည့်ခန်းတွင် ထိုင်နေသော သက္ကလပ် ဦးထုပ်နှင့် လူကို မြင်မိသည်။ လေယာဉ်ပေါ်မှာတုန်းက မိမိနံဘေးတွင် ထိုင်သူ၊ မိမိနံဘေးဆိုသည်က မာလာရီ၏ နံဘေးပင်ဖြစ်သည်၊ မာလာရီ ၏ အဖော်ပင်ဖြစ်သည်။

ကျော်မျိုးနွယ်က ဟိုတယ်စာရေးထံတွင် မာလာရီ၏ အခန်းနံပါတ် ကို မေးသည်။ ရသည်။ ထို့နောက်...

"အင်္ကျီနီကလေးနဲ့ ကလေးမိသားစုကကော"

"အခန်း ၁၀"

www.burmeseclassic.com

www.burmeseclassic.com



"သူ့အဖေနံမည်က ဦး..."

"ဦးအောင်ဝင်း"

"ဟုတ်ပြီ၊ ဦးအောင်ဝင်း၊ ဦးအောင်ဝင်း၊ သူနဲ့ကျွန်တော် ရန်ကုန်မှာ တစ်ခါနှစ်ခါ တွေ့ဖူးတယ်။ နာမည်မေ့နေလို့၊ တော်ကြာနေမှ သွားပြီး နှုတ်ဆက်ရဦးမယ်"

## အခန်း တစ်ဆယ်

လဲ့လဲ့ချိုရှိရာသို့ ကျော်မျိုးနွယ် ပြန်သွားသည်။ လဲ့လဲ့ချိုက သက္ကလပ်ဦးထုပ်နှင့် လူအကြောင်းပြောသည်။ ကျော်မျိုးနွယ်က မာလာရီ၏ အခန်း နံပါတ်၊ အကျီ်နီ ဝတ်ထားသော ကလေးမလေး၏ ဖခင် အမည်နှင့် အခန်း နံပါတ်တို့ကို ပြောခဲ့သည်။

"အစ်ကိုတို့နောက်ကို သူကိုလိုက်နေတာကတော့ အမှန်ပဲ"

"သူတို့ဆိုတာ ဘယ်သူတွေလဲအစ်ကို"

"မသိဘူး၊ သူတို့အထဲမှာ မာလာရီနဲ့ သက္ကလပ်ဦးထုပ်နဲ့လူ ပါတာ တော့ အမှန်ပဲ"

"သူတို့ ဘယ်လိုလုပ်ပြီး လဲ့လဲ့တို့နောက်ကို လိုက်လာနိုင်တယ် မသိ ဘူး"

"ရန်ကုန်မှာကတည်းက အစ်ကိုတို့နောက်ကို နောက်ယောင်ခံနေလို့ ဖြစ်မှာပေါ့"

"အစ်ကို့သူငယ်ချင်းကို သတ်တာကော သူတို့ပဲဖြစ်မလား"

လဲ့လဲ့ချိုက အသံနိမ့်ပြီး မေးသည်။

"ဖြစ်နိုင်တာပဲ"

"လဲ့လဲ့တို့ ဝက်ဝံရုပ်တွေနောက် လိုက်နေတယ်ဆိုတာ သူတို့ သိ သလား"

www.burmeseclassic.com

www.burmeseclassic.com



"သိမယ် မထင်ဘူး၊ မသိနိုင်ဘူး"

"ဒါဖြင့် လဲ့လဲ့ချို ဘယ်ကိုသွားပြီး ဘယ်နောက်ကို လိုက်နေတယ်လို့ သူတို့ထင်မလဲ"

ကျော်မျိုးနွယ်က မေးကို လက်ဖြင့်ပွတ်၍ စဉ်းစားနေရင်း

"သက်နိုင်က ကလေးမကလေးနောက်ကို လိုက်နေတာဆိုတော့ အစ်ကိုတို့ကိုလည်း ကလေးမကလေးနောက်ကို လိုက်နေတာပဲလို့ သူတို့ ထင်မှာပဲ"

"အခု လဲ့လဲ့တို့ ဘာလုပ်ကြမလဲ"

ဝက်ဝံနီကလေးကို ရဖို့ပဲ"

"ဒါတော့ ဟုတ်ပြီလေ၊ ဘယ်လိုလုပ်ပြီး ရအောင် ယူမလဲ"

ကျော်မျိုးနွယ်က သူတို့၏ ဘေးစာပွဲများတွင် လူရှင်းနေကြောင်း သေချာအောင် ထပ်ကြည့်ပြီး...

"ရုပ်ရှင်ထဲမှာဆိုရင် ဓာတ်လိုက်က စွန့်စွန့်စားစား အခန်းထဲကို ဝင်ပြီး ယူမှာပဲ၊ သူတို့မရှိတုန်း အခန်းတံခါးကို သော့တူနဲ့ ဖွင့်ပြီး ဝင်ချင် ဝင်မယ်၊ ဒါမှမဟုတ် ခေါင်မိုးပေါ်ကနေပြီး ပြတင်းပေါက်ထဲကို ဝင်ချင် ဝင်မယ်"

"အစ်ကိုက ဓာတ်လိုက်လုပ်မလို့ စိတ်ကူးထားလို့လား"

"ကြံကြီးစည်ရာ"

"စိတ်ကူးထားရင်တော့ ဒိုင်ဗင်ထိုးပြီး ဝင်နိုင်းမလို့ပါ"

"ဓာတ်လိုက်မင်းသမီးပါရင် ဝင်ပါတယ်။ ဒိုက်ဗင်ပဲ ထိုးရထိုးရ ကျွမ်းပဲ ထိုးရထိုးရ"

ထိုစကားကို အမျိုးသမီး မကြားဟန်ပြုသည်။ တစ်ဖက်သို့ ငေးနေသည်။ ပြီးမှ...

"လဲ့လဲ့ သွားလိုက်မယ်လေ၊ လဲ့လဲ့ကို သူတို့မှတ်မိမှာပါ။ အရုပ် ကလေးကို မှားပြီး ရောင်းလိုက်မိတယ်လို့ ပြောမယ်။ ပြန်ရောင်းပါလို့ ပြောမယ်၊ အစားလိုချင်ရင် အစားပေးမယ်လို့ ပြောမယ်"

"ကောင်းတယ်၊ အစ်ကိုလည်း လိုက်ခဲ့မယ်လေ"



"ဒါနဲ့ သူတို့အခန်းက မာလာရီရဲ့ အခန်းနဲ့ ကပ်နေတယ်ဆို"

"၈နဲ့ ၁၀ဆိုတော့ တစ်ခန်းပဲ ခြားတာပေါ့။ ဘာပြုလို့လဲ"

"လဲ့လဲ့တို့ကို မာလာရီ တွေ့သွားရင်တော့ မကောင်းဘူးထင်တယ်"

"မာလာက အပေါက်မှာ ရပ်မနေပါဘူး၊ သူ့အခန်းထဲမှာ တံခါးပိတ်ပြီး နေမှာပါ"

"ဖြုံးခနဲ တံခါးဖွင့်လိုက်ရင် ဘယ့်နှယ်လုပ်မလဲ၊ ဒါမျိုးဆိုတာက တိုက်ဆိုင်တတ်တယ်"

"ကိစ္စမရှိပါဘူး၊ အစ်ကိုက တံခါးကို ပွင့်အောင် မဖွင့်တတ်ပေမယ့် ဖွင့်မရအောင်တော့ လုပ်တတ်ပါတယ်"

သို့ဖြင့် သူတို့နှစ်ယောက်သည် လက်ယာဘက် အဆောင်သို့ ရောက်ရှိ သွားကြသည်။ မာလာရီ၏ အခန်းသည် ထောင့်ခန်းဖြစ်သည်။ ကျော်မျိုးနွယ်သည် အခန်းနံပါတ်၏ အနီးသို့ ခြေသံမကြားအောင် လျှောက်သွားသည်။ အခန်းတံခါးရှေ့သို့ ရောက်သောအခါ သော့ပေါက် ထဲသို့ ဘောပင်မင်ချောင်းကို အကောက်ကလေး ကောက်ပြီး ထိုးထည့် လိုက်သည်။ အသံမြည်သွားသည်။ အထဲမှ လှမ်းမေးသည်။

"ဘယ်သူလဲ"

သူတို့မဖြေဘဲ အခန်းနံပါတ် ၁၀ဆီသို့ ခပ်သုတ်သုတ်လျှောက်သွား ကြသည်။ အခန်းရှေ့သို့ ရောက်သောအခါ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်ပြီးနောက် ကျော်မျိုးနွယ်က တံခါးခေါက်သည်။

"ဘယ်သူလဲ"

ယောကျ်ားသံဖြစ်သည်။ ဦးအောင်ဝင်းဖြစ်သည်။

"ကျွန်မပါ ဦးအောင်ဝင်း"

လဲ့လဲ့ချိုက အသံမှန်မှန်ငြိမ်ငြိမ်ဖြင့် ဖြေလိုက်သည်။ တံခါး ပွင့် လာသည်။ ဦးအောင်ဝင်းက လူစိမ်းနှစ်ယောက်ကို ဇဝေဇဝါကြည့်နေ သည် သူသိမသိ စဉ်းစားနေဟန်ဖြစ်သည်။

"ကျွန်မကို မမှတ်မိဘူးလား"

လဲ့လဲ့ချိုက ပြောပြောဆိုဆို အခန်းတွင်းသို့ ဝင်လိုက်သည်။ ကျော်

www.burmeseclassic.com

www.burmeseclassic.com



မျိုးနွယ်ကလည်း လဲ့လဲ့ချိုနှင့် တစ်ပါတည်း ဝင်လိုက်ပြီး အခန်းတံခါးကို ပြန်ပိတ်ထားလိုက်သည်။

ဦးအောင်ဝင်းက နောက်သို့ အနည်းငယ် ဆုတ်လိုက်သည်။ သူတို့ နှစ်ယောက်၏ အပြုအမူကို မသင်္ကာဟန်ရှိသည်။ ကျော်မျိုးနွယ်က–

"ကျွန်တော်တို့ လူကောင်းတွေပါ။ ဦးအောင်ဝင်းနဲ့ ပြောစရာကိစ္စကလေး နည်းနည်း ရှိလို့ပါ"

"အစ်ကိုကြီး ဘယ်က ဧည့်သည်တွေလဲ"

ရေချိုးခန်းတွင်းမှ ဦးအောင်ဝင်း၏ ဇနီးအသံထွက်ပေါ်လာသည်။ ထို့ နောက် လူကိုယ်တိုင်ပေါ်လာသည်။

"အစ်ကိုကြီး ဘယ်က ဧည့်သည်တွေလဲ"

ရေချိုးခန်းတွင်းမှ ဦးအောင်ဝင်း၏ ဇနီးသံ ထွက်ပေါ်လာသည်။ ထို့ နောက် လူကိုယ်တိုင် ပေါ်လာသည်။

"အစ်မကြီး ကျွန်မကို မမှတ်မိဘူးလား၊ မင်္ဂလာဒုံလေဆိပ် လက်ဆောင်မွန်ဆိုင်ကပါ။ မနေ့ကပဲ အစ်မကြီးရဲ့သမီးကို ကျွန်မအရုပ်တစ်ရုပ် ရောင်းလိုက်ပါသေးတယ်။

"သမီးလေး အေးအေးဝင်းလား"

အမျိုးသမီးက ခုတင်ပေါ်သို့ လှမ်းကြည့်ရင်း ပြောသည်။ ကလေးမကလေးသည် ခုတင်ပေါ်တွင် တင်ပျဉ်ခွေပြီး ထိုင်နေသည်။

"ဟော့ အေးအေးဝင်း"

လဲ့လဲ့ချိုက ကလေးမကလေးကို ရင်းနှီးစွာ နှုတ်ဆက်လိုက်သည်။ သို့သော် ကလေးမကလေးက သူမအား မျက်လွှာတစ်ချက် လှန်ကြည့်ပြီး ရှုတည်တည်နေသည်။ ပါးလွှာသော နှုတ်ခမ်းနှစ်ခုကို ချွန်အောင် စုထားသည်။

"သြော်...အင်း...အင်း အဲဒါလား"

ဦးအောင်ဝင်းက ပြောသည်။ ထို့နောက် ကျော်မျိုးနွယ်ကို စူးစမ်းသော မျက်လုံးများ ကြည့်နေပြန်သည်။

"ကျွန်တော့်နာမည် ကျော်မျိုးနွယ်ပါ"



"ကျွန်မတို့ မနေ့က ရောင်းလိုက်တဲ့ အရုပ်ကလေးကို အစ်မကြီးတို့ ဆီကနေ ပြန်ဝယ်ချင်လို့ပါ။ အဲဒီအရုပ်ကလေးဟာ ကျွန်မတို့အတွက် သေရေးရှင်ရေး ဖြစ်နေပါတယ်။ ရှင်းပြရမယ်ဆိုရင်တော့ ဇာတ်လမ်းက အရှည်ကြီးပဲ။ ဒါပေမယ့် ကျွန်မတို့မှာ အချိန်မရှိလို့ ရှင်းမပြပါရစေနဲ့တော့၊ အစ်မကြီးတို့ တောင်းတဲ့ဈေးကို ကျွန်မတို့ ပေးပါ့မယ်။ ကျေးဇူးပြုပြီး ကူညီတဲ့အနေနဲ့ ကျွန်မတို့ကို ပြန်ရောင်းပါရှင်"

လဲ့လဲ့ချိုက အချိုသာဆုံးမျက်နှာ၊ အပျော့ဆုံးသော လေသံဖြင့် မေတ္တာရပ်ခံနေသည်။

"ညီမလေး ပြောနေတာ ဝက်ဝံရုပ်စဘူးကလေးကိုလား"

ဦးအောင်ဝင်း၏ ဇနီးက ခုတင်စွန်းတွင် ထိုင်ရင်းမေးသည်။

"ဟုတ်ပါတယ်၊ ဝက်ဝံရုပ်ကလေးပါ၊ ကျွန်မ အဲဒီအရုပ်ကလေးကို မှားပြီး ရောင်းလိုက်မိတာပါ။ အစ်မကြီးတို့ လိုချင်တယ်ဆိုရင် အဲဒီဝက်ဝံမျိုး ကျွန်မအစားပေးပါ့မယ်။ တစ်မျိုးတည်း၊ တစ်ပုံစံတည်းပါ။ အစ်မကြီးတို့ဆီ ပို့ပေးပါ့မယ်။ နောက်ပြီး အစ်မကြီးတို့ တောင်းတဲ့ပိုက်ဆံကိုလည်း ကျွန်မတို့ ပေးသွားပါ့မယ်၊ ဟုတ်လား အစ်မကြီး"

ဦးအောင်ဝင်းတို့ မိသားစုသုံးယောက်စလုံးသည် လဲ့လဲ့ချိုကို မျက်လုံးပြူးပြီး ကြည့်နေကြသည်။

ကျော်မျိုးနွယ်သည် တံခါးကိုကျောမှီ၍ ရပ်နေရင်း အပြင်ဘက်မှ အသံများကို အာရုံပြုနေသည်။

"အစ်မကြီးတို့ လက်ထဲမှာ အရုပ်ကလေး ရှိပါသေးတယ်နော်"

ကျော်မျိုးနွယ်က စိုးရိမ်ဟန်ဖြင့် မေးလိုက်သည်။

"ရှိပါတယ်။ အေးအေးဝင်းက သူ့ပစ္စည်းတွေကို သေသေချာချာ သိမ်းထားတယ်။ ဒါပေမယ့် ကျွန်မတစ်သက်မှာ ဒါမျိုး တစ်ခါမှ မကြားဖူးဘူး၊ ဖေဖေကြီးရေ. ကျွန်မအိပ်ပျော်ပြီး အိပ်မက်မက်နေတာတော့ မဟုတ်ပါဘူးနော်"

အမျိုးသမီးကြီးက သူ့ယောကျ်ားကို လှမ်းမေးလိုက်သည်။

"ဝက်ဝံရုပ်ကလေးကို မှားပြီး ရောင်းလိုက်တယ် ဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



ဦးအောင်ဝင်းက လဲ့လဲ့ချိုကို မေးသည်။ သို့ဖြင့် တစ်ဖန် လဲ့လဲ့ချိုသည် စောစောက သူမပြောခဲ့သော စကားများကို တစ်ကြိမ်ထပ်၍ ပြောရပြန်သည်။

ယင်းအခိုက်တွင် ကလေးမကလေးသည် ခုတင်ပေါ်တွင် တစ်ပတ်လိမ့်သွားပြီး ခရီးဆောင် လက်ဆွဲအိတ်ဆီသို့ ရောက်ရှိသွားသည်။

ဤသူများနှင့် အပြေအလည် ဆွေးနွေး၍ ရနိုင်သည်ဟု ကျော်မျိုးနွယ် တွက်ဆလိုက်သည်။ သူတို့တွင် လိုက်လျောသည့်သဘောရှိသည်။ သူတို့အတွက် ဤဝက်ဝံရုပ်သည် မည်သို့မျှ အသုံးမဝင်ပါချေ။ ဤအရုပ်ကလေးကို စွန့်လွှတ်ဖို့ သူတို့အတွက် ဘာမျှ ဝန်လေးစရာ မရှိချေ။ သို့သော် လူဆိုသည်မှာ သူ့သူ့ကိုယ်ကိုယ် ရှုးစမ်းတတ်သည့် သဘောရှိသည်။ အံ့ဩ တတ်သည်။

"ဘယ်လိုလုပ်ပြီး မှားတာလဲ"

ဦးအောင်ဝင်းက မေးသည်။

"ဒီအရုပ်ကလေးက ကိုကျော်မျိုးနွယ် ဝယ်ပြီးသားပါ။ ကျွန်မက မှားပြီး အစ်ကိုကြီးတို့ကို ရောင်းလိုက်မိတာပါ"

"သူ့ကို ဒါမျိုး အရုပ်တစ်ရုပ် အစားပေးလိုက်ပေါ့"

"ဟူက ဒီအရုပ်ကိုမှ လိုချင်တာပါ"

"ဒါဖြင့် ဒီအရုပ်ထဲမှာ တစ်ခုခု ရှိနေပြီနဲ့ တူတယ်"

အေးအေးဝင်း၏ အမေကရုတ်တရက် ဆိုလိုက်သည်။ ကျော်မျိုးနွယ် မျက်လုံးပြူးသွားသည်။ လဲ့လဲ့ချိုကမူ

"အို...အရုပ်ထဲမှာ အေးအေးဝင်း ထည့်ထားသမျှငွေကို ကျွန်မတို့ ပြန်ပေးပါ့မယ်၊ ဘာမှမပူပါနဲ့"

"ဒီအရုပ်ကို ခွဲပစ်လိုက်မှ ဒီအရုပ်ထဲမှာ ရှိတာတွေကို ရနိုင်မှာပေါ့"

ဦးအောင်ဝင်းက ပြောသည်။

ကျော်မျိုးနွယ်က အိတ်ထဲမှ ငွေတစ်ရာခေါက်တစ်ခါက်ကို ထုတ်ယူလိုက်ပြီး...

"ဒီလိုလုပ်ပါဗျာ၊ ကျွန်တော်တို့မှာ အချိန်လည်း မရှိလို့ပါ။ ဒီအရုပ်ကို



ကျွန်တော်တို့ကို ပြန်ရောင်းပါ၊ တစ်ရာပေးပါ့မယ်"

"တစ်ရာဟုတ်လား၊ ကျုပ်တို့ ဝယ်တုန်းက တစ်ဆယ်ပဲ ပေးရတယ်"

"ဟုတ်ပါတယ်၊ ကျွန်တော်တို့က လိုချင်နေတော့ တစ်ရာပေးရမှာပေါ့"

"ဧကန္တ အထဲမှာ စိန်တွေ ရှိနေပြီထင်တယ်"

ဦးအောင်ဝင်းက သူ့မိန်းမကို လှည့်ပြောသည်။ သူ့မိန်းမကလည်း ထိုအတိုင်းပင် သဘောပေါက်သွားဟန်ရှိသည်။

"ကျွန်မတို့ ရောင်းလို့ ဖြစ်ပါ့မလား"

ကျော်မျိုးနွယ် ခေါင်းခြောက်စ ပြုလာသည်။ ပြဿနာက ထင်တာနှင့် တခြားဖြစ်လာသည်။ သူတို့ စကားတွေ များကုန်ပြီ၊ တစ်ရာ သွားပေးမိခြင်းသည် အမှားဆုံးပင်ဖြစ်သည်။

"အို...အထဲမှာ စိန်တွေ မရှိပါဘူး၊ အဖိုးတန်တဲ့ ပစ္စည်းဘာမှ မရှိပါဘူး"

ဤအချိန်တွင် အေးအေးဝင်းသည် ဝက်ဝံနီကလေးကို အိတ်ထဲမှ ဆွဲထုတ်ပြီး ရင်ခွင်ထဲတွင် ယုယစွာ ပွေ့ပိုက်ထားလိုက်သည်။

ကျော်မျိုးနွယ်နှင့် လဲ့လဲ့ချိုတို့၏ မျက်လုံးများသည် ကလေးမကလေးနှင့် ဝက်ဝံနီထံသို့ ရောက်ရှိသွားကြသည်။

"ဟင့်အင်း...ဟင့်အင်း၊ သမီးအရုပ်ကို ဘယ်သူ့ကိုမှ မပေးဘူး၊ သမီးအရုပ်ကို ဘယ်သူ့ကိုမှ မပေးဘူး၊ သမီးအရုပ်ကို မခွဲရဘူး"

"သမီးကို ဒေါ်ဒေါ်က နောက်ထပ်အသစ်တစ်ခုပေးမယ်လေ"

လဲ့လဲ့ချိုက ဆွယ်လိုက်သည်။

"ဟင့်အင်း...သမီး၊ နောက်ထပ် အသစ်မလိုချင်ဘူး၊ ဒါပဲ လိုချင်တယ်"

အေးအေးဝင်းသည် တကယ်ပင် သူမ၏ အရုပ်ကို ဖက်တွယ်ထားမည့်ဟန်ရှိသည်။ "သမီးအရုပ်ကလေးကို ဦးဦးခဏကြည့်ပါရစေ"

ကျော်မျိုးနွယ်က လက်လှမ်းလိုက်သည်။

"ဟင့်အင်း...ဟင့်အင်း"

www.burmeseclassic.com

www.burmeseclassic.com



ကလေးမကလေးက နောက်ဆုတ်သည်။

"ကဲ...ဒါဖြင့် ဖေဖေ့ကို ခဏပေးထား"

ဦးအောင်ဝင်းက သူ့သမီးလက်မှ အရုပ်ကို သူစိမ်းနှစ်ယောက်က လုယူသွားမည်ကို စိုးရိမ်ဟန် ရှိသည်။ သူ့သမီးလက်မှ အရုပ်ကို သူထံ ယူထားရန် တောင်းသည်။

"ဟင့်အင်း၊ မပေးဘူး၊ သမီးရုပ် ဘယ်သူ့ကိုမှ မပေးဘူး"

တော်တော်ခက်တဲ့ ကောင်မကလေးပါလား။

ကျော်မျိုးနွယ်၏ နဖူးတွင် ချွေးပြန်စပြုလာသည်။ လှဲ့လှဲ့ချိုလည်း ဘာလုပ်ရမှန်းမသိ ရှိနေသည်။

"ကဲ...ခင်ဗျားတို့ မြင်တဲ့အတိုင်းပဲ၊ သမီးက သူ့အရုပ်ကို သူသိပ်မြတ်နိုးနေတယ်။ ခုလောလောဆယ်တော့ ဘယ်လိုမှတောင်းလို့ ရမှာ မဟုတ်ဘူး၊ ဒီတော့ မိတ်ဆွေတို့နောက်မှ တစ်ခေါက် လာကြပါလား၊ အဲဒီတော့မှ တစ်မျိုးတစ်ဖုံ လုပ်ကြတာပေါ့"

ဦးအောင်ဝင်းက ယင်းသို့ပြောပြီး သူတို့ကို ယဉ်ကျေးစွာ နှင်ထုတ်သည့်အနေဖြင့် တံခါးကို ဖွင့်သည်။

"အို...တံခါးကို မဖွင့်ပါနဲ့"

လှဲ့လှဲ့ချိုက တားသည်။ သို့သော် နောက်ကျချေပြီ။ ဦးအောင်ဝင်းက တံခါးကို ဖွင့်ပြီး သူ့ကိုယ်တစ်ပိုင်းပင် အပြင်သို့ ရောက်သွားပြီ ဖြစ်သည်။

"ဘာဖြစ်တာလဲ"

ဦးအောင်ဝင်းက မာလာရီ၏ အခန်းဘက်သို့ ကြည့်ရင်း မေးလိုက်သည်။ အခန်းရှေ့တွင် လူတွေ စုနေသည်။ မာလာရီ၏ အခန်းတံခါးကို ဖွင့်နေကြခြင်းဖြစ်သည်။ သူတို့အခန်းထဲသို့ အသံတွေ ဝင်လာသည်။

အခန်းဝတွင် ရှိနေသော ကျော်မျိုးနွယ်က အပြင်ဘက် စင်္ကြံသို့ လှမ်းကြည့်လိုက်သည်။ သက္ကလပ်ဦးထုပ်နှင့် လူကို မြင်ရသည်။ မျက်လုံးချင်း ဆုံမိကြသည်။

ကျော်မျိုးနွယ်က ဦးအောင်ဝင်းကို အထဲသို့ ဆွဲသွင်းပြီး အခန်းတံခါးကို ပြန်ပိတ်ထားလိုက်သည်။



"ဘာလုပ်တာလဲ၊ ဘာလုပ်တာလဲ"

ဦးအောင်ဝင်း ဒေါသဖြစ်သွားဟန်ရှိသည်။ ကျော်မျိုးနွယ်ကို အော်မေးသည်။

"မဟုတ်ပါဘူး၊ ကျွန်တော်တို့ကိစ္စကို ပြီးပြတ်အောင် ပြောရအောင်ပါ"

"ဘာမှ ပြောစရာမရှိတော့ဘူး"

ဦးအောင်ဝင်းက ယတိပြတ် ဆိုသည်။

"မေမေရေ သမီးကြောက်တယ်။ သမီးအရုပ်ကို သူတို့လုကြလိမ့်မယ်"

ကလေးမလေးက သူတို့ကို လက်ညှိုးထိုးပြီး တကယ်ပင် ထိတ်လန့်ကြောက်ရွံ့သော မျက်နှာဖြင့် ဟစ်အော်နေသည်။

ဤတွင် မိခင်ဖြစ်သူက သူမ၏ သမီးကို သူမထံသို့ ဆွဲယူလိုက်သည်။ သို့သော် အချိန်အဆလွဲသွားသဖြင့် အမျိုးသမီး လဲသွားသည်။ ကလေးမကလေးသည် ခုတင်ပေါ်သို့ လဲကျသွားသည်။ သူမ၏ ရင်ခွင်ထဲတွင် ပိုက်ထားသော အရုပ်ကလေးသည် ကြမ်းပြင်ပေါ်သို့ လွင့်ကျသွားသည်။

ဝက်ဝံနီကလေး ထက်ခြမ်းကွဲသွားသည်။ အထဲမှ မတ်စေ့လေးစေ့၊ ငါးမူးစေ့လေးစေ့ ထွက်အန်ကျလာသည်။ တခြားဘာမျှ မရှိချေ။

ကျော်မျိုးနွယ် ခေါင်းခါသည်။ ပါးစပ်မှလည်း တီးတိုး ရွတ်ဆိုလိုက်သည်။

"ဘာမှ မရှိဘူး"

"ခင်ဗျားတို့လုပ်တာ ကျုပ်သမီးအရုပ်ကွဲသွားပြီ"

ဦးအောင်ဝင်းက ဆိုသည်။ ကျော်မျိုးနွယ်က စောစောက ငွေတစ်ရာခေါက်ကို ခုတင်ပေါ်သို့ ပစ်တင်လိုက်သည်။

"အဲဒီငွေတစ်ရာ အလျော်ယူထားလိုက်ပါ။ အခုလိုဖြစ်ရတာ ကျွန်တော်တို့ အများကြီးဝမ်းနည်းပါတယ်၊ ကဲ...ညီမရေ သွားကြစို့"

"ခင်ဗျားတို့ပိုက်ဆံ မလိုချင်ပါဘူး၊ ပြန်ယူသွားပါ"

www.burmeseclassic.com

www.burmeseclassic.com



ဦးအောင်ဝင်း ဟစ်အော်သည်။

ကျော်မျိုးနွယ်က တံခါးကို ဆွဲဖွင့်လိုက်သည်။ ထိုအခါ တံခါးဝတွင် စွေ့စွေ့ကလေးရပ်နေသော မာလာရီကို ဘွားခနဲ တွေ့လိုက်ပြန်သည်။

"ဟော… အစ်ကိုတို့ပါလား၊ ဒီမှာ ဘာလုပ်နေကြတာလဲ"

ကျော်မျိုးနွယ်က ဘာမှပြန်မပြောဘဲ မာလာရီကို ပွတ်ရှောင်ပြီး အပြင်ဘက်သို့ ထွက်သွားသည်။ လဲ့လဲ့ချိုလည်း သူ့နောက်မှ ထက်ကြပ်မကွာ လိုက်ပါသွားသည်။

မာလာရီက ကြမ်းပြင်ပေါ်မှ ဝက်ဝံရုပ်နှစ်ခြမ်းကွဲကလေးကို ငေးကြည့်နေသည်။ ထို့နောက် "ဝက်ဝံရုပ်၊ ဝက်ဝံရုပ်"ဟု ခပ်ဖွဖွကလေး ရွတ်ဆိုနေတော့သည်။

## အခန်း တစ်ဆယ့်တစ်

သူတို့နှစ်ယောက်သည် ညနေခင်းအပျင်းဖြေ လမ်းလျှောက်ကြသည့်ပမာ တောင်ကြီးမြို့ အထက်ပိုင်း ထင်းရှူးမြိုင်လမ်းအတိုင်း တောင်မြောက်သို့ လျှောက်လျက် ရှိကြသည်။

"ဘယ်လိုလုပ်ကြမလဲ"

အတန်ကြာ လျှောက်မိသောအခါ လဲ့လဲ့ချိုက မေးသည်။

"လားရှိုးကို အမြန်ဆုံး ဘယ်လိုရောက်အောင် သွားရမလဲ စဉ်းစားနေတယ်"

"ဝက်ဝံစိမ်းနောက်ကို လိုက်ဦးမယ်ပေါ့"

"လိုက်ရမှာပေါ့၊ တစ်ခုမဟုတ်ရင် တစ်ခုဟုတ်ရမှာပေါ့"

"အမြန်ဆုံးနည်းလမ်းကတော့ မနက်ဖြန်နေ့ခင်း လေယာဉ်ပျံနဲ့ လိုက်ဖို့ပဲ"

"သူတို့ မသိဖို့ လိုတယ်"

"သူတို့ သိပြီးပါပြီ"

"ဘာ…"

ကျော်မျိုးနွယ်က ထိတ်လန့်တကြား ပြန်မေးသည်။

"လဲ့လဲ့တို့ လားရှိုးသွားမယ်ဆိုတာ သူတို့ သိပြီးပါပြီ"

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုလုပ်ပြီး သိသလဲ"

"လေယာဉ်ပျံပေါ်မှာတုန်းက မာလာရီရဲ့ ခုံမှာသွားထိုင်ရင်း လဲ့လဲ့ချို မြေပုံထုတ်ကြည့်တယ်။ ရှမ်းပြည်နယ် မြောက်ပိုင်းကို ကြည့်တယ်။ လားရှိုးတစ်ဝိုက်ကို ကြည့်တယ်။ အဲဒါကို ဘေးမှာ ထိုင်နေတဲ့ ဟို သတ္တုလုပ် ဦးထုပ်နဲ့ လူမြင်သွားတယ်။ အမှန်တော့ လဲ့လဲ့အပြစ်ပါပဲ"

ကျော်မျိုးနွယ် လေတစ်ချက်ချွန်လိုက်သည်။

"ဟုတ်ပြီ ဒါဖြင့်ရင် တစ်မျိုးလုပ်မယ်၊ လာ ဟိုတယ်ကို ပြန်ကြစို့"

သူတို့နှစ်ယောက် ကိန္နရီသို့ ပြန်ခဲ့ကြသည်။ ဟိုတယ်ဧည့်ခန်းတွင် သတ္တုလပ်ဦးထုပ်နှင့်လူ မဂ္ဂဇင်းတစ်စောင် ဖတ်နေသည်။ ကျော်မျိုးနွယ်က ဟိုတယ်စာရေးကို မနက်ဖြန် လားရှိုးလေယာဉ်လက်မှတ် နှစ်စောင် လိုချင်ကြောင်း ပြောသည်။ ပိုက်ဆံပေးသည်။ စာရေးက ရအောင် ဝယ်ပေးမည်ဟု တာဝန်ခံသည်။ သတ္တုလပ်ဦးထုပ်နှင့်လူသည် ကျော်မျိုးနွယ်တို့ ရှိရာသို့ တစ်ချက်မျှသာ ကြည့်ပြီးနောက် စာဆက်ဖတ်နေသည်။

ထို့နောက် ကျော်မျိုးနွယ်က ဟိုတယ်စာရေးကို မြို့ထဲ လျှောက်လည်ဖို့ ဂျစ်ကားတစ်စင်း ငှားပေးရန်ပြောသည်။ သတ္တုလပ်ဦးထုပ်နှင့်လူ မာလာရီ၏ အခန်းရှိရာဘက်သို့ ထွက်သွားသည်။

မကြာမီ ဂျစ်ကားတစ်စီး ရောက်လာသည်။ ကျော်မျိုးနွယ်နှင့် လဲ့လဲ့ချို လိုက်ပါသွားသည်။ ကိုက်တစ်ရာလောက် မောင်းမိသောအခါ ကျော်မျိုးနွယ်က ကားဆရာအား...

"ခင်ဗျားကိုယ်ပိုင်ကားလား၊ အငှားမောင်းကားလား"

"ကိုယ်ပိုင်ကားပါ"

"တကယ်လို့ ခရီးဝေးသွားမယ်ဆိုရင် ခင်ဗျားအိမ်ကို ဝင်ပြောရဦးမလား"

"ဆရာတို့ ဘယ်သွားချင်လို့လဲ"

"အင်းလေး သွားချင်လို့ပါ"

"ဖြစ်ပါတယ်၊ ကျွန်တော့်အိမ်က လမ်းမှာတင်ပါ ဝင်ပြောသွားတာပေါ့"



သို့သော် သူတို့ကား တောင်ကြီးမြို့မှ ထွက်မိသောအခါ ကျော်မျိုးနွယ်က—

"ကျသင့်ငွေထက် ကျွန်တော်တစ်ဆပိုပေးမယ်၊ ကျွန်တော်တို့နှလေးက လှည့်ပြီး လားရှိုးကို မနက်ဖြန် အစောကြီးရောက်အောင် သွား ချင်တယ်"

ကားသမားက ဘရိတ်ကို ဆောင့်နင်းလိုက်သည်။ ကား တုန့်ခနဲ ရပ်သွားသည်။ ကားသမားက ကျော်မျိုးနွယ်၏ မျက်နှာကို ဆယ်မိနစ်ခန့် စိုက်ကြည့်နေသည်။ ထို့နောက် ကားကိုစက်နှိုးကာ ဆက်လက်ထွက်ခွာသည်။ ကားသည် တရိပ်ရိပ် ပြေးလွှားလျက်။

■

ယင်းအချိန်တွင် ကိန္နရီဟိုတယ်၌ မာလာရီ ဖုန်းဆက်လျက် ရှိသည်။

"ဝက်ဝံ၊ ကျွန်မ ပြောတာ ကြားလား"

"ကြားတယ်၊ သိတယ်၊ ဝက်ဝံ"

ယောက်ကျားတစ်ယောက်၏ အသံ။

"ဒီကို မလာနဲ့တော့၊ ဒီမှာဘာမှ အကြောင်းမရှိတော့ဘူး၊ သတင်းသေးလား"

"ထူးဘူး"

"လားရှိုးကို ဘယ်လောက်စောစော ရောက်နိုင်မလဲ"

"လားရှိုး မနက်ဖြန်နေ့ခင်း"

"ကောင်းတယ်၊ မနက်ဖြန် သူတို့လည်း လေယာဉ်ပျံနဲ့ သွားကြလိမ့်မယ် ကြားလား"

"ကြားတယ်၊ သူတို့နောက်ကို လိုက်ရမယ်"

"ဟုတ်တယ်၊ ကျွန်မ မနက်ဖြန် သူတို့သွားမှပဲ မန္တလေးကို ကားနဲ့ ဆင်းမယ်၊ ပြီးတော့မှ လားရှိုးတက်မယ်၊ သန်ဘက်ခါ ရောက်မယ်၊ ရောက်နောက်ကျမယ်၊ ကြားလား"

www.burmeseclassic.com

www.burmeseclassic.com



"ကြားတယ်၊ ဘာလုပ်နှင့်ရမလဲ"

"သူတို့နောက်ကို လိုက်၊ ဝက်ဝံရုပ်ကို သတိထား၊ အရေးကြီးတယ်"

မာလာရီ ရန်ကုန်နှင့် စကားပြော ရပ်လိုက်သည်။ ထို့နောက် မြစ်ကြီးနားသို့ တောင်းသည်။

*

## အခန်းတစ်ဆယ့်နှစ်

လားရှိုးမြို့သို့ သူတို့နှစ်ယောက် ရောက်ရှိနေသည်မှာ နွေရာသီ အလည်အပတ် သွားသည့်ပမာ ဖြစ်နေပါသည်။ ဈေးဝယ်သည်။ ရှမ်းခေါက်ဆွဲစားသည်။ တရုတ်ဘုံကျောင်း သွားကြည့်သည်။ ရေပူစမ်းမှာ ရေသွားချိုးသည်။ ဟိုတယ်မှာ ပြန်ပြီးနားသည်။ လေယာဉ်ပျံကွင်း သွားသည်။ ဘူတာရုံသွားသည်။ လူစည်ကားရာ အရပ်များ သွားသည်။ တစ်မြို့လုံး လှည့်ပတ်သည်။ သည်လိုနှင့်ပင် တစ်နေကုန်ချေရော။

နောက်ဆုံး၌ ဟိုတယ်မှာပင် ပြန်ပြီး စတည်းချရသည်။ လားရှိုးကွင်းမှ လဲ့လဲ့ချို၏ အသိမရှိချေ။ ထို့ကြောင့် အသိကိုရှာစရာ မလိုတော့ချေ။ သူတို့သည် ရောက်ရောက်ချင်းပင် နမ္မတူဟိုတယ်သို့ သွားရောက်ကြရလေသည်။ နမ္မတူဟိုတယ်သည် တောင်ကြီးမှ ကိန္နရီ ဟိုတယ်တို့လိုပင် ဘူဖြွေရသည်။ အေးဆေးငြိမ်သက်သည်။

သူတို့ လားရှိုးမြို့တစ်မြို့လုံး ပိုက်စိပ်တိုက်ပြီး ရှာသည့်တိုင် ဝက်ဝံမီး ဝယ်သွားသူများ၏ အစအနကိုမျှ မတွေ့ရချေ။ နန်းသူဇာမည်သော ရှမ်းမလေးကိုလည်း မေး၍ မရချေ။ မဏ္ဍလဟူသော အမည်ကို စုံစမ်း၍ မရချေ။ လားရှိုးခရီးသည် အချည်းနှီး ဖြစ်ရပေတော့သည်။ မနက်ဖြန်တွင် သူတို့ ဘာလုပ်ရမည်မသိပါ။ ဘာမျှ လုပ်ရန်လည်း မရှိပါ။ ရန်ကုန်ပြန်

www.burmeseclassic.com

www.burmeseclassic.com



ရှာသာ ရှိသည်။ ရန်ကုန်မြို့၏ အပ်ချုပ်ဆိုင်များကို လှည့်လည်မေးမြ
သည်ကမှ ဝက်ဝံပြာနောက်သို့ ခြေရာကောက်နိုင်ပေဦးမည်။ ယ
လောက်ဆိုလျှင် လုံခြုံရေးမှူး ကိုဘုန်းဇော်သည် မွန်သားအဖ၏ လိပ်စာ
ရရှိပေပြီလား မပြောတတ်။

ကျော်မျိုးနွယ် ဟိုတယ်မှနေ၍ ရန်ကုန်သို့ ဖုန်းဆက်သည်။ န
နေရာ ဆက်သည်။ ကိုဘုန်းဇော်က အပ်ချုပ်ဆိုင်တွေ ကုန်တော့မည်
မွန်သားအဖကိုကား မတွေ့သေးဟုဆိုသည်။ သို့သော် ကျန်ရှိနေသေ
သော ဆိုင်များတွင် ဆက်လက် စုံစမ်းပါဦးမည်ဟု ကတိပေးသည်။

ဘောက်ထော်အိမ်သို့ ဆက်သည်။ သူ့ဖခင်နှင့် တိုက်ရိုက်တွေ
သည်။

"ကျွန်တော့်ဘက်ကတော့ ဘာမှ သတင်းမထူးသေးဘူး၊ ဖေဖေ
ဘက်ကကော ဘာသတင်းထူးသလဲ"

"တို့ဘက်ကတော့ ထူးတာတွေ ရှိတယ်။ ကနေ့ မောင်သက်နိုင်ရဲ့
အသုဘ လိုက်ပို့ကြတဲ့ လူတွေ အများကြီးပဲ။ ဒီနေ့မှာပဲ မောင်သက်နိုင်
ကစာ ဖေဖေ့ဆီရောက် လာတယ်"

"ဘာ...သက်နိုင်ဆီကစာ ရောက်တယ်ဟုတ်လား၊ သူရင်ခွဲရုံ
ရေးလိုက်တာလား"

"သူ့စာ တစ်နေရာရာမှာ သွားသေနေတာတော့ အမှန်ပဲ၊ သူ မြစ်ကြီး
နားက ထည့်လိုက်တဲ့စာ၊ သူရန်ကုန်ရောက်ပြီး သူသေပြီးမှပဲ တို့ဆီရောက်
လာတော့တယ်၊ ဒါပေမယ့် သူ့အထဲမှာ တို့သိချင်တဲ့ အချက်တွေ
တော်တော် များများပါလာတယ်၊ မောင်ကျော် နားထောင်မလား၊ ဖေဖေ
ဖတ်ပြမယ်"

"ဟုတ်ကဲ့..."

ခဏအကြာတွင် သူ့ဖခင်၏အသံထွက်ပေါ်လာသည်။ သူ့စိတ်
ထဲတွင် သက်နိုင်၏အသံဟုပင် ထင်မိသည်။

ဦးခင်ဖျား

ကျွန်တော်ရှိသေစွာ စာရေးအစီရင်ခံပါသည်။ ပြဿနာတွေ အားလုံး



ချောချောမွေ့မွေ့ ဖြစ်ခဲ့ရင် မကြာမီရက်အတွင်းမှာ ဦးအလိုရှိတဲ့ပစ္စည်းကို
ကျွန်တော်အိမ်တိုင်ရာရောက် ပေးပို့နိုင်ပါလိမ့်မည်။ အားလုံး စီစဉ်ပြီးပါ
ပြီ။ အဘက်ဘက်က သတိထားပြီး စီစဉ်ရပါသည်။ သူတို့မှာ ဘယ်လို
အကြံအစည်တွေ ရှိတယ်ဆိုတာကိုတော့ ကျွန်တော်ဒီနေရာကနေ ရေးမပြ
တော့ပါဘူး။ ဒါပေမယ့် ဘယ်လိုအန္တရာယ်မျိုး ရှိတယ်ဆိုတာကိုတော့
ဦးခန့် မှန်းနိုင်ပါလိမ့်မည်။

ကျွန်တော့်နောက်ကို သူတို့တကောက်ကောက် လိုက်နေကြတယ်။
ကျွန်တော် အထူးသတိထားပြီး သွားလာလှုပ်ကိုင်နေရတယ်။ ဒါပေမယ့်
စိတ်ချပါ။ အရေးကြီးတဲ့နေရာကို သူတို့က ဘယ်နည်းနဲ့မှ ရောက်မလာစေ
ရပါဘူး၊ မနေ့ကထိ သူတို့ဘယ်သူတွေလဲဆိုတာ ကျွန်တော် မသိဘူး။
မနေ့ညကတော့ လူနှစ်ယောက် ကျွန်တော်ကို အကြမ်းဖက်လာကြတယ်။
သူတို့ သိချင်တာကို အတင်းအကျပ်မေးတယ်။ ဒါပေမယ့် ကျွန်တော်
သူတို့လက်က ရုန်းထွက်နိုင်ခဲ့တယ်။ ကျွန်တော့်ဆီက သူတို့ ဘာမှ မသိရ
ဘူး။ သူတို့အကြောင်းသာ ကျွန်တော်က သိလိုက်ရတယ်။ လူတစ်ယောက်
ရဲ့ နာမည်က ဖုးစိန်တဲ့၊ ဟိုတုန်းက ကာကွယ်ရေးတို့ ဘာတို့ လက်နက်
ကိုင်တပ်ဖွဲ့တစ်ခုရဲ့ ထိပ်သီးဖြစ်ခဲ့ဖူးတယ်။ နောက်တစ်ယောက်ရဲ့ နာ
မည်ကိုတော့ ကျွန်တော်မသိဘူး။

ဦးကို ကျွန်တော်သတိပေးချင်တာကတော့ ဦးသမီးအကြောင်းကို
သူတို့သိနေကြတယ်။ ကျွန်တော်သိသလောက် သူတို့လည်း သိကြတယ်။
အဲဒါ ဦးသတိထားပါ၊ သူတို့မှာ သတင်းပေးမယ့်လူ ရှိနေတယ်ဆိုတာပဲ။
အဲဒီသတင်းပေးဟာ ဦးအနားမှာ ကပ်နေလိမ့်မယ်။ ဒါကြောင့် ကျွန်တော်
ဒီစာထဲမှာ ဘာမှမရေးတော့ဘူး။ သူတို့ဟာ တကယ့်ဂိုဏ်းကြီးပဲ၊ တစ်ခုခု
ကို စီမံကိန်းချပြီး လုပ်နေကြတာပဲ။ သူတို့လုပ်စရာရှိတာကို မီးကုန်
ယမ်းကုန် လုပ်ကြလိမ့်မယ်။ ဦးဆီကို ဒီစာရောက်မှ ရောက်ပါ့မလား
လို့တောင် ကျွန်တော် သံသယရှိနေတယ်။

ဖုးစိန်ဟာ အဓိကမဟုတ်သေးဘူး။ မိုတိမ်မိုးဆိုတဲ့ လူရဲ့ နောက်လက်
ရုံးပဲ။ မိုတိမ်မိုးဆိုတာတော့ အားလုံးအသိပဲ၊ အသောက်အစားမှာ နာ

www.burmeseclassic.com

www.burmeseclassic.com



မည်ကြီးလာတဲ့သူ တစ်ယောက်ပဲ။ ပါလီမန်အမတ်တောင် ဖြစ်ခဲ့သေး တယ်။ ကုမ္ပဏီကြီးတစ်ခုလည်း ထောင်ခဲ့တယ်။ ခါးပိုက်ဆောင်အဖွဲ့ တွေလည်း ဖွဲ့ခဲ့တယ်။ အခု အဲဒီ ဗိုတိမ်မိုးဟာ ရန်ကုန်မှာ အဖမ်းခံနေ တယ်။ လိမ်လည်မှု၊ ခါးပြမှု၊ လုယက်မှု၊ အမှုတွေစုံနေ တာပဲ၊ ဒါပေမယ့် အခုထက်ထိ ပြစ်ဒဏ်မခံရသေးဘူး။ သူ့အမှုတွေကို စစ်နေတာ နှစ်နှစ် တောင် ကျော်သွားပြီ။ သက်သေမလာတာနဲ့ ဘာပြုတာနဲ့ဆိုပြီး အချိန် ကြာ နေခဲ့တယ်။ အမှုကလွတ်အောင် သူနဲ့သူ့လူတွေ အမျိုးမျိုး ကြံစည် ကြိုးစားနေကြတယ်။

ဒါပေမယ့် အခုနောက်ဆုံး အခြေအနေမှာတော့ သူဟာ ထွက် ပေါက်မရှိ ဖြစ်နေတယ်။ ဦးသာအကြီးရဲ့ ရုံးမှာရောက်နေတယ် သက်သေအားလုံးလည်း စစ်ပြီးသွားပြီ၊ နှစ်ဖက်ရှေ့နေတွေလည်း လျှောက်လဲပြီးသွားကြပြီ။ စီရင်ချက်ချဖို့ပဲ ရှိတော့တယ်။ စီရင်ချက်လည်း ကြီးလေးတဲ့ အပြစ်ဒဏ်ကလွဲလို့ ဘာမှမဖြစ်နိုင်တော့ဘူး။ သူကျူးလွန် တဲ့ လူသတ်မှုက သက်သေထင်ရှားတယ်။ လူမှုရေးအရလည်း ရက်စက် လွန်းတယ်။

ဒါကြောင့်မို့လို့ သူ့လူတွေဟာ ဦးသမီးနောက်ကို လိုက်နေကြတာပဲ။ ဦးသမီးကို ဦးလိုချင်နေမှန်း သူတို့သိတယ်။ ဦးသမီးကို ပြန်ပေးဆွဲပြီး ဦး သားဆီမှာ စျေးဆစ်ကြလိမ့်မယ်။ ဦးသမီးနဲ့ သူတို့ဆရာကြီးကို လဲဖို့ ကြိုးစားကြလိမ့်မယ်။

ဦးတို့ဘက်က မလိုက်လျှောရင် ဦးသမီးလေးရဲ့ ကံကြမ္မာဟာ တွေး ရက်စရာ မရှိတော့ဘူး။ ဒါကြောင့် ဦးသမီးလေး သူတို့လက် ရောက်မသွား ဖို့ အထူးသတိထားရမယ်။

ကျွန်တော့်အနေနဲ့ကတော့ ကြိုတင်ပြင်ဆင်မှုတွေ ကြိုတင် ကာ ကွယ်မှုတွေ အားလုံးလုပ်ထားပါတယ်။ ဒါပေမယ့် ကျွန်တော် ဘာ လုပ် ထားတယ်ဆိုတာကိုတော့ ဒီစာထဲမှာ မရေးတော့ဘူး။ ရေးဖို့ မကောင်း ဘူး၊ အန္တရာယ် မကင်းဘူး"

"ဒီနေရာမှာ သူ့စာနှစ်ကြောင်းလောက် ရေးပြီးမှ ဖျက်ထားတယ်"



သူ့ဖခင်က ကြားဖြတ်ပြီးပြောသည်။ ထို့နောက်မှ သက်နိုင်၏ စာကို ဆက်ဖတ်ပြန်သည်။

"ဦးသမီးအကြောင်း ကျွန်တော်နည်းနည်းတော့ ပြောပြပါ့မယ်။ သူ့ နာမည်က ပုန်းညက်နွယ်တဲ့။ သူ့အမေဟာ ဘာပဲဖြစ်ဖြစ်၊ ဦးသမီးကို နာမည်ကောင်းကောင်းကလေးတော့ ပေးခဲ့ပါတယ်။ ဦးရဲ့နာမည်ကို လည်း ထည့်ပြီး မှည့်ခဲ့ပါတယ်။ ဦးသမီးဟာ လှတယ်။ လိမ္မာတယ်။ ကျန်းမာတယ်။ ဦးအနေနဲ့ ဂုဏ်ယူစရာ သမီးတစ်ယောက်ပါပဲ။ ဒါပေမယ့် ဦးသမီးဟာ ဒီလူတွေအကြောင်းတော့ ဘာမှမသိရှာဘူး"

"ဖူးစိန်ဆိုတဲ့လူဟာ မနေ့ကအထိ ရန်ကုန်မှာ ရှိနေတယ်"

ကျော်မျိုးနွယ်က ပြောလိုက်သည်။

"ခဏနေဦး၊ အနားမှာ မောင်တင်မောင် ရှိနေတယ်။ သူမောင်ကျော် နဲ့ စကားပြောလိမ့်မယ်"

သူ့ဖခင်၏ အသံပျောက်သွားပြီ၊ သူ့အစ်ကိုကြီး လေသံကို ကြားရ သည်။

"မောင်သက်နိုင်ရဲ့စာ နည်းနည်းကျန်သေးတယ်။ ကိုယ်ဆက်ဖတ်ပြ မယ်။ အဲအဲသူတို့ဟာ ကလေးမကလေးရဲ့ နာမည်ကို သူ့အမေဆီက သိ တယ်တဲ့။ ဒါပေမယ့် သူ့အမေကိုယ်တိုင် ကလေးမလေး ဘယ်မှာရှိတယ် ဆိုတာမသိလို့ သူတို့လည်း နောက်ထပ်ဘာမှမသိကြတော့ဘူး။ အခု သူ့ အမေ စိတ်ဖောက်ပြန်နေလို့ ဘာမှမေးလို့ မြန်းလို့ မရတော့ဘူး"

"သူတို့လုပ်လို့ အဲဒီအမျိုးသမီးလည်း စိတ်ဖောက်ပြန်သွားတာနေမှာ ပေါ့"

ကျော်မျိုးနွယ်က ထင်မြင်ချက်ပေးလိုက်သည်။

"ဟုတ်တယ်၊ အခုဆိုရင် အဲဒီအမျိုးသမီးလည်း ဘယ်ရောက်နေ သလဲ မသိဘူး။ သဲလွန်စတွေ အားလုံးပျောက်ကုန်ပြီ"

"အဲဒီ ဗိုတိမ်မိုးဆိုတဲ့ လူကြီးကတော့ အစ်ကိုကြီးတို့ဆီမှာ ရှိ သလား"

"ရှိတယ်၊ သူ့အတွက်တော့ ဘာမှမပူနဲ့၊ သူ့ကို တွေ့နိုင်တဲ့လူကတော့

www.burmeseclassic.com

www.burmeseclassic.com



သေမင်းကလွဲရင် ဘာမှမဖြစ်နိုင်ဘူး"

"သူတို့က တစ်မျိုးတစ်ဖုံလုပ်လာရင်ကော"

"ဒီမယ် မောင်ကျော်၊ အစ်ကိုကြီးအကြောင်းလည်း ညီလေးသိသားပဲ။ အစ်ကိုကြီးတို့ဟာ အမှန်တရားကို ထိန်းသိမ်းရမယ်။ တရားဥပဒေကို ထိန်းသိမ်းရမယ်။ အစ်ကိုကြီးတို့ကို ချော့လို့လည်း မရနိုင်ဘူး။ ချောက်လို့လည်း မရနိုင်ဘူး"

ရုတ်တရက်ဆိုသလိုပင် သူ၏ အစ်ကိုလတ် ဒေါက်တာချစ်ထွန်းနွယ်၏ အသံပေါ်လာသည်။

"ညီလေးရေ အစ်ကိုကြီးကတော့ မာမာပဲ"

"အစ်ကိုလေးလား"

"ဟုတ်တယ်၊ ညီလေးအခု ဘယ်က ပြောနေသလဲ"

"လားရှိုး..."

"အဲဒီမှာ ဘာလုပ်နေသလဲ"

"ဟိုလို ဒီလိုပဲ"

"ညီလေးက တယ်လျှို့ဝှက်တာကိုး"

"သက်နိုင်ရဲ့စာထဲမှာ ပါတယ်မဟုတ်လား၊ သတင်းပေးတွေ ရှိနေတယ်"

"ဒါတော့ ဟုတ်တယ်"

"သူကျွန်တော့်ဆီ ဖုန်းဆက်တုန်းကလည်း ဒီတိုင်းပဲ ပြောတယ်။"

"အရေးကြီးတာကတော့ ကလေးမကလေးကို ကောင်းကောင်းမွန်မွန် တွေ့ကြရဖို့ပဲ"

"အခုတော့ ကလေးမကလေးဟာ သူတို့လက်ထဲကို မရောက်သေးတာ သေချာတယ်။ သူတို့လက်ထဲ ရောက်တာနဲ့ တစ်ပြိုင်နက် သူတို့ဈေး စကားပြောတော့မှာပဲ"

"သူတို့လက်ထဲ မရောက်သေးသလို တို့လက်ထဲ မရောက်သေးတာလည်း ခက်တယ်"

"ကြိုးစားကြသေးတာပေါ့"



"ကလေးမတလေး ရှမ်းပြည်နယ်မှာ ရှိနေတယ်လို့ မောင်ကျော် ထင် သလား"

"မထင်ပါဘူး"

"ဒါဖြင့် မောင်ကျော် ရှမ်းပြည်နယ်မှာ ဘာလုပ်နေသလဲ"

"ဟိုလိုဒီလိုပေါ့"

"မောင်ကျော့်ဟာက မဟုတ်သေးပါဘူး"

"ကဲ...တော်ကြဉ်းစို့၊ ဖေဖေ့ကိုပြောပါ၊ အကြောင်းထူးရင် ကျွန်တော် ဖုန်းဆက်မယ်လို့"

တစ်ဖက်မှ မည်သို့မျှ ပြန်မပြောနိုင်မီတွင် ကျော်မျိုးနွယ်က တယ်လီဖုန်းကို ကမန်းကတန်း ချထားလိုက်သည်။

သူ့စိတ်များ မတည်မငြိမ်၊ သက်နိုင်၏ စာသည် သူ့စိတ်များကို မုန်တိုင်းမွှေ့သလို မွှေ့ပစ်သည်။ သူ့စိတ်မှာ အရပ်ဆယ်မျက်နှာတွင် ပြန့်နေသည်။

လွင့်နေသောစိတ်များကို ပြန်လည်စုစည်းသည့်အနေဖြင့် စီးကရက်တစ်လိပ် မီးညှိပြီးသောက်သည်။ ထို့နောက် စားပွဲပေါ်တွင် ရှိနေသော စာအုပ်လေးငါးအုပ်အနက်မှ အနီးဆုံး စာအုပ်တစ်အုပ်ကို ဆွဲယူပြီး ဖတ်သည်။

နေ့ခင်းက စာအုပ်ဆိုင်မှ ရှမ်းပြည်နယ်နှင့် ပတ်သက်သော စာအုပ်များ ရတတ်သမျှ ဝယ်ခဲ့သည်။ ဘုန်းကြီးတစ်ပါး ရေးသည့် မောရာဇဝင်လည်း ပါသည်။ ဘုရားသမိုင်းတွေလည်း ပါသည်။ စော်ဘွားတစ်ယောက်အကြောင်း ရေးထားသည့် စာအုပ်ပါးကလေးတစ်အုပ်လည်း ပါသည်။

သူဝယ်ယူမိသော စာအုပ်မှာ ဘုရားသမိုင်းတစ်ခုဖြစ်သည်။ သူက စာအုပ်တွင် စိတ်ပါခြင်းမရှိသဖြင့် ဟိုလှန်ဒီလှန် လှန်နေသည်။ ရုတ်တရက်ဆိုလို 'မဏ္ဍလ'ဆိုသော စာလုံးကို စာမျက်နှာတစ်နေရာတွင် မြင်လိုက်ရသဖြင့် ရာဖွေဖတ်ရှုသည်။

www.burmeseclassic.com

www.burmeseclassic.com



မင်းကြီးနှင့် မှူးမတ်ဗိုလ်ခြေတို့သည် မဏ္ဍလတိုင်း မဏ္ဍလ နေပြည်တော် (ယခုအခေါ် မိုင်းနောင်)တွင် ယာယီတဲနန်းကြီးများ ထိုးလျက်...

ကျော်မျိုးနွယ်သည် ချက်ချင်းပင် ခရီးလမ်းညွှန်မြေပုံစာအုပ်ကို ယူပြီး မိုင်းနောင်မြို့ကို ရှာဖွေသည်။ တွေ့သည်။ လားရှိုးနှင့် မိုင် ၃၀ခန့် ကွာဝေးသည်။ ကားလမ်းရှိသည်။

ကျော်မျိုးနွယ်သည် ချက်ချင်းပင် လွဲလွဲချို၏ အခန်းသို့ သွားရောက်ပြီး သက်နိုင်၏ စာအကြောင်းနှင့် မိုင်းနောင်မြို့အကြောင်းကို ပြောပြသည်။

ဝက်ဝံစိမ်း၊ နန်းသူဇာ၊ မိုင်းနောင်။

■

BURMESE CLASSIC .com

ဒေါက်တာချစ်ထွန်းနွယ်သည် ကားကို မြောက်ဥက္ကလာပ ဆေးရုံကြီးရှေ့တွင် ရပ်လိုက်သောအခါ မေနှင်းသည် ကားပေါ်မှ သွက်လက်စွာ ဆင်းပြီး ဒေါက်တာချစ်ထွန်းနွယ်၏ လက်ဆွဲအိတ်ကို သယ်ယူသည်။

မေနှင်းသည် နမ့်ခမ်းဆေးရုံတွင် သူနာပြုသင်တန်းတက်ခဲ့သူဖြစ်သဖြင့် မြောက်ဥက္ကလာပဆေးရုံတွင် စပယ်ရှယ်နာ့စ်အဖြစ် လုပ်ဆောင်နိုင်ရန် ဒေါက်တာချစ်ထွန်းနွယ်က ဆက်သွယ်စီစဉ်ပေးခဲ့သည်။

မေနှင်းသည် အကျႌဖြူဖြူဖွေးဖွေးနှင့် ထဘီအနီရဲရဲကလေးကို ဝတ်ဆင်ထားသည်။ ဒေါက်တာချစ်ထွန်းနွယ်၏ အိတ်ကို သူ့အခန်းအရောက် လိုက်ပို့ပြီးနောက် သူမကြည့်ရှုရမည့် လူနာရှိရာအခန်းသို့ သွားရောက်လေသည်။

မခင်မျိုးသည် သူမ၏ ခုတင်ပေါ်တွင် လဲလျောင်းနေရာမှ အခန်းရှေ့တွင် ဖြတ်သွားသော မေနှင်းကို မြင်လိုက်ရသည်။ သူမ၏ စိတ်ထဲတွင် မေနှင်းကို မြင်ဖူးသည်ဟု ထင်သည်။ မြစ်ကြီးနားမှ အသိအကျွမ်း တစ်ယောက်ဟု ထင်သဖြင့် ခုတင်မှ ထကြည့်သည်။ မေနှင်းကို မတွေ့ရတော့



သူမ၏ အခြေအနေသည် ဆိုးဝါးလှသည် မဟုတ်သော်လည်း ဆေးရုံတွင် နေရဦးမည်ဖြစ်သည်။ အဆုတ်အအေးပတ်သည့် ရောဂါကို သူမ မမှုပါ။ သူမ၏ စိတ်ကို အအေးပတ်နေသည်က ဆိုးဝါးလှသည်။

သူမအနေနှင့် မတွေ့လျှင် မဖြစ်သော ကိုသက်နိုင်သည် ယခုအခါ ဤဆေးရုံကြီးတွင် မရှိပါတော့ချေ။ ဤလောကကြီးတွင်လည်း မရှိပါတော့ ချေ။ သူမ ဘာလုပ်မည်နည်း။ ကိုသက်နိုင်က သူမကို တစ်ခုတော့ အသိ ပေးခဲ့သည်။ ပုညကလေးတွင် အန္တရာယ်ရှိသည်။ ဗိုတိမ်မိုး ဆိုသော လူကြီးနှင့် ဆက်စပ်နေသည်။ ထိုလူကြီးသည် များမကြာမီတွင် ပြစ်ဒဏ် စီရင်ခြင်း ခံရပေတော့မည်။ ဤကာလအတွင်းတွင် ပုညကလေး လုံခြုံ စိတ်ချရဖို့ လိုပေသည်။

ယခုအထိတော့ သူမရန်ကုန်တွင် ရှိနေသည်ကို ကြွယ်ကြွယ်တို့ လင် မယားမှတစ်ပါး မည်သူမျှ မသိရှိပါချေ။ ပုညကလေးအကြောင်းကိုကား ကြွယ်ကြွယ်တို့ လင်မယားပင် ဘာမျှ မသိရှိပါချေ။ ယင်းသို့ဆိုလျှင် ပုည ကလေးသည် လုံခြုံစိတ်ချရသည့် အခြေအနေတွင် ရှိနေပေသည်။ မည်သည့် အချိန်တွင် မည်သို့ဆက်လက်လုပ်ဆောင်ရမည်ကို သူမ အနေနှင့် ကောင်းစွာ သိရှိထားပါသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း တစ်ဆယ့်သုံး

BURMESE CLASSIC .com

နောက်တစ်နေ့နံနက် ခုနစ်နာရီလောက်တွင် ကျော်မျိုးနွယ်နှင့် လှဲ့လှဲ့ချိုတို့သည် ဂျစ်ကားတစ်စီးဖြင့် လားရှိုးမြို့တွင်းမှ ထွက်ခဲ့ကြသည်။ ပင်ကိုအအေးဓာတ်သည် အနည်းငယ် ရှိသည်။ လေစိမ်းလည်း တိုးဝှေ့တိုက်ခတ်သည်။

လားရှိုးဈေးတွင် သူတို့ ရှမ်းခေါက်ဆွဲစားကြသည်။ ထို့နောက် ဂျစ်ကား ဌားသည်။

ကားလမ်းသည် ပထမပိုင်းတွင် အဟုတ်ဖြစ်သည်။ ကတ္တရာလမ်းဖြစ်သည်။ သို့သော် ကတ္တရာလမ်းမကြီးမှ ခွဲခဲ့ကတည်းက မြေလမ်း၏သတ္တိကို တွေ့ရတော့သည်။ အမှန်တော့ ကားလမ်းပင် မဟုတ်ချေ။ တွင်းချိုင့်များသာ ဖြစ်ချေသည်။

လမ်းဆိုးသဖြင့် ပတ်ဝန်းကျင် တောတောင်တို့၏ လှပသာယာမှုကို ကောင်းစွာ မခံစားကြရချေ။ လမ်းတွင် ပလိုင်းများ၊ အထမ်းများနှင့် တိုင်းရင်းသား ခြေလျင်ခရီးသွားများကို တွေ့ရသည်။ ရှမ်းရွာကလေးများ တွေ့ရသည်။



မိုင် ၃၀ ခရီးကို ဂျစ်ကားဖြင့် နှစ်နာရီ သွားရသည်။

မိုင်းနောင်သည် ရွာကြီးတစ်ရွာဖြစ်သည်။ မြို့နယ်ခွဲတစ်ခုဖြစ်သည်။ ငါးရက်တစ်ဈေး ရှိသည်။ လားရှိုးနှင့် နေ့စဉ်ဈေးကားရှိသည်။

ရွာလယ်ထမင်းဆိုင်တွင် သူတို့ကား ရပ်သည်။ ကားအနီးသို့ ကလေးတွေ စုပြုံလာသည်။ ထမင်းဆိုင်မှာ နှစ်ထပ်အိမ်ဖြစ်သည်။ အောက်ထပ်တွင် ဆိုင်ဖွင့်သည်။ အပေါ်ထပ်တွင် လူနေသည်။

ဆိုင်မှလူများက ပျူပျူငှာငှာ ကြိုဆိုသဖြင့် သူတို့အားတက်ရသည်။ သူတို့ကို ထိုင်စရာနေရာပေးသည်။ လက်ဖက်ရည် အခါးဖြင့် ဧည့်ခံသည်။ ဆေးလိပ်တည်သည်။

အတန်ကြာသောအခါ လှဲ့လှဲ့ချိုသည် ဆိုင်မှအမျိုးသမီးတစ်ယောက်နှင့် စကားတီးတိုးပြောပြီးနောက် ထိုအမျိုးသမီးနှင့်အတူ နောက်ဖေးဘက်သို့ ဝင်သွားသည်။

ကျော်မျိုးနွယ်လည်း ဆိုင်ရှေ့သို့ ထွက်ခဲ့သည်။ ရွာလယ်လမ်းမကြီးအတိုင်း တစ်ဖက်သို့ မျှော်ကြည့်သည်။ တောင်ကုန်းမြင့်တစ်ခုပေါ်တွင် နှစ်ထပ်ပျဉ်ထောင် သွပ်မိုး အဆောက်အဦကြီးတစ်ခု မြင်ရသည်။

“ဘုန်းကြီးကျောင်းလား”

ယင်းအဆောက်အဦအား လက်ညှိုးထိုးလျက် ကျော်မျိုးနွယ်က အနီးရှိ လူရွယ်တစ်ယောက်ကို မေးသည်။ လူရွယ်က ပါးစပ်မှ ဆေးတံကို ဖြုတ်လျက်...

“အား ဘယ်ကလာ ဘုန်းကြီးကျောင်း ဟုတ်မလဲ၊ ဟော်နန်း၊ ဟော်နန်း”

“ဘာဟော်လဲ”

“အား...စော်ဘွားတွေနေတဲ့ ဟော်ပ”

“အခုကော စော်ဘွားရှိသလား”

“အား...အခု ဘယ်မှာ စော်ဘွားရှိမလဲ၊ စော်ဘွားရဲ့သားတွေ သမီးတွေ ရှိတာပ”

“စော်ဘွားရဲ့သားက နာမည်ဘယ်သူတဲ့”

www.burmeseclassic.com

www.burmeseclassic.com



"စောသီဟ"

"သမီးကကော"

"မြသီတာ"

"နန်းသူဇာဆိုတာ မရှိဘူးလား"

"အား...ရှိတာပ၊ သူက စောသီဟရဲ့ သမီးတော်ကလေးပ၊ ဟော...ဟိုမှာ"

လူရွယ်က တစ်နေရာသို့ လက်ညှိုးထိုးပြီးပြောသည်။ လုပ ခေတ်ဆန်သော အမျိုးသမီးတစ်ယောက်နှင့် ကလေးမကလေး တစ်ယောက်ကို မြင်ရသည်။

"အဲဒါ ဘယ်သူတွေလဲ"

"အား စော်ဘွားကြီးရဲ့ သမီးတော်မြသီတာနဲ့ စောသီဟရဲ့ သမီးတော်ကလေး နန်းသူဇာ"

ယင်းသို့ ပြောပြီး လူရွယ်သည် နောက်ကျောတွင် သိုင်းထားသော ခမောက်ကို ခေါင်းတွင်ဆောင်းလျက် တစ်ဖက်သို့ ခပ်သုတ်သုတ်လျှောက်သွားသည်။

ကျော်မျိုးနွယ်သည် ဆိုင်တွင်းသို့ လှည့်ကြည့်သည်။ လှဲလှဲချို ထွက်မလာသေးချေ။ တစ်ဖက်သို့ ပြန်ကြည့်သည်။ မြသီတာနှင့် နန်းသူဇာတို့သည် မဏ္ဍလဟော်နန်းဘက်သို့ သွားနေကြသည်။ မြသီတာသည် မြို့ကြီးများတွင် အနေများသည့် ခေတ်ပညာတတ် အမျိုးသမီးတစ်ဦး ဖြစ်ဟန်ရှိသည်။

ကျော်မျိုးနွယ်သည် ခေတ္တမျှ စဉ်းစားပြီးနောက် သူတို့ထံသို့ ခပ်သုတ်သုတ် လျှောက်သွားသည်။ မြသီတာက သူ့ကို တစ်ချက်ကြည့်ပြီး ခြေလှမ်း တစ်ချက်မပျက်ဘဲ ဆက်လျှောက်သွားသည်။ ကျော်မျိုးနွယ်က သူတို့ဘေးမှယှဉ်ပြီး လျှောက်နေသည်။ ကလေးမကလေးက သူ့ကို မော့ကြည့်သည်။

"တူမလေးနာမည်က နန်းသူဇာလား"

သူ့ပါးစပ်မှ စကားလုံးများ ဝရုန်းသုန်းကား ထွက်သွားသည်။ အမျိုး



သမီးက သူ့အား ဒုတိယအကြိမ် ကြည့်ပြီး တစ်ဖက်သို့ ပြန်လှည့်သွားသည်။ ကလေးမလေးကလည်း သူ့ကို အထူးအဆန်းသဖွယ် မျက်လုံးပြူးပြီး ကြည့်နေသည်။ ပါးစပ်မှမူ ဘာတစ်လုံးမျှ ပြန်မပြောပါချေ။

"ကြာသပတေးနေ့တုန်းက နန်းသူဇာ ရန်ကုန်မင်္ဂလာဒုံ လေဆိပ်မှာ ...တယ်မဟုတ်လား"

ကလေးမကလေးက သူမ၏အဖေကို မော့ကြည့်သည်။

အမျိုးသမီးက...

"ရှင်ဘာလာလုပ်တာလဲ"

သူမ၏အသံ မာသည်။ ဆတ်သည်။ ပဒေသရာဇ်တို့၏ ခက်ထန်ခြင်းဟုလည်း ဆိုနိုင်သည်။ ကျော်မျိုးနွယ်က ကလေးမကလေးကို ကြည့်လျက်။

"နန်းသူဇာဝယ်သွားတဲ့ ဝက်ဝံရုပ်အစိမ်းကလေး ရှိသလား"

ဤတွင် အမျိုးသမီးသည် တုန့်ခနဲ ရပ်လိုက်သည်။ ကျော်မျိုးနွယ်နှင့် မျက်နှာချင်းဆိုင်ပြီး...

"ရှင်မြို့ကြီးသားတစ်ယောက်ပါ၊ လမ်းသွားနေတဲ့ လူတွေကို လိုက်ပြီးတော့ စကားပြောတာ မကောင်းပါဘူး။ ဒါလူ့ယဉ်ကျေးမှုရဲ့ အပြုအမူ မဟုတ်ပါဘူး"

"ကျွန်တော် တောင်းပန်ပါတယ်။ ညီမက စော်ဘွားကြီးရဲ့ သမီးတော် မြသီတာလို့ ထင်ပါတယ်"

"ဟုတ်တယ်။ ကျွန်မမြသီတာပဲ"

ကျော်မျိုးနွယ်က ကလေးမကလေးကို လက်ညှိုးထိုးလျက်...

"သူက စော်ဘွားလေး စောသီဟရဲ့ သမီးတော် နန်းသူဇာပဲ မဟုတ်လား"

အမျိုးသမီးက သူ့အား မျက်မှောင်ကုတ်၍ ကြည့်ပြီး

"ရှင်က မောင်ကြီး စောသီဟရဲ့ မိတ်ဆွေလား"

"မဟုတ်ပါဘူးခင်ဗျာ။ ကျွန်တော် ညီမရဲ့မောင်ကြီးကို မြင်တောင် မမြင်ဖူးပါဘူး။ ဒါပေမယ့် ဒီက တူမလေး နန်းသူဇာဟာ ကျွန်တော့်ကို

www.burmeseclassic.com

www.burmeseclassic.com



အကူအညီပေးနိုင်တဲ့ အခြေအနေ ရှိနေပါတယ်။ ကျွန်တော် သူ့ကို နှ နည်းပါးပါး မေးချင်ပါတယ်။ ပြီးတော့..."

မဏ္ဍလမင်းသမီးကလေး မြသီတာက ခေါင်းကို ရမ်းခါလျက်

"တူမတော်လေး နန်းသူဇာဟာ အရွယ်မရောက်သေးတဲ့ လူမ ကလေးတစ်ယောက်သာ ဖြစ်ပါတယ်။ သူ့မှာအုပ်ထိန်းတဲ့ ဖခမည်းေ ရှိပါတယ်။ တူမလေးကို လူစိမ်းတစ်ယောက်က လမ်းလယ်ကောင်ကြီး မေးလားမြန်းလားလုပ်တာကို ကျွန်မခွင့်မပြုနိုင်ပါဘူး"

"မဟုတ်ပါဘူးခင်ဗျာ၊ ဟို..."

"ရှင် နန်းသူဇာနဲ့ ပြောချင်ရင် ပထမဆုံး သူ့ခမည်းတော်ဆီမှာ ခ တောင်းပါဦး"

"ကျွန်တော် စော်ဘွားလေး စောသီဟနဲ့ တွေ့ချင်ပါတယ်"

"ဒါ ရှင့်အလုပ်ပါ"

"ခင်ဗျာ"

"ရှင်ဟာ လူတစ်ဖက်သားကို အနှောင့်အယှက်ပေးတတ်တဲ့ ရ တစ်ယောက် မဟုတ်ဘူးဆိုရင် ကျွန်မတို့ကို သွားခွင့်ပြုပါ"

မြသီတာသည် နန်းသူဇာ၏ လက်ကို ဆွဲလျက် ထိုနေရာမှ ထွက် သည်။ ကျော်မျိုးနွယ် ပါးစပ်အဟောင်းသားဖြင့် ကျန်ရစ်သည်။

အတန်ကြာသောအခါတွင်မှ ကျော်မျိုးနွယ်သည် ခေါင်းကို ယမ် လျက် လေးကန်သော ခြေလှမ်းများဖြင့် ထမင်းဆိုင်ဆီသို့ ပြန်လျှော လာသည်။ ဆိုင်တွင်းသို့ ဝင်မိသောအခါ စားပွဲတစ်ခုတွင် ဆိုင်ရှင် အမျိ သမီးကြီးနှင့် ထိုင်ပြီး စကားပြောနေသော လဲ့လဲ့ချိုကို တွေ့ရသည်။

"ဒီမယ်အစ်ကို၊ ဒီရွာမှာ ညအိပ်ညနေ နေချင်လို့ ရှိရင်လည်း သူ နေရာထိုင်ခင်း စီစဉ်ပေးမယ်တဲ့၊ အစ်မကြီးက ပြောတယ်"

လဲ့လဲ့ချိုက ဆိုင်ရှင်အမျိုးသမီးကို ညွှန်ပြရင်း ပြောသည်။

"နန်းသူဇာကို ကိုယ်တွေ့ခဲ့ပြီ"

ကျော်မျိုးနွယ်က တုံးတိတိပြောလိုက်သည်။

"ဘာပြောတယ်၊ ဘယ်တုန်းကလဲ၊ ဘယ်မှာလဲ"



လဲ့လဲ့ချိုက မယုံနိုင်သည့်အနေဖြင့် မေးခွန်းတွေ တစ်သီကြီး ပြန် ထုတ်သည်။

"အခုပဲ တွေ့လိုက်တယ်။ ဒီရှေ့က လျှောက်သွားတယ်။ စကားပြော ခွင့်မရဘူး။ သူ့ကို မဏ္ဍလမင်းသမီးလေး မြသီတာက စောင့်ကြပ်လိုက်ပါ လာတယ်။

"ဘာ ဘယ်က မင်းသမီးလေး မြသီတာလဲ"

"စော်ဘွားကြီးရဲ့ သမီးတော် မြသီတာက မာနကြီးတယ်"

ဆိုင်ရှင်အမျိုးသမီးကြီး ဝင်ပြောသည်။

"အခု သူတို့ ရှိသေးသလား"

"လဲ့လဲ့ချိုက မေးသည်။

"သွားပြီ"

"အဲ မြသီတာက နန်းသူဇာနဲ့ ဘာတော်စပ်သလဲ"

"အဒေါ်"

"ဒါဖြင့် နန်းသူဇာ ဒီမှာရှိနေတာကတော့ သေချာပြီပေါ့"

"အို...တွေ့လိုက်ပါတယ်ဆို"

"သူတို့ ဘယ်မှာနေသလဲ"

"မဏ္ဍလဟော်နန်းမှာ"

"အစ်ကို မဟုတ်သေးပါဘူး၊ ကလေးမကလေးကို တွေ့လိုက်လျက် သားနဲ့ ကိုယ်သိချင်တာကို ရအောင် မမေးလိုက်နိုင်ဘူးလား"

လဲ့လဲ့ချိုက အပြစ်တင်လိုက်သည်။

"မလွယ်ဘူးမရွှေစာ၊ အဲဒီလိုအမျိုးသမီးမျိုး ကိုယ်တစ်ခါမှ မတွေ့ ဘူး၊ သူ့ကိုများ ရည်းစားစကားလိုက်ပြောရင် ဘယ့်နှယ်နေမလဲ မသိ ဘူး"

"ဟုတ်ချင်မှ ဟုတ်မှာပါ၊ သူ့အလုပ်အကြောင်း မမေးဘဲနဲ့ ရည်းစား စကားသွားပြောချင်ပြောမှာပါ"

"အို...တော်စမ်းပါ"

"ကဲ...ဒါဖြင့်လာ သွားကြမယ်"

www.burmeseclassic.com

www.burmeseclassic.com



လဲ့လဲ့ချိုက ပြောသည်။

"ဘယ်သွားမှာလဲ"

ကျော်မျိုးနွယ်က မေးသည်။

"သူတို့အိမ်ကိုလေ၊ နန်းသူဇာကို သွားတွေ့မယ်"

ဤတွင် ဆိုင်ရှင်အမျိုးသမီးကြီးက…

"ဟော်ထဲကို လူစိမ်းတွေ မဝင်ရဘူး"

"ဟင် ..ဘာပြုလို့လဲ"

"စော်ဘွားလေး စောသီဟ အမိဋ္ဌာန်ဥပုသ်စောင့်နေတယ်။ အထက်ဆရာကြီးတွေလည်း ရောက်နေတယ်"

"အဲဒါမှ ဒုက္ခပဲ၊ မြသီတာက ပြောတယ်။ နန်းသူဇာနဲ့ စကားပြောချင်ရင် နန်းသူဇာရဲ့ ခမည်းတော် စောသီဟဆီမှာ ခွင့်တောင်းပါတဲ့"

ကျော်မျိုးနွယ် အားလျော့သွားပုံရသည်။

"ကနေ့ ဥပုသ်နေ့လား"

လဲ့လဲ့ချိုက ဆိုင်ရှင်ကို မေးသည်။

"စော်ဘွားလေးက ဥပုသ်စောင့်တာမဟုတ်ဘူး၊ အမိဋ္ဌာန်ဥပုသ်ဝင်တာ၊ သူအမိဋ္ဌာန်ဝင်နေတုန်း သူ့ကို ဘယ်သူမှ စကားမပြောရဘူး။ ဟော်ထဲလည်း လူစိမ်းမဝင်ရဘူး"

"သူ အမိဋ္ဌာန်ဥပုသ်စောင့်တာက ဘယ်နှရက်လဲ"

"၄၉ရက်"

"ဘယ်တော့ထွက်မလဲ"

"အေး…ဘယ်ထွက်ဦးမလဲ၊ မနေ့ကမှ ဝင်တဲ့ဥစ္စာ"

"ဒုက္ခပါပဲ"

ကျော်မျိုးနွယ် ခြုံသံပါအောင် ညည်းလိုက်သည်။

"ကဲ အစ်ကို၊ ဘာပဲဖြစ်ဖြစ် သွားကြည့်ရအောင်"

သို့ဖြင့် သူတို့ရွာလယ်လမ်းအတိုင်း ဟော်နန်းဆီသို့ မောင်းခဲ့ကြသည်။ ဟော်နန်းသည် ရွာအဆုံးတွင် ရှိသည်။ ရှေ့မျက်နှာစာတွင် ရွာရှိပြီး ကျန်သုံးဖက်တွင် တောရှိသည်။



ကျုံးရှိသည်၊ တံတားရှိသည်၊ မြို့ရိုးရှိသည်၊ တံခါးပေါက်ရှိသည်၊ တံခါး မှူးရှိသည်။ ကားကို တံတားထိပ်တွင် ရပ်ထားခဲ့ကြပြီး တံခါးမှူးရှိရာသို့ လျှောက်သွားကြသည်။ တံခါးမှူးသည် ရှမ်းအမျိုးသား တစ်ယောက်ဖြစ်သည်။ ငွေရိုးတပ်ဓားကို လွယ်ထားသည်။

"ဟေး ဘာလုပ်သလဲ"

"စော်ဘွားလေးနဲ့ တွေ့ချင်လို့ပါ"

လဲ့လဲ့ချိုက မျက်နှာချိုချို အသံချိုချိုဖြင့် ပြောသည်။

"စော်ဘွား ဥပုသ်စောင့်နေတယ်၊ ဘယ်သူမှ မတွေ့ရဘူး"

"ကျွန်မတို့ ရန်ကုန်က လာတာပါ"

တံခါးမှူး ခေါင်းရမ်းသည်။

"ကျွန်မတို့ နန်းသူဇာနဲ့ကော တွေ့နိုင်သလား"

တံခါးမှူးခေါင်းရမ်းသည်။

"မြသီတာနဲ့ကော"

ခေါင်းရမ်းသည်။

သူတို့နှစ်ယောက် တပ်ခေါက်ခဲ့ကြသည်။ ကားအနီးသို့ ရောက်သောအခါ…

"ဘယ့်နှယ်လုပ်ကြမလဲ"

လဲ့လဲ့ချိုက မေးသည်။

"ကိုယ်လည်း စဉ်းစားနေတာပဲ"

"ရှမ်းသီလျှက်သားနဲ့ မတွေ့ရဘူးဆိုရင်တော့ နာတာပဲ။ ဒါလောက်ကြီးတောင် ကြိုးစားပမ်းစား လာရပြီးမှ"

"ဟော်ထဲကို ရောက်အောင် တစ်နည်းနည်းနဲ့ ကြံရမှာပေါ့"

"ဟုတ်တယ်၊ တစ်နည်းနည်းနဲ့ ဝင်မှပဲ"

လဲ့လဲ့ချိုက စိတ်အားထက်သန်စွာ ပြောသည်။

ဟော်ကို ပတ်ကွေ့၍ သွားသော လမ်းရှိသည်။

"လာ ကားပေါ်တက်၊ အခြေအနေ လိုက်ကြည့်ရအောင်"

လမ်းသည် သစ်ပင်များ၊ ချုံပုတ်များအကြားတွင် မြွေတစ်ကောင်ကဲ့

www.burmeseclassic.com

www.burmeseclassic.com



သို့ တွန့်လိမ်လျက် ရှိသည်။ ကျုံးနှင့် ဝေးလိုက်နီးလိုက် ဖြစ်သည်။ တစ်နေရာတွင် ကျုံးကူးတံတားတစ်ခု တွေ့ရသည်။

"မလှမ်းပေါက်နဲ့ တူတယ်"

ကျော်မျိုးနွယ်က ကားကို ရပ်လိုက်သည်။ ကျုံးနှင့် မြို့ရိုးအကြားတွင် ချုံနွယ်ဖိတ်ပေါင်းများ ရှိသည်။

"တံခါးပေါက် ရှိမရှိ ကိုယ်သွားကြည့်လိုက်ဦးမယ်"

ကျော်မျိုးနွယ်က ကားပေါ်မှ ဆင်းသည်။

"လဲ့လဲ့နေရစ်ခဲ့ပါ၊ ကိုယ်က အခုချက်ချင်း ကြည့်ပြီး ပြန်လာခဲ့မယ်"

ကျော်မျိုးနွယ်က လဲ့လဲ့ချို၏ ပခုံးကို လက်တစ်ဖက်ဖြင့် အုပ်ဖိ၍ ပြောသည်။ အပြန်အလှန်ပြုံးကြသည်။ ထို့နောက် တံတားဆီသို့ ကျော်မျိုးနွယ် ခပ်သုတ်သုတ်လျှောက်သွားသည်။

လဲ့လဲ့ချို ကားပေါ်မှ ငေးကြည့်နေသည်။

တံတားထိပ်သို့ ရောက်သောအခါ ကျော်မျိုးနွယ် နောက်သို့ လှည့်ကြည့်ပြီး လက်ပြသည်။ လဲ့လဲ့ချိုက ပြန်လည်၍ လက်ဝှေ့ရမ်းသည်။ များမကြာမီတွင် ကျော်မျိုးနွယ် တံတားတစ်ဖက်တွင် ပျောက်ကွယ်သွားသည်။

## အခန်းတစ်ဆယ့်လေး

ကျော်မျိုးနွယ်သည် လူတစ်ရပ်ခန့်ရှိသော ချုံများအကြား ကွေ့ ...ကောက်သော လမ်းကလေးအတိုင်း လျှောက်သွားသောအခါ မလှမ်း ...ပါက်ကို တွေ့ရသည်။

တံခါးပိတ်ထားသည်။ အစောင့်မရှိပါ။ သို့သော် ခဏမျှ ကြာ ...သာအခါ တံခါးဆီသို့ လူတစ်ယောက်လျှောက်လာပြီး

"ဟေ့ ဘာလုပ်နေတာလဲ"

"စော်ဘွားလေးနဲ့ တွေ့ချင်လို့ပါ"

"ရှေ့ဝင်းတံခါးက လာပါလား"

"ကျွန်တော် ရန်ကုန်က ဧည့်သည်ပါ။ ကားနဲ့ လျှောက်ကြည့်ရင်း အပေါက်ကို ရောက်လာတာပါ။ စော်ဘွားလေးနဲ့တွေ့ပါရစေ"

"စော်ဘွားလေး အမိဋ္ဌာန်ဝင်နေတယ်။ နောက်မှလာခဲ့"

ထိုလူအတွင်းဘက်သို့ ပြန်ဝင်သွားသည်။ ကျော်မျိုးနွယ် ဒေါသ ...ဖြစ် နှင့် တံခါးရွက်ကို လက်သီးနှင့် တစ်ချက် ထိုးလိုက်မိသည်။

ထို့နောက် နောက်ကြောင်းပြန်လှည့်ခဲ့သည်။ တံတားပေါ်သို့ ရောက် ...သာအခါ သစ်ပင်ရိပ်တွင် ရပ်ထားသော သူ့ကားကို မြင်ရသည်။ သို့ရာ ...င် လဲ့လဲ့ချိုကို ကားပေါ်တွင် မမြင်ရပါ။ အမျိုးသမီး ကားပေါ်တွင်

www.burmeseclassic.com

www.burmeseclassic.com



အိပ်နေချေပြီလား။

ကျော်မျိုးနွယ် ခပ်သုတ်သုတ်လျှောက်သည်။ ကားအနီးသို့ ရောက် သွားသောအခါ ကားပေါ်တွင် မည်သူမျှ မရှိကြောင်း တွေ့ရသည်။

သူအနည်းငယ် စနိုးစနောင့်ဖြစ်သွားသည်။ အရေးထဲတွင် သည် ကလေးမ ဘယ်သွားနေရသနည်း။ ဝန်းကျင်တွင် တောပန်းပွင့်များ ဝေဆာ နေသည်။ ပန်းလျှောက်ရှူးနေပြီ ထင်သည်။ အေးအေးလူလူ လမ်းလျှောက် နေပြီထင်သည်။ အနီးအနားတစ်ပိုက် ကျော်မျိုးနွယ် လိုက်ကြည့်သည် အမျိုးသမီး၏ အရိပ်အယောင်ကိုမျှ မမြင်မတွေ့ရပါ။

မိမိကို မစောင့်နိုင်သဖြင့် ထမင်းဆိုင်သို့ အမျိုးသမီး ပြန်သွားနှင့်ချေ ပြီလား။ မဖြစ်နိုင်ပါ။

ကျော်မျိုးနွယ် အတန်ကြာအောင် စောင့်ကြည့်သည်။ အမျိုးသမီး ရောက်မလာပါ။ သူစိတ်ပူစပြုလာသည်။ အမျိုးသမီးသည် ဘယ်နည်းနှင့် မျှ ဝေးဝေးလံလံ သွားနေမည် မဟုတ်ပါ။ ကားအနီးမှ ဤမျှ အချိန် ကြာကြာ ပျောက်နေမည်မဟုတ်ပါ။

ကျော်မျိုးနွယ်သည် ထိတ်လန့်တုန်လှုပ်စွာဖြင့် လွဲလွဲချိုအမည်ကို ဟစ်အော်သည်။ ပဲ့တင်သံသာ ထွက်ပေါ်လာသည်။ အမျိုးသမီး၏ တုံ့ပြန် သံ မကြားရပါ။

ခဏအကြာတွင် နွားကျောင်းသားလေးတစ်ယောက် မလှမ်း မကမ်းမှ ဖြတ်သွားသည်ကို တွေ့ရသည်။ ကျော်မျိုးနွယ်က ထိုသူငယ် လေးကို လက်ယပ်ခေါ်ပြီး အမျိုးသမီးတစ်ယောက်ကို မြင်မမြင် မေး သည်။

နွားကျောင်းသားကလေးသည် အမျိုးသမီးတစ်ယောက်ကိုကား မမြင်ချေ။ ဤအနီးမှ ဖြတ်သွားသော ကားတစ်စင်းကိုကား မြင်လိုက်သည် ဟုဆိုသည်။

ကျော်မျိုးနွယ်သည် ကားကို စက်နှိုးပြီး ရွာဘက်သို့ ဒလကြမ်း မောင်းထွက်သွားလေသည်။

■



လွဲလွဲချိုသည် နာကျင်သော ခံစားမှုဖြင့် သတိရရှိလာသည်။ နားထင် နှစ်ဖက်တွင် သွေးဒလကြမ်းတိုးလျက်ရှိသည်။ မျက်လုံးများကို ဖွင့်ထားသော်လည်း ကောင်းကောင်း မမြင်ရပါ။ မှောင်နေသည်။ အဘယ့် ကြောင့် ဤမျှ မှောင်နေရသနည်း။ သူမ၏ မျက်လုံးများ ကွယ်ချေပြီလား။ မျက်လုံးများ ကောင်းပါသည်။ အမှောင်ထဲတွင် မည်းမည်းအရိပ်တစ်ခု မြင်ရသည်။ လူတစ်ယောက် ဖြစ်သည်။ ယောကျ်ားတစ်ယောက် ဖြစ် သည်။ ကိုကျော်မျိုးနွယ်ပေလား။

သူမလှုပ်ရှားသည်။ သူမ၏ ကိုယ်တွင် တစ်စုံတစ်ခု မှားယွင်းလျက် ရှိချေပြီ။ သူမ၏ ခြေလက်များ အနေအထား မမှန်ရှိသည်။ သူမ၏ နောက် စေ့သည် တစ်စုံတစ်ခုနှင့် ထိခိုက်ထားဟန်ရှိသည်။ နာကျင်ခြင်းလည်း ဖြစ်သည်။ မူးဝေခြင်းလည်း ရှိသည်။ သူမ၏ ခြေသလုံးများသည် တင်း သည်ထက် တင်းသွားနေသည်။

သူမသည် ကြမ်းပြင်တစ်ခုပေါ်တွင်လဲနေသည်။ ယောကျ်ား တစ် ယောက်၏အသံ ထွက်ပေါ်လာသည်။ ကျော်မျိုးနွယ်၏အသံ မဟုတ်ချေ။

"ယောင်လို့မှ မအော်လိုက်နဲ့နော်၊ ကြားလား သတိထားနေ"

သူသည် သူမ၏ ခြေထောက်ကို ကြိုးဖြင့် တုပ်နေသည်။ ကြိုးအရှည် ကြီးတစ်ချောင်းဖြင့် တစ်ပတ်ပြီးတစ်ပတ် ပတ်နေသည်။ ခြေသလုံးနှစ်ခု ပူးနေသည်။ သူမ၏ လက်ကောက်ဝတ်နှစ်ဖက်တွင် တစ်စုံတစ်ခု ပတ် ထားဟန် ရှိသည်။ ကြိုးနှင့်တုပ်ထားခြင်းပင် ဖြစ်သည်။ နောက်ကျော ဘက်တွင် ပူးချည်ထားခြင်း ဖြစ်သည်။

သူမက အသံကုန် အော်ဟစ်ရန် ပါးစပ်ကို ဟလိုက်သည်။ ထိုသူ၏ လက်ဝါးတစ်ဖက်သည် သူမ၏ပါးစပ်ပေါ်သို့ ချက်ချင်း ရောက်ရှိလာ သည်။ တအားဖိထားသည်။ ထို့နောက် ပါးရိုးနှစ်ဖက်ကို ညှစ်သည်။ သူမ၏ မျက်လုံးမျက်ရည်များ စီးကျလာသောအခါတွင်မှ သူ့လက်ကို ပြန်ရုပ်သည်။

"ကဲ…ပါးစပ်ဟစမ်း၊ ကျယ်ကျယ်လေးစမ်း"

လွဲလွဲချို ပါးစပ်ဟလိုက်သည်။ ထိုသူက ပါးစပ်တွင်းသို့ အဝတ်စ

www.burmeseclassic.com

www.burmeseclassic.com



တစ်ခု ထိုးသွင်းသည်။ ပါးစပ်တစ်ခုလုံး ပြည့်သွားသည်။

ထိုအခါတွင်မှ ထိုသူ၏ မျက်နှာကို လဲ့လဲ့ချို ကောင်းစွာ တွေ့မြင်ရသည်။ ဖူးစိန်။

လဲ့လဲ့ချိုသည် လည်ချောင်းထဲတွင် တစ်နေသော တံတွေးကို မနည်းမျိုချရသည်။ ပတ်ဝန်းကျင်တစ်ခုလုံး တိတ်နေသည်။ ကိုယ့် အသက်ရှူသံကိုယ်ကြားနေရသည်။ ယခုအခါတွင် ပတ်ဝန်းကျင် တစ်ခုလုံးကို သူမကောင်းစွာ မြင်တွေ့နေရပြီဖြစ်သည်။ သူမ အစက ထင်ခဲ့သလောက်မမှောင်ပါချေ။ အလင်းရောင်အား အနည်းငယ်မျှသာ လျော့ပါးခြင်းဖြစ်သည်။

အခန်းကျဉ်းကလေးတစ်ခုဖြစ်သည်။ နံရံများမှာ ဝါးထရံဖြစ်သည်။ အောက်ခြေကြမ်းပြင်မှာ မြေကြီးသက်သက်သာ ဖြစ်သည်။ ခပ်ဟဟကလေး ဖွင့်ထားသော တံခါးပျက်တစ်ခု ရှိသည်။ ယင်းမှ အလင်းရောင်ဝင်နေခြင်းဖြစ်သည်။ သူမခေါင်းပေါ်တွင် ဟောင်းနွမ်းဆွေးရိနေသော သက်ကယ်မိုးရှိသည်။

သူမကို တဲပျက်ကလေးတစ်ခုအတွင်း၌ အကျဉ်းချထားခြင်း ဖြစ်သည်။

တဲအတွင်း၌ သူမတစ်ယောက်တည်းသာ ရှိသည်။ ဖူးစိန် မရှိတော့ပါ။ အပြင်သို့ ထွက်သွားသည်။ ဘယ်ကို သွားသနည်း။ ဘယ်လောက်ကြာမည်နည်း။ ဘယ်တော့ပြန်လာမည်နည်း။ သူမကို ဘာလုပ်ဦးမည်နည်း။

လဲ့လဲ့ချို လှုပ်ကြည့်သည်။ နာသည်။ ရှန်းသည်။ ကြိုးများ ဝိုတင်းလာသည်။ စိတ်ထဲက အော်ကြည့်သည်။ ပါးစပ်မှ အသံမထွက်ပါ။

ထိုစဉ်တွင် ခြေသံကြားရသည်။ ဖူးစိန်ဖြစ်သည်။ တဲတွင်းသို့ သူပြန်ဝင်လာခြင်းဖြစ်သည်။ ခဏအကြာတွင် ငှက်ဆိုးထိုးသလို သူ့အသံကြီး ပေါ် လာသည်။

"ဝက်ဝံရုပ်ကလေးတွေအကြောင်း တစ်ဆိတ်လောက် ကျွန်တော့်ကို အမိန့်ရှိပါ ဒေါ်လဲ့လဲ့ချို"



သူမ မျက်လုံးမှိတ်လိုက်သည်။ အပြာအစိမ်း အဝါတွေ ပေါ်လာသည်။ ကမ္ဘာကြီးတစ်ခုလုံး ချာချာလည်လျက်ရှိသည်။ သူမ၏ တစ်သက်နှင့် တစ်ကိုယ်တွင် ဤမျှနာကျင်ရခြင်းမျိုး၊ ထိတ်လန့်တုန်လှုပ်ရခြင်းမျိုး တစ်ကြိမ်တစ်ခါမျှ မဖြစ်ဖူးပါ။

အစ်ကို ဘယ်မှာလဲကွယ်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း တစ်ဆယ့်ငါး

ကျော်မျိုးနွယ်သည် မိုင်းနောင်တစ်ရွာလုံးကို အုံးအုံးကြွက်ကြွက် လှုပ် လှုပ်ရှားရှား ဖြစ်စေသည်။ ဆေးတံနှင့် လူရွယ်သည် ထမင်းဆိုင်ရှင်၏ သား ဖြစ်သည်။ သူ့နာမည် အိုက်ပန်ဖြစ်သည်။ အိုက်ပန်သည် တက်ကြွသော လူငယ်တစ်ယောက်ဖြစ်သည်။ သူက လူငယ်တွေကိုလည်း စည်းရုံးသည်။ လူကြီးတွေကိုလည်း ဆွေးနွေးသည်။ လူကြီးလူငယ်များအားလုံး ယောကျ်ားမိန်းမများ အားလုံးလောက်ပင် ထမင်းဆိုင်ရှေ့သို့ ရောက်ရှိလာကြသည်။ အုပ်စုများဖွဲ့ပြီး အရပ်ရှစ်မျက်နှာအနှံ့ တောနင်းပြီး ရှာဖွေရန် စီစဉ်နေကြသည်။

ကျော်မျိုးနွယ်တစ်ခုပဲ စိုးရိမ်နေသည်။ နွားကျောင်းသားကလေးက ကားတစ်စီး မြင်လိုက်ရသည်ဆိုသဖြင့် လဲ့လဲ့ချို အနီးအနားတစ်ဝိုက်တွင် မရှိတော့မှာပဲ ဖြစ်သည်။ လဲ့လဲ့ချို အဝေးအလံသို့ ရောက်သွားပြီဆိုလျှင် သူတို့၏ ရှာဖွေခြင်းသည် ဘာမျှ အဓိပ္ပာယ်ရှိမည်မဟုတ်ချေ။

"အစ်ကိုရေ အစ်ကို၊ အစ်ကို့ကို ရှာလိုက်ရတာ"

ကျော်မျိုးနွယ်သည် လူကြီးအချို့နှင့် ဆွေးနွေးတိုင်ပင်နေစဉ် အမျိုးသမီးသံတစ်ခု ကြားလိုက်ရသဖြင့် လှည့်ကြည့်လိုက်ရာ သူထင်သည့်အတိုင်းပင် မာလာရီ ဖြစ်နေသည်။



အမျိုးသမီးက အင်္ကျီအစိမ်းနု၊ ထဘီအစိမ်းနုနှင့် ကြော့ကြော့ကလေး လျှောက်လာသည်။ ရောမနေကာမျက်မှန်ဝိုင်းကြီး တပ်ထားသည်။ ပခုံးတွင် သိုင်းကြိုးအိတ် လွယ်ထားသည်။

ကျော်မျိုးနွယ်သည် မာလာရီကို မြင်လိုက်ရသောအခါ ရင်တွင်း၌ ဒေါသလှိုင်းထန်လာသည်။ သူ့မျက်နှာ ရဲသွားသည်။ ချက်ချင်းပင် အမျိုးသမီး၏ လည်ပင်းကို လက်နှစ်ဖက်ဖြင့် ညှစ်ပစ်လိုက်ချင်သည်။

"လဲ့လဲ့ချို ဘယ်မလဲ"

သူက လွှတ်ခနဲက မေးလိုက်သည်။ သူ့အသံတွင် ဒေါသပါသည်။ သို့သော် အမျိုးသမီးက မနို့တရို့ကလေး ပြုံးလျက်–

"အို...အစ်ကို ဘာပြောတာလဲ၊ အစ်ကိုပြောတာ မာလာ နားမလည်ပါဘူး။ တောင်ကြီးမှာတုန်းက အစ်ကိုဘယ်လိုလုပ်ပြီး ချက်ချင်းကြီး ပျောက်သွားတာလဲ။ မာလာ အစ်ကို့ကို လိုက်ရှာတာ မတွေ့ဘူး"

ကျော်မျိုးနွယ်က မာလာရီနှင့် အတူပါလာသူကို မျက်မှောင်ကုပ်ပြီး မနှစ်သက်သော မျက်လုံးဖြင့် ကြည့်သည်။

"အို...သူက မာလာရဲ့ အစ်ကိုဝမ်းကွဲပါ။ အစ်ကိုအောင်သိန်းထွန်းပါ။ အစ်ကိုထွန်းရေ သူက အစ်ကိုကျော်မျိုးနွယ်ပါ"

အောင်သိန်းထွန်းက သက္ကလပ်ဦးထုပ်ကို ချွတ်ပြီး ခေါင်းညိတ် နှုတ်ဆက်သည်။ ကျော်မျိုးနွယ်က ယင်းကို မသိကျိုးကျွန်ပြုကာ မာလာရီအား မေးသည်။

"နေပါဦး၊ အမိက ကျုပ်ဆီက ဘာလိုချင်လို့ ကျုပ်ကို-လိုက်ရှာနေတာလဲ"

"အစ်ကိုကလည်း ဖြည်းဖြည်းပြောစမ်းပါ၊ ဒေါသချည်းပဲ၊ မာလာလိုချင်တာဟာ အစ်ကိုလိုချင်တာနဲ့ အတူတူပဲပေ့ါ။ ကလေးမကလေးပဲပေ့ါ။ ကလေးမကလေး အခု ဘယ်မှာလဲဟင်"

"ကလေးမကလေးက အမိနဲ့ ဘာဆိုင်လို့လဲဟင်"

"သူက မာလာရဲ့ညီမ"

"ဘာ...ဘာပြောတယ်၊ ညီမ ဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



ယင်းအခိုက်တွင် သူတို့အနီးသို့ အိုက်ပန်ရောက်လာသည်။

"ကျွန်တော်တို့ သွားမယ်၊ လူစုခွဲပြီး ရှာကြမယ်"

ကျော်မျိုးနွယ် ခေါင်းညိတ်လိုက်သည်။ အိုက်ပန်ထွက်သွားသည်။ ထမင်းဆိုင်ရှေ့ရှိ လူအုပ်တဖြည်းဖြည်းချင်း ရှင်းသွားသည်။

မာလာရီသည် ကုလားထိုင်တစ်လုံးတွင် မောပန်းဟန်ဖြင့် ဝင် ထိုင်သည်။ ထို့နောက် ကျော်မျိုးနွယ်ကိုလည်း ထိုင်ရန်ညွှန်ပြလျက်။

"ထိုင်ပါဦးအစ်ကို၊ ဖြည်းဖြည်းဆေးဆေး ပြောတာပေါ့။ ဒီမှာ လူတွေ တရုန်းရုန်းနဲ့ ဘာဖြစ်နေကြသလဲ၊ အစ်ကို နောက်ထပ်ဝက်ဝံရုပ်တစ်ရုပ် တွေ့ပလား၊ အဲ့ထဲမှာ စာရှိသလား"

မာလာရီနှင့် မျက်နှာချင်းဆိုင်တွင် ကျော်မျိုးနွယ် ထိုင်သည်။

လှဲ့လှဲ့ချို ဘယ်မလဲ"

"ဩော်...အစ်ကိုရဲ့ အမျိုးသမီးကလေးကို မေးတာလား၊ သူပျောက်နေလို့လား၊ လူတွေ ဒါကြောင့် ယောက်ယက်ခတ်နေကြတာကိုး"

"ဒီမယ် မာလာ၊ စကားကို ကောင်းကောင်းပြောပါ။ သံရော် တာတွေ ငေါ့တာတွေ မလုပ်ပါနဲ့၊ အမိဘာပြောချင်သလဲ ပြောပါ။ အချိန် မရှိဘူး"

သူက ခပ်တည်တည် ပြောလိုက်သည်။

"စိတ်မဆိုးပါနဲ့အစ်ကိုရယ်၊ ပြောမှာပေါ့။ တကယ်တော့ အစ်ကိုနဲ့ မာလာတို့ဟာ ဟိုဘက်ဒီဘက် ဆန့်ကျင်ဘက်တွေပါ။ ဒါပေမယ့် အခုလို အချိန်အခါမှာ ဆန့်ကျင်ဘက်အင်အားစုနှစ်စုကို မပူးပေါင်းသင့်ကြဘူး လား။ အခိုက်အတန့်အားဖြင့်ပေါ့။ ယာယီအားဖြင့်ပေါ့။ ကျွန်မရဲ့ မိထွေး ဟာ အခုဆိုရင် အင်မတန် သနားစရာကောင်းနေပါတယ်။ သမီးကလေး အတွက် စိတ်ထိခိုက်ကာ စိတ်ရောဂါဝေဒနာ ဖြစ်နေရှာပါတယ်။ အစ်ကို လည်း ဒါတွေကို သိမှာပါ"

ကျော်မျိုးနွယ် ဘာမှု ပြန်မပြောပါ။ နားထောင်နေသည်။ မာလာရီ ဆက်ပြောသည်ကို ငံ့လင့်နေသည်။

"အစ်ကို ရှင်းသွားအောင် အစကနေပြန်ပြီး ပြောရမယ်ဆိုရင် မာလာ



ရဲ့ဖေဖေဟာ လွန်ခဲ့တဲ့ ငါးနှစ်လောက်က အမျိုးသမီးတစ်ယောက်နဲ့ နောက် အိမ်ထောင်ပြုခဲ့တယ်။ ဒါကို မာလာ ချိုတယ်ခါးတယ် မပြော လိုပါဘူး၊ သူ့ဘာဖနဲ့သူပဲ၊ မာလာက သမီးပဲ၊ သူ့မှာ ဇနီးတစ်ယောက် လိုပါတယ်"

ကျော်မျိုးနွယ်က သူ့လက်မှ နာရီကို ကြည့်လိုက်သည်။ မာလာရီက ခပ်မြန်မြန်ဆက်ပြောသည်။

"သူတို့နှစ်ယောက်ရဲ့ အိမ်ထောင်ရေးဟာ သာယာပါတယ်။ မာလာ ဟာ ဖေဖေရဲ့ ပျော်ရွှင်ချမ်းမြေ့မှုကို ဘယ်လိုမှဝင်ပြီး မနှောင့်ယှက်ခဲ့ပါ ဘူး။ ဒါပေမယ့် အစ်ကို့သူငယ်ချင်း ကိုသက်နိုင်ဆိုတဲ့လူ ရောက်လာက တည်းက မုန်တိုင်းစတော့တာပါပဲ။ ဒေါ်သင်းမွန်ဟာ အစ်ကိုတို့ဖေဖေနဲ့ အိမ်ထောင်ကျခဲ့ဖူးတယ်ဆိုတာကို မာလာတို့ဖေဖေ အရင်က မသိခဲ့ပါ ဘူး။ ဒေါ်သင်းမွန်မှာ ကလေးရှိတယ်ဆိုတာကို လုံးဝမသိခဲ့ပါဘူး။ ဒီအကြောင်းတွေကို သိလိုက်ရတဲ့အခါကျတော့ တစ်မျိုးတစ်ဖုံတွေ ဖြစ်ကုန်ကြတယ်။ မာလာတို့ဖေဖေဟာ ကိုယ့်သိက္ခာနဲ့ကိုယ်နေတဲ့ လူကြီးတစ်ယောက်ဆိုတော့ မမျှော်လင့်တာတွေကို သိလိုက်ကြား လိုက်ရတော့ အစပိုင်းမှာ ရှုပ်ထွေး ကုန်တာပေါ့။ ဒါပေမယ့် အခုကျတော့ အခြေအနေတွေအားလုံး မှန်သွားပါ ပြီ။ ဖေဖေဟာ ဒေါ်သင်းမွန်ကို အင်မတန် ချစ်ခင်မြတ်နိုးတယ်။ ဒေါ်သင်းမွန်ဟာ သူ့သမီးကလေး အတွက် စိတ်ဂယောက်ဂယက် ဖြစ်သွားရတာကို ဖေဖေနည်းနည်းမှ စိတ်မကောင်းဘူး။ သူ့ဇနီးဟာ သူ့သမီးကလေးကို ရသင့်တယ်လို့ ဖေဖေက ယူဆတယ်။ ဒါကြောင့် ဖေဖေဟာ ဒေါ်သင်းမွန်ရဲ့ စိတ်ချမ်း သာရေး၊ သူတို့လင်မယား စိတ်ချမ်းသာရေးအတွက် ကလေးလေးကို တွေ့အောင် ရှာဖို့ ဆုံးဖြတ်တယ်။ မာလာကလည်း ဖေဖေရဲ့ စိတ်ချမ်းသာ မှုကို လိုလားတဲ့ သမီးတစ်ယောက်ဆိုတော့ ဒီကိစ္စမှာ ကန့်လန့်ကန့်လန့် ပါလာရတာပဲ"

"ဒါကြောင့် အမိက ကျုပ်နဲ့ ရန်ကုန်မှာ ကြုံကြိုက်ဆုံစည်းအောင် ကြိုးစားခဲ့တာပေါ့ ဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်အစ်ကို၊ အစ်ကိုတို့ကလည်း ဒီကလေးကို လိုက်ရှာနေမှန်းသိလို့ အစ်ကိုတို့နဲ့ ချိတ်ဆက်ရအောင် ကြိုးစားခဲ့ရတာပေါ့။ ဖေဖေ့မှာ တူသားနောင်မယ်တွေနဲ့ တပည့်သားမြေးတွေ အများကြီးရှိပါတယ်။ သူတို့လည်း ကလေးမကလေးကို တွေ့အောင် တပ်ဖြန့်ရှာနေကြပါတယ်။ မာလာကတော့ ကလေးမကလေးကို ရှာနေတဲ့ အစ်ကို့နောက်ကို မျက်ခြည်မပြတ်အောင် ကြိုးစားပြီး လိုက်နေရပါတယ်"

"ဒီကို အမိတို့ ဘယ်လိုလုပ်ပြီး လိုက်လာသလဲ"

"အစ်ကိုတို့မြောက်ပိုင်းရှမ်းပြည်နယ်ကို သွားမယ်ဆိုတာ လေယာဉ်ပေါ်မှာကတည်းက အစ်ကိုထွန်းက သိခဲ့တယ်။ အစ်ကို့အမျိုးသမီးက ရှမ်း ပြည်နယ်မြောက်ပိုင်းမြေပုံကို သူ့ရှေ့မှာ ကြည့်ခဲ့တယ်။ အစ်ကိုတို့ တောင်ကြီးကနေ ကားနဲ့ပျောက်သွားတာနဲ့ တစ်ပြိုင်နက် မာလာတို့လည်း ချက်ချင်း နောက်ယောက်ခံပြီး လိုက်တာပဲ။ တောင်ကြီးကနေ မန္တလေး၊ မန္တလေးကနေ လားရှိုး၊ လားရှိုးကို ကနေ့မနက်ပဲ ရောက်တယ်။ အစ်ကိုတို့တည်းတဲ့ ဟိုတယ်ကို ရောက်တယ်။ အစ်ကိုတို့ မနေ့က သွားခဲ့တဲ့ နေရာကို ရောက်တယ်။ နောက်ဆုံး ဒီကိုရောက်လာရတာပဲ"

"တော်ပါပေတယ်"

"ဒါတွေ ထားပါတော့အစ်ကိုရယ်၊ ကလေးမကလေး ဘယ်မလဲဆိုတာသာ ပြောစမ်းပါ၊ ပြောမယ်မဟုတ်လားဟင်"

"ဘယ်ကလေးမကလေးလဲ"

"မာလာတို့ရဲ့ ညီမလေးပေါ့၊ သူ့နာမည်က ပုန်းညက်နွယ်တဲ့၊ သူဘယ်မှာ ရှိတယ်ဆိုတာ အစ်ကိုသိတယ်မဟုတ်လားဟင်"

"မသိဘူး"

"အစ်ကို နောက်ထပ် ဝက်ဝံရုပ်တစ်ရုပ် ရထားပြီမဟုတ်လားဟင်"

"အဲဒီအရုပ်ကို တွေ့အောင် အနည်းဆုံး တစ်ပတ်လောက် ပြင်းပြင်းထန်ထန် ရှာရမယ်"

"လွန်လှချည်လားအစ်ကိုရယ်"

မာလာရီက ဆွဲဆွဲငင်ငင်ကလေး ပြောလိုက်သည်။



"နောက်တစ်ခုကတော့ အရုပ်ရတာမရတာကလည်း အရေးမကြီးဘူး"

"ဘာက အရေးကြီးသလဲအစ်ကို"

လဲ့လဲ့ချို ရှိဖို့ အရေးကြီးတယ်၊ ဝက်ဝံရုပ်ရှိရှိမရှိရှိ လဲ့လဲ့ချို မရှိရင် ဘာမှ လုပ်လို့ မရဘူး"

"ဘာဆိုင်လို့လဲအစ်ကို"

"ဆိုင်တာပေါ့၊ လဲ့လဲ့ချို မရှိဘဲနဲ့ ကလေးမကလေးကို ကျုပ်လည်း မရှာနိုင်ဘူး၊ အမိတို့လည်း မရှာနိုင်ဘူး"

လဲ့လဲ့ချို ပျောက်ဆုံးနေခြင်းသည် မာလာရီနှင့် တစ်နည်းနည်း ပတ်သက်နေမည်ဟုထင်သဖြင့် ကျော်မျိုးနွယ်က ပြောလိုက်ခြင်းဖြစ်သည်။

"အမျိုးသမီးက သူသိတာတွေအားလုံးက အစ်ကို့ကို ပြောထားပြီးပြီမဟုတ်လား"

"ပြောလို့မရနိုင်တာ ရှိဦးမှာပေါ့။ တချို့ကျတော့ လူကိုယ်တိုင် မြင်တွေ့ရမှ ဖြစ်မယ့်ဟာတွေ ရှိဦးမှာပေါ့"

"မာလာသဘောမပေါက်ဘူးအစ်ကို"

"အမိ သဘောပေါက်တာ မပေါက်တာ အပထား၊ ကျုပ်ကတော့ လဲ့လဲ့ကို မတွေ့တွေ့အောင် လိုက်ရှာရလိမ့်မယ်၊ ကျုပ်အဖို့တော့ သေရေးရှင်ရေးပဲ"

ကျော်မျိုးနွယ် ထိုင်ရာမှ ထလိုက်ပြီး

"ဒါနဲ့စကားမစပ် ဦးဖူးစိန်ဆိုတဲ့လူကို အမိသိသလား"

မာလာရီက သူ့ကို အတန်ကြာစိုက်ကြည့်နေပြီး

"ဘာပြုလို့လဲအစ်ကို"

"ဗိုတိမ်မိုးဆိုတာကိုကော ကြားဖူးသလား"

"ဘာပြုလို့ ဒီနာမည်တွေ ပြောနေတာလဲအစ်ကို"

"သက်နိုင်ကို ဦးဖူးစိန်သတ်တယ်ဆိုတာကော အမိသိသလား"

"ကိုသက်နိုင်နဲ့ ဦးဖူးစိန်ကိစ္စ မာလာတို့နဲ့ ဘာဆိုင်သလဲအစ်ကို၊ မာလာတို့နဲ့ ဆိုင်တာက ကိုသက်နိုင်နဲ့ ကလေးမကလေးအပိုင်းပဲ။ နောက်

www.burmeseclassic.com

www.burmeseclassic.com



ပြီး မာလာသိတာကို ပြောရရင် ဒေါ်သင်းမွန်နောက်ကို လူဆိုးတွေလိုက်နေကြတယ်။ ဘာအကြောင်း ဘာကိစ္စနဲ့ လိုက်နေတယ်ဆိုတာကတော့ မာလာမသိဘူး။ ဒါပေမယ့် သူတို့ဟာ လူဆိုးဂိုဏ်းတစ်ဂိုဏ်းပဲ။ ကြောက်စရာကောင်းတယ်။ ဒါကြောင့် အစ်ကိုနဲ့ မာလာတို့ ပူးပေါင်းပြီး...”

“ကဲ...လူဆိုးတွေက ဘယ်လိုလုပ်ပြီး ဒီကို လိုက်လာနိုင်ကြသလဲ”

“သူတို့ ဒီကို လိုက်လာတယ်လို့ အစ်ကို့ကို ဘယ်သူပြောသလဲ”

“ဒါဖြင့် လဲ့လဲ့ချို ဘယ်ရောက်သွားသလဲ”

“မာလာဘယ်သိပါ့မလဲအစ်ကို၊ မာလာမရောက်ခင် သူ ပျောက်သွားတာ မဟုတ်ဘူးလား”

ကျော်မျိုးနွယ် ဘာမှပြန်မပြော။

“အစ်ကိုနဲ့ မာလာတို့ လက်တွဲကြရအောင်ပါအစ်ကို၊ ကလေးမကလေးဟာ မာလာနဲ့လည်း ညီမတော်ပါတယ်။ မာလာတို့ လက်တွဲထားရင် သူတို့ကို ကြောက်စရာမလိုပါဘူး။ သူတို့ဟာ ဘယ်သူပဲဖြစ်ဖြစ်ပေါ့။ ဘယ့်နှယ့်လဲအစ်ကို”

“မာလာပြောတာ စဉ်းစားဖို့ကောင်းပါတယ်”

“စဉ်းစားမနေပါနဲ့အစ်ကို၊ ယတိပြတ် ဆုံးဖြတ်ပါ။ ကိုသက်နိုင်ဟာ ဝက်ဝံရုပ်ထဲမှာ စာတစ်စောင်ထည့်ထားခဲ့တယ် မဟုတ်လား၊ ဝက်ဝံရုပ်ဟာ ဒီရွာမှာ ရှိနေတယ်မဟုတ်လား”

“လဲ့လဲ့မရှိဘဲနဲ့ ဝက်ဝံရုပ်ရှိရုံနဲ့ ဘာမှလုပ်မဖြစ်နိုင်ဘူးလို့ မာလာကို ကိုယ်ပြောခဲ့တယ်မဟုတ်လား”

“အစ်ကိုပြောတာ မာလာသဘောမပေါက်ဘူးအစ်ကို”

ကျော်မျိုးနွယ် အနည်းငယ်စဉ်းစားဟန်ပြုပြီး

“ကောင်းပြီမာလာ၊ အစ်ကိုပြောမယ်၊ သက်နိုင်ဟာ လဲ့လဲ့ကို ပါးစပ်နဲ့လည်း မှာခဲ့တာ ရှိသေးတယ်”

“ဟုတ်လား”

“ဟုတ်တယ်၊ ဒါပေမယ့် ခက်တာက သက်နိုင်ပြောခဲ့တဲ့ စကားကို သူမမှတ်မိတော့ဘူးပေါ့။ ဒါပေမယ့် ဝက်ဝံရုပ်ထဲက စာကို တွေ့ရင်တော့



သူပြန်ပြီး စဉ်းစားလို့ ရနိုင်တယ်။ ဒီနှစ်ခုက တစ်ခုနဲ့တစ်ခု ဆက်စပ်ပြီး ယူရမှာကိုး။ ဒါကြောင့်မို့လို့ လဲ့လဲ့မရှိဘဲနဲ့ ဝက်ဝံရုပ်ရှိလည်း အလကားပဲလို့ ပြောတာ”

မာလာရီ ခေတ္တမျှ တိတ်ဆိတ်နေပြီးနောက်

“ကိုသက်နိုင်ဟာ စာတစ်စောင်ရေးခဲ့ပြီးနောက်မှာတော့ ပါးစပ်နဲ့ မှာခဲ့စရာ လိုသေးသလား”

“ဦးဖူးစိန်ဟာ သက်နိုင်နဲ့ လေယာဉ်တစ်စင်းထဲမှာ ပါလာတယ်။ အဲဒီတော့ သက်နိုင်ဟာ သူပြောစရာတွေအားလုံးကို စာထဲမှာ ရေးခဲ့လို့ အန္တရာယ်က ကင်းပါ့မလား၊ အဲဒီစာ ဦးဖူးစိန် လက်ထဲကို ရောက်သွားရင် ဘယ့်နှယ့်လုပ်မလဲ”

“အစ်ကို့ အမျိုးသမီးက မမှတ်မိဘူးဆိုတာကတော့ မဟုတ်သေးဘူး”

“ဦးနောက်ဆိုတာ မေ့တတ်တာပဲဟာလား၊ မာလာယုံတာ မယုံတာတော့ ကိုယ်မတတ်နိုင်ဘူး။ သဲလွန်စတစ်ခြမ်းဟာ ဝက်ဝံရုပ် ထဲမှာ ရှိတယ်။ ကျန်တဲ့တစ်ခြမ်းဟာ လဲ့လဲ့ရဲ့ ခေါင်းထဲမှာ ရှိတယ်။ ဒီနှစ်ခုကို ပေါင်းယူရမယ်။ ဒါ့ကြောင့် ကိုယ်ဟာ လဲ့လဲ့ကို ဒီအထိ အပင် ပန်းခံပြီး ခေါ်လာခဲ့တာပေါ့။ နို့မို့ရင် သူ့ဆီက ကိုယ်သိချင်တာကို မေးပြီး၊ မှတ်ပြီး သူ့ကို ရန်ကုန်မှာပဲ ထားခဲ့မှာပေါ့”

“ဝက်ဝံရုပ်တွေ ဘယ်မှာရှိတယ်ဆိုတာတော့ သူအကုန်သိတယ် မဟုတ်လား”

“မသိဘူး၊ သူလည်း မသိဘူး၊ ကိုယ်လည်း မသိဘူး”

မာလာရီ ဟက်ဟက်ပက်ပက် ရယ်သည်။ မယုံသည့်သဘော ဖြစ်သည်။

“ကဲ...မာလာရေ၊ ဘာပဲဖြစ်ဖြစ် ကိုယ်လည်း လူပျောက်လိုက်ပြီး ရှာလိုက်ဦးမယ်။ ကိုယ်တို့ဟာ လုမှုရေးအရတော့ ကူညီဖို့ ဝတ္တရား ရှိနေပါတယ်။

အောင်သိန်းထွန်းက မာလာရီကို အဓိပ္ပာယ်ပါပါ ကြည့်ရင်း ပြော

www.burmeseclassic.com

www.burmeseclassic.com



သည်။

"အစ်ကိုထွန်းသဘောလေ"

အောင်သိန်းထွန်းက သူတို့အပါးမှ ခပ်သုတ်သုတ် ထွက်သွားသည်။ မကြာမီ ကားတစ်စီး မောင်းထွက်သွားသံ ကြားရသည်။

"မာလာတို့လည်း လိုက်ရှာကြတာပေါ့၊ မာလာကို ခဏစောင့်ပဦး။ အပြင်ခဏထွက်လိုက်ဦးမယ်"

မာလာရီ ယင်းသို့ပြောပြီး အိမ်အတွင်းဘက်သို့ ဝင်သွားသည်။ ကျော် မျိုးနွယ် စိတ်မရှည်စွာနှင့် ဆယ်မိနစ်တိတိစောင့်ရသည်။

■

ဦးဖုးစိန်က သူမ၏ ပါးစပ်တွင်းသို့ ဆို့ထားသော အဝတ်ကို နုတ်လိုက်သည်။ လွဲလွဲချို ဘာမျှမပြောပါ။ ပါးစပ်မဟပါ။ နှုတ်ခမ်းစုံကို တင်းတင်းစေ့ထားသည်။

"ကဲ...ကျုပ်မေးတာ ပြောစမ်းပါဦး"

လွဲလွဲချို၏ ပါးစပ်နည်းနည်းမျှ မလှုပ်ပါ။

"ပြောလေ၊ ဝက်ဝံရုပ်ထဲကို သက်နိုင်တစ်ခုခု ထည့်ခဲ့တယ်မဟုတ်လား၊ မင်းမြင်တယ်မဟုတ်လား"

"မမြင်ဘူး"

"မင်းမြင်ပါတယ်၊ ကျုပ်ကို မလိမ်ပါနဲ့၊ သူဘာထည့်သလဲပြောစမ်း"

လွဲလွဲချို မပြော၊ ဦးဖုးစိန်၏ လက်ဝါးကြီး သူမ၏ ပါးပြင်ပေါ်သို့ အရှိန်ဖြင့် ကျရောက်သွားသည်။

"စာတစ်စောင် ထည့်တယ်မဟုတ်လား။ ဝက်ဝံရုပ်တွေကို မင်း ရောင်းပစ်လိုက်တယ်မဟုတ်လား၊ တောင်ကြီးက လူတွေကို တစ်ရှူး နောက်အရုပ်တွေကို ဘယ်သူတွေကို ရောင်းသလဲ"

"မသိဘူး"

"ဘာမသိဘူးလဲ၊ အားလုံး ဘယ်နှရုပ် ရောင်းလိုက်သလဲ၊ ပြောစမ်း မြန်မြန်"



"မသိဘူး"

ဖုးစိန်က သူမ၏ ပါးပြင်ကို ရိုက်နှက်ရန် သူ့လက်ကြီးကို ရွယ်လိုက်သည်။ ယင်းအခိုက်တွင် အပြင်ဘက်မှ အသံတစ်ခု ကြားရသည်။ လွဲလွဲချို လည်း ကြားရသည်။ ဖုးစိန်လည်း ကြားရသည်။ ဖုးစိန်က သူ့လက်ကို ပြန်ရုတ်သွားသည်။

သူနားစွင့်သည်။ တံခါးရွက်ကို လက်ဖြင့် တဒေါက်ဒေါက် ခေါက်နေသည့် အသံမျိုး ဖြစ်သည်။ အပြင်ဘက်မှ အချက်ပေးနေခြင်း ဖြစ်သည်။

လွဲလွဲချိုက အော်လိုက်ရလျှင် ကောင်းမလားဟု စဉ်းစားသည်။ ဖုးစိန် အပြင်ဘက်သို့ ထွက်သွားသည်။

လွဲလွဲချို ငြိမ်နေသည်။ ခဏအကြာတွင် ဖုးစိန်ပြန်လာသည်။

သူ တောက်တစ်ချက်ခေါက်ပြီး သူမကိုယ်မှ ကြိုးများကို ဖြည်သည်။ မိမိကို တစ်နေရာသို့ ခေါ်သွားတော့မည်ဟု လွဲလွဲချို ထင်မိသည်။ သို့သော် ကြိုးများပြေသောအခါ ဖုးစိန်သည် ဘာမျှမပြောဘဲ တဲထဲမှ ထွက်သွားသည်။ ခပ်ဝေးဝေးသို့ လျှောက်သွားသံ ကြားရသည်။ ခဏ အကြာတွင် ကားတစ်စီး မောင်းထွက်သွားသံ ကြားရသည်။

ပြောင်းလဲသွားသော အခြေအနေကို လွဲလွဲချို ရုတ်တရက် နားလည်နိုင် ရှိသည်။ အတန်ငယ်ကြာသည်အထိ ထိုနေရာမှာပင် လဲလျက်သား ရှိနေသည်။

www.burmeseclassic.com

www.burmeseclassic.com

# အခန်း တစ်ဆယ့်ခြောက်

ကျော်မျိုးနွယ်နှင့် မာလာရီတို့ကို သယ်ဆောင်လာသော ကား ကလေးသည် မဏ္ဍလေဟော်ကို ကွေ့ပတ်လျက် ရှိသည်။ မာလာရီသည် စိတ်အားထက်သန်စွာဖြင့် တောင်မြောက် ဝဲယာတို့ကို ကြည့်ရှုရာ လျက် ရှိသည်။

■

လဲ့လဲ့ချိုသည် မြေကြီးပေါ်တွင် လဲနေရာမှ အားယူပြီးထသည်။ သူမ၏လက်များ ခြေထောက်များ ထုံကျဉ်လျက်ရှိသည်။ တံခါးပေါက်ဆီ သို့ ဒယိမ်းဒယိုင်ဖြင့် လျှောက်သွားသည်။ မဟတဟပွင့်နေသော တံခါး တွန်းဖွင့်သည်။ အလွယ်တကူမပွင့်ပါ။ တံခါးရွက်သည် ပတ္တာပြုတ်နေ သဖြင့် မြေကြီးပေါ်သို့ ထောက်နေသည့် တံခါးရွက်ကို သူမ မှီလိုက်သည်။ တကျွီကျွီမြည်ပြီး တံခါးရွက်အပေါ်ပိုင်း ဟသွားသည်။ သူမ၏ ကိုယ် လုံးကလေး တစ်ပတ်လည်ပြီး အပြင်ဘက်သို့ ရောက်သွားသည်။

ခြေဦးတည့်ရာသို့ သူမ စွတ်ပြီး ပြေးသည်။ ဖိနပ်တစ်ဖက် ကျွတ် ကျန်ရစ်သည်။ တောအုပ်တစ်ခုထဲတွင် ပြေးနေရခြင်းဖြစ်သည်။ မှုးစိန် မမြင်ရပါ။ သို့သော် သူမ၏ လွတ်မြောက်မှုကို စိတ်မချနိုင်ပါ။

လဲ့လဲ့ချို ရပ်နားခြင်း မပြုရပါ။ ကိုယ်လက်များ နာကျင်လာသည်



လေးတွဲ့လာသည်နှင့် ခေါင်းတစ်ခုလုံး မူးနောက်လာသည်။ မျက်လုံးများ ပြာဝေသည်။ ရင်ခုန်မြန်လာသည်။

နောက်ဘက်သို့ လှည့်ကြည့်သည်။ တဲကလေးကို မမြင်ရတော့ပါ။ သူမ၏ နောက်မှ မည်သူမျှ လိုက်မလာပါ။ သို့သော် ရပ်နားခြင်း မပြုဘဲ ဒယီးဒယိုင် ပြေးလျက်ရှိသည်။ ခဏအကြာတွင် မြေကြီးပေါ်သို့ လဲ့လဲ့ချို ပုံလဲကျသွားသည်။

သူမထရန် ကြိုးစားသည်။ မထနိုင်ပါ။ သူမ၏ နားထဲတွင် ခြေသံ တစ်ခု ကြားရသည်။ သူမထံသို့ ပြေးလာနေခြင်း ဖြစ်သည်။ နောက် တစ်ကြိမ် ထရန် ကြိုးစားသည်။ ခွန်အားမရှိတော့ပါ။ ဘာမျှ မတတ်နိုင် တော့ပါ။ ခြေသံသည် နီးသည်ထက် နီးလာလျက် ရှိသည်။

■

ကျော်မျိုးနွယ်သည် တဲကလေး၏ တံခါးကို ဆွဲဖွင့်လိုက်သည်။ မာလာရီက နောက်ဘက်မှနေ၍ လှမ်းမေးလိုက်သည်။

"တွေ့လားအစ်ကို"

ကျော်မျိုးနွယ်က တဲအတွင်းသို့ အားစိုက်ပြီး ကြည့်သည်။ မာလာရီ သူ့ကို မီအောင် ပြေးလာသည်။ သူမက သူ့ပခုံးကို လက်တစ်ဖက်ဖြင့် ကိုင်ပြီး အတွင်းသို့ ကြည့်သည်။ သူမ၏ တစ်ကိုယ်လုံးသည် သူနှင့်ပူးကပ် လျက် ရှိသည်။

"ဟော ဟိုမှာ တွေ့လား၊ ကြိုးတွေဖြည်ထားတယ်"

ကျော်မျိုးနွယ်က တဲအတွင်းမှ ကြိုးတွေကို လက်ညှိုးထိုးပြသည်။ ထို့နောက် တံခါးနှင့် မလှမ်းမကမ်းတွင်ရှိသော အရာတစ်ခုကို သွား ကောက်သည်။

"သူ့ဖိနပ်ပဲ"

မာလာရီက ဖိနပ်ကို ကြည့်လျက်။

"ဟုတ်တယ်၊ သူ့ဖိနပ်ပဲ။ သူဒီနားမှာ ရှိရမယ်။ အစ်ကို သူ့ကို ခေါ် ကြည့်ပါ။ သူ့နာမည်ကို အော်ခေါ်ကြည့်ပါ"

www.burmeseclassic.com

www.burmeseclassic.com



ကျော်မျိုးနွယ် ခေါင်းခါသည်။

"သူတို့တစ်နေရာကို ရွှေ့ခေါ်သွားတာ ဖြစ်ရမယ်"

"အို…ဘာပဲဖြစ်ဖြစ် ခေါ်ကြည့်ပါဦး"

မာလာရီ တိုက်တွန်းသဖြင့် ကျော်မျိုးနွယ်သည် လဲ့လဲ့ချို၏ အမည်ကို ဟစ်ခေါ်သည်။ တုံ့ပြန်မှု မရရှိပါ။

"သူဒီနားမှာပဲ ရှိရမယ်။ ရှာကြည့်ရအောင်"

ကျော်မျိုးနွယ် ခေါင်းတဆတ်ဆတ် ညိတ်သည်။ လဲ့လဲ့ချိုအဖမ်းခံရသည်။ လဲ့လဲ့ချို လွတ်မြောက်ချေပြီမှာ သေချာသည်။ သို့သော် ယခုအခါတွင် သူမသည် ဘယ်သောင်တင်၍ ဘယ်ကမ်းဆိုက်ချေပြီနည်း။ ဝမ်းသာရမည်လား၊ ဝမ်းနည်းရမည်လား မပြောတတ်။

■

မီးဖိုဆောင်တစ်ခုဖြစ်သည်။ သို့သော် ကျယ်ဝန်းသည်။ သန့်ပြန့်သည်။ လူတွေ ရှိသည်။ မိတ်ဆွေများဖြစ်သည်။ လဲ့လဲ့ချို အားတက်ရသည်။

ယခုအထိတော့ သူမ စကားများများမပြောသေးပါ။ သူတို့ကလည်း မမေး။ သူမကလည်း မမေး။ ထို့ပြင် ထူးဆန်းသော၊ သန်မာသွားကျိုင်းသော အမျိုးသားသည် သူမကို ဘာမျှမမေးပါ။ ဘာမျှမပြောပါ။ သူမကို ပန်းတစ်ပွင့် မှိုတစ်ပွင့် ကောက်သလို အသာကောက်ယူခဲ့သည်။ ပခုံးပေါ်တွင် ထမ်းခဲ့သည်။ ဤမီးဖိုဆောင်ထဲသို့ ရောက်သည်အထိ ဖြစ်သည်။

ယခုအခါတွင် သူမသည် များစွာမှပင် နေသာထိုင်သာ ရှိချေပြီ ဖြစ်သည်။ သူမကို ပက်လက်ကုလားထိုင်တစ်လုံးပေါ်တွင် နေရာချထားပေးကြသည်။ ကော်ဖီပူပူတစ်ခွက် တိုက်သည်။ သူမ၏ ခြေနှင့်လက်မှ အပွန်းအပဲ့များကို အရက်ပျံဖြင့် သုတ်လိမ်းပြီး ဆေးထည့်ပေးကြသည်။ ထို့မှမက သူမ၏ မျက်နှာကို ရေနွေးဖြင့် သစ်ပေးကြသည်။ ခြေထောက်တွင် ဖိနပ် မရှိသည်ကို သိသဖြင့် ဖိနပ်တစ်ရံလည်း ပေးသည်။



သူတို့ဆိုသည်မှာ သူမကို တောထဲမှ ထမ်းယူလာသော အမျိုးသားနှင့် အဘွားကြီးတစ်ယောက် ဖြစ်သည်။ သူတို့သည် သားအမိဖြစ်ဟန်ရှိသည်။ ရှမ်းများဖြစ်ဟန်ရှိသည်။

ခဏအကြာတွင် မီးဖိုဆောင်တွင်းသို့ မိန်းကလေးတစ်ယောက်လည်း သူမနှင့် မျက်နှာချင်းဆိုင်ရှိ ကြိမ်ကုလားထိုင်တွင် ငြိမ်သက်စွာထိုင်ပြီး သူ့ ကို ကြည့်နေသည်။

လဲ့လဲ့ချို မျက်လုံးကျယ်သွားသည်။ ဘုရား ဘုရား၊ နန်းသူဇာပါလား၊ သည်အတိုင်းဆိုလျှင် သူမသည် ဟော်တွင်းသို့ ရောက်ရှိနေချေပြီတည်း။

"အစ်ကိုကြီးနဲ့ အမေကြီးကို ကျွန်မကျေးဇူးသိပ်တင်ပါတယ်"

သားအမိနှစ်ယောက် ရှမ်းဘာသာဖြင့် ပြောနေကြသည်။ လဲ့လဲ့ချိုက နန်းသူဇာကို ပြုံးချိုသော မျက်နှာဖြင့် ကြည့်လိုက်သည်။ တစ်စုံတစ်ခု ပြောမည် ရှိစဉ် မီးဖိုဆောင်ထဲသို့ နောက်ထပ် လူသစ်တစ်ယောက် ဝင်လာသည်။

"သူဘယ်သူလဲ၊ ဘယ်လိုလုပ်ပြီး ဒီကို ရောက်လာတာလဲ"

"အေး…သခင်မကလေးမြသီတာ၊ သူ့ကို တောထဲမှာ ဒုက္ခရောက်နေတာတွေ့လို့ စိုင်းလုံခေါ်လာတယ်"

အဘွားကြီးက ပြောလိုက်သည်။ မြသီတာ၊ မြသီတာ၊ လဲ့လဲ့ချို စိတ်ထဲမှ ရွတ်ဆိုလိုက်သည်။

"သူဘယ်သူလဲဆိုတာ မေးကြည့်စမ်းပါ၊ ဒေါ်အဲနန်း"

မြသီတာက အမိန့်ပေးလိုက်သည်။ ထိုအခါ အဘွားကြီးက

"မိန်းကလေးနာမည် ဘယ်လိုခေါ်သလဲ၊ မိန်းကလေး၊ ဘယ်က လာသလဲ"

"ကျွန်မနာမည် လဲ့လဲ့ချိုပါ၊ ရန်ကုန်ကပါ"

"ဟောတော်…ရန်ကုန်ကကိုး။ ရွာထဲမှာ ပျောက်လို့ လိုက်ရှာနေကြတာကိုး။ စိုင်းလုံ ရွာထဲ သွားပြီး ပြောစမ်း၊ သူတို့ ရှာနေတဲ့သူ ဒီမှာရောက်နေတယ်။ ရှေ့ဝင်းတံခါးမှာ လာခေါ်လို့ ပြောပါ"

www.burmeseclassic.com

www.burmeseclassic.com



စိုင်းလုံ အခန်းထဲမှ ထွက်သွားသည်။

"သူ့ကို ဒီအခန်းထဲကနေ ဘယ်ကိုမှ မသွားပါစေနဲ့"

ဒေါ်အဲနန်းကို ယင်းသို့ အမိန့်ပေးပြီးနောက် မြသီတာ အခန်းထဲမှ ပြန်ထွက်သွားသည်။

"နန်းသူဇာ မမကို မှတ်မိသလား"

လဲ့လဲ့ချိုက ကလေးမကလေးကို မေးလိုက်သည်။ ကလေးမကလေး ကုလားထိုင်မှ ဆင်းပြီး သူမအနီးသို့ လျှောက်လာသည်။

"လေယာဉ်ပျံ စီးရတာ ကောင်းသလား" လဲ့လဲ့ချို မေးသည်။

"အမြင့်ကြီးပဲ"

ကလေးမကလေး စကားပြောသည်။

"ရန်ကုန်မှာ ပျော်သလား"

"လူတွေ ရှုပ်တယ်"

"နန်းသူဇာရဲ့ ဝက်ဝံရုပ်ကလေးကော"

"သိမ်းထားတယ်"

"မမကို ပြန်ရောင်းမလား၊ ပိုက်ဆံပေးမယ်"

"ပိုက်ဆံတွေ အများကြီး ရှိသားပဲ၊ ဘာလုပ်ဖို့လဲ"

"ဒါဖြင့် နန်းသူဇာ ဘာလိုချင်သလဲ"

"ဘာမှ မလိုချင်ဘူး"

"ငါ့နှယ်နော်၊ ဘယ်လို ကလေးတွေနဲ့များ တွေ့နေပါလိမ့်"

လဲ့လဲ့ချို စိတ်ထဲမှ ညည်းညူလိုက်သည်။

အခန်းတွင်းသို့ မြသီတာ ပြန်ဝင်လာသည်။

"ရှေ့ဝင်းတံခါးမှာ ရန်ကုန်ကလူ စောင့်နေတယ်"

"မမြသီတာကို ကျွန်မ တစ်ခု မေတ္တာရပ်ခံပါရစေ၊ နန်းသူဇာ ရန်ကုန် က ဝယ်လာတဲ့ ဝက်ဝံရုပ်ကလေးကို ပြန်ရောင်းပါ"

"ဝယ်ပြီးသား ပစ္စည်းကို ပြန်ရောင်းတာ ကုန်သည်ပွဲစားတွေပဲ"

"ဝက်ဝံရုပ်ကလေးဟာ ကျွန်မတို့အတွက် အရေးကြီးနေလို့ပါ"

"ဒေါ်အဲနန်း သူ့ကို ရှေ့ဝင်းတံခါးကို လိုက်ပို့လိုက်ပါ"



ယင်းအခိုက်တွင် ပျော်ဝင်းတစ်နေရာမှ 'သူခိုး၊ သူခိုး'ဟူသော အော်သံ ထွက်ပေါ်လာသည်။ မြသီတာက ပြေးသွားသည်။ ဒေါ်အဲနန်းနှင့် နန်းသူဇာတို့လည်း လိုက်ပါသွားကြသည်။ လဲ့လဲ့ချိုလည်း ကိုယ်လက်များ နာကျင်နေသည်တို့ ဂရုမစိုက်နိုင်ဘဲ သူတို့နောက်သို့ လိုက်သွားသည့် တစ်နေရာတွင် လူတွေ စုရုံးနေကြသည်။

"ဘာဖြစ်တာလဲ"

မြသီတာက မေးသည်။

"လူနှစ်ယောက် ဒီပြတင်းပေါက်ကနေ ကျော်ထွက်လာကြတယ်။ ကျွန်မအော်လိုက်တော့ သူတို့ ထွက်ပြေးသွားကြတယ်"

ရှမ်းမလေးတစ်ယောက်က ပြတင်းပေါက်ကို တစ်လှည့်၊ မလှယ်ပေါက်ကိုတစ်လှည့် လက်ညှိုးထိုးပြရင်း ပြောသည်။ ထို့နောက် မြေကြီးပေါ် သို့ လက်ညှိုးထိုးပြရင်း "သူတို့ပြေးရင်း ကျကျန်ရစ်တယ်..."

မြေကြီးပေါ်တွင် ဝက်ဝံစိမ်းကလေး။

"ငါ့အရုပ်ကလေး၊ မကောင်းတော့ဘူး၊ မြေကြီးတွေ ပေကုန်ပြီ"

နန်းသူဇာက ဝက်ဝံရုပ်ကို ကောက်ယူပြီး လွှင့်ပစ်လိုက်သည်။ ဝက်ဝံ စိမ်းကလေးသည် သစ်တုံးတစ်တုံးပေါ်သို့ ကျရောက်ပြီး ထက်ခြမ်း ကွဲ သွားသည်။ အထဲမှ အကြွေများ ထွက်လာသည်။ အခြားဘာမျှ မပါရှိချေ။

လဲ့လဲ့ချိုပင့်သက်ဖြာလိုက်သည်။ ယင်းအခိုက်တွင် သူမအနီးသို့ ကျော်မျိုးနွယ်နှင့် မာလာရီတို့ ရောက်ရှိလာကြသည်။

သူခိုး သူခိုးဟု ရန်းရင်းဆန်ခတ် ဖြစ်ခိုက် သူတို့နှစ်ယောက်သည် တံခါးမှူးနှင့် ရှေ့ဆင့်နောက်ဆင့် ဆိုသလို ထိုနေရာသို့ ရောက်ရှိလာကြခြင်း ဖြစ်သည်။

မာလာရီက ဝက်ဝံစိမ်းကလေးထက်ခြမ်းကွဲနေသည်ကို မျက်တောင်မခတ် ငေးစိုက်ပြီး ကြည့်နေသည်။

ကျော်မျိုးနွယ်က လဲ့လဲ့ချိုကို ရှေ့ဝင်းတံခါးဆီသို့ ဆွဲခေါ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း တစ်ဆယ့်ခုနစ်

ကျော်မျိုးနွယ်က လဲ့လဲ့ချိုကို အရင်တက်စေသည်။ ထို့နောက်တွင်မှ မာလာရီကို အပြင်ကထိုင်စေသည်။ သို့ဖြင့် ကားရှေ့ခန်းကျဉ်းကျဉ်းကလေးတွင် လူသုံးယောက်ဖြင့် ပူးပူးကပ်ကပ် ကျပ်လျက်ရှိသည်။ လဲ့လဲ့ချို အလယ်တွင် ရှိနေသည်ကို မာလာရီ သိပ်သဘောကျဟန်မရှိပါ။ သို့သော် မျက်နှာအမူအရာ မပျက်ပါချေ။ လဲ့လဲ့ချိုကို ကြင်နာဟန် ဂရုစိုက်ဟန် အရေးပေးဟန် ပြပါသည်။

"လဲ့လဲ့ချို သူတို့ဘာလုပ်ကြသေးသလဲ"

ကျော်မျိုးနွယ်က မေးသည်။

"သူ...ရိုက်တာပေါ့"

"ဘယ်သူလဲ"

"ဖိုးစိန်"

"အို...ဒီခွေးတိရစ္ဆာန်ကြီးပဲလား၊ သူ လဲ့လဲ့ကို တခြားဘယ်လိုမှတော့ မစော်ကားပါဘူးနော်"

မာလာရီ၏ အမေးသည် အကောင်းလိုလို အဆိုးလိုလိုဖြစ်သည်။ လဲ့လဲ့ချို မကြိုက်ပါ။



"ကျွန်မကို မတရားစော်ကားရင် ကျွန်မအသက်နဲ့လဲပစ်လိုက်မှာပေါ့"

"လဲ့လဲ့ ဘယ်လိုလုပ်ပြီး လွတ်လာသလဲ"

"သူလွှတ်လိုက်တာပဲ"

"လဲ့လဲ့ဆီမှာ သူသိချင်တာကို အကြမ်းနည်းနဲ့ မေးမရတော့ လဲ့လဲ့ကို လွှတ်လိုက်ပြီး လဲ့လဲ့နောက်ကို နောက်ယောင်ခံလိုက်ကြမယ်နဲ့တူတယ်။ ဘာပဲဖြစ်ဖြစ် မာလာတို့ဟာ ဝက်ဝံရုပ်ကလေးတွေနောက်ကို ဆက်ပြီး လိုက်ကြမယ် မဟုတ်လား"

"ဒါပေါ့၊ ကိုယ်တို့သုံးယောက် ပေါင်းပြီး ဝက်ဝံရုပ်ကလေးတွေနောက် လိုက်ကြမှာပေါ့။ စောစောက ကိုယ်တို့ပြောထားကြတဲ့အတိုင်းပေါ့"

ကျော်မျိုးနွယ်က မာလာကို ချွဲ့ချွဲ့ကလေး ကြည့်ရင်း ပြောသည်။ လဲ့လဲ့ချိုက နားမလည်နိုင်သော အမူအရာဖြင့် ကျော်မျိုးနွယ်ကို ကြည့်သည်။

ကျော်မျိုးနွယ်က လဲ့လဲ့ချိုကို ဂရုမပြုဘဲ ကားကို ဂရုတစိုက် မောင်းနေသည်။ လဲ့လဲ့ချို ဘယ်သူ့ကိုမှ မကြည့်တော့။ ဘာတစ်ခွန်းမျှလည်း မပြောတော့။

ထမင်းဆိုင်ရှေ့တွင် ကားရပ်သောအခါ မာလာရီ ပေါ့ပါးသွက်လက်စွာ ဆင်းသည်။ လဲ့လဲ့ချို မှုန်ကုပ်ကုပ်နှင့် နေရာတွင် ငုတ်တုတ် ထိုင်နေသည်။

"လဲ့လဲ့ဆင်းလေ"

မာလာရီက ပြောသည်။ လဲ့လဲ့ချို မတုန်လှုပ်။

ယင်းအခိုက် ကားအနီးသို့ အိုက်ပန်နှင့် လူငယ်နှစ်ယောက် သုံးယောက် ရောက်လာသည်။

"အိုက်ပန်ရေ၊ ညီလေးတို့ရွာမှာ ဆရာဝန်ရှိသလား"

"ဆရာဝန် ဘယ်ရှိမလဲအစ်ကို၊ ကျန်းမာရေးမှူး ရှိတယ်"

"သူ့အခု ဘယ်မှာရှိမလဲ"

www.burmeseclassic.com

www.burmeseclassic.com



"သူ့အိမ်မှာ ရှိမှာပ"

"သူ့အိမ်က ဘယ်မှာလဲ"

"သူ့အိမ်က ရွာထိပ်မှာ၊ ဆရာတို့ ရွာထဲဝင်လာတုန်းက သူ့အိမ်ကို ဖြတ်ခဲ့ရတာပေါ့။ သူ့အိမ်ရှေ့မှာ ညောင်ပင်ကြီးနဲ့ နတ်စင်ရှိတယ်။ အစ်ကို ဘာလုပ်မလို့လဲ"

"သူ့မှာ ဒဏ်ရာတွေ ရလာတယ်၊ ဆေးထည့်ရမယ်"

ကျော်မျိုးနွယ်က လဲ့လဲ့ချိုကို မေးငေါ့ပြီး ပြောသည်။

"ဒီကအတွက် အရေးမကြီးပါဘူး"

လဲ့လဲ့ချို ခပ်ပြတ်ပြတ်ပြောသည်။

"မာလာလိုက်ရဦးမလား"

အခြားအမျိုးသမီးက နွဲ့တဲ့တဲ့မေးသည်။

ကျော်မျိုးနွယ်က ကားကို အရှိန်အဟုန် အဆူအညံဖြင့် မောင်းထွက်ခဲ့သည်။ အမှတ်တမဲ့ဖြစ်၍ လဲ့လဲ့ချို ခလောက်ဆန်သွားသည်။

"ပညာရှိ နိုပ်စက်တာမျိုးတော့ မလုပ်ပါနဲ့အစ်ကို"

ကျော်မျိုးနွယ်က ဘာမျှ ပြန်မပြောဘဲ ကားကိုသာ အတွင်မောင်းသည်။ နတ်စင်နှင့် ညောင်ပင်ကြီးကိုကား လွန်သွားသောအခါ လဲ့လဲ့ချိုက

"ဟိုး ဆရာဟိုး၊ ဘာတွေမွှန်နေသလဲ၊ လွန်သွားပြီဆရာကြီး"

ကျော်မျိုးနွယ်က ကားကို မရပ်ပါ။ ဆက်ပြီးမောင်းသည်။ သူတို့ ရွာထဲမှ ထွက်ခဲ့ကြသည်။

လားရှိုးသို့ ဦးတည်လျက်ရှိသည်။ လဲ့လဲ့ချိုက ကျော်မျိုးနွယ်၏ အပြုအမူကို နားမလည်နိုင် ရှိနေသည်။ ရွာနှင့်အတန်ငယ် လှမ်းသွားသောအခါတွင်မှ ကျော်မျိုးနွယ်က ကားအရှိန်ကို အနည်းငယ်လျှော့လိုက်သည်။ လဲ့လဲ့ချိုကို ကြည့်သည်။

"ကျန်းမာရေးမှူးဆီ သွားမယ်ဆို"

"ခက်ပါလားကလေးမရယ်၊ ရန်သူတွေကို ဒီလိုမျိုး မျက်ခြည်ပြတ်မှ ရတော့မပေါ့။ ဒါတောင် သူတို့နောက်က တကောက်ကောက် ပါလာတယ် မဟုတ်လား၊ အခုလည်း သူတို့နောက်က လိုက်လာမှာပဲ၊ ဒါပေ

မယ့် အစ်ကိုတို့အနေနဲ့ လားရှိုးကို ဘေးမသီရန်မခ ပြန်ရောက်ဖို့ အရေးကြီးတယ်။ ဒီမှာက လုံခြုံမှု သိပ်နည်းတယ်။ လားရှိုးကို အစ်ကိုတို့ သူတို့အရင် တစ်နာရီလောက် စောရောက်တယ်ဆိုရင် လုပ်စရာရှိတာတွေ အများကြီး လုပ်နိုင်တယ်"

သည်တော့မှ အမျိုးသမီးက ခပ်လျှော့လျှော့ကလေး မှိုချလိုက်ပြီး

"မသိပါဘူးရှင်၊ သူတို့နှစ်ယောက် တစ်ကိုတည်းကိုပြီး တစ်မာတည်း မာနေကြတော့ ဘာတွေများ လက်ဝါးရိုက်ထားကြသလဲလို့"

"ဒါနဲ့ လဲ့လဲ့က သဝန်တိုနေရောဆိုပါတော့"

"အလိုရှင်...လဲ့လဲ့က ဘာဆိုင်လို့ သဝန်တိုရမှာလဲ"

"မသိပါဘူး"

"ဟင်းနော်...အစ်ကို၊ စကားကို ကောင်းကောင်းပြော၊ သူများမှာ ကဲ့ကောင်းလို့ မသေတယ်။ ကျော်မကောင်း ကြားမကောင်းတွေ ဖြစ်ပါမယ်"

လဲ့လဲ့ ဘယ်နှယ့်နေသေးသလဲ၊ သိပ်နာသလား"

"နာတော့ နာတာပေါ့။ ကြိုးချည်ခံရတဲ့နေရာတွေ ကျိန်းနေတယ်။ ပါးနှစ်ဖက်လည်း အခုထက်ထိ စပ်ဖျဉ်းဖျဉ်း ဖြစ်နေတယ်"

"အစ်ကို့ကြောင့် လဲ့လဲ့အခုလိုဖြစ်ရတာ အစ်ကို စိတ်မကောင်းပါဘူး။ လားရှိုးရောက်မှ ဆေးတိုက်တစ်ခုမှာ ပြကြည့်သေးတာပေါ့။ လိုအပ်ရင်တော့ ဆေးရုံတက်တာပေါ့"

"ဆေးရုံတက်ရလောက်အောင်တော့လည်း မဖြစ်သေးပါဘူး၊ ဟော်ထဲကလည်း ဆေးထည့်ပေးလိုက်ပါတယ်။ တစ်ရက်နှစ်ရက်ဆိုရင် အကင်းသေသွားမှာပါ"

"အို...ဘာပဲဖြစ်ဖြစ်၊ လားရှိုးကျရင် ပထမဆုံး ဆေးတိုက်ကို သွားမယ်။ ဒုတိယလေယာဉ်ပျံလက်မှတ်ရအောင် ကြိုးစားမယ်၊ တတိယ ရန်ကုန်ကို ဖုန်းဆက်မယ်"

"ဒါနဲ့ အစ်ကို့ရဲ့ မာလာက ဘယ်လိုလုပ်ပြီး ဒီကိုရောက်လာတာလဲ"

"အစ်ကို့ရဲ့မာလာ မဟုတ်ပါဘူး။ လဲ့လဲ့ရဲ့ အောင်သိန်းထွန်းပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာ..."

"လေယာဉ်ပျံပေါ်မှာတုန်းက လဲ့လဲ့မြေပုံကြည့်တာကို သက္ကလပ်ဦးထုပ်နဲ့ အောင်သိန်းထွန်းမြင်လိုက်တော့ ဒီကို ခြေရာခံပြီး လိုက်လာနိုင်တာပေါ့"

"မဟုတ်သေးပါဘူး၊ အစ်ကိုနဲ့ အစ်ကို့အမျိုးသမီး လဲ့လဲ့မရှိတုန်း အပေးအယူတွေ အများကြီး ဖြစ်နေကြပါတယ်။ လဲ့လဲ့ကို ရှင်းရှင်းပြောစမ်း ပါ"

"ကဲ...နားထောင်"

ကျော်မျိုးနွယ်က သူမလွယ်ပေါက်မှ ပြန်လာသောအခါ သူ့မကို မတွေ့ရတော့ပုံ၊ ရွာထဲသို့ပြန်ပြီး အကူအညီတောင်းနေစဉ် မာလာရိုက်ရောက်လာပုံ၊ သူတို့နှင့် အပြန်အလှန်ပြောရပုံများ အပေးအယူလုပ်ရပုံများကို ပြောပြသည်။

မိုင်းနောင်သည် တဖြည်းဖြည်းဝေး၍ နောက်ဘက်တွင် ကျန်နေရစ်ခဲ့ချေပြီ။ ထို့အတူ ဝက်ဝံစိမ်း ထောက်လှမ်းရေးသည်လည်း အချည်းနှီးဖြစ်ခဲ့ရချေပြီတည်း။

■

ဥက္ကလာပမြို့ မြောက်ပိုင်းဆေးရုံကြီးတွင် ဖြစ်သည်။

"ဟင်...မမကြွယ်လာတာ အစောကြီးပါလား"

"မြို့ထဲကို ကိစ္စတစ်ခုနဲ့ လာရင်း တစ်ခါတည်း ဝင်လာခဲ့တာ"

"မမကြွယ်တို့လည်း မျိုးအတွက် ဒုက္ခများနေကြပြီ"

"အို ..ကိစ္စမရှိပါဘူးကွယ်၊ ကိုယ့်ညီအစ်မချင်းတွေပဲ၊ ဒါတွေပြောနေစရာမလိုပါဘူး"

"အပေါက်ဝကလည်း ဝင်လို့ ရတယ်မဟုတ်လား"

"အဝေးက လာရတယ်ဆိုပြီး ပြောပြီး ဝင်ရတာပေါ့ကွယ်။ ရော့ မျိုးစားဖို့ မမကြွယ် သိမ်ကြီးဈေးက ဝယ်ခဲ့တယ်"

ကြွယ်ကြွယ်က မုန့်ထုပ်နှင့် သစ်သီးထုပ်များကို ပလပ်စတစ် လက်



ဆွဲခြင်းထဲမှ တစ်ခုချင်းထုတ်ပေးနေသည်။

"ကလေးတွေ နေကောင်းရဲ့လား"

"ကောင်းတယ်၊ အားလုံးကောင်းတယ်"

"အိမ်မှာ သူတို့ချည်းပဲလား"

"ကြံကြီးစည်ရာကွယ်၊ သူတို့ချည်း ထားခဲ့ပါ့မလား၊ မျိုးအစ်ကိုရှိတာပေါ့။ အိမ်မှာ မမကြွယ်ရှိရင်ရှိ မရှိရင် မျိုးအစ်ကိုကြီးရှိပါတယ်။ ကလေးတွေအတွက် ဘာမှမပူပါနဲ့ စိတ်ချပါ"

"အိမ်မှာ လူကြွဲမရှိရင် မမကြွယ်မလာပါနဲ့၊ မျိုးနေကောင်းပါပြီ၊ ဆင်းရတော့မှာပါ။ ကလေးတွေနဲ့သာ နေပါ"

"အင်းပါ မနက်ဖြန်ကျရင် မမကြွယ် မလာတော့ဘူး။ မျိုးအစ်ကိုကြီးလာလိမ့်မယ်၊ သူမြို့ထဲကို သွားစရာရှိတယ်လို့ ပြောတယ်။ သူ့ကိစ္စကိုနေ့လယ်ပိုင်း လုပ်ပြီးရင် ညနေကျရင် လာလိမ့်မယ်"

"အစ်ကိုကြီးကို ပြောပါ၊ အလုပ်မအားရင် မလာပါနဲ့လို့"

"သူလာမှာပါ"

"အင်းလေ လာတော့လည်း တွေ့ရတာပေါ့။ မျိုးလည်း အစ်ကိုကြီးနဲ့ တွေ့ချင်ပါတယ်။ ပြောလို့သာ ပြောရတယ်။ မျိုးလည်း တစ်နေ့တစ်နေ့ဆေးရုံမှာ ဖျင်းနေတာပဲ။ တခြားကလာမေးတဲ့ အသိလည်းမရှိဘူးမဟုတ်လား။ ဪ...တခြားလာမေးတဲ့ အသိလည်း မရှိဘူးဆိုလို့ ပြောရဦးမယ်။ ဒီဆေးရုံမှာ မျိုးနဲ့သိတဲ့သူ တစ်ယောက်ရှိတယ်။ အမျိုးသမီးတစ်ယောက်ပဲ။ သူနာပြုဆရာမတစ်ယောက်တဲ့။ မြစ်ကြီးနားကပဲ"

မခင်မျိုးက မေနှင်းကို ရည်ရွယ်ပြီး ပြောလိုက်ခြင်းဖြစ်သည်။

"သူကကော မျိုးကို မှတ်မိသလား"

"သူမျိုးကို မတွေ့ဘူး၊ နောက်နေ့ကျရင်တော့ မပြောနိုင်ဘူးပေါ့"

မခင်မျိုးက ခပ်လေးလေးလေး ပြောလိုက်သည်။ သူမ၏ မျက်လုံးများ ရီဝေလျက်ရှိသည်။ ကြွယ်ကြွယ်က မည်သို့မျှ မပြောတတ်သဖြင့် ခပ်မဆိတ်သာ နေလိုက်ရသည်။

*

www.burmeseclassic.com

www.burmeseclassic.com



ပြောထားသည့်အတိုင်းပင် လားရှိုးသို့ ရောက်ရှိလာသောအခါ သူတို့ ပထမဆုံးဆေးတိုက်သို့ သွားကြသည်။ ထို့နောက် ထိုနေ့ညနေတွင် ထွက်မည့်လေယာဉ်တွင် ပါနိုင်ရန် ကြိုးစားကြရသည်။ ထို့နောက် ရန်ကုန်သို့ ဖုန်းဆက်သည်။ ရဲမှူး ကိုဘုန်းဇော်က လေဆိပ်တွင် လာကြိုမည်ဟုဆိုသည်။ ဦးတင်နွယ်က သားကြီးနှစ်ယောက်ကို ဘော်ထော်အိမ်သို့ အသင့်ခေါ်ထားမည်ဟု ဆိုသည်။

လားရှိုးသို့ သူတို့ ပြန်ရောက်ပြီး တစ်နာရီခန့်အကြာတွင် လေယာဉ်ပျံ ထွက်သည်။ ဤတစ်ကြိမ်တွင်တော့ မာလာရီတို့သည် ဘယ်နည်းနှင့်မျှ သူတို့နှင့်အတူ ရန်ကုန်သို့ ပြန်လည်လိုက်လာနိုင်လိမ့်မည်မဟုတ်ဟု ယူဆထားကြသည်။

သို့သော် သူတို့နှစ်ယောက် လေယာဉ်ပေါ်သို့ တက်သွားသောအခါ မာလာရီက အောင်နိုင်သော အပြုံးကလေးဖြင့် ဆီးကြိုလျက် ရှိသည်။ မာလာရီဘေးတွင် အောင်သိန်းထွန်းက သတင်းစာဖတ်နေသည်။

သို့သော် တရုတ်ကြီးတစ်ယောက်ကဲ့သို့ ရုပ်ဖျက်ပြီး လိုက်ပါလာသော ဖူးစိန်ကိုကား သူတို့ မတွေ့ရှိပါချေ။

ဖော်ကာလေယာဉ်သည် တိမ်တိုက်များအကြားတွင် ငြိမ့်ငြိမ့်ကလေး ပျံသန်းလျက် ရှိသည်။

## အခန်းတစ်ဆယ့်ရှစ်

လုံခြုံရေးမှူး ကိုဘုန်းဇော်သည် ကတိပြုထားသည့်အတိုင်းပင် လေဆိပ်တွင် လာကြိုသည်။ သူ့ကားနှင့်ပင် ကျော်မျိုးနွယ်တို့ကို ဘောက်ထော်အိမ်သို့ လိုက်ပို့သည်။

မာလာရီနှင့် အောင်သိန်းထွန်းတို့သည် မင်္ဂလာဒုံလေဆိပ်သို့ ရောက်သည်နှင့်တစ်ပြိုင်နက်ပင် ကြက်ပျောက်ငှက်ပျောက် ပျောက်သွားကြသည်။ တရုတ်ကြီးဖူးစိန်လည်း ထို့အတူပင်။

ကျော်မျိုးနွယ်က သူတို့ခရီး မအောင်မြင်ကြောင်း အတိုချုပ်မျှသာ ပြောပြလျက် မာလာရီနှင့် ဖူးစိန်တို့အကြောင်း ထည့်သွင်း ပြောဆိုခြင်း မပြုချေ။

ကိုဘုန်းဇော်က သူ့မြစ်ကြီးနား ရဲအဖွဲ့နှင့် ရန်ကုန်ရဲအဖွဲ့တို့ ပူးပေါင်းထောက်လှမ်းလျက် ရှိသဖြင့် သက်နိုင်ကို သတ်သော တရားခံကို မကြာမီဖော်ထုတ်မိနိုင်တော့မည် ဖြစ်ကြောင်း ပြောသည်။ ထို့နောက် ကျော်မျိုးနွယ် အကူအညီ တောင်းထားသဖြင့် သူနှင့်သူ့လူများ ရန်ကုန်တစ်မြို့လုံးပိုက် စိပ်တိုက်အပ်ချုပ်ဆိုင် စစ်ဆင်ရေးပြုရာ ယမန်နေ့ကမှ မွန်သားအမည်အထည်အပ်သော ဆိုင်ကို တွေ့ရှိကြောင်း၊ ကံအားလျော်စွာပင် မွန်သားအဖ၏ လိပ်စာအပြည့်အစုံကို ရရှိကြောင်း ပြောကြားသည်။ မွန်သားအဖ

www.burmeseclassic.com



သည့် သထုံမြို့မှ ဖြစ်သည်။ မြို့စွန်တစ်နေရာတွင် နေထိုင်သည်။ ခြံ
သည်။ စိုက်ပျိုးရေး လုပ်သည်။ မွေးမြူရေးလုပ်သည်။ ဖခင်၏ အမည်မှာ
ဦးမြဇင်ဖြစ်သည်။ သား၏အမည်ကိုမူ မသိရှိပေ။ သိရှိရန်လည်း မလို
အပ်လှပေ။

"ကဲ ကျန်တဲ့အပိုင်းတော့ ကိုကျော်မျိုးနွယ်တို့ပဲ ဆက်လုပ်ပေတော့
ကျွန်တော်တို့ ရဲအဖွဲ့အနေနဲ့ မယ်မယ်ရရ မရှိဘဲနဲ့ ဝက်ဝံရုပ် ရှာပုံတော်
ထွက်ရတယ်ဆိုရင် မကောင်းလှဘူး။ ဝက်ဝံရုပ်ထဲမှာ ဘာရှိမယ်လို့လည်း
ကိုကျော်မျိုးနွယ်တို့ သေသေချာချာ အာမခံနိုင်တာ မဟုတ်ဘူး။ အခု
တောင်ပိုင်း မြောက်ပိုင်း ရှမ်းပြည်နယ်ကို လေယာဉ်ပျံနဲ့ သွားခဲ့ကြ
တာလည်း ဘာမှ အကျိုးမထူးဘူးမဟုတ်လား"

ကိုဘုန်းဇော်က ဝက်ဝံရုပ်များတွင် အယုံအကြည် မရှိလှသလိုပြော
သည်။ ကျော်မျိုးနွယ်ကလည်း မည်သို့မျှ ခုခံချေပခြင်းမပြုပါချေ။ နောက်
ဆုံး ကျန်ရှိနေသော ဝက်ဝံပြာနောက်သို့ လိုက်သင့်မသင့်ကို သူယခုမဆုံး
ဖြတ်သေးပေ၊ သူကိုယ်တိုင်လည်း အကျိုးမရှိသော အလုပ်ကို မလုပ်ချင်
ပါပေ။ ဝက်ဝံရုပ်ထဲတွင် သက်နိုင်ထည့်ခဲ့သောသတင်းသည် ဤမျှ တန်ဖိုး
ရှိချင်မှလည်း ရှိပေလိမ့်မည်။ ထို့ပြင် ရှမ်းပြည်နယ်တွင် လဲ့လဲ့ရို ကတိမ်း
ကပါးဖြစ်ခဲ့ရသည့်အတွက်လည်း သူဆင်ခြင်ရပါမည်။ အလိမ္မာ မရှိဘဲ
စွန့်စားရခြင်းသည် မိုက်မဲခြင်းသာ ဖြစ်ပေလိမ့်မည်။

လဲ့လဲ့ရိုကလည်း ဘာတစ်ခွန်းမျှ ဝင်မပြောဘဲ ငြိမ်သက်၍သာ နေ
သည်။

ဘောက်ထော်အိမ်သို့ ရောက်သောအခါ အစ်ကိုကြီးတင်မောင်နွယ်
နှင့် အစ်ကိုလေးချစ်ထွန်းနွယ်တို့ ရောက်နှင့်နေကြသည်ကို တွေ့ရသည်
အိအိနှင့် မေနှင်းတို့လည်း ရှိနေကြသည်။

ဖခင်၏ အခန်းတွင်း၌ လူအားလုံးဆုံမိသောအခါ ဖခင်ကြီးကမ
စ၍ ပြောသည်။

မြစ်ကြီးနား ရဲအဖွဲ့သည် ပရဟိတကျောင်းကို ခြေရာခံပြီး လိုက်
သည်။ နောက်ဆုံးတွင် ပုန်းညက်နွယ်သည် မခင်မျိုးဆိုသော ဆရာ



ကလေး နောက်သို့ ပါသွားကြောင်း သိရသည်။ ယခုအခါတွင် မခင်မျိုး
ရော ပုန်းညက်နွယ်ပါ ပျောက်ဆုံးလျက် ရှိသည်။ မြစ်ကြီးနားမြို့
တွင်သာမက ကချင်ပြည်နယ်တစ်ခုလုံးတွင် ရှာမတွေ့ဘဲ ရှိသည်။

ဆရာမကလေးနှင့် ကလေးမကလေးတို့သည် ယခုအခါ မန္တလေး
သို့မဟုတ် ရန်ကုန်မြို့တွင် ရောက်ရှိနေလိမ့်မည်ဟု ရဲအဖွဲ့က ထင်မြင်
ယူဆ ထားသည်။ သူတို့နှစ်ယောက်ကို တွေ့ရှိလျှင် သက်နိုင်ကို သတ်
သော တရားခံကို ဖမ်းမိနိုင်လိမ့်မည်ဟု ယူဆသဖြင့် ရဲအဖွဲ့က အပြင်း
အထန် ကြိုးပမ်း ရှာဖွေလျက် ရှိသည်။

ဖခင်၏ စကားဆုံးသောအခါ ကျော်မျိုးနွယ်က…

"မေနှင်း အပြင်ခဏထွက်ပါလား"

"ရှင်…"

"ကျွန်တော်တို့ ပြောစရာကလေးတွေ ရှိနေလို့ အပြင်ခဏလောက်
ထွက်ပေးပါ"

မေနှင်း ဘာမျှမပြောဘဲ အခန်းတွင်းမှ ထွက်သွားသည်။ ကျော်မျိုး
နွယ်က ဖခင်ကြီးအနီးတွင် ရပ်နေသော အိအိကို တစ်ချက်ကြည့်လိုက်
ပြီး…

"အိအိလည်း ထွက်ပါ"

"ဘာ ..အိအိလည်း ထွက်ရမယ်ဟုတ်လား"

အမျိုးသမီးက ထိတ်လန့်တုန်လှုပ်သော အမူအရာဖြင့် ပြောသည်။

"ဟုတ်တယ်၊ ခဏထွက်ပေးပါ"

အိအိက ဦးတင်နွယ်ကို အကူအညီတောင်းသည့်အနေဖြင့် ကြည့်
သည်။

"ခဏထွက်ပေးလိုက်ပါ။ မောင်ကျော်မှာ အကြောင်းရှိလို့ နေမှာပေါ့"

"အိအိဟာ ဒီအိမ်သားတစ်ယောက် မဟုတ်ဘူးလား"

အမျိုးသမီးက ဒေါသက တက်နေသည်။

"အိအိ မသိစေချင်တာရှိလို့ နေမှာပေါ့"

ချစ်ထွန်းနွယ်က ပြောသည်။ အမျိုးသမီးက လက်မလျှော့သေးဘဲ

www.burmeseclassic.com

www.burmeseclassic.com



လဲ့လဲ့ချိုကို ကြည့်လျက်…

"သူကော…"

"သူရှိနေဖို့လိုတယ်"

ကျော်မျိုးနွယ်က ခပ်ပြတ်ပြတ်ပြောလိုက်သဖြင့် လဲ့လဲ့ချိုပင် အားနာ သွားသည်။ မျက်နှာမထားတတ် ဖြစ်ရသည်။ အိအိခြေသံ ပြင်းပြင်းနင်းပြီး အခန်းတွင်းမှ ထွက်သွားသည်။

တင်မောင်နွယ်က တံခါးကို ပိတ်ထားလိုက်သည်။

■

မေနှင်းသည် ခေါင်းငိုက်ချလျက် အောက်ထပ်သို့ လှေကား တစ်ထစ်ချင်း နင်းပြီး ဆင်းသွားသည်။ သူမ၏ မျက်နှာ ညှိုးနွမ်းနေသည် သို့သော် မကျေနပ်မနှစ်သက်သည့်အမူအရာ မပြချေ။ သို့သော် အိအိ မှုကား ရင်တွင်းမှဖြစ်ပေါ်လာသော စိတ်လှုပ်ရှားမှုကို မသိုသိပ် မဖုံး နိုင်သလို ရှိသည်။ ခြေထောက်ကို ဆောင့်နင်းသည်။ မျက်နှာကြီး မှုန် ထားသည်။ အခန်းတစ်ခုတွင်းသို့ ဒေါ်နှင့်မောနှင့် ဝင်သွားသည်။ အခန်း တံခါးကို ဆောင့်ပိတ်လိုက်သည်။

ဦးတင်နွယ်၏ အခန်းတွင်း၌ ကျော်မျိုးနွယ်က ပြောသည်။

"ကျွန်တော်တို့အိမ်မှာ သတင်းပေးတစ်ယောက် ရှိတယ်။ ဘယ်သူ လဲတော့ မသိဘူး၊ အိအိဖြစ်ချင်ဖြစ်မယ်၊ မေနှင်းဖြစ်ချင်ဖြစ်မယ်"

"အတတ်တော့လည်း မပြောနိုင်ဘူးပေါ့ကွယ်"

ဦးတင်နွယ်က ဆိုသည်။

"တစ်နေ့တော့ သိလာရမှာပေါ့" ထို့နောက် ကျော်မျိုးနွယ်က သူတို့ ၏ ရှမ်းပြည်နယ်ခရီးကို ပြောပြသည်။ အစမှ အဆုံးတိုင် ပြောသည်။ ခရေစေ့တွင်းကျ ပြောသည်။ အချို့နေရာများတွင် လဲ့လဲ့ချိုက ဝင်ထောက် သည်။ လဲ့လဲ့ချို အဖမ်းခံရသည့်အခန်း အနှိပ်စက်ခံရသည့်အခန်းတွင် အားလုံးစိတ်မကောင်းကြပါချေ။

တတိယ ဝက်ဝံရုပ်အကြောင်းကိုမူ ကျော်မျိုးနွယ်က သာမန်မျှသာ



ပြောပြသည်။ ထိုဝက်ဝံရုပ် ဘယ်မှာရှိသည်ကို စုံစမ်းနေဆဲဖြစ်ကြောင်း ပြောသည်။

အတန်ကြာသည်အထိ ၎င်းတို့၏ ထင်မြင်ချက်များကို ပြောကြား ဆွေးနွေးပြီးနောက် ပထမဆုံး ဒေါက်တာချစ်ထွန်းနွယ် ပြန်သည်။ သူက ဆေးရုံသို့ ပြန်သွားရမည်ဖြစ်သည်။ ထို့နောက် တရားသူကြီး တင် မောင်နွယ် ပြန်သည်။ သူက အစည်းအဝေးရှိသည်။ ကျော်မျိုးနွယ်က အစ်ကိုကြီးကို လိုက်ပို့သည့်အနေဖြင့် အပြင်သို့ လိုက်ပါသွားသည်။

အခန်းထဲတွင် ဦးတင်နွယ်နှင့် လဲ့လဲ့ချိုတို့ နှစ်ယောက်သာ ကျန်ရစ် သည်။

www.burmeseclassic.com

www.burmeseclassic.com

# အခန်း တစ်ဆယ့်ကိုး

ဦးတင်နွယ်သည် လဲ့လဲ့ချိုကို သဘောကျနှစ်မြို့က်ဟန်ရှိသည်။ ခင်မင်ဖော်ရွေစွာ ဆက်ဆံသည်။ သူ့တွင် အားကိုးအားထား ပြုလောက်သော သားကြီးသုံးယောက် ရှိသော်လည်း သမီးတစ်ယောက်မျှ မပါရှိသည့်အတွက် သူ့ဘဝသည် မပြည့်စုံ မလုံလောက်ဖြစ်ရသည်။ သားကြီးနှစ်ယောက် အိမ်ထောင်ကျပြီဖြစ်သော်လည်း ချွေးမများသည် သမီးသဖွယ် ဖြစ်မလာကြချေ။ ချွေးမကြီးသည် အထာများသည်။ ယောက္ခမနှင့် မဆိုထားဘိ၊ လင်သားနှင့်ပါ အစေးမကပ်လှပေ။ ချွေးမအလတ်သည် ယယ်ယယ်ရွယ်ရွယ်နှင့် သေဆုံးသွားရသည်။ သားအငယ်မှာမူ အိမ်ထောင်မကျသေးသဖြင့် ချွေးမအံတွေးသည် ဘယ်ပုံလာမည် မခန့်မှန်းနိုင်သေး။ မျှော်လင့်အားထားစရာ ဆို၍ ချွေးမအငယ်သာ ရှိသည်ဟု ဆိုသောအခါ လဲ့လဲ့ချိုသည် အလိုလိုနေရင်း ရှက်သွေးဖျန်းမိသည်။

သားအကြီးနှစ်ယောက်မှ သားသမီးမထွန်းကားသဖြင့် သူ့ဘဝင်ကို နှစ်သိမ့်စေမည့် မြေးများလည်း မရှိချေ။ သို့ဖြင့် သူ့ဘဝသည် သစ်ခြောက်ပင်အိုကြီးကဲ့သို့ ရှိနေသည်။ ပွင့်လန်းဝေဆာလာမည့် သစ်ခူပန်းကလေးများကို သူ့အမြဲတစေ မျှော်လင့်တောင့်တနေမိသည်။

ယင်းကြောင့်ပင် သမီးကလေးအကြောင်းကို ကြားရသောအခါ ပင့်ပန်း နွမ်းနယ်နေသူတစ်ဦး စမ်းရေစီးသံ ကြားရသည့်အလား ဖြစ်



သည်။ သူ၏ စိတ်အာရုံတွင် သမီးကလေးသည် အမြဲတစေထင်လျက်ရှိသည်။ သို့သော် သူ့အဖြစ်က စမ်းရေကျသံ ကြားနေရပြီး စမ်းချောင်းကို ယခုတိုင် မတွေ့ရသေးသူ့သို့ ဖြစ်နေသည်။

"မစိုးရိမ်ပါနဲ့ ဦးလေးရယ်၊ ကလေးမကလေးကို မကြာခင် တွေ့မှာပါ၊ အစ်ကိုကျော်လည်း ကလေးမကလေးကို တွေ့အောင် အားသွန်ခွန်စိုက် ရှာနေပါတယ်"

"မောင်ကျော်ဟာ အင်မတန် အားထားရတဲ့ သားတစ်ယောက်ပါ။ ပထမ ဝက်ဝံရုပ်နှစ်ခုမှာ ဘာမှမရှိခဲ့ရင် တတိယဝက်ဝံရုပ်ထဲမှာ မောင်သက်နိုင်ရဲ့ အမှာစာ ရှိရမယ်မဟုတ်လားကွယ်"

"လဲ့လဲ့တို့လည်း ဒီအတိုင်း ယူဆထားပါတယ်"

"တတိယ ဝက်ဝံရုပ်ကိုကော တွေ့ဖို့ အလားအလာ ရှိရဲ့လားကွယ်"

"ရှိပါတယ်၊ ဝက်ဝံရုပ်ဘယ်မှာရှိတယ်ဆိုတာ လဲ့လဲ့မပြောနိုင်ပေမယ့် တတိယဝက်ဝံပြာကလေးကို အစ်ကိုကျော် မုချတွေ့မယ်ဆိုတာ လဲ့လဲ့ပြောနိုင်ပါတယ်"

"ဦးလေးဟာ လူကြီးတစ်ယောက်ပါကွယ်၊ နောက်ပြီးတော့ ကာယကံရှင်လည်း ဖြစ်ပါတယ်။ ဦးလေးစိတ်အေးရအောင် သိလို့ရှိရင်လည်း ပြောကြပါကွယ်။ ဦးလေးဟာ လျှို့ဝှက်ရမယ့်ဟာကို လျှို့ဝှက်ထားနိုင်ပါတယ်"

ထိုအခါ လဲ့လဲ့ချိုသည် မွန်သားအဖ မော်လမြိုင်ရထားနှင့် အပ်ချုပ်ဆိုင်အကြောင်း အရိပ်အမြွက်မျှ ပြောပြလိုက်သည်။ သူတို့ ရှမ်းပြည်နယ်သွားနေစဉ်အတွင်း လုံခြုံရေးမှူးကိုဘုန်းဇော်က အပ်ချုပ်ဆိုင်များကို လိုက်လံစုံစမ်းခဲ့သည့် အကြောင်းများကိုလည်း မခြွင်းမချန် ပြောလိုက်သည်။

"ကိုဘုန်းဇော်ဟာ အင်မတန်တော်တဲ့ ရဲအရာရှိတစ်ယောက်ပါ။ သဲလွန်စကလေး နည်းနည်းရတယ်ဆိုရင်ပဲ ရှာအောင် ခြေရာခံနိုင်တယ်။ ဝက်ဝံပြာ ဘယ်မှာ ရှိတယ်ဆိုတာတော့ လဲ့လဲ့ မပြောပါရစေနဲ့။ ဒါပေမယ့် ဝက်ဝံပြာနဲ့ ကလေးမကလေးဟာ လဲ့လဲ့တို့နဲ့ လက်တစ်ကမ်းမှာ ရောက်နေပြီလို့ ဦးလေးယုံကြည်စိတ်ချထားပါ"

www.burmeseclassic.com

www.burmeseclassic.com



လဲ့လဲ့ချို၏ စကားကို ကြားရသောအခါ အဘိုးကြီးသည် များစွာမှ ရွှင်လန်းအားတက်သွားဟန် ရှိသည်။

အခန်းတွင်းသို့ ကျော်မျိုးနွယ်နှင့် အိအိတို့ ဝင်လာကြသည်။ သူတို့နှစ်ယောက် အခန်းဝကျမှ ဆုံမိကြဟန်ရှိသည်။ တစ်ယောက်နှင့် တစ်ယောက် စကားပြောကြခြင်း မရှိချေ။ အိအိမျက်နှာသည် သုန်မှုန်နေဆဲပင် ဖြစ်သည်။

"လဲ့လဲ့ရေ ပြန်ကြစို့၊ ဖေဖေ ကျွန်တော်တို့ ပြန်တော့မယ်"

ကျော်မျိုးနွယ်က လဲ့လဲ့ချိုနှင့် သူ့ဖခင်ကို ပြောသည်။

"သမီးက ဘယ်ပြန်မှာလဲ၊ ဒီမှာပဲ အိပ်ပါလား"

လဲ့လဲ့ချိုက ကျော်မျိုးနွယ်ကို ကြည့်သည်။

"သူ့အိမ်ကို ကျွန်တော်ကိုယ်တိုင် လိုက်ပို့ပါ့မယ်။ ဖေဖေ့ကားကို ကျွန်တော် ယူသွားမယ်"

သူတို့နှစ်ယောက် အခန်းထဲမှ ထွက်သွားကြသောအခါ အိအိသည် ခုတင်ခြေရင်းတွင် တွေတွေကလေး ရပ်နေသည်။ အဘိုးကြီးက

"မောင်ကျော်ပြောလို့ အိအိစိတ်ဆိုးနေသလား"

"အိအိစိတ်မဆိုးပါဘူး။ စိတ်ထိခိုက်တာပါ။ အိအိကို အိမ်သားတစ်ယောက်လို သဘောမထားကြဘူးလား"

'တချို့ကိစ္စတွေမှာ မိဘနဲ့ သားသမီးကိုတောင် မပြောရဘူးဆိုတာ အိအိကြားဖူးမှာပေါ့ကွယ်"

အိအိ ခေတ္တမျှ ငေးငိုင်နေပြီး ပြောသည်။

"ကလေးမကလေးကို တွေ့ကြပလား"

"မကြာခင်တွေ့ကြရတော့မယ်"

"ကလေးမကလေး ရှိတဲ့နေရာကို မောင်ကျော်သိထားပြီပေါ့"

"အို သူမသိသေးပါဘူး။ ဒါပေမယ့် မကြာခင်သိရတော့မယ်။ လုံခြုံရေးမှူး မောင်ဘုန်းဇော်ဟာ အင်မတန် အားကိုးလောက်တဲ့ ရဲအရာရှိတစ်ယောက်ပဲ"

"လုံခြုံရေးမှူး ကိုဘုန်းဇော်ကတော့ သိနေပြီပေါ့ ဟုတ်လား"



"မောင်ဘုန်းဇော်လည်း မသိသေးပါဘူး၊ ဒါပေမယ့် မောင်ဘုန်းဇော်ဟာ မောင်ကျော်သိချင်တဲ့ အချက်ကလေးတွေကို ရအောင် စုံစမ်းပေးနိုင်တယ်။ ကဲ...အိအိရေ၊ တို့လည်း အတော်ကလေး ပန်းသွားပြီ။ ခဏလောက် မှေးလိုက်ဦးမယ်"

ဦးတင်နွယ်၏ အခန်းတွင်းမှ အိအိထွက်သွားသည်။ အောက်ထပ် ဧည့်ခန်းသို့ ဆင်းပြီး တယ်လီဖုန်းဆီသို့ သွားသည်။ လူသူအရိပ်အခြည် ကြည့်ပြီး တယ်လီဖုန်းကို ကောက်ယူလိုက်သည်။ ထို့နောက် နံပါတ်တစ်လုံးပြီးတစ်လုံး လှည့်နေသည်။

"ပြောပါ"

တစ်ဖက်မှ အသံခပ်ပြတ်ပြတ် ထွက်ပေါ်လာသည်။

'မောင်ကျော်နဲ့ သူ့ကောင်မကလေး ပြန်သွားကြပြီ။ ကောင်မလေးကို သူ့အိမ်လိုက်ပို့လိမ့်မယ်။ ကျွန်မကို သူတို့ မယုံကြတော့ဘူး။ ကျွန်မဘာလုပ်ရမလဲ"

"ကလေးမကလေးကို တွေ့ပလား၊ မခင်မျိုးကို တွေ့ပလား"

"ကျွန်မ မသိဘူး။ သူတို့မသိဘူး"

"ဝက်ဝံအကြောင်း ဘာပြောသလဲ"

"ဘာ..."

"ဝက်ဝံ"

"ကျွန်မမသိဘူး၊ သူတို့တစ်ခုခုတော့ သိထားပုံရတယ်။ သူတို့ပြန်သွားတော့ အဘိုးကြီး လန်းလန်းဆန်းဆန်း ဖြစ်နေတယ်"

"သူ့ကို အစ်ပါလား"

"လုံခြုံရေးမှူး ကိုဘုန်းဇော်က သူတို့အတွက် တစ်ခုခု စုံစမ်းပေးတယ်။ အောင်မြင်တယ်။ သူတို့ တစ်ခုခု ဆက်လုပ်လိမ့်မယ်"

"ဟုတ်ပြီ ဒီရက်အတွင်း ဘုန်းဇော်ဘယ်သွားတယ်၊ ဘာလုပ်တယ်ဆိုတာ ပြန်ပြီး စစ်ကြည့်လိုက်မယ်၊ နောက်ထပ် ဘာပြောစရာ ရှိသေးသလဲ"

"ကျွန်မကို သူတို့ မယုံတော့ဘူး။ ကျွန်မဘာလုပ်ရမလဲ"

www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်မှ တယ်လီဖုန်း ချသွားသည်။ စကားပြောခွက်ကို ကိုင်ပြီး အိအိငေးနေသည်။

■

ကျော်မျိုးနွယ်သည် ကားကို ကမ္ဘာအေးလမ်းမကြီးအတိုင်း မြို့ထဲဘက်ကို မောင်းခဲ့သည်။ ရွှေဂုံတိုင်လမ်းဆုံကို လွန်သောအခါ လဲ့လဲ့ချိုက..

"စမ်းချောင်းကို သွားရင် ဒီဘက်ကို မချိုးဘူးလား"

"ဘယ်သူက စမ်းချောင်းကို သွားမယ်ပြောသလဲ"

"ဘော်ထော်မှာတုန်းက လဲ့လဲ့ကို အိမ်လိုက်ပို့မယ်ဆို၊ လဲ့လဲ့သူငယ်ချင်း အိမ်မှာနေရမယ်ဆို"

"အခုလို အခြေအနေမျိုးမှာ လဲ့လဲ့တစ်ယောက်တည်း သူများအိမ်မှာနေလို့ ဘယ်ဖြစ်ပါ့မလဲ၊ ဘယ်စိတ်ချရပါ့မလဲ ဖူးစိန်တို့ ရောက်လာရင် ဘယ့်နှယ့်လုပ်မလဲ"

"ဒါဖြင့် လဲ့လဲ့ ဘယ်မှာနေရမှာလဲ"

"စိတ်အချရဆုံးကတော့ အစ်ကို့အခန်းပဲ"

"ပန်းဆိုးတန်းအခန်းလား"

"ဟုတ်တယ်လေ"

"ဘယ်လိုလုပ်ပြီး စိတ်ချရမလဲ"

"ဘာပြုလို့လဲ"

"ယောကျ်ားကလေးတစ်ယောက်တည်းနေတဲ့အခန်းကို မိန်းကလေး တစ်ယောက် လိုက်နေတာမို့ ဘယ်သူက စိတ်ချထားလို့ တာဝန်ယူနိုင်မလဲ"

ကျော်မျိုးနွယ်က ကားကို တုန့်ခနဲ ရပ်လိုက်သည်။

"အစ်ကို ဘာလုပ်တာလဲ"

"လဲလဲ့က အစ်ကို့ကို စိတ်မချဘူးဆို"

"စိတ်ချရတယ်ဆိုရင်လည်း ပြီးတာပဲ"



အမျိုးသမီးက ခပ်ငေါ့ငေါ့ပြောပြီး တစ်ဖက်သို့ လှည့်သွားသည်။ ကျော်မျိုးနွယ် ခေတ္တမျှ တွေနေပြီးနောက် ကားကို မြို့ထဲဘက် ဆက်မောင်းသည်။ ပန်းဆိုးတန်းတိုက်ရှေ့သို့ ရောက်သည်အထိ မည်သူမျှ စကားမပြောကြတော့။

ကျော်မျိုးနွယ်၏ အခန်းသို့ ရောက်သောအခါ လဲ့လဲ့ချိုက...

"လဲ့လဲ့ကို အစ်ကို စိတ်ဆိုးသွားသလား"

"ဘာပြုလို့လဲ"

"အစ်ကို့ကို လဲ့လဲ့ယုံရမှာလားဆိုလို့"

"စိတ်မဆိုးပါဘူး၊ ဒါပေမယ့် စိတ်ထဲမှာတစ်မျိုးကြီးပဲ"

"အလကားပြောတာပါ။ အစ်ကို့ကို လဲ့လဲ့ယုံပါတယ်။ မယုံဘဲနဲ့ အစ်ကိုနဲ့အတူ ခရီးဝေးကို ညဥ့်အိပ်ညဥ့်နေ လိုက်ပါ့မလား"

"ကဲ...လဲ့လဲ့ ရေချိုးချင်ရင်ချိုး၊ ရေချိုးခန်း ရှိတယ်။ တံခါးရှိတယ်။ ညကျလို့ရှိရင် အစ်ကို့အခန်းထဲမှာအိပ် တံခါးရှိတယ်၊ သော့ရှိတယ်။ အစ်ကိုက ဒီဧည့်ခန်းမှာပဲ အိပ်မယ်"

"ညကျရင် လဲ့လဲ့က အခန်းတံခါး ပိတ်အိပ်ရမယ်လား"

"ဟုတ်တယ်"

"မပိတ်ပါဘူး၊ အစ်ကို့ကို လဲ့လဲ့ယုံပါတယ်"

"ပိတ်ပါ"

"ဘာလဲ။ လဲ့လဲ့ကို အစ်ကိုက မယုံလို့လား"

"ဟာ...ဒီကလေးမကလေး တယ်ခက်ပါလား"

လဲ့လဲ့ချို ဟက်ဟက်ပက်ပက်ကလေး ရယ်မောသည်။ သူမ၏ကိုယ် လုံးကလေး တသိမ့်သိမ့် လှုပ်ခါလျက်ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း နှစ်ဆယ်

တစ်စုံတစ်ယောက်က သူမ၏ ပခုံးကို ကိုင်လှုပ်လျက် ရှိသည်။ တစ်စုံတစ်ယောက်က သူမ၏အမည်ကို တွင်တွင်ခေါ်လျက် ရှိသည်။ များမကြာမီတွင် သူမသည် အိပ်မောကျနေရာမှ စင်စင်ကြယ်ကြယ် နိုးလာသည်။ သူမသည် ပန်းဆိုးတန်းရှိ ကျော်မျိုးနွယ်၏ အခန်းတွင် ရောက်ရှိနေသည်။ ကျော်မျိုးနွယ်၏ ခုတင်ပေါ်တွင် ရောက်ရှိနေသည်။ ထို့မှမက ကျော်မျိုးနွယ်၏ ရင်ခွင်ထဲသို့လည်း ရောက်လုနီးနီးရှိနေသည်။ ကျော်မျိုးနွယ်က ခုတင်ပေါ်တွင် တင်ပလ္လင်ထိုင်လျက်ရှိသည်။ သူ့ကိုယ်ကြီးက သူမ၏ ကိုယ်ပေါ်တွင် အုပ်မိုးလျက်ရှိသည်။ သူ့လက်များက သူမ၏ ပခုံးနှစ်ဖက်ကို ဆုပ်ကိုင်ထားသည်။

"အို...အစ်ကို ..အစ်ကို"

သူမက အထစ်ထစ် အငေါ့ငေါ့ ရွတ်ဆိုလိုက်သည်။

"အစ်ကိုသွားမယ်"

"ဟင်...အစ်ကို ဘယ်သွားလှာလဲ"

သူမက ထိတ်လန့်တကြား မေးလိုက်သည်။

"ဝက်ဝံပြာရှိရာကိုပေါ့"

"ဟင်... အစ်ကို့ဟာက ပြန်းစားကြီးပါလား၊ ညတုန်းကတော့ ဘာမျှ မပြောပါလား"



အမျိုးသမီးက ခုတင်ပေါ်တွင် ထထိုင်သည်။

"လဲ့လဲ့က မနက်အစောကြီး ထပြီး ဖုန်းဆက်တာကို"

"ဟင်...လဲ့လဲ့ ဘယ်ကို ဖုန်းဆက်လို့လဲ၊ လဲ့လဲ့မဆက်ပါဘူး"

"စောစောကပဲ ကိုဘုန်းဇော်ဆီကို ဖုန်းဆက်တယ် မဟုတ်လား"

"ကြံကြီးစည်ရာအစ်ကိုရယ်၊ လဲ့လဲ့အိပ်ပျော်နေတာပဲ၊ အခု အစ်ကို နိုးမှ လဲ့လဲ့နိုးတာပဲ"

"ခုနကပဲ ကိုဘုန်းဇော် အစ်ကို့ဆီကို ဖုန်းဆက်တယ်၊ သူ့ဆီကို လဲ့လဲ့ ဖုန်းဆက်တယ်တဲ့။ အစ်ကိုက မေးခိုင်းတယ်တဲ့၊ ဘယ်အပ်ချုပ်ဆိုင်လဲတဲ့"

"လဲ့လဲ့သိပြီ၊ မာလာရီဖြစ်ရမယ်"

ကျော်မျိုးနွယ် ပြုံးနေသည်။

"ကိုဘုန်းဇော်က ပြောလိုက်သတဲ့လား"

"သူက လဲ့လဲ့ပဲ ထင်ပြီးပြောလိုက်မိတယ်တဲ့၊ နောက်မှ မသင်္ကာလို့ အစ်ကို့ဆီ ဖုန်းဆက်ပြီး မေးတယ်"

"ဒါဖြင့်ရင် လဲ့လဲ့တို့ ချက်ချင်းလိုက်ကြမှပဲ"

လဲ့လဲ့ချိုက ခုတင်ပေါ်မှ ဆင်းရန်ဟန်ပြင်လိုက်သည်။ ကျော်မျိုးနွယ်က သူမ၏ လက်မောင်းကို ဆွဲထားလိုက်ပြီး..

"နေပါဦး၊ ဒါက ဘယ်လဲ"

"လဲ့လဲ့ မျက်နှာသစ်လိုက်ဦးမယ်လေ၊ မကြာပါဘူး၊ အစ်ကိုကော အဝတ်အစားမလဲတော့ဘူးလား"

"လဲ့လဲ့ နေရစ်ခဲ့ပါ၊ မလိုက်ပါနဲ့"

"ဟင်...ဘာဖြစ်လို့လဲ"

"မိုင်းနှောင်မှာတုန်းက လဲ့လဲ့ကံကောင်းလို့ ကျော်မကောင်းကြား မကောင်း မဖြစ်တယ်မဟုတ်လား၊ အစ်ကို့မှာ တာဝန်ရှိပါတယ်။ လဲ့လဲ့နောက်တစ်ခါ ဘေးအန္တရာယ်ဖြစ်မှာကို အစ်ကို ခွင့်မပြုနိုင်တော့ဘူး"

"အို...အစ်ကိုရယ်၊ အပျော်ခရီးထွက်တာမှမဟုတ်ပဲ၊ အန္တရာယ်ရှိချင်လည်း ရှိမှာပေါ့။ ဘယ်တတ်နိုင်ပါ့မလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဘေးအန္တရာယ် ရှိမှန်း သိလျက်နဲ့ လဲ့လဲ့ကို ခေါ်တယ်ဆိုရင် အစ်ကို့ အပြစ်ပေါ့"

"မဟုတ်တာပဲ အစ်ကိုရယ်၊ စောစောကတည်းက ဘေးအန္တရာယ်တွေ ရှိနိုင်တယ်ဆိုတာ လဲ့လဲ့သိပြီးသားပဲ။ နောက်ပြီးအစ်ကိုနဲ့အတူ ဒါလောက်ကြီး လက်တွဲခဲ့ပြီးမှတော့ ဘယ်နည်းနဲ့မှ လဲ့လဲ့နောက်ချန်ပြီး မနေ နိုင်တော့ဘူး"

"မဟုတ်တာပဲ အစ်ကိုရယ်၊ စောစောကတည်းက ဘေးအန္တရာယ်တွေ ရှိနိုင်တယ်ဆိုတာ လဲ့လဲ့သိပြီးသားပဲ။ နောက်ပြီး အစ်ကိုနဲ့အတူ ဒါလောက်ကြီး လက်တွဲခဲ့ပြီးမှတော့ ဘယ်နည်းနဲ့မှ လဲ့လဲ့နောက်ချန်ပြီး မနေနိုင်တော့ဘူး"

"လဲ့လဲ့အတွက် အစ်ကို ဘယ်လောက် ပူခဲ့ရတယ်မှတ်သလဲ"

"တော်ပါ။ တစ်မာလာတည်း မာလာနေပြီးတော့"

"အခုလည်း မာလာနဲ့ တွေ့ရအောင် သွားမလို့ပဲ"

"ဒါကြောင့် လဲ့လဲ့လိုက်မယ်လို့ ပြောတာပေါ့"

"ဘာတုန်း၊ စိတ်မချလို့လား"

"အင်း…အို…မဟုတ်ဘူး၊ စိတ်မချတာက အစ်ကိုတစ်ယောက်တည်း ဘေးအန္တရာယ် တွေ့နေမှာစိုးလို့ပြောတာပါ"

အမျိုးသမီးသည် စကားများသွားသဖြင့် ပြူးပြူးပြာပြာ စကားဖာနေသည်။ သူက ပြုံးစိစိဖြစ်နေသည်။

"လဲ့လဲ့ကို အစ်ကိုအားကိုးပါတယ်။ လဲ့လဲ့က နိုးနိုးကြားကြားရှိတယ် မဟုတ်လား"

"ဟုတ်တယ်၊ လဲ့လဲ့ဘယ်လိုဖြစ်ပြီး ဒါလောက် အိပ်သွားသလဲ မသိဘူး"

"ပင်ပန်းလို့ နေမှာပေါ့"

"တံခါးကို ပိတ်ပြီးအိပ်ပါ၊ ဒါက ဘာလို့ မပိတ်သလဲ"

"အစ်ကို့ကို လဲ့လဲ့ယုံပါတယ်လို့ ပြောပြီးပြီမဟုတ်လား"

"အခု အစ်ကို အခန်းထဲကို ရောက်လာပြီလေ"



"ဒါက ကိစ္စရှိလို့ပဲ"

အမျိုးသမီးက ခုတင်ပေါ်က ဆင်းသွားရန် ဟန်ပြင်လိုက်ပြန်သည်။ ယခုတစ်ကြိမ်တွင်တော့ ကျော်မျိုးနွယ်က သူမ၏ ပခုံးကို သိုင်းဖက်ထားလိုက်သည်။

"ဟင်…အစ်ကို"

လဲ့လဲ့ချိုက အလန့်တကြား ရေရွတ်လိုက်သည်။ နုဖတ်သော နှုတ်ခမ်းအစုံကလေး ပွင့်သွားသည်။ လျှပ်တစ်ပြက်အတွင်းမှာပင် ကျော်မျိုးနွယ်က တရှိုက်မက်မက် နမ်းလိုက်သည်။

"အို…အစ်ကို၊ ဘယ်လိုလုပ်တာလဲ"

သူ့အဖြေသည် ဆင့်ကဲဆင့်ကဲသော အနမ်းများသာ ဖြစ်ပါချေသည်။

■

မခင်မျိုး တစ်ဖက်သို့ မျက်နှာလှည့်လိုက်သည်။ မျက်လုံးများ မှိတ်ထားလိုက်သည်။ အသက်မရှူဘဲ အိပ်ချင်ယောင်ဆောင်နေလိုက်သည်။ သို့သော် မရတော့၊ နောက်ကျချေပြီ။

"မခင်မျိုးမဟုတ်လား"

သူမ၏ ခုတင်ဘေးတွင် ရပ်နေသော အမျိုးသမီးက မေးလိုက်သည်။

သို့ဖြင့် မခင်မျိုးသည် မျက်လုံးဖွင့်လိုက်သည်။ အမေးအစမ်း ပြုလာသော အမျိုးသမီး၏ မျက်နှာကို အေးစက်စွာကြည့်သည်။

"ဟုတ်ပါတယ်"

"ဖြစ်မှဖြစ်ရလေ မခင်မျိုးရယ်၊ မခင်မျိုးကို လူတွေအားလုံး ဝိုင်းရှာနေကြတယ်။ ရဲအဖွဲ့ကလည်း ရှာနေတယ်။ ကလေးမကလေး ဘယ်မှာလဲ ဟင်"

မေနှင်းက စိတ်လှုပ်ရှားသော မျက်နှာနှင့်မေးသည်။ သူမ၏ အသံလည်း တုန်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ရှင်ပြောတာတွေ ကျွန်မ နားမလည်ပါဘူး။ ရှင့်ကို ကျွန်မ မသိပါဘူး"

မခင်မျိုးက အေးဆေးတည်ငြိမ်စွာ ပြန်ပြောသည်။

"ကျွန်မကို ရှင်သိပါတယ်။ ရှင်သိပါတယ်။ ပြောစမ်းပါရှင်၊ ကလေးမကလေး ဘယ်မှာလဲ၊ ဒီအကြောင်းကို သိရရင် ဦးလေးဦးတင်နွယ် ဘယ်လောက် ဝမ်းသာလိုက်မလဲ"

'မဖြစ်ဘူး၊ မဖြစ်ဘူး၊ ငါသူ့ကို ယုံလို့ မဖြစ်ဘူး'ဟု မခင်မျိုး စိတ်ထဲတွင် ပြောလိုက်သည်။

"အို...ရှင့်ကို ကျွန်မမသိဘူး။ ရှင်ပြောတာတွေ ကျွန်မနားမလည်ဘူး ကျွန်မကို အနှောင့်အယှက်မပေးပါနဲ့"

မခင်မျိုးက ခပ်ကျယ်ကျယ်ကလေး ပြောလိုက်သည်။ သူမ၏ စကားကို အခန်းရှေ့မှ ဖြတ်သွားသော ဆရာဝန်မကြီး ကြားသွားဟန်တူသည်။

"ဘာဖြစ်နေကြတာလဲ"

"ဘာမှမဖြစ်ပါဘူးဒေါက်တာ"

မေနှင်းက ယင်းသို့ပြောပြီး ထိုနေရာမှ ထွက်သွားသည်။ ဆရာဝန်မကြီးလည်း မခင်မျိုးကို "နေလို့ကောင်းရဲ့လား"မေးပြီး ပြန်ထွက်သွားသည်။ မခင်မျိုး မောနေသည်။

မေနှင်း တယ်လီဖုန်းဆက်နေသည်။

"ဟုတ်တယ် မခင်မျိုးမှ မခင်မျိုးအစစ်ပါ။ မေနှင်း သေသေချာချာ သိပါတယ်"

■

ဦးမြဇင်သည် ညှော်သည်ကို အိမ်ရှေ့ခန်းစားပွဲတွင် နေရာထိုင်ခင်းပေးသည်။ ညှော်သည်အမျိုးသမီး၏ အပြင်အဆင်ကို ကြည့်ပြီး လေးစားစွာဖြင့် ညှော်ခံသည်။ ညှော်သည်ကို ယခင်က မသိပါ။ သို့သော် ငယ်ရွယ်လှပ၍ ကြွေ့သိက္ခာရှိသော အမျိုးသမီးတစ်ယောက်ဟု မှတ်ယူမိသည်။ ဝတ်စား ဆင်ယင်မှု ခေတ်မီတည်ငြိမ်သည်။



ညှော်သည်အမျိုးသမီးသည် မာဇဒါဆီဒင်ကား အနီကလေးနှင့် ရောက်ရှိလာခြင်း ဖြစ်သည်။ ကားမောင်းသူမှာ လူရွယ်တစ်ဦးပင် ဖြစ်သည်။ တယ်ရယ်လင်း ရှပ်အင်္ကျီအဖြူ၊ တက်ထရက်ဘောင်းဘီရှည်၊ ငါးရှဉ့်ရောင် သက္ကလပ်ဦးထုပ်အညို ဆောင်းထားသည်။

သူတို့ကားက ခြံဝင်းအပြင်ဘက်တွင် ရပ်ထားခဲ့ကြရသည်။ အကြောင်းမှာ ဝင်းအပြင်ဘက်တွင် ဆောက်လုပ်ထားသော ရေမြောင်းကို ဖြတ်ကူးသည့် ဝင်းတံခါးတံတားကို ပြန်လည်ပြုပြင်နေကြသောကြောင့် ဖြစ်သည်။ သူ၏ ဂျစ်ကားကိုလည်း ခြံအပြင်မှာပင် ရပ်ထားရသည်။

အိမ်ရှေ့ခန်းမကျယ်ကြီး အလယ်တွင် ရှိသော စားပွဲဝိုင်းတွင် သူရယ်၊ သူ၏ သားခုနစ်နှစ်အရွယ် တိုးနိုင်ရယ်၊ ညှော်သည်အမျိုးသမီးရယ်မို့ ခနောက်ဆိုင် ထိုင်ကြသည်။ ကားမောင်းသူအမျိုးသားသည် အပြင်ဘက်မှာပင် နေခဲ့သည်။

ညှော်သည်အမျိုးသမီး၏ အမည်မှာ မာလာရီဟုဆိုသည်။ ဦးမြဇင်သည် ဇနီးသည်ကွယ်လွန်ပြီးနောက် သူ့အိမ်သို့ ပထမဆုံး ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိလာသော အမျိုးသမီးကို မသိမသာ အကဲခတ်ရင်း ဖုတ်သွင်းရထား ဆိုက်ချော်ပြီလားလို့ စိတ်ထဲတွင် မှတ်ထင်လိုက်မိသည်။

"ရေနွေး သောက်ပါဦး"

"ကိစ္စမရှိပါဘူးရှင်၊ ကျွန်မ ဦးမြဇင်ကို မေးစရာကလေးတစ်ခုရှိလို့ပါ၊ ဦးမြဇင်အခုတစ်ခေါက် ရန်ကုန်ကိုလာတုန်းက မင်္ဂလာဒုံလေဆိပ်က လက်ဆောင်မွှန်ဆိုင်မှာ ဝက်ဝံရုပ်စုဘူးကလေးတစ်ခု ဝယ်ခဲ့တယ် မဟုတ်လား၊ သူ့အတွက်ပဲ ဖြစ်လိမ့်မယ်နဲ့ ထင်ပါတယ်"

မာလာရီက တိုးနိုင်ကို ပြုံးပြရင်း မေးလိုက်သည်။

"ဟုတ်ပါတယ်၊ သားသား မောင်တိုးနိုင်ကို လေယာဉ်ပျံကွင်းလိုက်ပြီး ရင်း၊ သူပူဆာတာနဲ့ ဝယ်ပေးရတယ်။ အဲဒီတုန်းက လူတစ်ယောက်သား ဖြစ်လို့လဲ ဆိုလားပဲ၊ လေဆိပ်တစ်ခုလုံး ရှုပ်ယှက်ခတ်နေတယ်

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီ ဝက်ဝံကလေး အခုရှိသေးသလား"

မာလာရီက လိုရင်းကို မေးသည်။

"သားသား ရှိသေးသလား"

ဖခင်က သားကို တစ်ဆင့်မေးသည်။

"ဟုတ်ကဲ့၊ ရှိပါတယ်ခင်ဗျာ"

မောင်တိုးနိုင်က ဆရာမ စာမေးသည်ကို ဖြေသည့်အလား ဖြေကြားသည်။

"တော်ပါသေးရဲ့ရှင်၊ အဲဒီညနေတုန်းက ကျွန်မလည်း ဝက်ဝံရုပ်ကလေးတစ်ရုပ် ဝယ်ခဲ့တယ်။ ကျွန်မတူမလေးကို မွေးနေ့လက်ဆောင်ပေးဖို့ပါ။ တူမကလေးကို ဝက်ဝံရုပ်အပြင် တခြားပစ္စည်းတစ်ခုလည်း အမှတ် တရပေးဖို့ စိတ်ကူးရှိတာနဲ့ ရွှေလော့ကက်သီးကလေးတစ်ခုကို ဝက်ဝံရုပ်ထဲကို ထည့်ခဲ့ပါတယ်။ အဲဒီလော့ကက်သီးကလေးက ကျွန်မအမေရဲ့ ပစ္စည်းပါ။ ဒါပေမယ့် ဆိုင်က ဈေးရောင်းတဲ့ အမျိုးသမီးဟာ အယောင်အယောင်အမှားမှားနဲ့ ကျွန်မဝယ်ထားတဲ့ ဝက်ဝံရုပ်ကို မပေးဘဲနဲ့ တခြား ဝက်ဝံရုပ်တစ်ခုကို မှားပြီး ထုတ်ပေးလိုက်တယ်။ ကျွန်မသိလို့ ပြန်ပြောပြတော့ ကျွန်မဝက်ဝံရုပ်ကလေး မရှိတော့ဘူး၊ ရောင်းလိုက်ပြီတဲ့"

"ဖြစ်မှဖြစ်ရပလေဗျာ၊ ဒါဖြင့် ကျွန်တော်တို့ ဝက်ဝံရုပ်ကလေးဟာ မမာလာရီရဲ့ လော့ကက်သီးပါတဲ့ ဝက်ဝံရုပ်ကလေးပဲပေါ့"

"ဟုတ်ပါတယ်ရှင်"

"အဲဒါ မဖြစ်နိုင်ဘူး"

မောင်တိုးနိုင်က ရုတ်တရက် ဝင်ပြောသည်။ သူ့ဖခင်က...

"ဘာဖြစ်လို့လဲ မောင်တိုးနိုင်"

"အထဲမှာ ဘာမှမရှိဘူး၊ ဘာသံမှ မကြားရဘူး"

"အို...ဟုတ်ကဲ့လားကလေးရယ်၊ မောင်တိုးနိုင်ရဲ့ ဝက်ဝံရုပ်ကလေးကို ခဏကြည့်ပါရစေလားကွယ်"

မာလာရီက အတတ်နိုင်ဆုံး ပျော့ပျောင်းစွာ တောင်းပန်စကား



ဆိုလိုက်သည်။

"ယူပြလိုက်ပါသားရယ်၊ သူ့ခမြာ ရန်ကုန်ကတောင် လိုက်လာရှာရတာ"

"ဟုတ်ပါတယ် ကလေးရယ်"

"ကျွန်တော်သွားယူလို့ မဖြစ်ဘူး၊ မုန်တိုင်းရှိနေတယ်"

■

"ဒေါက်တာ ပြောသလိုလုပ်ဖို့ တကယ်ပဲ လိုအပ်ပါသလား"

လုံချည်အစိမ်းဝတ် သူနာပြုဆရာမကြီးက သံသယရှိဟန်ဖြင့် မေးသည်။

"ကျွန်တော်ပြောတဲ့အတိုင်းသာ တစ်ဆိတ်ကျေးဇူးပြုပြီး စီစဉ်ပေးပါ စစ္စတာ"

ဒေါက်တာ ချစ်ထွန်းနွယ်က အဆုံးအဖြတ်ပေးသော လေသံဖြင့် ပြောသည်။

"ဒေါက်တာလည်း သိသားပဲ၊ ဒေါက်တာဒေါ်မေခင်ဟာ သူ့လူနာတွေနဲ့ ပတ်သက်ပြီးသူမသိဘဲနဲ့ ဘာတစ်ခုမှ လုပ်တာ မကြိုက်ဘူး"

"ဒေါက်တာဒေါ်မေခင်ကို ကျွန်တော်ပြောပါ့မယ်။ အခုဟာက လူနာရဲ့ လုံခြုံမှုအတွက် အင်မတန် အရေးတကြီးလိုအပ်လို့ အရေးပေါ်စီစဉ်ရတာပါ၊ ဒေါက်တာဒေါ်မေခင်နဲ့ ဆေးရုံအုပ်ကြီးတို့ အစည်းအဝေးက ပြန်လာရင် ကျွန်တော်ပြောပါ့မယ်၊ ကျွန်တော့်တာဝန်ထားပါ။ အခုဟာက လည်း သူ့လူနာကို ဘာမှလုပ်တာမဟုတ်ပါဘူး၊ လုံခြုံမှုပေးတာပါ"

"အဲဒီလူတွေက သေနတ်တွေဘာတွေနဲ့လား ဒေါက်တာ၊ တခြားလူနာတွေကိုကော ရွှေ့ပြောင်းပေးရဦးမလား"

"မလိုပါဘူးစစ္စတာ၊ သူ့ကိုသာ လောလောဆယ် ဒီအခန်းထဲမှာ တစ်ယောက်တည်း ထားပေးပါ။ အပေါက်ဝမှာ ကျွန်တော် စပယ်ရှယ် နာ့စ်မတစ်ယောက် ထားပေးမယ်၊ ဆရာဝန်ကြီးတွေရဲ့ ခွင့်ပြုချက်မရဘဲနဲ့ ဘယ်သူမှ အထဲကို မဝင်ဖို့ပါပဲ၊ ဒီအမျိုးသမီးကို ကျွန်တော်တို့ လိုက်ဒုး

www.burmeseclassic.com

www.burmeseclassic.com



နေတာ ရန်ကုန်တစ်မြို့လုံး ပြုပြစ်စင်နေပြီ။ လက်စသတ်တော့ သူက ကျွန်တော့်မျက်စိအောက်မှာ ရောက်နေတာကိုး။ ကျွန်တော့်ဖခင် မြို့တော်ဝန်ဟောင်း ဦးတင်နွယ် မကြာခင်ပဲ သူနဲ့စကားပြောရအောင် ဒီကို လာပါလိမ့်မယ်"

"စိတ်မရှိပါနဲ့ဒေါက်တာ၊ ကျွန်မဒေါက်တာဒေါ်မေခင်ဆီကို ဖုန်း ဆက်ပါရစေဦး"

"ဆက်ပါ၊ ဆက်ပါ၊ ဖုန်းဆက်လို့ရရင် ကျွန်တော့်ကို ပြောပါ၊ ကျွန် တော် သူ့ကို ပြောပါ့မယ်"

ဒေါက်တာ ချစ်ထွန်းနွယ်က အနည်းငယ် စိတ်မရှည်ဟန်ဖြင့် ပြော လိုက်သည်။ အရေးထဲတွင် စည်းကြီးကမ်းကြီးသမားနှင့် တွေ့နေရ သည်ဟု သူ့စိတ်ထဲတွင် ထင်လိုက်သည်။

■

မောင်တိုးနိုင်က ဝက်ဝံရုပ်ကို သွားယူ၍ မဖြစ်နိုင်၊ မှန်တိုင်းရှိနေ သည် ဆိုသဖြင့် မာလာရီသည် ပြတင်းပေါက်ကို ဖွင့်လျက် မိုး ကောင်း ကင်ကို ကြည့်လိုက်သည်။ မုန်တိုင်း အရိပ်အဆင်မရှိပါ။ ရာသီဥတု ကြည် လင် သာယာလျက်ရှိသည်။

"ဘယ်မှာ မုန်တိုင်းရှိလို့လဲ၊ ဝက်ဝံကလေး ဘယ်မှာထားလို့လဲဟင်"

"လာလာ...ကျွန်တော် မမာလာရီကို ပြစရာတစ်ခုရှိတယ်"

ဦးမြဇင်က မာလာရီကို အိမ်အပြင်သို့ ခေါ်သွားသည်။ အိမ်ခေါင်းရင်း ဘက်မှ ကွေ့ပတ်ပြီး အနောက်ဘက်သို့ ခေါ်သွားသည်။ အိမ်အနောက် ဘက် ခပ်လှမ်းလှမ်းတွင် သစ်သားဖြင့် အခိုင်အလုံပြုလုပ်ထားသော ပိုင်း တန်းများကို တွေ့မြင်ရသည်။

"ဒါ...ကျွန်တော်တို့ရဲ့ နွားခြံတွေပဲ၊ အသေအချာအခိုင်အလုံ လုပ် ထား ရတယ်။ ဒီနွားခြံရဲ့ ဟိုဘက်မှာ တောင်ကုန်းကလေးရှိတာတွေ့လား အဲဒီ တောင်ကုန်းကလေးရဲ့ အလယ်လောက်မှာ ကျောက်ဂူတစ်ခု ရှိ တယ်။ အဲဒီဂူဟာ မောင်တိုးနိုင်ရဲ့ ကလေးကစားခန်းပဲ။ ဒါမှမဟုတ်



ရတနာလိုဏ်ဂူပဲ။ သူ့ဝက်ဝံရုပ်ကလေးကို အဲဒီထဲမှာ ထားတယ်။ ဒီ ကနေကြည့်ရင် ဂူပေါက်ကို မြင်နေရတယ်"

ဦးမြဇင်က တောင်ကုန်းဆီသို့ လက်ညှိုးထိုးပြရင်း ပြောသည်။

"အဲဒီမှာ သွားယူရမှာပေါ့ဟုတ်လား"

"ဟုတ်တယ်၊ ဒါပေမယ့် အခုသွားယူလို့ မရဘူး၊ နွားခြံထဲမှာ မုန်တိုင်း ရှိနေတယ်။ ဩော်...မုန်တိုင်းဆိုတာက ကျွန်တော့်ပြိုင်နွားကြီးရဲ့ နာမည်ပါ၊ ကျွန်တော့်မှာ ပြိုင်နွားနှစ်ကောင် ရှိတယ်၊ မုန်တိုင်းနဲ့ ဒုံးပျံတဲ့၊ တလောက ဒုံးပျံပိုးထိပြီး ဆုံးသွားတယ်။ ဒါနဲ့ မုန်တိုင်းတစ်ကောင်တည်း ဘက်ပဲ့နေတာနဲ့ ကျွန်တော် သူ့ကို ရောင်းထားတယ်။ မနက်ကို လာ ယူကြလိမ့်မယ်၊ အဲဒီတော့ မနက်ကျမှပဲ မမာလာရီ ကြည့်ချင်တဲ့ ဝက်ဝံ ရုပ်ကလေးကို သွားယူကြတာပေါ့"

"ဦးမြဇင် ပြောတာ မာလာ ကောင်းကောင်း သဘောမပေါက်ပါဘူး ရှင်၊ အခုသွားယူလို့ရှိရင် ဘာပြုလို့လဲ"

မာလာရီက ဦးမြဇင်ကို မျက်လုံးကလည်လည်ဖြင့် ကြည့်ရင်း မေး သည်။

"အခုလောလောဆယ်မှာ နွားခြံကို ဘယ်သူမှ မဖြတ်ရဲကြဘူး၊ မုန်တိုင်းက သိပ်ဆိုးနေတယ်။ သူက ပြိုင်နွားဖြစ်ရတဲ့ အထဲမှာ ဒုံးပျံ ဆုံးသွားတာကို သိလို့လားမသိဘူး၊ ဒေါသူပုန်ထနေတယ်။ ဘယ်သူမှ အကပ်မခံဘူး၊ မြင်မြင်ကရာ အတင်းလိုက်ပြီး ဝှေ့တာပဲ။ မနက်ဖြန် မနက်ကျရင်တော့င် နွားဆရာကောင်းတွေနဲ့ မနည်းညှပ်ပြီး ဖမ်းရမှာ"

"ခက်တာပဲရှင်၊ မာလာမှာ အချိန်သိပ်ပြီး မရှိဘူး"

"ကျွန်တော်တို့လည်း ဘယ်လိုမှ မတတ်နိုင်လို့ပါ"

"အဲဒီဂူကို အပေါ်ကဖြစ်ဖြစ် ဘေးနှစ်ဖက်ကဖြစ်ဖြစ် လှည့်ဝင်လို့ မရဘူးလား"

ဦးမြဇင် ခေါင်းခါသည်။

"မမာလာ မြင်တဲ့အတိုင်းပဲ။ တောင်ကုန်းဒီဘက် မျက်နှာစာက တကယ့်ချောက်ကြီးပဲ မဟုတ်လား၊ ခြေကုပ်လက်ကုပ် သိပ်မရှိဘူး၊

www.burmeseclassic.com

www.burmeseclassic.com



မတော်တဆကျသွားရင် ကျိုးမှာ ပဲ့မှာလည်း စိုးရတယ်၊ မကျိုးမပဲ့ရင်လည်း မှန်တိုင်းက ရှိနေတယ်။ ဂူကိုတက်တဲ့လမ်းက ဒီရှေ့ တည့်တည့်မှာပဲ ရှိတယ်။ လှေကားထစ်တွေ ရှိတယ်"

"ခက်တာပါပဲရှင်၊ တခြားနည်းလမ်းမရှိဘူးလား၊ စဉ်းစားကြည့်ပါဦး"

မာလာရီက အကူအညီတောင်းခံသော မျက်လုံးများဖြင့် ဦးမြဇင်ကို ကြည့်သည်။ ဦးမြဇင်က ဆံပင်ဖြူတော်တော်များများ ပေါက်နေပြီ ဖြစ်သော သူ့ခေါင်းကို ကုတ်ပြီး စဉ်းစားရင်း

"ဒီလိုလုပ်လေ၊ တော်ကြာနေကျရင် ကျွန်တော့်အလုပ်သမားတွေ လာကြလိမ့်မယ်၊ အဲဒီအခါကျတော့ မှန်တိုင်းကို ဟိုဘက်ခြံထဲ မောင်းသွင်းကြတာပေါ့"

"ကျေးဇူးတင်လိုက်တာရှင်၊ ဦးမြဇင်ရဲ့ အလုပ်သမားတွေက ဘယ်တော့ လာကြမှာလဲ"

"အခုပဲ လာကြမှာပဲ၊ သိပ်မကြာပါဘူး၊ ကဲ အိမ်ထဲမှာ ခဏထိုင်ပါဦး ဒီမှာနေပူပါတယ်။ သားသားကလည်း ရှိလိုရှိငြားပေါ့ကွယ်၊ အခန်းထဲမှာ စပါးကျီထဲမှာ သွားရှာကြည့်ပါဦး"

"ဟုတ်ပါတယ်ကွယ် ရှာကြည့်ပါဦး၊ မောင်တိုးနိုင်ကလေး လိမ္မာပါတယ်"

မောင်တိုးနိုင် ခေါင်းတစ်ချက်ညိတ်ပြီး ခြေရင်းဘက်ရှိ စပါးကျီဆီသို့ ပြေးသွားသည်။ ဦးမြဇင်နှင့် မာလာရီ အိမ်ထဲသို့ ပြန်ဝင်ခဲ့ကြသည်။

■

ကျော်မျိုးနွယ်သည် စိတ်က တက်ကြွလျက်ရှိသည်။ ဤခရီးတွင် ဝက်ဝံပြာကလေးကိုလည်း အသေအချာတွေ့ရှိမည်၊ ဝက်ဝံပြာထဲတွင်လည်း သက်နိုင်၏စာကို တွေ့ရှိရမည်မည်ဟု ယုံကြည်စိတ်ချထားသည်။ ဝက်ဝံရုပ် သုံးရုပ်ရှိသည့်အနက် ဤဝက်ဝံရုပ်သည် တတိယနှင့် နောက်ဆုံး ဖြစ်သဖြင့် သက်နိုင်၏စာသည် ပြေး၍ မလွတ်နိုင်တော့ပါချေ။



အကယ်၍သာ အခက်အခဲ အကျဉ်းအကျပ်နှင့် ရင်ဆိုင်ရလျှင်လည်း မိမိနှင့်အတူ ထပ်တူထပ်မျှ ခွဲဝေခံစားသည့် အမျိုးသမီးကလေးက သူ့နံဘေးတွင် သူလိုပင် စိတ်အားတက်ကြွစွာနှင့် ပါရှိလာလေသည်။

လုပ်ငန်းတစ်ခု လုပ်သည့်နေရာတွင် အကောင်းတစ်ဝက် အဆိုးတစ်ဝက် ရှိတတ်သည်ဟု ဆိုသည်။ ယခု သူသည် အကောင်းတစ်ဝက်ဖြစ်သော ချစ်သူလှလှ ချောချောတစ်ယောက်ကို ရရှိချေပြီ ဖြစ်သည်။ အကယ်၍ သူတို့သည် ရှာပုံတော်ကျူးရသည့် ညီမငယ်ကလေးကို တွေ့ရှိရမည်ဆိုပါက နောက်ထပ် အကောင်းတစ်ဝက် ရရှိခြင်းဖြစ်လေတော့မည်။ သည်ကြားထဲတွင် ကြုံတွေ့ဖြတ်ကျော်ရသော အခက်အခဲများသည် သာမညသာ ဖြစ်ပေလိမ့်မည်။

သူတို့သည် ရန်ကုန်နှင့် ၁၄၅မိုင် ဝေးကွာသော သထုံသို့ ၃ နာရီနှင့်အရောက်မောင်းခဲ့ကြသည်။ သထုံသို့ ရောက်သောအခါ ဦးမြဇင်ခြံကို အလွယ်တကူပင် မေးမြန်းရရှိကြသည်။ ဦးမြဇင်ခြံသည် မြို့စွန်တွင် ဖြစ်သည်။ အမှန်တော့ မြို့စွန်ဆိုသည်ထက် မြို့ပြင်ဆိုလျှင် ပို၍ မှန်ကန်ပေလိမ့်မည်။ မြို့နှင့် အတန်ကလေးလှမ်းသည့် တောင်ခြေတွင် တည်ရှိသည်။

ခြံရှေ့တွင် ကားနှစ်စီး ရပ်ထားသည်ကို တွေ့ရသည်။ ခြံဝင်းနှင့် အိမ်မှာလည်း အတန်ငယ် လှမ်းလေသည်။ ကျော်မျိုးနွယ်သည် ကားနှစ်စင်းအနက် ဆီဒင်ကားကို မသက်ာရှိသည်။ ကားစက်ခေါင်းကို စမ်းကြည့်သောအခါ နွေးတေးတေး ရှိသည်ကို တွေ့ရသည်။

"မရွှေချော ရောက်နေပြီနဲ့တူတယ်"

"လဲ့လဲ့လည်း ထင်တယ်၊ သတိထားပြီး ဝင်ကြရအောင်"

ခြံဝင်းထဲသို့ အတန်ငယ် လျှောက်ဝင်မိသောအခါ ကျော်မျိုးနွယ် ခြေလှမ်း တုန့်သွားသည်။ လဲ့လဲ့ချို့ကို တစ်နေရာသို့ ညွှန်ပြသည်။ အိမ်ခေါင်းရင်းဘက်တွင် မိုးတိုးမတ်တတ် ရှိနေသော သက္ကလပ်ဦးထုပ်နှင့် အောင်သိန်းထွန်းကို မြင်ကြရသည်။

အောင်သိန်းထွန်းသည် အခြားတစ်ဖက်သို့ ငေးနေသဖြင့် သူတို့ကို မမြင်တွေ့ချေ။

www.burmeseclassic.com

www.burmeseclassic.com



"ဟိုမှာ…ဟိုမှာ"

ကျော်မျိုးနွယ်က အိမ်အနောက်ဘက် စပါးကျီဆီသို့ လက်ညှိုးထိုးပြရင်း လေသံဖြင့် ပြောသည်။ စပါးကျီအဝတွင် ကောင်လေးတစ်ယောက် ရပ်နေသည်။ တိုးနိုင်ဖြစ်သည်။ အောင်သိန်းထွန်း မမြင်အောင် သစ်ပင်များဖြင့် ကွယ်လျက် ကောင်ကလေးရှိရာသို့ သူတို့ပြေးသွားကြသည်။ တိုးနိုင်က သူ့ထံသို့ ပြေးလာနေသူ နှစ်ယောက်ကို တအံ့တသြ ငေးကြည့်နေသည်။ အနီးသို့ ရောက်သောအခါ လဲ့လဲ့ချိုက…

"ဟေး…ဝက်ဝံပြာကလေး ဝယ်သွားတာ မင်းမဟုတ်ဘူးလား။ ဒေါ်ဒေါ်နာမည် လဲ့လဲ့ချို၊ မင်းကို ဝက်ဝံရုပ်ကလေး ရောင်းလိုက်တာ ဒေါ်ဒေါ်ပဲ"

"ဟုတ်ကဲ့"

တိုးနိုင်က ဒါပဲ ပြောသည်။ ကျော်မျိုးနွယ်က လဲ့လဲ့ချိုနှင့်ယှဉ်ပြီး ရပ်နေသည်။ သူတို့နေရာမှကြည့်လျက် အောင်သိန်းထွန်းကို မမြင်ရပါ။

"ဦးလေးနာမည်က ကျော်မျိုးနွယ်တဲ့"

"ဟုတ်ကဲ့"

"ကလေးနာမည်ကကော"

"မောင်တိုးနိုင်"

"ဟုတ်ပြီ မောင်တိုးနိုင်၊ အခု ဒေါ်ဒေါ်တို့ ဝက်ဝံရုပ်ကိစ္စ မောင်တိုးနိုင်တို့နဲ့ စကားပြောရအောင် လာခဲ့ကြတာ"

"ဟုတ်ကဲ့"

"ဒေါ်ဒေါ်တို့အရင် မောင်တိုးနိုင်တို့ကို ဝက်ဝံအကြောင်း လာမေးတဲ့ လူရှိတယ်မဟုတ်လား"

"ရှိတယ်၊ အိမ်ထဲမှာ ဖေဖေနဲ့စကားပြောနေတယ်၊ အဲဒီအန်ကယ်က သူ့ဝက်ဝံရုပ်တဲ့၊ ကျွန်တော်နဲ့ ဖေဖေကလည်း သူ့ကိုပေးမယ်လို့ ပြောထားတယ်"

ကျော်မျိုးနွယ်နှင့် လဲ့လဲ့ချိုတစ်ယောက်ကိုတစ်ယောက် ကြည့်မိကြသည်။ ကျော်မျိုးနွယ်က…။



"သူ့အဖေနဲ့ သွားပြောကြမှနဲ့တူတယ်"

"ပြောလို့မရတော့ဘူး၊ အန်ကယ်ကို ပေးမယ်လို့ ကျွန်တော်တို့ ကတိပေးထားပြီ"

ကောင်းရော၊ ကတိသစ္စာသမားနှင့် သူတို့ ရင်ဆိုင်ကြရချေပြီ။

"အရုပ်ကလေးကို သူ့ခွဲကြည့်သလား"

လဲ့လဲ့ချိုက စိုးရိမ်တကြီးမေးသည်။

"ဟင့်အင်း အရုပ်ကို သူမရသေးပါဘူး၊ အရုပ်က ကျွန်တော့်ဂူကလေးထဲမှာ"

တိုးနိုင်က နွားခြံ၏ တစ်ဖက်ရှိ တောင်ကုန်းကလေးမှ ဂူပေါက်ကို လက်ညှိုးထိုးပြရင်း ပြောသည်။

"ဘာလို့ သွားမယူသေးသလဲ"

"သွားလို့ မရဘူး၊ မုန်တိုင်းရှိတယ်"

"မုန်တိုင်းဆိုတာ ဘာလဲ"

"မုန်တိုင်းဆိုတာ ကျွန်တော်တို့ရဲ့ ပြိုင်နွားကြီး၊ ဟိုမှာ မမြင်ဘူးလား"

နွားသိုးကြီးသည် ပိုက်တန်းအနီးတွင် တရှူးရှူး တရှဲရှဲဖြင့် လူးလာခေါက်ပြန်လုပ်နေသည်။

"ဒါဖြင့် ယူလို့မရတော့ဘူးလား"

"တော်ကြာနေ အလုပ်သမားတွေ ရောက်လာရင် သူ့ကို ဟိုဘက်ခြံထဲ မောင်းသွင်းကြလိမ့်မယ်"

"အဲဒီဂူကို သွားဖို့ တခြားလမ်း မရှိဘူးလား"

"ဖေဖေက မသွားရဘူး၊ လိမ့်ကျလိမ့်မယ်တဲ့"

"မင်းက ကလေးမို့ လိမ့်ကျမှာစိုးရတာပါ။ ဦးကလူကြီးပဲ သွားရင် ရမှာပေါ့၊ မရဘူးလား"

"အို…အစ်ကိုသွားလို့ မဖြစ်ပါဘူး"

လဲ့လဲ့ချိုက စိုးရိမ်တကြီး ပြောသည်။

"ဒီနည်းပဲရှိတယ်လဲ့လဲ့၊ အစ်ကိုတို့နည်းနည်းတော့ စွန့်စားရမှာပဲ၊ တခြားသွားလို့ ရနိုင်တဲ့လမ်း ရှိတယ်မဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



ကျော်မျိုးနွယ်က တိုးနိုင်ကို မေးသည်။ ကောင်ကလေးက ဘေးတစ်ဖက်သို့ လက်ညှိုးထိုးလျက်..

"ကျွန်တော်သာ လူကြီးဆိုရင်တော့ အဲဒီလမ်းက သွားမှာပဲ"

"အေး...မောင်တိုးနိုင်ပြောတာ ဟုတ်တယ်၊ ယောကျ်ားဆိုတာ စွန့်စားရတယ်ကွဲ့၊ မင်းကြည့်နေ ဦးသွားပြမယ်"

"ဟုတ်ကဲ"

မောင်တိုးနိုင်က ကျော်မျိုးနွယ် သွားသည်ကို လိုလားဟန်ပြသည်။ သူက လူကြီးတွေ စွန့်စားသည်ကို ကြည့်လိုဟန်ရှိသည်။

"အစ်ကို သွားလို့ဖြစ်ပါ့မလား"

ကျော်မျိုးနွယ်က လဲ့လဲ့ချိုကို ဘာမျှပြန်မပြောဘဲ ပိုက်တန်းဖြူအတိုင်း တောင်ကုန်းမြင့်ဆီသို့ ပြေးသွားသည်။ မုန်တိုင်းသည် ပိုက်တန်းအတွင်းဘက်မှနေ၍ ကျော်မျိုးနွယ်နှင့်ပြိုင်ပြီး ပြေးနေသည်။

နေကျက်ကျက် ပူနေသည်။ နေရောင် စူးရှသည်။ လဲ့လဲ့ချို ရင်တထိတ်ထိတ် ဖြစ်နေသည်။ တိုးနိုင်သည်လည်း အသက်ကိုမျှ မှန်မှန်မရှူဘဲ ကျော်မျိုးနွယ် ပြေးသွားနေသည်ကို ရုပ်ရှင်ကြည့်သည့်အလား သဘောကျစွာ ငေးကြည့်နေသည်။

ပိုက်တန်းဆုံးသောအခါ ကျော်မျိုးနွယ်သည် မတ်စောက်သော တောင်ကုန်းပေါ်သို့ ဖက်တွယ်သည်။ ပထမပိုင်းတွင် အတော်ကလေး လျှန်မြန်သွက်လက်ဟန်ရှိသော်လည်း ၂၊နောက်ပိုင်း လေးတွဲ့သွားသည်။ ခြေကုတ်လက်ကုတ်နည်း ရှာဖွေပြီး တက်နေရဟန်ရှိသည်။

မုန်တိုင်းက တောင်ခြေတွင် အမြီးထောင်ပြီး ခေါက်တုန့်ခေါက်ပြန် ပြေးနေသည်။

"ဖေဖေ့ကို သွားပြောမယ်"

တိုးနိုင်သည် ရုတ်ခြည်းဆိုသလို အိမ်ဆီသို့ ပြေးသွားသည်။ လဲ့လဲ့ချို မျက်လုံးပြူးသွားသည်။ သူမဘာလုပ်ရချေမည်နည်း၊ တိုးနိုင်နောက်သို့ လိုက်ရချေမည်လား၊ ကျော်မျိုးနွယ်နောက်သို့ လိုက်ရချေမည်လား။



မခင်မျိုးသည် ခုတင်ပေါ်တွင် လဲလျောင်းလျက် ရှိသည်။ ဆရာဝန်ကြီး ဒေါက်တာဒေါ်ခင်မေသည် ခုတင်ခေါင်းရင်းတစ်ဖက်တွင် ရပ်နေသည်။ ဦးတင်နွယ်သည် ခုတင်ခြေရင်းတွင် ရပ်နေ၏။

"ဦးသမီးလေး ဘယ်မှာရှိတယ်ဆိုတာ ပြောစမ်းပါ မိန်းကလေးရယ်၊ ဦးမေတ္တာရပ်ခံပါတယ်။ ဦးတောင်းပန်ပါတယ်"

မခင်မျိုး ရေငုံနှုတ်ပိတ်လျက် ရှိသည်။ သူဘယ်သူဖြစ်ပါသည် ပြောနေသူသည် အမှန်တကယ်ဟုတ်မဟုတ် သူမက ယခုချိန်တွင် ဘယ်လိုလုပ်ပြီး သိနိုင်ပါမည်နည်း။ အကယ်၍ သူမနေကောင်း၍ ဆေးရုံကဆင်းရပါက ကိုယ်တိုင်မေးမြန်းစုံစမ်းနိုင်သည်။ သက်ဆိုင်ရာပုဂ္ဂိုလ်များထံမှ အကူအညီတောင်းခံနိုင်သည်။ ယခုအချိန်တွင် ဘာမျှမပြောသေးသည်က ကောင်းနေသည်။ နောက်တစ်ရက်နှစ်ရက်ဆိုလျှင် မိမိဆေးရုံကဆင်းရတော့မည်။ အန္တရာယ်ပေးနိုင်သော သူတစ်ယောက်လည်း ပြစ်ဒဏ်ချမှတ်ခံရပေတော့မည်။ ထိုသူအား ဘယ်နေ့တွင် စီရင်ချက်ချမည်ကို မိမိသိပါသည်။

ဆရာဝန်ကြီးဒေါက်တာဒေါ်မေခင်ကို မိမိယုံကြည်ပါသည်။ အချို့သော ဆရာဝန်နှင့် ဆရာမများကို မိမိယုံပါသည်။ သူတို့မှတစ်ဆင့် ရဲအဖွဲ့လက်သို့ ပုဉ္ဇကို အပ်နိုင်ပါသည်။ သို့သော် မတော်တဆ လက်ပြောင်းလက်လွှဲကြားတွင် တစ်နေရာမှ တစ်နေရာသို့ အကြောင်းကြား တာဝန်ပေးသည့်ကြားတွင် ပုဉ္ဇကတိမ်းကပါး ဖြစ်သွားနိုင်သည်။ ဘာပဲဖြစ်ဖြစ် လောလောဆယ် ဘာမှမပြောသေးသည်က ကောင်းပေမည်။

"ပြဿနာတွေ ဘယ်လိုရှိနေတယ်ဆိုတာ ငါ့တူမ မသိဘူး၊ ကလေးမကလေး နောက်ကို မကောင်းတဲ့ရည်ရွယ်ချက်နဲ့ လိုက်နေတဲ့ လူတစ်စုဟာ ပိုက်ဆံလည်း ရှိတယ်။ ဉာဏ်နီဉာဏ်နက်တွေလည်း ရှိတယ်။ ရက်လည်း ရက်စက်ကြတယ်။ ယုတ်လည်း ယုတ်မာကြတယ်။ ဦးတို့အနေနဲ့ သူတို့ရန်က လွတ်အောင် ကာကွယ်နိုင်စွမ်း ရှိပါတယ်။ ဦးတို့ဘက်မှာ တရားမျှတမှုနဲ့ ဥပဒေလည်း ရှိနေပါတယ်။ တစ်ဆိတ်ကွယ် သမီးကလေး ဘယ်မှာရှိတယ်ဆိုတာ ပြောစမ်းပါ"

www.burmeseclassic.com

www.burmeseclassic.com



ဦးတင်နွယ်က ထပ်ပြီး မေတ္တာရပ်ခံသည်။

"ကျေးဇူးပြုပြီးတော့ရှင်၊ ကျွန်မလူနာကို တရားခံတစ်ယောက်လို တော့ မမေးကြပါနဲ့"

ဒေါက်တာ ဒေါ်မေခင်က သတိပေးသည်။

"ဒီမယ်ညီမ၊ မိုတိမ်မိုးဆိုတဲ့ လူတစ်ယောက်ကို လူသတ်မှု၊ ဓားပြမှု မုဒိမ်းမှုတွေနဲ့ တရားစွဲထားတာ အခုဗုဒ္ဓဟူးနေ့မှာ စီရင်ချက်ချမယ်ဆိုတာ ညီမသိသလား"

တရားသူကြီး တင်မောင်နွယ်က တည်ငြိမ်သော လေသံဖြင့် မေးသည်။ မခင်မျိုး၏ မျက်လုံးများ ဝင်းလက်သွားသည်။ သို့သော် ဘာမှပြန် မပြောချေ။ တင်မောင်နွယ် ဆက်မေးသည်။

"ကောင်းပြီ၊ ကလေးမကလေး ဘယ်မှာရှိတယ်ဆိုတာ ကျုပ်တို့ကို မပြောချင်နေပါ၊ သူ့ကို လူဆိုးတွေ တွေ့သွားနိုင်မယ့် အခြေအနေရှိ သလား"

"ဟင့်အင်း"

မခင်မျိုး လွှတ်ခနဲ ပြောလိုက်သည်။ ထို့နောက် စိတ် လှုပ်ရှားစွာဖြင့် ဟစ်အော်သည်။

"ဟင့်အင်း...ဟင့်အင်း...ဟင့်အင်း"

ဒေါက်တာ ဒေါ်မေခင် ခေါင်းခါသည်။ မခင်မျိုးက...

"ဒေါက်တာ ဗုဒ္ဓဟူးနေ့မှ လာကြပါလို့ သူတို့ကို ပြောပေးပါ"

"ကဲ အားလုံး ကြားကြတယ်မဟုတ်လား၊ ဗုဒ္ဓဟူးနေ့မှ လာကြပါ"

ဒေါက်တာ ဒေါ်မေခင်က ပြောလိုက်သည်။

■

ယင်းအချိန်တွင်...

သထုံမြို့၊ ဦးမြဇင်၏ နေအိမ်၌ အောင်သိန်းထွန်းသည် ညှော်နံ့ တံခါး ဝတွင် ရုတ်တရက် ပေါ်လာပြီ...

"မာလာ..."



"ဘာလဲ အစ်ကိုထွန်း"

"ကျော်မျိုးနွယ်နဲ့ လဲ့လဲ့ချို"

ဦးမြဇင်က နားမလည်သည့် အမူအရာဖြင့် ငေးကြောင်နေသည်။ မာလာရီက အိမ်ရှင်ဘက်သို့ လှည့်လျက်။

"ဖေဖေက အစ်ကိုကြီး ပြောတယ်၊ ဒီနွားကြီးကို လူတစ်ယောက် ကို ရောင်းထားတယ်ဆို၊ မာလာ့ကို ရောင်းပါလားဟင်..."

"ခင်ဗျာ ဘာပြောလိုက်တယ်"

ဦးမြဇင် ရုတ်တရက် ထိတ်လန့်သွားဟန်ရှိသည်။

"မာလာ ဝယ်ပါ့မယ်၊ အစ်ကိုကြီး ကြိုက်တဲ့ဈေး တောင်းပါ"

"မာလာနှစ်ဆပေးမယ်၊ တစ်ထောင်ဆိုရင် နှစ်ထောင်ပေးမယ်ရှင်"

"ကျွန်တော်တော့ ဘယ်လိုမှ စဉ်းစားလို့ မရဘူး"

မာလာရီက ဆွဲဆောင်သော အပြုံးဖြင့်...

"ဒီလိုလေ သူ့ကို မာလာတို့ ဝယ်ပြီးရင် သူ့ကို မာလာတို့ ပစ်သတ် လိုက်ရင် ဖြစ်နိုင်တာပေါ့၊ မဟုတ်ဘူးလားအစ်ကိုကြီး၊ အရေးကြီးတာက ဒင်းမရှိမှ မာလာတို့ဟာ ဂူကလေးကို သွားနိုင်ကြမှာ မဟုတ်လား၊ ဝက်ဝံ ရုပ်ကလေးကို ရမှာမဟုတ်လား"

"ဟာ...ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး၊ သူ့ကို ဘယ်နည်းနဲ့မှ သတ်လို့ မဖြစ်ဘူး၊ သူ့လိုကောင်းတဲ့နွားမျိုး ဘယ်မှာမှ ရှာမရနိုင်ဘူး၊ မဖြစ်ဘူး၊ မဖြစ်ဘူး၊ မရောင်းနိုင်ဘူး၊ မရောင်းနိုင်ဘူး"

ဦးမြဇင်က အထိတ်တလန့် ပြောနေသည်။

ထိုအခါ မာလာရီသည် သူမ၏ ပေါင်ပေါ်တွင် တင်ထားသော လက် ကိုင်အိတ်ကလေးကို ဖွင့်လိုက်သည်။ စက္ကန့်ပိုင်းအတွင်းမှာပင် သူမ့လက် ထဲတွင် ပြောင်လက်သော ပစ္စတိုသေနတ်ကလေး ရောက်ရှိ လာသည်။

တံခါးပေါက်တွင် ရပ်နေသော အောင်သိန်းထွန်း၏ လက်တွင်လည်း ခြောက်လုံးပူးသေနတ်တစ်လက် ရှိနေသည်။

ဦးမြဇင်က မဲ့ပြုံးပြုံးလိုက်ပြီး...

www.burmeseclassic.com

www.burmeseclassic.com



"ဩော် ..ဩော်...လက်စသတ်တော့ ဒီလိုကိုး"

"အစ်ကိုထွန်း၊ ကားထဲက ရိုင်ဖယ်သွားယူခဲ့ပါ၊ ဟိုအကောင်ကြီးကို တစ်ခါတည်းသာ အသေပစ်သတ်လိုက်ပါ။ ပြီးတော့ ဝက်ဝံရုပ်ကို သွားယူခဲ့ပါ။ မာလာတို့ အချိန်ကုန်မခံနိုင်တော့ဘူး၊ သူ့ကို မာလာ ထိန်းထားမယ်"

အောင်သိန်းထွန်း သူမအမိန့်ကို နာခံသည်။

"ဝက်ဝံရုပ်ထဲမှာ ဘာရှိသလဲ၊ လော့ကက်သီးတော့ မဟုတ်နိုင်ပါဘူး"

"ငြိမ်ငြိမ်နေပါ ဦးမြဇင်၊ ဦးမြဇင်လုပ်တာက အရေးမကြီးဘူး၊ မာလာလုပ်လိုက်ရင် သေနတ်ကလေး မောင်းပြုတ်သွားလိမ့်မယ်"

"အမိ တစ်ခုတော့ စဉ်းစားပါ။ အမိ ကျုပ်ကို ပစ်သတ်နိုင်ပေမယ့် အမိလူက မုန်တိုင်းကို ပစ်သတ်နိုင်ပေမယ့် အခုချက်ချင်းဆိုသလိုပဲ ကျုပ်လူတွေ ရောက်လာကြတော့မယ်။ သူတို့အားလုံးကို အမိတို့ ပစ်မသတ်နိုင်ပါဘူး။ နောက်ပြီး သေနတ်သံတွေ ကြားရရင် မကြာခင်မှာ သထုံတစ်မြို့လုံး ရောက်လာလိမ့်မယ်"

မာလာရီက မထီတရီပြုံးလျက်...

"မာလာတို့သေနတ်တွေမှာ အသံထိန်းကိရိယာတွေ တပ်ထားပါတယ် ဦးမြဇင်"

ယင်းအဖြစ်အပျက်များ အားလုံးကို မောင်တိုးနိုင်ကလေးသည် ပြတင်းပေါက် ခန်းဆီးကြားမှ မြင်နေရသည်။ ကြားနေရသည်။ ထို့ကြောင့် သူ့ခြံဝဆီသို့ တအားကုန်ထွက်ပြေးသည်။ လဲ့လဲ့ချိုက သူ့ကို ဖမ်းထားလိုက် သည်။

"ဖေဖေ့ကို ဟိုမိန်းမကြီး သေနတ်နဲ့ ချိန်ထားတယ်"

တိုးနိုင် မော့ပန်းထိတ်လန့်စွာပြောသည်။

"ဟုတ်လား..."

"ဟုတ်တယ်..."

"မင်း...အခု ဘယ်သွားမလို့လဲ"



"အလုပ်သမားတွေ သွားခေါ်မလို့"

ကောင်ကလေးကို လဲ့လဲ့ချို လွှတ်ပေးလိုက်သည်။ ကောင်ကလေး တစ်ဟုန်ထိုး ပြေးသည်။ တောင်ကုန်းဆီသို့ လဲ့လဲ့ချိုကြည့်သည်။ ကျော်မျိုးနွယ်သည် တောင်နံရံကို ကုပ်ကပ်လျက် ဂူပေါက်ဆီသို့ တဖြည်းဖြည်း ရွေ့သွားနေသည်။ သူ့အောက်တွင် မုန်တိုင်းထနေသည်။

လဲ့လဲ့ချို အိမ်ဆီသို့ သတိကြီးစွာနှင့် ချဉ်းကပ်သွားသည်။ မာလာက အဘယ့်ကြောင့် အိမ်ရှင်ကို သေနတ်နှင့် ချိန်ထားရသနည်း။ အောင်သိန်းထွန်း ဘယ်ရောက်နေသနည်း။

စောစောက တိုးနိုင်ချောင်းကြည့်သော ပြတင်းပေါက်အနီးသို့ လဲ့လဲ့ချို ရောက်ရှိသွားသည်။ ယင်းအခိုက်မှာပင် အိမ်ခေါင်းရင်းမှ ဖြတ်သွားသော လူရိပ်တစ်ခုကို မြင်လိုက်ရသည်။ လက်ထဲတွင် သေနတ်ကိုင်ထားသည်။ ခေါင်းတွင် ဦးထုပ်ဆောင်းထားသည်။ လဲ့လဲ့ချို ခေါင်းငြိမ့်ပြီး ကြည့်လိုက်ရာ ပိုင်းတန်းဖြူဖြူဆီသို့ပြေးသွားသော အောင်သိန်းထွန်းကို မြင်ရသည်။

အောင်သိန်းထွန်းသည် ပိုင်းတန်းအနီးတွင် ရပ်ပြီး သေနတ်ကို ချိန်လိုက်သည်။ ဘာကို ချိန်ချေသနည်း။ ဘာကို ပစ်ချေမည်နည်း။

ပြတင်းတံခါးကို အနည်းငယ်ဟပြီး အိမ်ခန်းထဲသို့ ကြည့်လိုက်သည်။ မာလာရီက ဦးမြဇင်ကို သေနတ်ဖြင့် ချိန်ထားသည်။ ယင်းအခိုက်တွင် တယ်လီဖုန်းသံ စူးရှစွာ ပေါ်ထွက်လာသည်။ တယ်လီဖုန်းသည် ဧည့်ခန်း အရှေ့ဘက် ထောင့်တစ်ထောင့်တွင် ရှိသည်။ ဦးမြဇင် ထမည်ပြုသည်။

"ငြိမ်ငြိမ်နေပါ။ ကျွန်မကောက်ပါ့မယ်"

မာလာရီသည် သေနတ်ဖြင့် ဦးမြဇင်ကို ချိန်ထားရင်း တယ်လီဖုန်းရှိရာသို့ ရွေ့ရွေ့ လျှောက်သွားနေသည်။

■

ကျော်မျိုးနွယ်သည် နေပူရှိန်ကြောင့် မီးမြိုက်ခံရသကဲ့သို့ ဖြစ်နေသည်။ ကျောက်စွန်းကျောက်သားများကလည်း သူ့အသားများကို ပွန်းပဲ့

www.burmeseclassic.com

www.burmeseclassic.com



ထိရှစေသည်။ သို့သော် တောင်ကမ်းပါးသည် အဝေးမှ မြင်ရသလောက် မတ်စောက်ခြင်း မရှိချေ။ ခြေကုပ်လက်ကုပ်သွားရုံ ရှိပါသည်။ သို့သော် နည်းနည်းကလေးမှ သတိမလစ်ရပါ။ အသက်ရှူတစ်ချက် မှားလျှင် ရှိ သွေးနေသော နွားသိုးကြီးရှေ့သို့ ရောက်သွားနိုင်ပေသည်။

ကျောက်စွန်းတစ်ခုကို ခပ်မြဲမြဲကိုင်ပြီး နောက်ဘက်သို့ လှည့်ကြည့် သည်။ နွားခြံ၏ တစ်ဖက်တွင် လူတစ်ယောက်ရှိနေသည်။ ဦးထုပ်ဆောင်း ထားသည်။ သူ့လက်ထဲတွင် သေနတ်ကိုင်ထားသည်။ သေနတ်သံ မကြားရပါ။ သို့သော် သူ့ရှေ့ရှိ ကျောက်ဆောင်ကို ကျည်ဆန်ထိမှန်ပြီး မီးပွင့်သွားသည်။ ပျားတစ်ကောင်ကဲ့သို့ ကျည်တစ်တောင့် ဖြတ်သွားသံ ကြားရသည်။ အောင်သိန်းထွန်းသည် အသံထိန်းတပ်ထားသော သေနတ် ဖြင့် သူ့ကို ပစ်ခတ်လျက် ရှိချေပြီ။

သို့သော် သူ့အနေနှင့် ဘာတတ်နိုင်မည်နည်း။ ဂူပေါက်သို့ ရောက် အောင် သတိထားပြီး သွားရုံသာ ရှိသည်။ နောက်ကိုပြန်ဆုတ်၍လည်း မရပါ။ ရှောင်စရာတိမ်းစရာ ပုန်းခိုစရာ နေရာလည်း မရှိပါ။

ကျော်မျိုးနွယ်သည် ကျောက်စွန်းတစ်ခုပေါ်တွင် ဘယ်ခြေဖြင့် နင်း ကာ အရှိန်ယူပြီးနောက် ဂူပေါက်ထဲသို့ သူ့ကိုယ်ကို အရှိန်နှင့် ပစ်ချလိုက် သည်။

*

## အခန်း နှစ်ဆယ့်တစ်

မာလာရီသည် သထုံသို့ မလာခင်ကတည်းကပင် ရန်ကုန်နှင့် အဆိုတ်အချက် လုပ်ထားခဲ့ဟန်ရှိသည်။ သူမရောက်ရှိမည့်အချိန်တွင် ရန်ကုန်မှ သူမထံသို့ ဖုန်းဆက်လိုက်ခြင်းဖြစ်သည်။

"ဟုတ်ကဲ့၊ ဟုတ်ပါတယ်၊ မာလာပါ"

"ဟေး မာလာရေ သတင်းကောင်းပဲ၊ မခင်မျိုးဆိုတဲ့ မိန်းမကိုတွေ့ ပြီ"

"ဟုတ်လား ဝမ်းသာလိုက်တာ"

"ငနဲမက မြောက်ဥက္ကလာဆေးရုံမှာ ရောက်နေတာကိုး၊ ဦးတင်နွယ် တို့က အစောင့်တွေ ချထားတယ်"

"ကလေးမကလေးကို သူတို့တွေ့သွားပလား"

"မတွေ့သေးဘူး၊ ဆေးရုံမှတ်ပုံတင်စာအုပ်မှာကြည့်တော့ သူ့ လိပ်စာကို မြစ်ကြီးနားလိပ်စာပဲ ပေးထားတယ်၊ ရန်ကုန်လိပ်စာ မသိရ သေးဘူး၊ ကလေးမကလေးဟာ ရန်ကုန်တည်းအိမ်မှာ ရှိရမယ်"

"ဒါလောက် သိရရင်တော်ပြီ၊ မာလာတို့ အခုချက်ချင်းပြန်လာခဲ့ တယ်"

www.burmeseclassic.com

www.burmeseclassic.com



မာလာရီ ဖုန်းကို ချလိုက်ပြီး ဦးမြဇင်ကို အိမ်ပြင်သို့ ထွက်ရန် သေနတ် ပြောင်းဖြင့် ညွှန်ပြသည်။ အပြင်သို့ရောက်သောအခါ

"အစ်ကိုထွန်းရေ လာလာ ရန်ကုန်က ဖုန်းလာတယ်၊ မာလာတို့ ပြန်ကြမယ်၊ မြန်မြန်လာ"

အောင်သိန်းထွန်းသည် အခြေအနေကို နားလည်ဟန်ဖြင့် သူတို့ကား ရပ်ထားရာသို့ ခပ်သွက်သွက် လျှောက်သွားသည်။ မာလာရီက ဦးမြဇင်ကို သတိပြုလျက် နောက်မှလိုက်ပါသွားသည်။

မကြာမီ ကားစက်နှိုးသံ ကြားရသည်။ ကားထွက်သွားသံကြားရ သည်။

လဲ့လဲ့ချို ပုန်းကွယ်ရာမှ ထွက်သည်။ သူမကို ဦးမြဇင်တွေ့မြင်သွား သည်။

"ခင်ဗျားကို ကျွန်တော်မြင်ဖူးပါတယ်"

"ဟုတ်ကဲ့၊ ကျွန်မနာမည် လဲ့လဲ့ချိုပါ၊ ရန်ကုန်မဂ်လာဒုံလေဆိပ် လက်ဆောင်မွန်ဆိုင်ကပါ"

"လက်စသတ်တော့ ဝက်ဝံရုပ်နောက်ကို လိုက်နေကြတာကိုး"

"ကျွန်မတို့လူကောင်းတွေပါ၊ ဦးမြဇင်သား မောင်တိုးနိုင် အလုပ် သမားတွေ သွားခေါ်ပါတယ်။ ကျွန်မအစ်ကိုကို ကယ်ပါဦး"

"ခင်ဗျားအစ်ကိုက ဘယ်မှာလဲ"

လဲ့လဲ့ချိုက ကျော်မျိုးနွယ်ရှိရာ ဂူသို့ လက်ညှိုးထိုးပြလိုက်သည်။ ထို့နောက် နွားခြံတန်းပိုင်းတန်းဖြူဖြူသို့ ပြေးသွားသည်။

ယင်းအခိုက်တွင် မောင်တိုးနိုင်နှင့် အလုပ်သမားများ ရောက်ရှိလာ ကြသည်။

■

ဂူထဲ၀ွင် အလင်းရောင်အားနည်းသဖြင့် မှုန်ရီလျက်ရှိသည်။ အနည်း ငယ်လည်း အေးမြသည်။ ကလေးကစားအရုပ်များ အသုံးအဆောင်များ



ရှိသည်။ ဝက်ဝံပြာကလေးကို ကျွန်းသေတ္တာတစ်ခုအတွင်းတွင် တွေ့ရှိရ သည်။

ကျော်မျိုးနွယ် သက်ပြင်းရှည်ကြီး ချလိုက်သည်။ ထို့နောက် သူ့ ကိုယ်မှ ချွေးစက်သွေးစက်များကို လက်ကိုင်ပဝါဖြင့် သုတ်ပစ်သည်။ ပြီးမှ ဝက်ဝံပြာကလေးကို ကျောက်စွန်းတစ်ခုနှင့် ရိုက်ခွဲလိုက်သည်။ ပိုက်ဆံ အကြွေများနှင့်အတူ စက္ကူခေါက်ကလေးတစ်ခု ထွက်လာသည်။

ကျော်မျိုးနွယ် စက္ကူခေါက်ကလေးကို ကောက်ယူလိုက်သည်။ ထို့နောက် အလင်းရောင် ရစိမ့်သောဂှာ ဂူပေါက်ဝနားသို့ တိုးသွားပြီး တစ်ခေါက်ချင်း ဖြည်သည်။

သက်နိုင်၏စာကို ဖတ်နေစဉ် အပြင်ဘက်မှ လူသံများ ဆူဆူညံညံ ကြားရသည်။ ကြည့်လိုက်သောအခါ လူတစ်စု မုန်တိုင်းကို ဒါစ်ဖက် ခြံထဲသို့ မောင်းသွင်းနေကြသည်။

များမကြာမီတွင် တောင်ခြေသို့ ဦးမြဇင်နှင့် အလုပ်သမားများ ရောက်ရှိလာကြသည်။ လဲ့လဲ့ချိုနှင့် တိုးနိုင်လည်း ပါရှိသည်။ ကျော်မျိုး နွယ် အောက်သို့ ဆင်းခဲ့သည်။

"အစ်ကို ဘာမှမဖြစ်ဘူးနော်"

လဲ့လဲ့ချိုက စိုးရိမ်စွာမေးသည်။

"မဖြစ်ပါဘူး၊ မာလာရီကော"

"ရန်ကုန်က ဖုန်းလာလို့ ကမန်းကတန်း ပြန်သွားပြီ၊ အစ်ကို တွေ့ လား"

ကျော်မျိုးနွယ် ခေါင်းညိတ်သည်။

လဲ့လဲ့ချိုက ဦးမြဇင်နှင့် ကျော်မျိုးနွယ်ကို မိတ်ဆက်ပေးသည်။

"ဦးမြဇင်ကို အခုလို အနှောင့်အယှက်ပေးရတာ၊ ကျွန်တော်တို့ အများကြီး ဝမ်းနည်းပါတယ်။ ဒါပေမယ့် လူတစ်ယောက်ရဲ့ အသက် ရှင်ရေးသေရေး ဖြစ်နေလို့ အခုလို ဒုက္ခပေးရတာပါ၊ ကျွန်တော်တို့ ရန်ကုန်ပြန်ရောက်ရောက်ချင်း မောင်တိုးနိုင်အတွက် ဝက်ဝံရုပ်အစားနှင့် တခြားအရုပ်တွေ ပို့ပေးလိုက်ပါမယ်။ ကျွန်တော်တို့လည်း အေးအေး

www.burmeseclassic.com

www.burmeseclassic.com



ဆေးဆေး လာခဲ့ပါဦးမယ်။ အခုလောလောဆယ်တော့ ကျွန်တော်တို့ကို ခွင့်ပြုပါဦး၊ ကဲ…လဲ့လဲ့ရေ ကိုယ်တို့လည်း မြန်မြန်ပြန်ကြမှဖြစ်မယ်”

ကျော်မျိုးနွယ်က လဲ့လဲ့ချို၏ လက်ကိုဆွဲပြီး ကားရပ်ထားခဲ့သော ခြံဝင်းတံခါးဆီသို့ ပြေးသည်။

ဦးမြဇင်တို့ သားအဖနှင့် အလုပ်သမားများ ငေးကြောင်ပြီး ကျန်ရစ်ခဲ့ကြသည်။

■

ကျော်မျိုးနွယ်သည် ကားကို ဖြစ်နိုင်သမျှ မြန်မြန်မောင်းနေသည်။

“သူတို့ တယ်လီဖုန်းက ဘာတွေပြောကြသလဲ”

“ဘယ်…လဲ့လဲ့ အကုန်ကြားရမလဲ၊ မာလာပြန်ပြောတာပဲ ကြားရတာပေါ့”

“ဝမ်းသာလိုက်တာတဲ့၊ ကလေးမကလေးကို သူတို့တွေ့သွားပလားတဲ့၊ ဒါလောက်သိရရင် တော်ပြီပဲ၊ မာလာတို့အခုချက်ချင်း ပြန်လာခဲ့မယ်တဲ့”

“အင်း…သူတို့ တစ်ခုခုတော့ သဲလွန်စ ရသွားပြီ။ ကလေးကိုတော့ သူတို့မတွေ့သေးဘူး၊ မခင်မျိုးကို သူတို့ခြေရာခံမိသွားပြီနဲ့ တူတယ်”

“ဝက်ဝံပြာထဲမှာ ကိုသက်နိုင်စာ တွေ့သလား”

“တွေ့တယ်”

“ဘာရေးထားသလဲ”

“ရော့…လဲ့လဲ့ဖတ်ကြည့်စမ်းပါ၊ ဒီစာကလေး နှစ်ကြောင်း သုံးကြောင်း အတွက် လိုက်လိုက်ရတာ၊ တောင်ကြီးလည်း ရောက်ခဲ့ရပြီ၊ လားရှိုးလည်း ရောက်ခဲ့ရပြီ၊ သထုံလည်း ရောက်ခဲ့ရပြီ၊ ပိုက်ဆံလည်း ကုန်လိုက်တာ အရမ်း ပဲ။ လဲ့လဲ့လည်း လူဆိုးတွေလက်ထဲ ရောက်ခဲ့ရတာ ကံကောင်းပေလို့”

ကျော်မျိုးနွယ်က စာရွက်ခေါက်ကလေးကို အင်္ကျီအိတ်ထဲမှ ထုတ်ပြီး လဲ့လဲ့ကို ပေးသည်။ လဲ့လဲ့က စာရွက်ခေါက်ကလေးကို ဖြန့်ပြီး အသံ



ထွက် ဖတ်သည်။

သူတို့ထဲက တစ်ယောက် ဒီလေယာဉ်ပျံပေါ်မှာ ပါလာတယ်၊ ကျွန်တော့်ကို စကားမပြောပါနဲ့၊ သူ့ကို ခင်ဗျားအစ်မဆီ ခေါ်သွားပါ၊ ကျွန်တော် မကြာခင် လာခဲ့မယ်။

သက်နိုင်

“သူတို့ထဲက တစ်ယောက် လေယာဉ်ပေါ်မှာ ပါလာတယ် ဆိုတာက ဖူးစိန်ကို ပြောတာပဲ”

လဲ့လဲ့ချို ဘာသာပြန်သည်။

“ဟုတ်တယ်”

ကျော်မျိုးနွယ်က မှန်ကန်ကြောင်း အတည်ပြုသည်။

“ကျွန်တော့်ကို စကားမပြောပါနဲ့ ဆိုတာက ကိုသက်နိုင် ဘယ်သူ့ကို သတိပေးတာလဲ၊ မခင်မျိုးကို သတိပေးတာပဲ ဖြစ်ရမယ် မဟုတ်ဘူးလား”

“ဖြစ်နိုင်ပါတယ်”

“ဒီမယ်အစ်ကို၊ ဒီလေယာဉ်ပျံပေါ်မှာကို ရေးထားတဲ့ တောက်တော့ မခင်မျိုးဟာ သူနဲ့အတူ လေယာဉ်ပျံတစ်စင်းထဲမှာ ပါလာတာ ဖြစ်ရမယ်”

“ဟုတ်တယ်”

“ဒါဖြင့်ရင် ဒီစာဟာ ကိုသက်နိုင် အစ်ကို့ဆီကို ရေးတာ မဟုတ်ဘူး၊ မခင်မျိုးကို ပေးဖို့ရေးတာပဲ။ ဒါပေမယ့် သူမခင်မျိုးကို ပေးချိန်မရဘူး။ လေယာဉ်ပျံပေါ်က ဆင်းလာတော့ သူ့လက်ထဲမှာ ဒီစာပါလာတယ်။ ဒါနဲ့ သူလဲ့လဲ့တို့ ဆိုင်ထဲ ဝင်လာပြီး ဝက်ဝံရုပ်ကိုမြင်တော့ ဝက်ဝံရုပ်ထဲ ထည့်ခဲ့တာပဲ”

“ဆိုပါဦး”

“ဝက်ဝံရုပ်ကိုမြင်တော့ သူ့အစ်ကို့ကို သတိရပါမယ်၊ ဒီစာကို အစ်ကို ရလိမ့်မယ်၊ အစ်ကို အဓိပ္ပာယ်ကောက်နိုင်လိမ့်မယ်လို့ ယူဆပြီး အစ်ကို့ဆီကို သူဖုန်းဆက်တာ ဖြစ်ရမယ်”

www.burmeseclassic.com

www.burmeseclassic.com



"လဲ့လဲ့က ဘယ်ဆိုးလို့လဲ၊ စုံထောက်ကြီး ဒေါ်စံရှားပဲ"

"အို…အစ်ကိုကလည်း အရေးထဲမှာ နောက်နေပြန်ပါပြီ။ ဒီလိုဆို လဲ့လဲ့ ဘာမှမပြောတော့ဘူး"

"မလုပ်ပါနဲ့ခင်ဗျာ၊ ဆက်ပါဦး၊ ပြောပါဦး"

"ဒီလိုဆိုရင် ကလေးဟာ မခင်မျိုးရဲ့ အစ်မဆီမှာပဲ"

"သူ့အစ်မက ဘယ်သူလဲ"

"လဲ့လဲ့တို့ ဘယ်သိမလဲ၊ ဒါပေမယ့် သိအောင်တော့ ကြိုးစားကြည့်ရမှာပဲ"

"ဟုတ်တယ်၊ ကြိုးစားရမှာပဲ"

"နေဦးအစ်ကို၊ လဲ့လဲ့တစ်ခု စဉ်းစားမိပြီ၊ သူ့စာထဲမှာ ကောင်လေးလို့ ရေးထားတယ်၊ ကောင်မလေးလို့ ရေးမထားဘူး"

"အဲဒါဆန်းတယ်"

"ဟုတ်ပြီ ဟုတ်ပြီ…လဲ့လဲ့သိပြီ၊ အစ်ကိုညီမကလေးကို လဲ့လဲ့မြင်လိုက်တယ်၊ သူက ယောကျ်ားလေးတစ်ယောက်လို ဝတ်ထားတယ်၊ ဆံပင်ကို ဘိုဆံတောက် ညှပ်ထားတယ်။ နောက်ပြီးတော့ မခင်မျိုးကိုလည်း လဲ့လဲ့တွေ့လိုက်တယ်။ ဟုတ်တယ်၊ လဲ့လဲ့တွေ့လိုက်တယ်…"

"တကယ်လား…"

"တကယ်ပေါ့၊ အဲဒီနေ့တုန်းက ကိုသက်နိုင်ဆိုင်ထဲကို ဝင်လာတယ်။ ဝက်ဝံရုပ်ထဲကို စာထည့်တယ်။ တယ်လီဖုန်းဘယ်မှာလဲလို့ မေးတယ်။ အဲဒီအချိန်မှာ မခင်မျိုးနှင့် အစ်ကိုညီမလေးဆိုင်ထဲ ဝင်လာတယ်။ ဒီတော့ ကိုသက်နိုင်က ဘာပြောတယ်မှတ်သလဲ၊ လမ်းလွှတ်အောင် ရှောင်ပေးပါ အစ်မငယ်"တဲ့၊ မခင်မျိုးကို သူကညီမလို့ မခေါ်ဘဲ အစ်မငယ်လို့ ပြောခဲ့တယ်။ အဓိပ္ပာယ်က သူ့အစ်မဆီမှာ သွားရှောင်နေဖို့ ပြောတာပဲအစ်ကို"

"ဒါဖြင့် ကလေးမကလေးဟာ မခင်မျိုးရဲ့ အစ်မဆီမှာပေါ့"

"ဟုတ်တယ်"

"မခင်မျိုးကိုတောင် ရှာလို့မတွေ့နိုင်တာ သူ့အစ်မကို ဘယ်လိုလုပ်ပြီး ရှာမလဲ"



ကျော်မျိုးနွယ်က ညည်းလိုက်သည်။

"သူ့အစ်မကို လဲ့လဲ့တွေ့လိုက်တယ်"

"မခင်မျိုးရဲ့ အစ်မကိုလား"

"ဟုတ်တယ်အစ်ကို၊ သူ့အစ်မရဲ့ ယောကျ်ားကိုလည်း လဲ့လဲ့တွေ့လိုက်တယ်…"

"ဟုတ်မှဟုတ်ရဲ့လား လဲ့လဲ့ရယ်"

ကျော်မျိုးနွယ်က သူမ၏ စကားများကို မယုံကြည်နိုင်ရှိနေသည်။

"ဟုတ်ပါတယ်အစ်ကို၊ သူတို့နှစ်ယောက်ကိုတင် မဟုတ်ဘူး၊ သူတို့ကလေးတွေပါ တွေ့လိုက်တယ်။ မခင်မျိုးနဲ့ပါတဲ့ ကောင်ကလေးကို သူတို့က ပုညလို့ ခေါ်ကြတယ်"

"ပုညဆိုတော့ ပုန်းညက်နွယ်နဲ့ အများကြီး နီးစပ်တာပဲ"

"ကလေးတွေက သူတို့အဖေကို ပြောတယ်၊ ဒေါ်လေးမျိုး ရောက်နေပြီတဲ့။ ဒီတော့ မခင်မျိုးဟာ သူတို့ဒေါ်လေးပဲပေါ့၊ ကလေးတွေရဲ့ အမေဟာ မခင်မျိုးရဲ့ အစ်မပဲဖြစ်ရမှာပေါ့"

"ဒါဖြင့် မခင်မျိုးရဲ့ အစ်မကို လဲ့လဲ့တွေ့လိုက်တယ်ဆိုရင် ရှာလို့ရနိုင်တယ်ပေါ့"

"မခင်မျိုးရဲ့အစ်မထက် မခင်မျိုးရဲ့ ခဲအိုကို ရှာလို့ပိုပြီး လွယ်နိုင်ပါတယ်"

"ဘာပြုလို့လဲ"

"သူ့ကို ကြည့်ရတာ စတီးရိုးယိုတစ်ယောက်နဲ့တူတယ်၊ သူ့လက်ထဲမှာ ဂစ်တာပါတယ်။ ခေါင်းမှာလည်း ဆံပင်အရှည်ကြီးနဲ့၊ ပြီးတော့ ဘောင်းဘီကလည်း ခေါင်းလောင်းဘောင်းဘီ"

"အခုအတိုင်းဆိုရင်တော့ ရန်ကုန်ရောက်ရင် လဲ့လဲ့ကိုပဲ ခေါင်းဆောင်ခန့်မှပဲ"

"ခေါင်းဆောင်ခန့်ရင် ခေါင်းဆောင်ရဲ့စကားကို နားထောင်ရမယ်နော်"

■

www.burmeseclassic.com

www.burmeseclassic.com



မာလာရီသည် ရန်ကုန်သို့ ပြန်ရောက်သည်နှင့် တစ်ပြိုင်နက် သူမ စတည်းချသော အိမ်မှနေ၍ တစ်နေရာသို့ ဖုန်းဆက်သည်။

"ဘာသတင်းထူးသေးသလဲ၊ မခင်မျိုးနဲ့ တွေ့ရပြီလား"

"တွေ့လို့ မရဘူး"

"နည်းလမ်း ရှာကြည့်ပါဦး"

"သူမှာ အစ်မတစ်ယောက်ရှိတယ်ဆိုတာတော့ သိရတယ်။ အရင် နေ့တွေက သူ့ကိုယ်သူ့အစ်မ လာတွေ့တယ်တဲ့"

"ဟုတ်ပြီ ..အဲဒီလိုဆိုရင် ကနေ့ညနေ ညေ့သည်ချိန်မှာ ဆေးရုံကနေ သူ့အစ်မကို စောင့်ကြည့်ပါ။ မာလာတို့လည်း ဆေးရုံကို လာခဲ့မယ်။ မခင်မျိုးနဲ့တွေ့နိုင်အောင် မာလာကြိုးစားမယ်"

■

မခင်မျိုးကို သူတို့အိပ်ဆေးတစ်လုံး ထိုးပေးသည်။ သို့သော် သူမ အိပ်မပျော်ပါ။ အခန်းကျဉ်းကလေးထဲတွင် သူမတစ်ယောက်တည်း ရှိနေသည်။ သူမထံသို့ ဘယ်သူမျှ ဝင်ခွင့်မပြုသလို သူမကိုလည်း အပြင်သို့ လုံးဝထွက်ခွင့်မပြုပါ။ အပေါ့အပါးကိုပင် အခန်းထဲမှာ သွားစေပါသည်။

ဘယ်သူနှင့်မျှ မတွေ့ရသည်ကို မခင်မျိုး သဘောကျပါသည်။ သူမ ၏ အစ်မကလည်း ကနေ့ညနေတွင် လာမည်မဟုတ်ပါ။ မနေ့ကတည်းက လာမည်မဟုတ်ကြောင်း ပြောသွားသည်။ ကောင်းသည်။ အကယ်၍ လာနေလျှင် သူမကို မေးလားစမ်းလား လုပ်နေကြပေလိမ့်မည်။

သို့သော် သူမ၏ခဲအို လာမည်ဟု ဆိုသည်။ မလာစေချင်ပါ။ ထို့ကြောင့် မခင်မျိုးသည် မည်သည့်ဧည့်သည်နှင့်မျှ မတွေ့လိုပါ။ မည်သူမျှ သူမထံ မလာစေနှင့်ဟု ဆရာဝန်ကြီး ဒေါက်တာဒေါ်မေခင်ထံ မေတ္တာရပ်ခံထားသည်။

ဤသို့ဆိုလျှင် သူမထံသို့ အစ်ကိုကြီးထွန်းမြင့်ကြည် ရောက်လာတော့မည်မဟုတ်ပေ။ မခင်မျိုး စိတ်သက်သာရာ ရရှိသွားသည့် အနေဖြင့် မျက်လုံးများ မှိတ်ထားလိုက်သည်။

## အခန်း နှစ်ဆယ့်နှစ်

ကျော်မျိုးနွယ်သည် ရန်ကုန်သို့ပြန်ရောက်သောအခါ ဘော်ထော်ခြံသို့ အရင်ဝင်မည် စိတ်ကူးသည်။ နောက်မှ စိတ်ပြောင်းကာ ပန်းဆိုးတန်းတိုက်ခန်းသို့ တန်းတန်းမတ်မတ် ပြန်ခဲ့သည်။ အခန်းသို့ ရောက်သည်နှင့်တစ်ပြိုင်နက် တယ်လီဖုန်းကို ကိုင်သည်။ ပထမ ကိုဘုန်းဇော်ထံ ဆက်သည်။ မတွေ့၊ ဒုတိယ ဖခင်ထံဆက်သည်။ သတင်းထူးသည်။

မခင်မျိုးသည် မြောက်ဥက္ကလာပဆေးရုံကြီးတွင် ရောက်ရှိနေသည်။ နှမ်းနီးယားလို ရောဂါမျိုးဖြစ်နေသည်။ သက်သာကျန်းမာနေပြီဖြစ်သည်။ ကနေ့မနက်ဖြန်ဆိုသလို ဆင်းရပေတော့မည်။ သူမ၏ လုံခြုံမှုအတွက် အစောင့်အကြပ်များ ချထားသည်။ သူမထံသို့ လူဆိုးများ မည်သည့်နည်းနှင့်မျှ မရောက်နိုင်ပါ။ သို့သော် သူမက ကလေးမကလေးအကြောင်း သူ တို့အား ထုတ်ဖော်ပြောဆိုခြင်းမပြုဘဲ ခေါင်းမာလျက်ရှိသည်။ သူမတွင် အစ်မတစ်ယောက်ရှိသည်။ သို့သော် ထိုအစ်မ၏နာမည်နှင့် လိပ်စာကိုလည်း မသိရချေ။ ထိုအစ်မရှိသည်။ သို့သော် သူတို့ ကလေးမကလေး ရှိမရှိ မည်သူမျှမပြောနိုင်ချေ။

သို့ဖြင့် ကျော်မျိုးနွယ်သည် မြောက်ဥက္ကလာပဆေးရုံကြီးသို့ချက်ချင်း သွားရောက်ရန် ဖြစ်သည်။ မခင်မျိုးကို သူကိုယ်တိုင်တွေ့ဆုံ မေးမြန်းကြည့်မည်။

www.burmeseclassic.com

www.burmeseclassic.com



လဲ့လဲ့ချို က သူမနေရစ်ခဲ့မည်ဟုဆိုသည်။ အကြောင်းနှစ်ကြောင်း ဖြစ်သည်။ တစ်ကြောင်းက သူမရေမိုးချိုးဦးမည်။ နောက်တစ်ကြောင်းက မခင်မျိုး၏ ခဲအိုအဆိုတော်ကို တယ်လီဖုန်းဖြင့် ထောက်လှမ်းရှာဖွေမည်။ ထိုအစီအစဉ်ကို ကျော်မျိုးနွယ် သဘောတူသည်။

သို့ဖြင့် ကျော်မျိုးနွယ်သည် လဲ့လဲ့ချို၏ ပါးပြင်နှစ်ဖက်ကို ညင်သာစွာ နမ်းပြီးနောက် အခန်းထဲမှ ထွက်သွားသည်။

လဲ့လဲ့ချို ကမန်းကတန်း ရေချိုးသည်။ အသင့်အတင့် ဖြီးလိမ်း ခြယ်သသည်။ ထို့နောက်တွင် သူငယ်ချင်းအမျိုးသမီးတစ်ယောက်ထံ ဖုန်းဆက်သည်။ ထိုသူငယ်ချင်းသည် သီချင်းဝါသနာထုံသည်။ ဂီတလောကနှင့် အဆက်အသွယ် ရှိသည်။ အဆိုတော်တွေကို သိကျွမ်းသည်လည်း ရှိသည်။ မြင်ဖူးကြားဖူးသည်လည်း ရှိသည်။

လဲ့လဲ့ချို မေးခွန်းတွေထုတ်သည်။ မခင်မျိုး၏အစ်မနှင့် ခဲအိုဘို့၏ ပုံပန်းသဏ္ဌာန်ကို ပြောပြကြသည်။ ကလေးတွေရှိကြောင်းပြောသည်။

"ဒါဆိုရင် မင်းပြောတာ ထွန်းမြင့်ကြည်ပဲ ဖြစ်ရမယ်"

"သေချာပါတယ်၊ ထွန်းမြင့်ကြည်ကို ကိုယ်ခဏခဏ မြင်ဖူးတယ်။ သူ့မိန်းမနဲ့ သူ့ကလေးတွေကိုလည်း တစ်ခါနှစ်ခါ မြင်ဖူးတယ်"

"သူ့လိပ်စာသိသလား"

"ဒါက လွယ်ပါတယ်ကွာ၊ တေးသံသွင်းဌာနတွေကို ဖုန်းဆက်ပြီး မေးကြည့်ပေါ့"

လဲ့လဲ့ချို ဖုန်းချလိုက်သည်။ ထို့နောက် သတင်းစာပုံကို ရှေ့တွင် ထားပြီး တေးသံသွင်းဌာန ကြော်ငြာများကို ရှာဖွေသည်။ တယ်လီဖုန်း နံပါတ်များကို ကူးယူမှတ်သားသည်။ ပြီးလျှင် တယ်လီဖုန်းစကား ပြောခွက်ကို ပြန်လည်ကောက်ယူလိုက်သည်။

■

ထွန်းမြင့်ကြည်သည် သူ့ဇနီး ပြောလိုက်သော အခန်းနှင့်ခုတင်တွင် မခင်မျိုးကို သွားရှာသည်။ ကုလားမကြီးတစ်ယောက်ကိုသာ တွေ့ရ



သည်။ ခုတင်နီးချင်းများက မခင်မျိုးကို သီးသန့်အခန်းတစ်ခုအတွင်း၌ ထားရှိကြောင်း ပြောသည်။ ထွန်းမြင့်ကြည် မခင်မျိုးနှင့်တွေ့ရန် ဆရာမ များထံ ချဉ်းကပ်သည်။ ဆရာဝန်များထံ ချဉ်းကပ်သည်။ သို့သော် လူနာ၏ လုံခြုံမှုအတွက် ယနေ့ မည်သည့်ဧည့်သည်နှင့်မျှ တွေ့ခွင့်မပေးဟု ဆိုသည်။

နောက်ဆုံးတွင် ထွန်းမြင့်ကြည် လက်လျှော့ပြီး ပြန်ခဲ့သည်။ စင်္ကြံ တစ်နေရာတွင် လူတစ်ယောက်နှင့်တွေ့သည်။ ထိုသူက သူ့ရှေ့တွင် ရပ် လျက်။

"နောင်ကြီးက မခင်မျိုးကို လာတွေ့တာလား"

"ဟုတ်ပါတယ်၊ ဒါပေမယ့် ကနေ့ဘယ်သူ့မှတွေ့ခွင့်မပေးဘူး"

ထွန်းမြင့်ကြည် ဆက်လျှောက်သွားသည်။ မေးခွန်းထုတ်သူက လက် ရိပ်ပြလိုက်ရာ ထောင့်ချိုးတစ်နေရာမှ လူတစ်ယောက်ထွက်လာ သည်။ သူတို့နှစ်ယောက် ထွန်းမြင့်ကြည်နောက်သို့ မလှမ်းမကမ်းမှ လိုက်ပါသွားကြသည်။

ထွန်းမြင့်ကြည်သည် သူ့နောက်မှ လူနှစ်ယောက် လိုက်ပါလာသည် ကို မသိဘဲ အေးဆေးစွာ လျှောက်သွားနေသည်။ အပြင်ဆင်ဝင်ဘက် အောက်သို့ ရောက်သောအခါ စီးကရက်တစ်လိပ် မီးညှိသောက်ပြီး သူ့ ကား ရပ်ထားသော နေရာသို့ ခပ်ဖြည်းဖြည်းလျှောက်သွားသည်။

သူ့နောက်မှ လိုက်ပါလာသူနှစ်ဦးကား ဖူးစိန်နှင့် အောင်သိန်း ထွန်းပင် ဖြစ်သည်။

ထွန်းမြင့်ကြည် ကားပေါ်သို့ တက်မည်လုပ်စဉ် သူ့နောက်ဘက်မှ ခြေသံကြားသဖြင့် လှမ်းကြည့်လိုက်သည်။ ဆေးရုံပေါ်တွင် တွေ့ခဲ့သူနှင့် အခြားလူစိမ်းတစ်ဦးဖြစ်သည်။

"မိတ်ဆွေနဲ့ စကားပြောစရာရှိလို့ ဟိုနားခဏလိုက်ခဲ့ပါ"

သဏ္ဌာလပ်ဦးထုပ်ဆောင်းထားသူက ပြောသည်။ ထွန်းမြင့်ကြည် အင်တင်တင် ရှိနေသောအခါ ဆေးရုံပေါ်တွင် သူ့ကို စကားပြောခဲ့သူက ခြောက်လုံးပူးအနက်ကို မြင်သာအောင် ပြသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့ဖြင့် တစ်ပိုင်းတန်းလန်း ဆောက်လုပ်ဆဲဖြစ်သော အဆောက်အဦတစ်ခုအတွင်းသို့ ထွန်းမြင့်ကြည်လိုက်ပါသွားရသည်။

"မိတ်ဆွေနဲ့ မခင်မျိုးနဲ့ ဘာတော်သလဲ"

ဖူးစိန်က မေးသည်။

"ခင်ဗျားတို့ ဘယ်သူတွေလဲ၊ ဘာလုပ်မလို့လဲ"

ထွန်းမြင့်ကြည်က ပြန်မေးသည်။

"ကျုပ်တို့ မေးတာကို ပြောပါ။ မခင်မျိုးနဲ့ ဘာတော်သလဲ"

"ကျုပ်မိန်းမရဲ့ ညီမပါ"

"ကလေးမကလေး ဘယ်မှာလဲ"

"မခင်မျိုးနဲ့ ပါလာတဲ့ ကလေးမကလေး"

"ကျုပ်မသိဘူး"

ဖူးစိန်က ဘယ်လက်ဖြင့် လက်ပြန်ရိုက်လိုက်သည်။ ထွန်းမြင့်ကြည်က လျင်မြန်စွာ တိမ်းရှောင်ပြီး ဖူးစိန်၏ သေနတ်ကိုင်ထားသော လက်ကို ခြေဖြင့် ခတ်လိုက်သည်။ ထို့နောက် လက်သီးများတစ်လုံးပြီးတစ်လုံး ပစ်သွင်းသည်။ နောက်ဘက်မှ ရောက်လာသော အောင်သိန်းထွန်းကို ပြန်လည် ထိုးနိုင်သည်။

သို့သော် နှစ်ယောက်နှင့်တစ်ယောက် ဖြစ်ချေသည်။ ဖူးစိန်က သေနတ်ကို ကောက်ယူပြီး ထွန်းမြင့်ကြည့်၏ နောက်စေ့ကို သေနတ်ဒင်ဖြင့် ရိုက်ချလိုက်သည်။ ထွန်းမြင့်ကြည် ပုံလျက်ကျသွားသည်။

ထွန်းမြင့်ကြည်၏ အိတ်များကို သူတို့ရှာဖွေကြသည်။ သူ့နာမည်နှင့် လိပ်စာကို ကားလိုင်စင်တွင် တွေ့ရှိကြရသည်။

■

"ကျေးဇူးတင်ပါတယ်ရှင်"

လဲ့လဲ့ချို တယ်လီဖုန်းချလိုက်သည်။ နောက်ဆုံးတွင် ထွန်းမြင့်ကြည်၏ လိပ်စာကို မေးသည်။ ဌာနတစ်ခုမှ ရရှိသည်။



လဲ့လဲ့ချို ဘာလုပ်ရမည်နည်း။ စဉ်းစားသည်။ ဘောက်ထော်ခြံသို့ ဖုန်းဆက်ပြီး ပြောရမည်လား။ မဖြစ်နိုင်ပါ။ ပေါက်ကြားသွားမည်။ မြောက်ဥက္ကလာပဆေးရုံသို့ ဆက်ပြီး ကျော်မျိုးနွယ်နှင့်ပြောရမည်လား၊ အဆင်သင့်တွေ့ချင်မှတွေ့မည်။ နောက်ပြီး ဖုန်းပြောရသည်လည်း မကောင်းပါ။ အနီးအနားတွင် သူတို့လူများရှိနေလျှင် ရိပ်မိသွားနိုင်သည်။

ယင်းသို့ဆိုလျှင် မြောက်ဥက္ကလာပဆေးရုံသို့ သူကိုယ်တိုင်သွားပြီး ကျော်မျိုးနွယ်ကို ခေါ်ရလျှင် ကောင်းမည်လား၊ မကောင်းပါ။ ဆေးရုံတွင် သူတို့ ရှိနေကြမည်မှာ အမှန်ဖြစ်သည်။ မိမိရောက်ရှိလာပြီး ကျော်မျိုးနွယ်နှင့်အတူ ထွက်သွားလျှင် သူတို့နောက်ယောင်ခံပြီး လိုက်လာကြမည် မလွဲပေ။

အကောင်းဆုံးက ထွန်းမြင့်ကြည်အိမ်သို့ မိမိတစ်ယောက်တည်းသာ သွားခြင်းပင်။ လောလောဆယ်တွင် မိမိကို မည်သူမျှစောင့်ကြည့်နေမည်မဟုတ်၊ မိမိနောက်သို့ မည်သူမျှ ပါလာမည်မဟုတ်။

လဲ့လဲ့ချို အောက်သို့ ဆင်းခဲ့သည်။ ဘာပဲဖြစ်ဖြစ် သတိတော့ ထားရသည်။ လဲ့လဲ့ချို အရိပ်အခြည် ကြည့်သည်။ ဖူးစိန်ကိုလည်း မတွေ့ရ၊ အောင်သိန်းထွန်းကိုလည်း မတွေ့ရ။ မာလာရီလည်း မရှိချေ။

ဗိုလ်ချုပ်အောင်ဆန်းလမ်းထိပ်သို့ရောက်အောင် လျှောက်သွားသည်။ သူမ၏ နောက်မှ မည်သူမှ ပါမလာမှန်း သေချာသောအခါတွင်မှ အငှားကားတစ်စီးကို လက်ပြလိုက်သည်။

■

မခင်မျိုးသည် မိမိခုတင်ခေါင်းရင်းဘေးရှိ ခုံကလေးတွင် ထိုင်နေသော ကျော်မျိုးနွယ်ဆိုသူကို ငေးစိုက်ပြီး ကြည့်နေသည်။ သူ့ ခေါင်းတွင် ဆံပင်များ ဖွာနေသည်။ သူ့မျက်နှာနှင့် လက်များတွင် အပွန်းအပဲ့များ ရှိသည်။ သူ့အင်္ကျီလုံချည်များ ညစ်ပေပြီး အညိအပြဲများ ရှိသည်။

ကျော်မျိုးနွယ်က သူ့ကိုယ်သူ ငုံ့ကြည့်လျက်...

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် အခုပဲ သထုံက ပြန်လာပါတယ်။ ညီမကလေးကို တွေ့နိုင်မယ့် သဲလွန်စ သွားရှာတာပါပဲ။ သက်နိုင် ကျွန်တော့်သူငယ်ချင်း သက်နိုင် မင်္ဂလာဒုံလေဆိပ် လက်ဆောင်မွန်ဆိုင်ထဲဝင်ပြီး ဝက်ဝံရုပ်တစ်ရုပ်ထဲမှာ စာလေးထည့်သွားပါတယ်။ အဲဒီစာကို တွေ့ရအောင်ဆိုပြီး ကျွန်တော်တို့ တောင်ကြီးကိုလည်း ရောက်ခဲ့ပါပြီ၊ လားရှိုးကိုလည်း ရောက်ခဲ့ပါပြီ၊ အခု နောက်ဆုံး သထုံကို ရောက်ခဲ့ရတယ်။ သက်နိုင်ရဲ့စာက မခင်မျိုးကို ပေးဖို့ ရေးထားတာပဲ။ မခင်မျိုး ဖတ်ကြည့်ပါ"

ကျော်မျိုးနွယ်က ဝက်ဝံပြာထဲမှ ရခဲ့သော စာခေါက်ကလေးကို မခင်မျိုးအား ပေးသည်။ အမျိုးသမီးဖတ်သည်။ သို့သော် မည်သည့် ထင်မြင်ချက်မျှ မပေးချေ။

"သူက ကလေးမကလေးကို မခင်မျိုးအစ်မအိမ်မှာ ရှိနေတယ် မဟုတ်လား၊ မခင်မျိုးအစ်မ ဘယ်မှာနေတယ်ဆိုတာ ကျွန်တော့်ကို ပြောစမ်းပါ"

မခင်မျိုး ခေါင်းခါသည်။

"ကျွန်တော့်ညီမကလေးကို ခင်ဗျား ယောက်ျားလေးတစ်ယောက်လို ဝတ်ပေးထားတယ်မဟုတ်လား၊ သက်နိုင်က သူမကြာခင် လာခဲ့မယ်လို့ အထဲမှာ ရေးထားတယ်။ သူအခု မလာနိုင်တော့ဘူး၊ သူ မရှိတော့ဘူး၊ သူ့အစား ကျွန်တော်လာတာပဲ။ သူနဲ့ကျွန်တော်နဲ့က ငယ်သူငယ်ချင်းပဲ။ သူဟာ ကျွန်တော့်အဖေအတွက် ညီမလေးကို ရှာဖွေပေးနေတဲ့လူပဲ။ မခင်မျိုးရဲ့အစ်မ ဘယ်မှာနေတယ်ဆိုတာ ကျွန်တော့်ကို ပြောစမ်းပါ"

မခင်မျိုး၏ နှုတ်ခမ်းများ တဆတ်ဆတ်တုန်နေသည်။ သို့သော် ဘာမျှ မပြောချေ။ ယင်းအခိုက် အခန်းတွင်းသို့ ဒေါက်တာဒေါ်မေခင်နှင့် ဒေါက်တာ ချစ်ထွန်းနွယ် ဝင်လာသည်။ ဒေါက်တာဒေါ်မေခင်က လူနာ၏ အရိပ်အကဲ ကို ကြည့်ပြီး.

"ကျွန်မ တစ်ခုပြောပါရစေရှင်။ ရှင်တို့ အခုလို သူမပြောချင်တဲ့ဟာကို ထပ်တလဲလဲ မေးနေကြမယ်ဆိုရင် သူစိတ်ထိခိုက်သွားမှာ စိုးရပါတယ်။ သူ့မှာ စိတ်ရောဂါတစ်ခုခု စွဲကပ်သွားရင် ရှင်တို့ ပယောဂ မကင်းဘဲ ဖြစ်နေပါလိမ့်မယ်"

သို့ဖြင့် ကျော်မျိုးနွယ်တို့ ညီအစ်ကိုသည် မခင်မျိုး၏ အခန်းထဲမှ စိတ်ပျက်လက်ပျက် ထွက်လာခဲ့ကြရသည်။

"ပြဿနာက လွယ်မလိုနဲ့ ပိုပြီး ခက်နေတယ်။ အမေမှာတဲ့ ဆန်တစ်ခွဲ ရှစ်ပြည်နဲ့ မလဲဘူးဆိုတာ ဒီအမျိုးသမီးမှအစစ်ပဲ။ သူကလည်း စေတနာတော့ စေတနာပဲ။ ဟုတ်ပြီ၊ ခုအတိုင်းဆိုရင်တော့ ကိုဘုန်းဇော်ကို အကူအညီတောင်းမှပဲ၊ ရဲအဖွဲ့ကတော့ တာဝန်အရ တရားဝင် မေးမြန်းနိုင်တယ်"

ကျော်မျိုးနွယ်က သူ့အစ်ကို၏ အခန်းသို့ ရောက်သောအခါ ... သား ထိုင်တွင် ထိုင်ရင်းပြောသည်။

"ဟုတ်တယ်၊ ဒါပဲရှိတော့တာပဲ"

ဒေါက်တာချစ်ထွန်းနွယ်က သဘောတူသည်။

အခန်းတွင်းသို့ ဆရာမတစ်ယောက် ဝင်လာသည်။

"ဒေါက်တာ၊ အရေးပေါ်လူနာတစ်ယောက် ရောက်နေပါတယ်"

ဆရာမနောက်သို့ ဒေါက်တာချစ်ထွန်းနွယ် ချက်ချင်းထလိုက်သွားသည်။

လုံခြုံရေးမှူး ကိုဘုန်းဇော်ထံ ကျော်မျိုးနွယ် ဖုန်းဆက်သည်။ ကိုဘုန်းဇော်မရှိပါ။ အပြင်သွားနေသည်။ ပန်းဆိုးတန်း တိုက်ခန်းသို့ ဖုန်းဆက်သည်။ ဖုန်းမကောက်ပါ။ လဲ့လဲ့ချို အိပ်နေပြီလား၊ သို့မဟုတ် သူမကို ရန်သူများ ဖမ်းသွားကြပြန်ပြီလား၊ ကျော်မျိုးနွယ် ဘာလုပ်ရမည် မသိရှိနေစဉ် စောစောက သူနာပြုဆရာမလေး ရောက်လာပြန်သည်။

"ဒေါက်တာက အမြန်လိုက်ခဲ့ပါတဲ့"

ကျော်မျိုးနွယ် လိုက်သွားသည်။ အခန်းတစ်ခုထဲတွင် သူ့အစ်ကိုနှင့် တခြားဆရာဝန်များ ဆရာမများ ရှိနေကြသည်၊ ခုတင်ပေါ်တွင် လူနာတက်



www.burmeseclassic.com

www.burmeseclassic.com



ယောက် ရှိနေသည်ကိုလည်း မြင်ရသည်။

"ဆောက်လျက်တန်းလန်း အဆောက်အဦထဲမှာ လူတစ်ယောက် ဒဏ်ရာတွေနဲ့ သတိလစ်ပြီး လဲနေတယ်။ ခေါင်းမှာ အရိုက်ခံရတာပဲ။ မျက်နှာနဲ့ ကိုယ်မှာလည်း အထိုးအကြိတ်ခံထားရတယ်။ ကိုယ့်ကို လာခေါ်တာကတော့ ဒီလူဟာ စောစောက မခင်မျိုးအခန်းကို တွေ့ရအောင် လာလို့ ပဲ"

ဒေါက်တာချစ်ထွန်းနွယ်က ပြောသည်။

"ကျွန်တော်သူ့ကို ကြည့်ချင်တယ်"

ခုတင်ပေါ်တွင် သတိလစ်လျက်ရှိသော လူနာသည် ဆံပင် ရှည်ကြီးနှင့် ဖြစ်သည်။ ပန်းပွင့်အင်္ကျီနှင့် ခေါင်းလောင်းဘောင်းဘီ ဝတ်ထားသည်။

"ဟုတ်တယ် သူပဲ၊ သူ့ကို လှဲလှဲမြင်လိုက်တယ်တဲ့၊ မခင်မျိုးရဲ့ ခဲအိုပဲ"

"သူ့နာမည်က ထွန်းမြင့်ကြည်တဲ့၊ သူ့လက်ပတ်နာရီကြိုးမှာ နာမည် ထိုးထားတယ်။ သူ့အိတ်ထဲမှာတော့ ဘာမှမတွေ့ရဘူး။

"သူတို့ သွားရောပေါ့။ သူ့လိပ်စာကို သူတို့ ရသွားရောပေါ့။ လာလာ မခင်မျိုးဆီ သွားကြမယ်"

ကျော်မျိုးနွယ်ရှေ့မှ ခပ်သုတ်သုတ်ထွက်သွားသဖြင့် ဒေါက်တာချစ်ထွန်းနွယ်နှင့် နောက်မှ လိုက်ပါသွားရသည်။ မခင်မျိုး၏ အခန်းသို့ ရောက်သောအခါ။

"ဒီမှာ မခင်မျိုး၊ ကိုထွန်းမြင့်ကြည်ဆိုတဲ့လူကို သိသလား".

"ရှင်..."

"သူအရိုက်ခံရတယ်၊ သတိလစ်နေတယ်၊ သူ့ကိုယ်မှာ ဘာမှမရှိတော့ ဘူး၊ သူ့လိပ်စာကို လူဆိုးတွေ ရသွားပြီ"

"ဘုရား...ဘုရား..."

အမျိုးသမီး ထိတ်လန့်တုန်လှုပ်စွာ ရွတ်ဆိုသည်။

"ဘုရားဘုရားလုပ်မနေနဲ့၊ လူဆိုးတွေ အခုလောက်ဆိုရင် ခင်ဗျား



အိမ်ကို သွားရှာကြပြီ၊ တော်တော်လေးကြာရင် ကလေးမကလေးကို သူတို့ခေါ် သွားတော့မယ်။ ကျွန်တော်တို့ အမြန်လိုက်မှ ဖြစ်မယ်။ ခင်ဗျားဘယ်မှာနေသလဲ"

ယခုတစ်ကြိမ်တွင်မူ မခင်မျိုးသည် တုံ့ဆိုင်းမနေတော့ဘဲ အင်းစိန် လိပ်စာကို ပေးသည်။ ကျော်မျိုးနွယ် အခန်းထဲမှ ထွက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း နှစ်ဆယ့်သုံး

တိတ်ဆိတ်ငြိမ်သက်သော အရပ်ဖြစ်သည်။ လှဲ့လှဲ့ချိုသည် အိမ်ကြီးကို ကားပေါ်မှ လှမ်းကြည့်သည်။ ကားသမားကို ခေတ္တစောင့်ရန် မေတ္တာရပ်ခံသည်။ ကားသမားခေါင်းညိတ်သည်။ အစိုးရလေးဘီးကားဖြစ်သဖြင့် စိတ်ချရသည်။ ကားမောင်းသူကိုလည်း သူမတစ်လမ်းလုံး လေ့လာအကဲခတ်ခဲ့ပြီးဖြစ်သည်။ စိတ်သဘောထား ဖြောင့်မတ်ကောင်းမွန်ပုံရသည်။

အိမ်ရှေ့တံခါးပိတ်ထားသည်။ လှဲ့လှဲ့ချို တံခါးခွက်ကို ဖြည်းညင်းစွာ ခေါက်သည်။ ကလေးတစ်ယောက်ဖွင့်ပေးသည်။

အိမ်ရှေ့ခန်းတွင် မခင်မျိုး၏ အစ်မနှင့် ကလေးများအားလုံး ရှိနေကြသည်။ ကြွယ်ကြွယ် အင်္ကျီကြယ်သီး တပ်နေပြီး ကလေးတွေ စာဖတ်သူဖတ် ကျားထိုးသူထိုး ရှိနေကြသည်။

"ဘာကိစ္စရှိလို့ပါလဲရှင်"

"အစ်မကြီးရဲ့ညီမ မခင်မျိုး မြောက်ဥက္ကလာပဆေးရုံမှာတက်နေတယ်မဟုတ်လား"

"ထိုင်ပါဦးရှင်"

ကြွယ်ကြွယ်က မယုတ်မလွန်ပြောသည်။ လှဲ့လှဲ့ချို ထိုင်သည်။

"ကျွန်မနာမည် လှဲ့လှဲ့ချိုပါ၊ ဦးတင်နွယ် မိသားစုကပါ။ ညီမလေး



ပုန်းညက်နွယ်ကို ခေါ်ရအောင် လာပါတယ်၊ အခုအချိန်ဟာ ကလေးမကလေးရဲ့ သေရေးရှင်ရေးဖြစ်နေတယ်ဆိုတာ အစ်မကြီးသိပါလိမ့်မယ်"

လှဲ့လှဲ့ချိုက ယောက်ျားကလေးတစ်ယောက်ကဲ့သို့ ဆံပင်ညှပ်ထားသော ပုန်းညက်နွယ်ကို ရှာဖွေကြည့်ရှုရင်း ပြောလိုက်သည်။ ကလေးတွေက တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လျက် ရှိသည်။

"ဝမ်းနည်းပါတယ်ရှင်၊ ကျွန်မရဲ့ ကလေးတွေထဲက ဘယ်သူ့ကိုမှ ဘယ်သူနဲ့မှ မထည့်လိုက်နိုင်ပါဘူး"

ကြွယ်ကြွယ်က ယဉ်ကျေးစွာဖြင့် လှဲ့လှဲ့ချို၏ အဆိုကို ငြင်းပယ်သည်။

"အစ်မကြီးကို ကျွန်မတစ်ခု မေတ္တာရပ်ခံပါရစေရှင်၊ ကျွန်မမှာ ကားပါပါတယ်။ အပြင်မှာ စောင့်နေပါတယ်။ ပုန်းညက်နွယ်တစ်ယောက်တည်းကို မထည့်လိုက်ချင်ရင် အစ်မကြီးနဲ့ ကလေးတွေအားလုံးလိုက်ခဲ့ကြပါ။ လူဆိုးတွေရဲ့ဘေးအန္တရာယ်က အင်မတန်နီးကပ်နေလို့ပါ။ အစ်မကြီးအနေနဲ့ ကျွန်မကို မယုံကြည်ဘူးဆိုရင် လောလောဆယ်လည်း လုံခြုံစိတ်ချရအောင် အနီးဆုံးရဲစခန်းတစ်ခုကို သွားကြရအောင်ပါရှင်"

လှဲ့လှဲ့ချို၏စကားကို ကြွယ်ကြွယ် လက်ခံစဉ်းစားဟန် ရှိသည်။ တစ်စုံတစ်ခုကို ချိန်ဆနေဟန်ရှိသည်။

ယင်းအခိုက်မှာပင် တံခါးခေါက်သံ ပေါ်ထွက်လာသည်။ လှဲ့လှဲ့ချို ထိတ်လန့်သွားသည်။ ထို့ကြောင့် "တံခါးအရမ်းမဖွင့်ပါနဲ့"

သို့သော် နောက်ကျချေပြီ။ ကလေးတစ်ယောက်က တံခါးကို ဖွင့်လိုက်ချေပြီ၊ ဧည့်ခန်းအတွင်းသို့ မာလာရီ ရင်ကော့ပြီး ဝင်လာသည်။

"ဒေါ်လှဲ့လှဲ့ချိုတစ်ယောက်တည်းလား၊ အစ်ကိုကျော်မျိုးနွယ် မပါဘူးလား"

မာလာရီပြောပုံက မခံချင်စရာဖြစ်သည်။ လှဲ့လှဲ့ချို ဘာမှပြန်မပြောဘဲ အံကြိတ်ထားသည်။ မာလာရီ၏ နောက်တွင် လူနှစ်ယောက်သည် လှဲ့လှဲ့ချို မမြင်ဖူးသော လူစိမ်းများဖြစ်သည်။ ခဏအကြာတွင် အိမ်အတွင်းဘက် တံခါးပေါက်တွင် လူတစ်ယောက်ပေါ်လာပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



မာလာရီတို့လူစုသည် အိမ်ကိုဝိုင်းထားကြပြီမှာ သေချာသည်။

ထို့နောက် အိမ်ရှေ့တံခါးပေါက်မှာ လူတစ်ယောက်ဝင်လာပြန်သည်။ အောင်သိန်းထွန်းသည် လေးဘီးကားသမားကို ပြန်လွှတ်လိုက်သည်။

"ကောင်းတယ်"

မာလာရီက အောင်သိန်းထွန်းကို ပြန်ပြောပြီးနောက် ကြွယ်ကြွယ်ဘက်လှည့်လျက်

"ဦးတင်နွယ်ရဲ့ သမီးကလေး ပုန်းညက်နွယ်ဆိုတာ ဘယ်သူလဲ..."

ကြွယ်ကြွယ်မဖြေပါ။ မာလာရီက ကလေးတွေဘက် လှည့်လျက်...

"အားလုံး ရှယ်တူတွေပါလား၊ မိန်းကလေး ဘယ်နှယောက်ယောက်ျားလေးဘယ်နှယောက်လဲ၊ ကဲ မင်းတို့ထဲက ဘယ်သူ ပုန်းညက်နွယ်ဆိုတာ အန်တီကို ပြောစမ်း"

ကလေးတွေ တုတ်တုတ်မျှ မလှုပ်ပါ။

"မာလာရေ...ကိုယ်တို့မှာ အချိန်မရှိဘူးနော်၊ အနုနည်းနဲ့ မရရင် အကြမ်းနည်းပဲ ရှိတယ်"

"အစ်ကိုထွန်း ဆွေးနွေးကြည့်ပါဦး"

အောင်သိန်းထွန်းက ကြွယ်ကြွယ်၏ ရှေ့သို့တိုးသွားပြီး...

"ဘယ်မလဲ ပုန်းညက်နွယ်"

ကြွယ်ကြွယ်က ကြောက်ရွံ့မှုကင်းသော မျက်လုံးများဖြင့် ပြန်ကြည့်နေသည်။ အောင်သိန်းထွန်းက ကြွယ်ကြွယ်၏ပါးကို ဖျန်းခနဲ ရိုက်လိုက်သည်။ ကလေးတွေ လှုပ်လှုပ်ရွရွ ဆူဆူညံညံဖြစ်သွားသည်။

"တိတ်ကြစမ်း"

အောင်သိန်းထွန်းက ကလေးတွေဘက် လှည့်ပြီး ကြိမ်းလိုက်သည်။ မာလာရီက နိုင်ငံခြားစီးကရက်တစ်လိပ်ကို ဟန်ပါပါ မီးညှိပြီးသောက်နေသည်။

"ကျုပ်မေးနေတာ မကြားဘူးလား"

အောင်သိန်းထွန်းသည် ကြွယ်ကြွယ်ဘက်သို့ လှည့်ပြီး ခြိမ်းခြောက်



ပြန်သည်။ အမျိုးသမီးက ကြောက်ရွံ့ဟန် မပြပါ။ သကောင့်သားက နောက် တစ်ချက် ရိုက်လိုက်ပြန်သည်။ တစ်ခန်းလုံး ဆူညံသွားပြန်သည်။ ကလေးများ ကြွယ်ကြွယ်အနီးသို့ ဝိုင်းလာသည်။ အပေါက်ဝတွင် ရပ်နေသူများ ရှေ့တိုးလာသည်။ သူတို့လက်ထဲတွင် သေနတ်များနှင့် ဖြစ်သည်။ လဲ့လဲ့ချို နေရာမှာပင် ငြိမ်သက်လျက်ရှိသည်။ အကြံထုတ် လျက်ရှိသည်။

"ကဲ...အစ်ကိုထွန်းရေ၊ အချိန်ကုန်ခံပြီး မေးမနေနဲ့တော့၊ ဒီကလေးခြောက်ယောက်ထဲမှာ တစ်ယောက်ဟာ မာလာတို့ လိုချင်တဲ့ လူဖြစ်မှာပဲ၊ အမိပွားယ်က ဦးတင်နွယ်ရဲ့ သမီးဟာ မာလာတို့လက်ထဲမှာ ရှိနေပြီဆိုတာပဲ။ ဒီတော့ မာလာအခု ဦးတင်နွယ်ဆီကို ဖုန်းဆက်မယ်၊ သူတို့အားလုံး ငြိမ်ငြိမ်တိတ်တိတ်ကလေး ဖြစ်အောင်သာ အစ်ကိုထွန်း ကြည့်ထားပါ"

ယင်းသို့ပြောပြီး မာလာရီသည် တယ်လီဖုန်းဆီသို့ သွားသည်။

"ဦးတင်နွယ်အိမ်ကပါ"

"ကျွန်မ ဦးတင်နွယ်နဲ့ စကားပြောချင်ပါတယ်။ သူ့သမီးကိစ္စလို့ ပြောပါ"

"ဦးတင်နွယ် စကားပြောနေပါတယ်"

"ကျွန်မ တိုတိုပဲ ပြောပါရစေဦးတင်နွယ်၊ ဦးရဲ့သမီးကလေးဟာ အခု ကျွန်မတို့လက်ထဲမှာ ရောက်နေပါပြီ၊ ဒီတော့ ဦးသား တရားသူကြီးကို ပြောပေးပါ၊ သန်ဘက်ခါကျရင် ဗိုတိမ်မိုးကို လွှတ်ပေးပါ။ ကျွန်မတို့ကလည်း ဦးသမီးကလေးကို အိမ်တိုင်ရာရောက် ပြန်ပို့ပေးပါ့မယ်"

"ကျုပ်သမီး မင်းတို့လက်ထဲမှာ ရှိတယ်ဆိုတာ ဘယ်လိုလုပ်ပြီး ယုံရမလဲ"

"ကျွန်မအနားမှာ ထောက်ခံမယ့်လူ ရှိပါတယ်။ လဲ့လဲ့ချိုကို ဦးတင်နွယ် သိတယ်မဟုတ်လား၊ သူနဲ့ပြောပါ" မာလာရီက တယ်လီဖုန်းခွက်ကို ကိုင်လျက် "ဒေါ်လဲ့လဲ့ချိုရှင့်၊ တစ်ဆိတ်ကျေးဇူးပြုပြီး ဦးတင်နွယ်ကို သူ့ သမီးလေး ကျွန်မတို့လက်ထဲ ရှိနေကြောင်း ထောက်ခံပေးပါ"

လဲ့လဲ့ချိုက စကားပြောခွက်ကို လှမ်းယူပြီး

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ လဲ့လဲ့ချိုပါ"

"မိန်းကလေး အခုဘယ်မှာလဲ"

မာလာရီက ဖုန်းနားသို့ ကပ်ပြီး နားထောင်နေရာမှ...

"ဘယ်မှာဆိုတာ မပြောရဘူး၊ ဘာတစ်ခွန်းမှ အပိုမပြောရဘူး"

"သူတို့လက်ထဲမှာ ဦးသမီးလေးရှိနေတာ အမှန်ပါပဲ၊ ဒါပေမယ့် အစ်ကို..."

မာလာရီက ဖုန်းကို ဆွဲယူလိုက်ပြီး...

"ကဲ ဦးတင်နွယ် ယုံပြီလား၊ ဦးသားကိုသာ အကြောင်းကြားလိုက်ပါတော့"

"သူ အခု ကျုပ်နားမှာ ရှိနေတယ်၊ သူနဲ့ပြောပါ"

"အခု ပြောနေတာ တင်မောင်နွယ်ပါ"

"ဪ...တရားသူကြီးမင်းလား၊ တရားသူကြီးမင်းရဲ့ နှမကလေးဟာ ကျွန်မတို့လက်ထဲမှာ ရှိနေပါတယ်။ ဒီကလေးတစ်ခုခု ဖြစ်သွားတာနဲ့ တစ်ပြိုင်နက် တရားသူကြီးမင်းရဲ့ ဖခင်ဟာလည်း နှလုံးရောဂါနဲ့ သေသွားနိုင်ပါတယ်။ ဒီတော့ တရားသူကြီးမင်း စဉ်းစားဖို့က တစ်သက်နဲ့ နှစ်သက် လဲဖို့ပါပဲ၊ တရားသူကြီးမင်းတို့က မြတ်ပါတယ်၊ တစ်သက်အပိုရပါတယ်"

"ဒီမယ်အမိ၊ ကျုပ်ပြောတာကို သေသေချာချာနားထောင်ပါ။ ကျုပ်ဟာ ကျုပ်မမြင်ဖူးသေးတဲ့ ကျုပ်နှမကလေးကို လူသားတစ်ယောက်အနေနဲ့ ခင်မင်တွယ်တာပါတယ်။ နောက်ပြီး ကျုပ်အဖေကိုလည်း ချစ်ပါတယ်။ ဒါပေမယ့် ကျုပ်တို့ဟာ တရားဥပဒေနဲ့နေတဲ့လူတွေပါ။ အမိရဲ့ အဖေကို သန်ဘက်ခါမှာ တရားရုံးက ပြစ်ဒဏ်စီရင်ပါလိမ့်မယ်။ ကျုပ်က စီရင်တာ မဟုတ်ဘူး။ တရားဥပဒေက စီရင်တာပါ။ သူကျူးလွန်ထားတဲ့ အပြစ်တွေအတွက် ထိုက်သင့်တဲ့ အပြစ်ဒဏ်ကို သူခံစားရမှာ မလွဲပါဘူး။ အမိတို့သာ နောက်ထပ်ပြစ်မှုတွေ ကျူးလွန်ရင် အဲဒီပြစ်မှုတွေအတွက် နောက်ထပ် ပြစ်ဒဏ်ခံစားရမယ်လို့သာ တစ်ထစ်ချမှတ်ထားပါ"

မာလာရီက တယ်လီဖုန်းကို ဆောင့်ပြီးချလိုက်သည်။ သူမ၏ မျက်နှာ နီရဲလျက်ရှိသည်။



"ကဲ...အစ်ကိုထွန်းရေ၊ သူတို့အားလုံးကို မာလာတို့ စီစဉ်ထားတဲ့ နေရာကို ခေါ်သွားဖို့သာ လုပ်ပေတော့၊ ဟိုကျမှ ကြည့်ပြီး စီစဉ်ကြတာပေါ့။ မာလာတို့အကြောင်း သူတို့သိရမှာပေါ့"

www.burmeseclassic.com

www.burmeseclassic.com

## အခန်း၊ နှစ်ဆယ့်လေး

ရှေ့တွင် မြေနီလမ်းကလေးတွေ့သည်။ လမ်းထဲသို့ ဝင်ရမည်။ တစ်ဖက်ထိပ်သို့ ရောက်လျှင် လက်ဝဲဘက်သို့ ကွေ့ရမည်။ စတီရီယိုအဆိုတော် ထွန်းမြင့်ကြည်၏ အိမ်ပင်ဖြစ်သည်။ ဆိုက်ကားသမားက သူ့အား လမ်းအတိကျ ညွှန်ပြလိုက်သည်။

ကျော်မျိုးနွယ်သည် မြေနီလမ်းကလေးကို ကြည့်ရှုရှာဖွေရင်း ကားကို သတိဖြင့် မောင်းလာသည်။ ဟော ရှေ့မှာ မြေနီလမ်းကလေး။

မှိုင်းပျပျမှုန်ရီသော ညနေဖြစ်သည်။

ကျော်မျိုးနွယ်သည် ကားကို မြေနီလမ်းအတွင်းသို့ ချိုးကွေ့လိုက်သည်။ ဘရိတ်ကို လျင်မြန်စွာ နင်းလိုက်ရသည်။ တအားကုန်နင်းလိုက်ရသည်။ ရှေ့တွင် ကားတစ်စီးပိတ်ဆို့နေသောကြောင့် ဖြစ်သည်။

အော်စတင်ဗင်ကားတစ်စီးဖြစ်သည်။ စက်ပျက်နေသည့်ဟန်ဖြင့် ကား စက်ဖုံးဖွင့်ထားသည်။ ကားထိပ်တွင် လူတစ်ယောက်နှစ်ယောက် ရှိသည်။

ကျော်မျိုးနွယ်၏ကား ရပ်သွားသည့်နှင့်တစ်ပြိုင်နက်ပင် ကား စက်ပြင် ဟန်ဆောင်နေသူနှစ်ဦး သူ့အနီးသို့ ရောက်လာသည်။ ဘေး



နှစ်ဖက် ခြံဝင်းများအတွင်းကလည်း လူများထွက်လာသည်။ သူတို့ လက်ထဲတွင် သေနတ်များ ကိုင်ဆောင်ထားကြသည်။

သူတို့က လက်ဦးမှု ရယူထားသဖြင့် ကျော်မျိုးနွယ်သည် မည်သို့မျှ ခုခံကာကွယ်ခြင်း မပြုနိုင်တော့၊ ကားပေါ်မှ ဆင်းလိုက်ရသည်။ ခြံဝင်း တစ်ခုထဲသို့ လိုက်ပါသွားရသည်။

သူ့ကားကိုလည်း ခြံဝင်းထဲ မောင်းသွင်းလိုက်ကြသည်။ လမ်း ပိတ်-ဆို့သော ကားကား အပြင်တွင် ကျန်ရှိနေဆဲဖြစ်သည်။

ကျော်မျိုးနွယ်က ခြံဝင်းထဲရှိ တစ်ထပ်တိုက်ကလေးအတွင်းသို့ ခေါ်ဆောင်သွားကြသည်။ ဧည့်ခန်းစားပွဲတွင် တစ်ယောက်တည်းထိုင်နေသော လုံခြုံရေးမှူး ကိုဘုန်းဇော်အား တွေ့မြင်ရသည်။

"ခင်ဗျားကိုလည်း လူဆိုးတွေက ဖမ်းထားကြတာကိုး"

ကျော်မျိုးနွယ်က စားပွဲအနီးတွင် မတ်တတ်ရပ်လျက် ပြောသည်။

"ကျွန်တော်ကသာ လူဆိုးတွေကို ဖမ်းတာဖြစ်ပါလိမ့်မယ်"

ကိုဘုန်းဇော်က သူ့အားထိုင်ရန် ညွှန်ပြရင်း ပြောသည်။ သူ့ကို ခေါ်ဆောင်လာသူများ အခန်းထဲမှ ပြန်ထွက်သွားကြသည်။ ကျော်မျိုးနွယ်က အဓိပ္ပာယ် နားမလည်ဟန်ဖြင့်...

"ကျွန်တော့်ကို ဖမ်းလာတာ လူဆိုးတွေ မဟုတ်ဘူးလား"

"နံပါတ်တစ်ကတော့ ခင်ဗျားကို ဘယ်သူမှ မဖမ်းပါဘူး၊ နံပါတ်နှစ်ကတော့ ခင်ဗျားကိုခေါ်လာတဲ့ လူတွေဟာ ကျွန်တော်တို့ ရဲအဖွဲ့ဝင်တွေပါ။

"တော်သေးတာပေါ့၊ ကျွန်တော်ဖြင့် စိတ်ရောလူရော မောသွားတာပဲ။ ဒါဖြင့် ခင်ဗျားတို့ ကျွန်တော့်ညီမလေးရှိတဲ့နေရာကို သိကြပြီပေါ့"

ကိုဘုန်းဇော် ခေါင်းညိတ်သည်။

"ကျွန်တော်တို့လည်း မခင်မျိုးဆီက လိပ်စာသိသိချင်း မြောက်ဥက္ကလာပဆေးရုံကနေ တစ်ခါတည်း တန်းလာခဲ့တာပါ"

"ကျွန်တော်တို့သိပါတယ်။ ကျွန်တော့်လူတွေကို ခင်ဗျားရောက်လာလိမ့်မယ်လို့ ပြောထားပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



ကျော်မျိုးနွယ် အံ့ဩသွားသည်။ သို့သော် အံ့ဩဟန်မပြဘဲ. . .

"ကျွန်တော် တစ်နေ့လုံး ခင်ဗျားဆီကို ဖုန်းဆက်တယ်မတွေ့ဘူး"

"ဟုတ်တယ်၊ ကျွန်တော်တို့လည်း ကနေ့တော့ အတော်ကလေး အလုပ်များသွားမယ်"

"ကျွန်တော့် ညီမကလေး အခုဘယ်မှာလဲ"

"ကိုထွန်းမြင့်ကြည်တို့အိမ်မှာ ရှိနေတုန်းပါပဲ"

"ကိုထွန်းမြင့်ကြည် ဆေးရုံမှာ သတိလစ်နေတယ်"

"အခုသူ သတိရသွားပါပြီ"

ကိုဘုန်းဇော် သူ့ဘေးမှ တယ်လီဖုန်းကို ငဲ့စောင်းကြည့်ရင်း ပြောသည်။

"ကျွန်တော် ဖုန်းခဏဆက်ပါရစေ"

"ဘယ်ကိုလဲ"

"ပန်းဆိုးတန်း၊ ကျွန်တော့်အခန်းကိုပဲ၊ အဲဒီမှာ လှဲလှဲရှိတယ်။ စောစောက ကျွန်တော်ဖုန်းဆက်တာ မရဘူး"

ဘယ်ရမလဲ၊ ခင်ဗျားအမျိုးသမီးက ထွန်းမြင့်ကြည် အိမ်ရောက်နေပြီပဲ"

"ဟုတ်လား၊ တကယ်လား"

"တကယ်ပေါ့၊ သူရောက်နေတာ တော်တော်ကလေးတောင် ကြာသွားပြီ၊ သူအရင်ဆုံး ရောက်တာပဲ။ ပြီးတော့မှ မာလာရီတို့ ရောက်တယ်"

"ဘာ. . .မာလာရီတို့လည်း ရောက်နေတယ်ဟုတ်လား"

"ဟုတ်တယ်။ ဒီနေရာကို တတိယရောက်တာက ကိုကျော်မျိုးနွယ်ပဲ၊ ဒါပေမယ့် သိပ်မကွာကြဘူး၊ ရှေ့ဆင့်နောက်ဆင့်တွေပါပဲ"

"ကိုဘုန်းဇော်တို့ကကော ဘယ်အချိန်က ရောက်သလဲ"

"ကျွန်တော်တို့က နေ့လယ်ကတည်းက ရောက်နေကြတာပဲ"

"ဒါနဲ့တောင် ကျွန်တော့်ညီမကလေး လုံခြုံရာ ခေါ်မထားကြဘူးလား"

"ခင်ဗျားတို့ကို စောင့်နေတာပါ"



အခု ဟိုမှာ လှဲလှဲကော မာလာတို့ရော ရောက်နေတယ်ဆိုတော့. . ."

"ခင်ဗျားအမျိုးသမီးနဲ့ ခင်ဗျားညီမလေးအပါအဝင် ထွန်းမြင့်ကြည်ရဲ့ မိသားစုကို မာလာရီတို့က ဖမ်းထားတာပေါ့"

"ဘာ. . .ဖမ်းထားတယ်ဟုတ်လား"

ကျော်မျိုးနွယ် ဝုန်းခနဲ ထိုင်ရာမှ ထလိုက်သည်။

"ဟုတ်တယ်"

"ဒါနဲ့တောင် ခင်ဗျားတို့က ဒီမှာ အေးအေးဆေးဆေး လုပ်နေကြသလား"

ကျော်မျိုးနွယ်က ကိုဘုန်းဇော်ကို အပြစ်တင်လိုက်ပြီး ယခုပင် ထွန်းမြင့်ကြည်အိမ်သို့ သွားမည့်ဟန်ဖြင့် ခြေလှမ်းပြင်လိုက်သည်။

"ထိုင်ပါဦး၊ ပြီးတော့ အတူတူသွားကြတာပေါ့"

ကျော်မျိုးနွယ်က ကိုဘုန်းဇော်ကို ကြည့်သည်။ တည်ငြိမ်လေးနက်သော အသွင်ကို တွေ့ရသည်။ အဓိပ္ပာယ်ရှိသော မျက်လုံးများကို မြင်ရသည်။ သည်တော့မှ သူ့ရှေ့လောတကြီးဖြစ်နေသည်ကို အမှတ်ရမိသည်။ တစ်ဖက် လူသည် အတွေ့အကြုံရင့်ကျက်သော ရဲအရာရှိတစ်ဦးဖြစ်သည်ကို ဆင်ခြင် မိသည်။

"အခြေအနေတွေ ကျွန်တော့်ကို နည်းနည်းရှင်းပြပါဦး၊ ကိုဘုန်းဇော်"

"အထူးအထွေ ရှင်းပြစရာမလိုပါဘူးကိုကျော်မျိုးနွယ်၊ ကျွန်တော်တို့ဟာ တာဝန်အရ ဥပဒေဆန့်ကျင်တဲ့လူတွေကို ဆယ့်နှစ်ရာသီ စုံစမ်းထောက်လှမ်းနေရတဲ့သူတွေပါ။ အခြေအနေနဲ့ အထောက်အထားပြည့်စုံလုံလောက်တဲ့အခါမှာ ဖမ်းဆီးအရေးယူရတဲ့သူတွေပါ။ ဗိုတိမ်မိုးရဲ့ သမီးနဲ့ ဗိုတိမ်မိုးရဲ့ တပည့်တွေဟာ ဗိုတိမ်မိုး လွတ်မြောက်ရေးအတွက် အမျိုးမျိုးကြိုးစားနေကြပါတယ်။ တာဝန်ရှိတဲ့သူတွေကို ခြိမ်းခြောက်တယ်။ ချော့တယ်။ မြှူတယ်။ နောက်ပြီး ထောင်ဖောက်ဖို့ ကြိုးစားတယ်။ ကိုကျော်မျိုးနွယ်တို့ရဲ့ ညီမလေးကို ပြန်ပေးဆွဲဖို့ ကြိုးစားတယ်။

ဒီကြားထဲမှာ သူတို့ဟာ အခါအခွင့်သင့်သလို အခြားရာဇဝတ်မှုတွေ

www.burmeseclassic.com

www.burmeseclassic.com



ကို ကျူးလွန်ကြသေးတယ်။ ဓားပြတိုက်တယ်၊ မှောင်ခိုတယ်။ လူသတ်တယ်။ သူတို့လူတွေ အများကြီးပဲ။ အဆက်အသွယ်တွေ အများကြီးပဲ။ ကိုကျော်မျိုးနွယ်တို့ကတော့ ကိုသက်နိုင်နဲ့ ပုန်းညက်နွယ်နဲ့ပဲ ပတ်သက်နေကြတော့ ဒါပဲ သိကြတယ်။ ကျွန်တော်တို့ကတော့ အားလုံးကို သိပြီး အားလုံးကို ကိုင်ရတယ်။ အခုတော့ အားလုံးလောက်ကို ဖမ်းပြီးပါပြီ။ ခဏနေရင် မာလာရီတို့ကို နောက်ဆုံးပိတ်အနေနဲ့ ဖမ်းဖို့ပဲ ရှိပါတော့တယ်"

ယင်းအခိုက်တွင် တယ်လီဖုန်း မြည်လာသည်။ ကိုဘုန်းဇော်ကောက်ယူ နားထောင်သည်။

"ဟုတ်တယ် အင်္ဂါကြိုပ်ကပါ။ ကောင်းတယ်၊ အင်း...အင်း ဟုတ်တယ်၊ အင်း...အင်း"

တယ်လီဖုန်းကို ချထားလိုက်ပြီး...

"ကိုသက်နိုင်ကို သတ်တဲ့တရားခံ ဦးဖူးစိန်ကို ဖမ်းလိုက်ပြီ။ သူ့ကို ဘယ်မှာ ဖမ်းမိတယ်ထင်သလဲ၊ ကိုကျော်မျိုးနွယ်တို့ အဖေကို ပြန်ပေးဆွဲဖို့ လုပ်နေတာ။ သူနဲ့အတူ လူငါးယောက်နဲ့ အမျိုးသမီးတစ်ယောက်ကို ဖမ်းလိုက်တယ်။ အမျိုးသမီးက ဘယ်သူလဲသိလား၊ ကိုကျော်မျိုးနွယ်တို့ရဲ့ အိအိ၊ သူက ဖူးစိန်ရဲ့ ငယ်ရည်းစား"

အခန်းတွင်းသို့ လူတစ်ယောက်ဝင်လာသည်။ အရပ်ဝတ် အရပ်စားနှင့် ဖြစ်သည်။ ကိုဘုန်းဇော်ကို အလေးပြုသည်။ ကိုဘုန်းဇော်မှာလည်း အရပ်ဝတ်အရပ်စားနှင့်ပင်ဖြစ်သည်။

"အိမ်ပတ်ပတ်လည် ချထားတဲ့လူတွေအားလုံးတော့ ဖမ်းပြီးပြီ။ အိမ်ထဲမှာ မာလာရီ၊ အောင်သိန်းထွန်းနဲ့ အခြားနှစ်ယောက်ပဲ ရှိတယ်"

"ကဲ...သွားကြစို့"

ကိုဘုန်းဇော်က ချက်ချင်းထသွားသည်။ ကိုကျော်မျိုးနွယ် နောက်မှ လိုက်သွားသည်။ လမ်းပေါ်တွင် ရပ်ထားသော အော်စတင်ဗင်ကား နောက်ပိုင်းသို့ တက်ကြသည်။ စောစောက သတင်းလာပို့သူက ကားကိုမောင်းသည်။ ကားထဲတွင် အားလုံး ငါးယောက်ပါရှိသည်။



"ဒီကားက သူတို့ကားပဲ၊ သူတို့က လမ်းထိပ်ကနေပြီး ကျွန်တော်တို့ရောက်လာရင် ဖမ်းရအောင်ဆိုပြီး စောင့်နေတာ၊ ကျွန်တော်တို့က သူတို့လူတွေအားလုံးကို တစ်ယောက်ချင်း ဖမ်းယူလိုက်တယ်"

အော်စတင်ကားသည် ရုတ်တရက် လက်ဝဲဘက်ကို ချိုးကွေ့လိုက်သည်။ အိမ်ထဲမှ လူတစ်ယောက် ထွက်လာသည်။ ကားမောင်းသူက ထိုသူအား သေနတ်နှင့် ချိန်ထားလိုက်သည်။ ကိုဘုန်းဇော်တို့သည် ကားပေါ်မှ လျှင်မြန်သွက်လက်စွာ ဆင်းပြီး အိမ်ထဲသို့ ဝင်သွားကြသည်။

အပေါက်ဝတွင် စောင့်နေသော လူဆိုးက ခုခံရန်ပြင်သည်။ ကိုဘုန်းဇော် လက်ဦးသည်။ အမျိုးသမီးနှစ်ယောက်နှင့် ကလေးတွေကို ကြိုးနှင့်တုပ်ပြီး ပါးစပ်အဝတ်ဆို့ရန် လုပ်နေသော အောင်သိန်းထွန်း နောက်ဖေးဘက်သို့ ထွက်ပြေးရန် ခြေလှမ်းပြင်သည်။ နောက်ဖေးပေါက်တွင် အရပ်ဝတ်နှင့် ရဲသားတစ်ယောက် ပေါ်လာသဖြင့် သူ့ခြေလှမ်းပြန်ရုတ်လိုက်သည်။

စားပွဲပေါ်တွင် တင်ပါးစောင်း ထိုင်နေသော မာလာရီသည် ရဲတပ်ဖွဲ့ဝင်များ ဝင်လာသည်ကို မြင်သောအခါ အံ့သြထိတ်လန့်သွားပုံရသည်။ သို့သော် မည်သည့်နည်းနှင့်မျှ လွတ်ပေါက်မရှိကြောင်း သိမြင်သွားသောအခါ ဣန္ဒြေမပျက်ပင် ထိုင်နေသည်။

ရဲသားနှစ်ယောက်က အမျိုးသမီးနှစ်ယောက်နှင့် ကလေးများထံ ပြေးသွားပြီး ကြိုးဖြည်ပေးသည်။ ပါးစပ်ထဲမှ အဝတ်များ ထုတ်ပေးကြသည်။

"သြော်...အစ်ကိုလည်း ပါလာတယ်ကိုး"

မာလာရီက ကျော်မျိုးနွယ်ကို ပြုံးကြည့်ပြီး ပြောသည်။ ကျော်မျိုးနွယ်က မာလာရီကို စကားမပြန်ဘဲ လှဲ့လှဲ့ချိုထံ ပြေးသွားသည်။

သူတို့နှစ်ယောက်သည် ရုတ်တရက်ဖြစ်ပေါ်သော ဝမ်းသာမှုကြောင့် တစ်ယောက်ကိုတစ်ယောက် ဖက်ထားလိုက်မိကြသည်။

ကျော်မျိုးနွယ်က ကလေးတွေထံသို့ ရှာဖွေသော မျက်လုံးဖြင့်ကြည့်သည်။ ပုန်းညက်နွယ်ကို ရှာဖွေမှန်းသိသဖြင့် လှဲ့လှဲ့ချိုက ကြွယ်ကြွယ်ဇော်

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



လက်ယာဘက်ဘေးတွင် ရပ်နေသော ယောက်ျားလေးလို ဝတ်ဆင်ထားသည့် မိန်းကလေးကို လှတ်ညှိုးတိုးပြသည်။

ပုန်းညက်နွယ်၏ မျက်နှာသည် လဝန်းကလေးကဲ့သို့ ရွှန်းရွှန်းပပ ရှိနေသည်။

နတ်နွယ်

BURMESE CLASSIC .com

www.burmeseclassic.com